ဆဋ္ဌသင်္ဂါယနာသာသနာ့သန္နိဋ္ဌာန်းဝင်

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့

# သီရိမင်္ဂလာကမ္ဘာအေး
# အခါတော်နေ့များလက်စွဲ


ပါဠိပါရဂူ ဦးအေးမောင် (ဘီအေ)

ဂေါပကလက်ထောက်



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့

စုဆောင်းပြုစုသည်

သာသနာ-၂၅၄၃ ကောဇာ-၁၃၆၁ ခရစ်-၁၉၉၉

၂၈၄.၃

၆၊မ

သာသနာ့ ကော်ကျောင်း ကားပြပ် ပြီး ရေး

ဦးစီးဌာန စာကြည့်တိုက်သို့

ကျမ်းပြုဆရာ၏ ဓမ္မဒါန

၂၄-၂-၂၀၀၀

(ပါဠိပါရဂူ ဦးအေးမောင် (ကံကော))

လက်ထောက်စာကြည့်တိုက်မှူး (ငြိမ်း)

သာသနာရေး ဦးစီးဌာန။

ကန်တော့ပါ။

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်
သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့

# သီရိမင်္ဂလာကမ္ဘာအေး
# အခါတော်နေ့များလက်စွဲ

[illegible] ([illegible])
[illegible]
သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့
စုဆောင်းပြုစုသည်


သာသနာ ၂၅၄၃ ကောဇာ ၁၃၆၁ ခရစ် ၁၉၉၉

# သီရိမင်္ဂလာကမ္ဘာအေးအခါတော်နေ့များ လက်စွဲ
## နိဒါန်း

### အပည်

သီရိမင်္ဂလာကမ္ဘာအေးအခါတော်နေ့များလက်စွဲ ဟု ခေါ်ဆိုရခြင်းမှာ [illegible] တော်တော်များများအဖွဲ့ [illegible] အခါတော်နေ့များ [illegible] တော်နေ့များတွင် ပါဝင်သင်ခန်းစာကြားမှုများ [illegible] သော ကျမ်းစာတစ်ဆူဖြစ်သဖြင့် ခေါ်ဆိုရခြင်းဖြစ်ပါသည်။

### ကျမ်းပေါ်ပေါက်လာခြင်း။

ဤကျမ်းစာကို တစ်စုတစ်ပေါင်းတည်းစာအုပ်အဖြစ် မပြုစုရသေးမီ အချိန်က အခါတော်နေ့ အခမ်းအနားများ ကျင်းပရန် ကြုံလာသည့်အခါ ပုဂ္ဂိုလ်တစ်ဦးဦးက ရှာဖွေစုဆောင်းကာ တစ်ကြိမ်ပြုလုပ်ရန် အတွက်သာ ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အခမ်းအနားကျင်းပသည့်လတိုင်း လိုလိုပင် ထပ်ကာထပ်ကာ ပြင်ဆင်စုဆောင်းပေးနေရပါသည်။ အခမ်းအနားသို့ တက်ရောက်ပူဇော်ကြသူများကလည်း ဝိုင်းဝိုင်းအလုပ်ကိစ္စများကြားမှ [illegible] အခမ်းအနားတစ်ခုပြီးလျှင် မိမိတို့အားပေးထားသော စာများကို သိမ်းဆည်းထားနိုင်ခြင်းမရှိကြသူများ ဖြစ်သဖြင့် လစဉ်လိုလိုပင် အသစ်ထပ်မံပြုပြင်ကာ လက်နှိပ်စက်ရိုက်ပေးနေရပါသည်။

ဤကဲ့သို့ ဆောင်ရွက်ရဖန်များလာသော် ဤကျမ်းကို စုဆောင်းတင်ပြသူအနေဖြင့် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင်လူကြီးများကို လစဉ်ကျင်းလျက်ရှိသော အခမ်းအနားများအပြင် စာတစ်စောင် တစ်ဖွဲ့ရှိထားလျှင် ကောင်းပါမည်။ ရှိထားအောင် ဆောင်ရွက်ထားသင့်သည်ဟု ထင်ပါ ကြောင်း ကျမ်းစာပေါ်ပေါက်ရေးနှင့် ပတ်သက်ပြီး နှုတ်ဖြင့်တင်ပြခဲ့ပါသည်။

ထိုသို့တင်ပြခဲ့ရာ ဂေါပကအဖွဲ့မှသဘောဆန္ဒတူမျှမှုရရှိသည့်အတွက် ကျွန်တော်သည် လစဉ် ရေးသားပေးခဲ့သော စာမူများ၊ ရှေးရှေးဂေါပကအဖွဲ့အဆက်ဆက်တို့ပြုစုထားခဲ့သော စာမူများနှင့် နောက်ထပ်လိုအပ်သည့် စာမူများကို ဖြည့်စွက်ရေးသားကာ ဂေါပကအဖွဲ့သို့ တင်ပြခဲ့ပါသည်။

ဂေါပကအဖွဲ့ဝင်များကလည်း စာမူဖြစ်မြောက်ရေးကို တစ်ဖက်တစ်လမ်းမှ အားပေးကူညီခဲ့သဖြင့် လည်း ယခုလို ဤသီရိမင်္ဂလာကမ္ဘာအေးအခါတော်နေ့များ လက်စွဲကျမ်းပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ကျမ်းပြုစုထားပုံ

ဤကျမ်းကို ပြုစုထားပုံမှာ တစ်နှစ်တွင် တစ်ဆယ့်နှစ်လရှိသည့်အနက်၊ နတ်တော်၊ ပြာသို၊ တပေါင်း သုံးလမှတစ်ပါးဘာသာရေးဆိုင်ရာ အခမ်းအနားများကို ကျင်းပနေကျဖြစ်သော ကျန်ကိုးလတွင် ကျင်းပသည့်အခါတော်နေ့များအတွက် ပြုစုထားပါသည်။

ပြုစုရာတွင် တစ်လတစ်လ၌ ကျင်းပသည့်အခမ်းအနားများ၏ အစီအစဉ်များ၊ ယင်းအစီအစဉ်အရ ရွတ်ဖတ်ပူဇော်ရမည့်စာများ၊ ထိုကျင်းပသည့်အခမ်းအနားနှင့် ပတ်သက်သည့် ဗုဒ္ဓဒေသနာပါဠိတော် အဋ္ဌကထာများနှင့် မြန်မာစာပေများမှလာရှိသည့်မှတ်သားဖွယ်ရာ အချက်အလက်များကို စုဆောင်းကာ အလှည့်ကျသဘာပတိများ၏ တင်ပြချက်အနေဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

အခမ်းအနားများ၏အစီအစဉ်ပုံကို ဖော်ပြရာတွင် အခမ်းအနားအားလုံးအတွက် အစီအစဉ်ပုံစံ ခုတည်းကိုသာ ဖော်ပြထားခြင်းမဟုတ်ပဲ လအသီးသီးအတွက် အစီအစဉ်အသီးသီးကို လတိုင်းအတွက်ပါ ဖော်ပြထားပါသည်။

ထိုအစီအစဉ်အရ ရွတ်ဖတ်ပူဇော်ရမည့် စာများကိုမူ တန်ခူးလနှစ်သစ်ကူးလာအခါတော်နေ့ အခမ်းအနားအတွက်သာ အပြည့်အစုံဖော်ပြထားပါသည်။

ကျန်အခမ်းအနားများနှင့်လည်းသက်ဆိုင်သော အစီအစဉ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၉၊ ၁၀၊ ၁၁၊ ၁၂ ဟု ဆိုအပ်သော အခမ်းအနားဖွင့်၊ နတ်ပြဟ္မာပင့်၊ ဘုရားပင့်၊ ရဟန္တာနှစ်ပါးပင့်၊ ကမ္ဘာအေးဘုရားရှိခိုး၊ မေတ္တာပို့အမျှဝေ၊ ဆုတောင်းနတ်ပို့၊ သုဝဏ္ဏသာမမေတ္တာပို့ဂါထာများနှင့် ပုဗ္ဗဏှသုတ် စိရံတိဋ္ဌတု အစရှိသည်တို့ကို မူ ကျန်အခမ်းအနားများကို ဖော်ပြရာ၌ ချန်ထားခဲ့ပါသည်။ ကျန်အခမ်းအနားများ ကျင်းပသည့်အခါ တန်ခူးလတွင် ပြန်လည်ကြည့်ရှုကျင်းပနိုင်ကြပါသည်။

ထို့ပြင် ဗုဒ္ဓဘာသာပင်သူတော်စင်များ နေ့စဉ်ရွတ်ပွားနေကျဖြစ်သည့် ပါဠိတော်သုတ်များ ဂါထာများတို့ကို လည်း ဤကျမ်း၏နောက်ဆက်တွဲအနေဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

ရရှိမည့်အကျိုးတရားများ

ဤကျမ်းကို ပြုစုထားခြင်းဖြင့် လစဉ်ဘာသာရေးဆိုင်ရာ အခမ်းအနားများကို ကျင်းပလိုသူများ သည် ဤကျမ်းစာတစ်ဆူတည်းဖြင့်ပင် တစ်နှစ်လုံးရှိ အခမ်းအနားများကို အလွယ်တကူကိုင်ယူကျင်းပသွား နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် ဘာသာရေးဆိုင်ရာ ဗဟုသုတများကို ကြည့်ရှုလေ့လာလိုသူများအတွက်လည်း တစ်နှစ်လုံး တွင် အချိန်အခါအားလျော်စွာ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော ဒေသနာတော်များမှ ဆောင်ရန်၊ ရှောင် ရန် တရားတော်များကို လေ့လာကာ ခွဲခြားသိမြင်လာနိုင်မည်ဖြစ်ပါသည်။

ဤသို့သိပြင်လာသဖြင့် သိပြင်လာကြသည့်အတိုင်း လိုက်နာကျင့်သုံးသူများဖြစ်ပါမူ မျက်မှောက် နောင် ဘဝမှာလည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုသိုလ်ပါရမီများတိုးပွားရေးများကို ရရှိသွားကြမည်မှာ မုချဖြစ် ပါသည်။

နောင်တမလွန်ဘဝမှစ၍ သံသရာခရီးတလျှောက် နိဗ္ဗာန်သို့ ရောက်ရသည့် အပါယ်လေးပါး ဘေးများ နှင့် ငရဲကင်းပြီး ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ကြီးပွားတိုးတက်ခြင်းစသော ကောင်းကျိုးတရားများကို ယခု လိုက်နာကျင့်သုံးသူတိုင်း မြေလက်ခတ်မလွဲ အမြဲတစေ ရရှိနေမည်ဖြစ်ပါသည်။

ပြဆိုခဲ့ပြီးသော အထက်ပါကောင်းကျိုးတရားများကို သိရိပဂ်လာကမ္ဘာအေးစေတီတော် ဂေါပက အဖွဲ့ဝင်လူကြီးများနှင့်မခြား ယပ်ပူ ရယူခံစားနိုင်ကြပါစေဟူသော ဂုဏ်ပြုသောသဘောဖြင့် ဤကျမ်းစာ ကို ပြုစုထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

နိဂုံး

သို့ဖြစ်၍ သာသနာ့ဝတ္တရားများနှင့်ပတ်သက်၍ စိတ်ဝင်စားကြသူ/ လောကီရေးရာ ကုသိုလ်ပညာတိုးပွားရာထိုးပွားကြောင်းကို ကောင်းစွာ လိုလားကြသော အမျိုးကောင်းသား၊ အမျိုးကောင်း သမီး သာသနာချစ်၊ ဘာသာချစ် ပုဂ္ဂိုလ်များသည် ဤကျမ်းစာကို အဘိုးအနဂ္ဃ ထိုက်တန်လှသည့် ပတ္တမြား လည်ဆွဲပမာ အမြဲမကွာ လက်ဝယ်ထားရှိပြီး လေ့လာပွားများကြိုးစားအားထုတ်ကာ မျက်မှောက်နောက်နောင် နှစ်ဖြာသော အကျိုးတရားတို့ကို တိုးပွားအောင်၊ ကျန်းမာချမ်းသာ ရွှင်လန်းစွာပင် ဆောင်ရွက်တော်မူနိုင် ကြပါစေကုန်သတည်း ။ ။

ပါဠိပါရဂူဦးအေးမောင် (ဘီအေ)

ဂေါပက လက်ထောက်

သိရိပဂ်လာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့

ကမ္ဘာအေး

# သီရိမင်္ဂလာကမ္ဘာအေးအခါတော်နေ့များ လက်စွဲ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က-ဂ |
| | အမည် | က |
| | ကျမ်းပေါ်ပေါက်လာခြင်း | က |
| | ကျမ်းပြုစုထားပုံ | ခ |
| | ရရှိမည့်အကျိုးတရားများ | ခ |
| | နိဂုံး | ဂ |
| ၂။ | ပါဠိစာလုံးဆင့်ဖတ်နည်းလက်ကနှင့်အဖြေ | ဃ-င |
| | ဂန္ထာရမ္ဘပဏာမ | ၁ ၂ |
| | (၁) တန်ခူးလမင်္ဂလာအခါတော်နေ့ အခမ်းအနားအစီအစဉ် | |
| ၃။ | သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့၊ ရန်ကုန်မြို့ နှစ်သစ်မင်္ဂလာအခါတော်နေ့အခမ်းအနားအစီအစဉ် | ၃ |
| ၄။ | နမော တဿ ဘုရားရှိခိုးပါဠိမြန်မာ | ၄ |
| ၅။ | နတ်ဗြဟ္မာများကို ပင့်ဖိတ်ရန်။ | ၅ |
| ၆။ | သမ္မာသမ္ဗုဒ္ဓသုံးလောကထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ရန်။ | ၆ |
| ၇။ | အင်္ဂုသာဝကနှစ်ဆူဖြစ်တော်မူသော လက်ျာတော်ရံ ရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလန်မထေရ်မြတ်နှစ်ပါးကို ပင့်လျှောက်ရန် ဂါထာ | ၇ |
| ၈။ | သီရိမင်္ဂလာကမ္ဘာအေးဘုရားရှိခိုး၊ သဗ္ဗဇယမင်္ဂလာ ဂါထာတော် | ၈ |
| ၉။ | နှစ်သစ်မင်္ဂလာမြွက်ကြားလွှာ | ၉-၁၂ |
| | မင်္ဂလာကျင့်စဉ် | ၁၀ |
| ၁၀။ | မင်္ဂလသုတ်အမွှန်း | ၁၃ |
| ၁၁။ | မင်္ဂလသုတ္တ | ၁၄ |
| ၁၂။ | မေတ္တာပို့အမျှဝေရန် | ၁၅ |
| ၁၃။ | ဆုတောင်းကာ နတ်ဗြဟ္မာများကို ပြန်ပို့ရန် | ၁၆ |
| | (က) ဆုတောင်း | ၁၆ |
| | (ခ) နတ်ပို့ | ၁၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄။ | ဆုတောင်းပတ္ထနာပြေပြုရာဗိုလ်ဘွဲ့များ | ၁၇ |
| ၁၅။ | ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု အနက် | ၁၈ |
| | ၂။ ကဆုန်လပြည့် (ဗုဒ္ဓနေ့) | |
| ၁၆။ | ကဆုန်လပြည့် (ဗုဒ္ဓ) နေ့ကျောင်းရေသွန်းပွဲတော် အခမ်းအနားအစီအစဉ် | ၁၉ |
| | ပထမပိုင်း | |
| | လှည့်လည်ရေးအစီအစဉ် | ၁၉ |
| | ဒုတိယပိုင်း | |
| | ရွက်ဖတ်ပူဇော်ရေးအစီအစဉ် | ၂၀ |
| ၁၇။ | အခမ်းအနားဖွင့်ရန် ဂါထာတော် | ၂၀ |
| ၁၈။ | ကဆုန်လပြည့် (ဗုဒ္ဓ) နေ့ မဟာဗောဓိပူဇာမင်္ဂလာအခါတော်အကြောင်း | ၂၂-၂၄ |
| ၁၉။ | ညောင်ရေတော်လှူဒါန်းရန်ဂါထာ | ၂၅ |
| ၂၀။ | ညောင်ရေတော်သွန်းရန် ကြွေးကြော်သံဂါထာနှင့် ကဗျာများ | ၂၆-၂၉ |
| | (က) အနောက်အရပ်ရှိ နဂါးအမျိုးသားများ ကြွေးကြော်သံ၊ အမျိုးသမီးများ ကြွေးကြော်သံ | ၂၆ |
| | (ခ) မြောက်အရပ်ရှိ ဂဠုန်အမျိုးသားများ ကြွေးကြော်သံ၊ အမျိုးသမီးများ ကြွေးကြော်သံ | ၂၆ |
| | (ဂ) တောင်အရပ်ရှိ နတ်အမျိုးသားများ ကြွေးကြော်သံ၊ အမျိုးသမီးများ ကြွေးကြော်သံ | ၂၆ |
| | (ဃ) အရှေ့အရပ်ရှိ ဗြဟ္မာအမျိုးသားများ ကြွေးကြော်သံ၊ အမျိုးသမီးများ ကြွေးကြော်သံ | ၂၇ |
| ၂၁။ | ဗြဟ္မာ နတ် ဂဠုန် နဂါးတို့နှင့် အဖွဲ့ဝင်လူကြီးများနှင့်-ပရိသတ်အားလုံး ဆုတောင်း ပတ္ထနာပြုရန် ဇယမင်္ဂလာ (၅) ဂါထာ | ၂၈ |
| ၂၂။ | အမျိုးသမီးများ ဆုတောင်းပတ္ထနာပြုရန်ကဗျာများ။ | ၂၈ |
| | (၃) နယုန်လပြည့် မဟာသမယအခါတော်နေ့ | |
| ၂၃။ | နယုန်လပြည့်မဟာသမယအခါတော်နေ့ ပူဇာမင်္ဂလာအခမ်းအနားအစီအစဉ် | ၂၉ |
| ၂၄။ | မဟာသမယအခါတော်အကြောင်း မင်္ဂလာဟောမနာမြွက်ကြားလွှာ | ၃၀-၃၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၀။ | မေတ္တာသုတ်တောလာမေတ္တာ (၁၁) နည်းပွားပုံ၊ အမျှဝေ | ၇၀ |
| ၄၁။ | ကမ္ဘာအေးစေတီတော်မေတ္တာအခါတော်နေ့အမျှဝေစာတမ်း | [illegible] |
| | (၆) တော်သလင်းလပြည့် ဂရုဝပွဲ အခါတော်နေ့ | |
| ၄၂။ | တော်သလင်းလပြည့် ဂရုဝပွဲ [illegible] | [illegible] |
| ၄၃။ | တော်သလင်းလပြည့် ဂရုဝပွဲအခါတော်နေ့၌ မြွက်ကြားအပ်သော ဝန္ဒပူဇာမင်္ဂလာ ယောမနာ မြွက်ကြားလွှာ | [illegible] |
| ၄၄။ | ဂရုဝပွဲဖျော်ဖြေပွဲ [illegible] | [illegible] |
| ၄၅။ | (က) ဂရုဝပွဲဖျာပသပါဠိ | [illegible] |
| | (ခ) မဟာဝပွဲပါလဇာတကပါဠိ | [illegible] |
| ၄၆။ | ငါးပါးသီလကိုယ်ချင်းစာတရားများ | [illegible] |
| | (၇) သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ | |
| ၄၇။ | သီတင်းကျွတ်လပြည့်အဘိဓမ္မာအခါတော်နေ့ အခမ်းအနားအစီအစဉ် | [illegible] |
| ၄၈။ | (က) အဘိဓမ္မာအခါတော်အကြောင်း လျှောက်တင်သံ | [illegible] |
| | (ခ) အဘိဓမ္မာအခါတော်အကြောင်း လျှောက်တင်သံ | [illegible] |
| | (ဂ) အဘိဓမ္မာအခါတော်အကြောင်း လျှောက်တင်သံ | [illegible] |
| ၄၉။ | မြော်၊ ချင့်၊ ပလာကန်ပေဟာလွှာ | [illegible] |
| ၅၀။ | ဘုရားမနေမင်း | [illegible] |
| ၅၁။ | ထိန်လင်းဥက္ကာ | [illegible] |
| ၅၂။ | သီတင်းကျွတ်လအဘိဓမ္မာအခါတော်နေ့အခမ်းအနား၌ မြွက်ကြားအပ်သော ဓမ္မပူဇာမင်္ဂလာထောမနာ မြွက်ကြားလွှာ | [illegible] |
| | (၁) အဘိဓမ္မာအခါတော်နေ့ဖြစ်ပေါ်လာပုံ | [illegible] |
| | (၂) အဘိဓမ္မာ၏ [illegible] | [illegible] |
| | (၃) အဘိဓမ္မာကျမ်း၏ [illegible] | [illegible] |
| | (၄) အဘိဓမ္မာ [illegible] ထူးခြားချက်နှင့် နက်နဲမြင်းများ | [illegible] |
| | ထူးခြားချက်လေးမျိုး | [illegible] |
| | နက်နဲခြင်းလေးမျိုး | [illegible] |
| | (၅) အဘိဓမ္မာကျမ်း [illegible] | [illegible] |
| | (၆) အဘိဓမ္မာကျမ်းတို့ကို ရှုပ်ဖတ်ပေးလာရခြင်း၏ အကျိုးများ | [illegible] |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃။ | အဘိဓမ္မာအမွှန်း | ၉၆-၉၇ |
| ၅၄။ | အဘိဓမ္မာအခါတော်နေ့တွင် ရွတ်ဆိုရန် အဘိဓမ္မာ (၇) ကျမ်း | |
| | ပါဠိတော်ကောက်နုတ်ချက်များ | ၉၇ |
| | ဓမ္မသင်္ဂဏီ | ၉၇ |
| | ဝိဘင်္ဂ | ၉၇ |
| | ဓာတုကထာ | ၉၈ |
| | ပုဂ္ဂလပညတ္တိ | ၉၈ |
| | ကထာဝတ္ထု | ၉၉ |
| | ယမက | ၉၉ |
| | ပဋ္ဌာန | ၉၉-၁၀၀ |
| | (၈) တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ | |
| ၅၅။ | တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာ | |
| | အခမ်းနားအစီအစဉ် | ၁၀၁ |
| ၅၆။ | တန်ဆောင်မုန်းလပြည့်သာမညဖလအခါတော်နေ့ သံဃာတော်နေ့အကြောင်း | ၁၀၂-၁၀၄ |
| ၅၇။ | မြော်ချင့်ပဏာသစ္စာအမိဋ္ဌာန်ပြုလွှာ | ၁၀၅-၁၀၆ |
| ၅၈။ | တန်ဆောင်မုန်းလပြည့်သံဃာတော်နေ့ ရှစ်လုံးဘွဲ့ကဗျာများ | ၁၀၆ |
| ၅၉။ | သာမညဖလသုတ်အမွှန်း | ၁၀၇ |
| ၆၀။ | သာမညဖလသုတ္တကောက်နုတ်ချက် | ၁၀၈-၁၁၅ |
| ၆၁။ | မသိုးသင်္ကန်းပူဇော်ပွဲတွင် ပြောကြားအပ်သော မိန့်ခွန်းလွှာ | ၁၁၆-၁၂၀ |
| ၆၂။ | မသိုးရွှေကြာသင်္ကန်းရက်လုပ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင်၊ | |
| | ရွတ်ဆိုပူဇော်အပ်သော ပွဲဖွင့်မင်္ဂလာရယုပိုဒ်စုံ | ၁၂၀ |
| | (၉) တပို့တွဲလပြည့်သြဝါဒပါတိမောက်အခါတော်နေ့ | |
| ၆၄။ | တပို့တွဲလပြည့် သြဝါဒပါတိမောက်အခါတော်နေ့ ဓမ္မပူဇာမင်္ဂလာ | |
| | အခမ်းနားအစီအစဉ် | ၁၂၂ |
| ၆၅။ | တပို့တွဲလပြည့် သြဝါဒပါတိမောက်အခါတော်နေ့တွင် ပွက်ကြားသော | |
| | ဓမ္မပူဇာမင်္ဂလာဩဝါဒနာမွက်ကြားလွှာ | ၁၂၃-၁၂၆ |
| | တပို့တွဲလ၏ဂုဏ်ရည် | ၁၂၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | တပို့တွဲလ၏ထူးခြားချက်လေးပါး | ၁၂၄ |
| | ပရိသတ်အင်္ဂါလေးရပ် | ၁၂၅ |
| | ပါတိမောက် | ၁၂၅ |
| | ဩဝါဒပါတိမောက်ပြခြင်း အင်္ဂါလေးရပ် | ၁၂၅ |
| | အာဏာပါတိမောက် | ၁၂၆ |
| ၆၆။ | ဩဝါဒပါတိမောက်လင်္ကာနှင့် (၈) လုံးဖွဲ့ကဗျာ | ၁၂၈-၁၂၉ |
| ၆၇။ | ဩဝါဒပါတိမောက်အဓိပ္ပါယ် | ၁၃၀ |
| ၆၈။ | ဩဝါဒပါတိမောက်ပါဠိတော် | ၁၃၁ |
| ၆၉။ | သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ပူဇော်ပွဲတော် အခါတော် ပဋ္ဌာန်း ရွတ်ဖတ် | |
| | ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားအစီအစဉ်။ | ၁၃၂ |
| ၇၀။ | မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်လှစ်ရာတွင် မိန့်ကြားအပ်သော မင်္ဂလာ | |
| | ထောမနာမြွက်ကြားလွှာ။ | ၁၃၃-၁၃၆ |
| ၇၁။ | အောင်သာဝုအမျှဝေပတ္တာပဟ်း | ၁၃၇ |
| ၇၂။ | လယ်တီဆရာတော် သင်္ဂြိုဟ်တော်မူသည့် | ၁၃၈ |
| | ကျပ်ပြေးနိဂုံးဖော်ပြုဒ်ရတု | ၁၃၈ |
| | အိပ်ရာဝင်၊ အိပ်ရာထ၊ အလုပ်သွား၊ အလုပ်ပြန်နေ့စဉ် | |
| | မှန်မှန်ရွတ်ဖတ်ပူဇော်ရန်ဂါထာများ | ၁၃၉-၁၄၃ |
| | တရားတော်ပါဠိဂါထာနှင့် အနက်များ | ၁၄၄ |

(၁)

## ပါဠိစာလုံးဆင့်ဖတ်နည်း လင်္ကာနှင့် အဖြေ

၁။ နှစ်လုံးဆင့်မှာ၊ အထက်သာ၊ သတ်ပါမြဲတော်။
အရဟတ္တာ၊ သဗ္ဗဒါ၊ မှတ်ပါ နမူနာ။
၂။ သပေလည်းယိုး၊ ပသတ်မျိုး၊ ဖတ်ပိုး စာလက်သာ။
နေပ္ပိ ပေတ္တာ၊ ပေတ္တယျာ၊ မှတ်ပါနမူနာ။
၃။ သဝေလည်းယိုး၊ နသတ်မျိုး၊ ဖတ်ပိုး သေလက်သာ။
ပကာသေန္တို၊ ပူဇေန္တိ ၊ မှတ်ရန် နမူနာ။
၄။ သဝေရေးချ၊ သတ်မြင်က၊ ဖတ်ကြဝဆွဲသံ။
သောတ္ထိ သောတ္ထာနံ ဖောဋ္ဌဗ္ဗံ၊ ဗောဇ္ဈင်္ဂ၊ မှတ်ကြလေပါနမူနာ။
ကောဠ သောမ္မ၊ ကောဏ္ဍည၊ မှတ်ကြတဖြာ နမူနာ။
၅။ ဟိုးဝဆွဲ၊ ရရင်ယပင့်၊ တွေ့ကြုံလင့်က
နှစ်ဝတာဝန်၊ ကျေပွန်စေရန်၊ အသံအသတ်၊ ယူပြီမှတ်။
၆။ သဝေဆိုက၊ ဧကာရ၊ သဝေရေးချ ညြသရ၊ ဖတ်ကြစဉ်မကွာ။
၇။ ပင့် ၊ ရှစ် ၊ ဆွဲ ၊ ထိုး၊ ဤလေးမျိုးတွင် ၊ တစ်မျိုးတွေ့က၊ နှစ်ဝတာဝန်၊
ကျေပွန်စေရန်၊ အသံအသတ် ယူပြီမှတ်။

၁။ အဖြေ။ ပါဠိစာလုံးများကို ဖတ်ကြသောအခါ နှစ်လုံးဆင့်ပါဠိများ ...တွေ့ရ
တတ်ပါသည်။ ထိုသို့တွေ့ရသောအခါ နှစ်လုံးဆင့်၌ အထက်စာလုံးကို ရှေ့စာလုံး၏
အသတ်အဖြစ် ဖတ်ရပါမည်။
ဥပမာ ။ အရဟတ္တာ သဗ္ဗဒါစသော ပါဠိများ၌ အရဟတ္တာရှိက အက္ခရာနှစ်လုံးတွင်
အထက်ကအက္ခရာကို အသတ်အဖြစ်ထားလျက် အရဟတ်တာဟု ဖတ်ရပါမည်။
သဗ္ဗဒါတွင်လည်း ဗ အက္ခရာနှစ်လုံးရှိရာ အထက် ဗ အက္ခရာကို အသတ်
အဖြစ်ထားလျက် သတ် ဗဒါကို အသံထွက်ဖတ်ရပါမည်။
၂။ အဖြေ။ ပါဠိပုဒ်တစ်ပုဒ်တွင် သပေထိုးလည်းပါ ပ သတ်လည်းပါ ... ဖတ်ရပါ
မည်။
ဥပမာ။ နေပ္ပိ၊ ပေတ္တာ၊ ပေတ္တယျာ စသော ပါဠိများတွင် ... အက္ခရာ
နှစ်လုံးတွင် အထက်က အက္ခရာကို အသတ်အဖြစ်ထားလျက် ...
ဟု စာလက်သံဖြင့် ဖတ်ရမည်။
ပေတ္တာ၌လည်း တ အက္ခရာနှစ်လုံးရှိရာတွင် အထက်က အက္ခရာကို
သတ်အဖြစ်ထားလျက် ပေတ္တာ = ပေတ် + တာ = ပစ်တာဟု စာ သံထွက်ဖြင့် ဖတ်ရ
ပါမည်။

၃။ အဖြေ။ ပါဠိပုဒ်များတွင် [illegible]

ဥပမာ ။ [illegible]

[illegible] ပကာသင်ဟုဖတ်ရပါမည်။

ထို့အတူ ပူဇေရှ္ဍ စသော ပါဠိများ၌လည်း ပူဇေရှ္ဍ - [illegible]

ဟူ၍ ဖတ်ရပါမည်။

၄။ အဖြေ။ ပါဠိပုဒ်တပုဒ်၌ သဝေထိုးကာ ရေးချပါပြီး နောက်မှ တသတ် ပ သတ် ပ သတ် [illegible]

တို့ပါခဲ့လျှင် ဝ ဆွဲ တသတ်၊ ဝ ဆွဲပ်သတ်၊ စသည်ကဲ့သို့ ဖတ်ရပါမည်။

ဥပမာ ။ [illegible]

သဝေရေးချထားပြီး နောက်မှာ က နှင့် ကကြီး ပ ဆွဲ [illegible]

သောက်ယိ၊ သွပ်ယိ ဟု ဖတ်ရပါမည်။

ထို့အတူ သောတ္တာနံကို သွတ်ယာနံ ဟု ဖတ်ရပါမည်။

ထို့အတူ သောပ္ပံကိုလည်း သွပ်ပံ။ [illegible]

ဗောဇ္ဈင်္ဂကို ဗွတ်စျင်ဂဟူ၍ရင်း၊

ကောဥ္စကို ကွဥ္စဟူ၍ရင်း၊

ဧသာမ္ပကို သွမ်ပဟူ၍ရင်း၊

ကောဏ္ဍညကို ကွန်ဒင်ညဟူ၍ရင်း ဖတ်ရမည်။

၅။ အဖြေ။ ပါဠိပုဒ်တစ်ပုဒ်၌ ဟထိုးဝဆွဲ ရရစ်ယပင့်တို့ တွေ့ပါလျှင် အသတ်သံနှင့် ဟထိုး [illegible]

ရရစ်ယပင့်သံဟူ၍ အသံနှစ်မျိုးပါအောင် ဖတ်ရပါမည်။

ဥပမာ။ အမှံ၊ ကဟွာ၊ အပြော၊ သကျ စသောပါဠိများတွင် [illegible]

သတ်သံနှင့် ဟထိုးသံ နှစ်မျိုးပါအောင် ဖတ်ရပါမည်။

ထို့အတူ ယဟွာ၌ [illegible] နှစ်မျိုးပါအောင်

ဖတ်ရပါမည်။

အပြော၌လည်း [illegible]

ပါမည်။

၆။ အဖြေ။ သဝေထိုးဟူ၍ ဆိုခြင်းသည် [illegible]

သဝေရေးချ [illegible]

၇။ အဖြေ။ ပင့် = ယပင့်၊ ရစ် = ရရစ်၊ ဆွဲ = ဝဆွဲ၊ ထိုး= ဟထိုး

ဤလေးမျိုးထဲမှ တစ်မျိုးမျိုး တွေ့ရလျှင် အသတ်သံ [illegible]

အသတ်သံ၊ ဝဆွဲသံ၊ အသတ်သံ ဟထိုးသံ - ဟူ၍ နှစ်မျိုးနှစ်မျိုးပါအောင် ဖတ်ရပါမည်။

* * * * *

## ဂန္ထာရမ္ဘ ပဏာမ

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
နမော တေ တိဏ္ဏသံသာရ၊
နမော တေ အမတံဒဒ။
နမော တေ သမ္မာသမ္ဗုဒ္ဓ။
သသဒ္ဓမ္မ ဂဏုတ္တမ။
နတွာစာဟံ ကမ္မဂန္ဓိ၊
ကဿံ သဒ္ဓမ္မဋ္ဌိတိယာ။

ပုရိသာဇည၊ ကောင်းသိုးယုပ်ပြပ်၊ အရပ်ရပ်ကို ပိုင်းဖြပ်သေချာ၊ သိနိုင်ပါမှ၊ အာဇာနေယျ၊ ခေါ်ကြသတ်မှတ်၊ ယောက်ျားမြတ်။

တော၊ အာဇာနည်ယောက်ျား၊ အရှင်မြတ်ဘုရားအား၊

နမော၊ ကိုယ်နှုတ်နှလုံး၊ သုံးပါးချောင်းချော၊ တန်ဖိုးလျော်၍ ကန်တော့ဖြတ်မိုး၊ လက်စုံမိုးလျက်၊ ရှိခိုးပါ၏အရှင်ဘုရား။

ပုရိသုတ္တမ၊ သတ္တဝါဟူ၊ ခပ်သိမ်းသူတို့၊ အတူမရှိ မြတ်ခေါင်ထိသည့်၊ ပုရိသပ္ပုဟ်ယား၊ ယောက်ျား မြတ်ဘုရား။

တော၊ ယောက်ျားတကာ၊ မယှဉ်သာအောင်၊ မြတ်ပါပေပြား၊ အရှင်မြတ်ဘုရားအား၊

နမော၊ အဥလိညွတ်လျှိုး၊ လက်စုံမိုးလျက်၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

တိဏ္ဏသံသာရ၊ သံသရာဘေးဘျပ်၊ ခရီးကြမ်းကို၊ ဖြတ်သန်းကူးမြောက်၊ နိဗ္ဗာန်သို့ရောက်ပေါက်မှု ပြီးသော မြတ်စွာဘုရား။

တော၊ နိဗ္ဗာန်ပြည်နန်း၊ စံပြန်းနေပြား၊ အရှင်မြတ်ဘုရားအား။

နမော၊ ပုဆစ်နှစ်ဖက်၊ စုံလက်ပြိုင်ပူး၊ နဖူးထိပ်ဝ၊ ဦးနှိမ်ချလျက်၊ ပဉ္စပတိဋ္ဌ၊ ငါးဌါနမှ၊ ဦးချမြတ်နိုး၊ ရှိခိုးပါ၏ဘုရား။

အမတံဒဒ၊ သေခြင်းကင်းရာ၊ မြိုက်ချမ်းသာကို၊ တရားဓမ္မရေး၊ ပညာဆေးဖြင့်၊ မနေးလျင်စွာ ပေး တတ်ပါသော မြတ်စွာဘုရား။

တော၊ မသေရာဓာတ်၊ ချမ်းသာမြတ်ကို လူနတ်များဖို့၊ ပေးတတ်ပါသော ဆရာသခင်၊ အရှင်မြတ်

ဘုရားအား။

နမော၊ ဘဂဝတော၊ တုလဒိဋ္ဌ၊ တန်ခိုးတော၊ ဟင်းအင်ပလျှော်၊ ပြုကိစ္စ၊ ကျွံ၊ အောကနမြုံ၊ လွန်ကျူး၊

မြတ်နိုး၊ လက်စုံမိုးလျက်၊ ရှိခိုးပါ၏အရှင်ဘုရား။

သသဒ္ဓမ္မ ဂဏုတ္တမ၊ မင်္ဂလေးတန်ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ တရားမြတ်နှင့်၊ ပဋ္ဌာန်းဖလဋ္ဌာန်၊

ရှစ်တန်ထင်ပေါ်၊ အရိယာသံဃာတော်နှင့်ပကတ္တဖြစ်သော။

သပ္ပာသပ္ပုဒ္ဓ၊ သစ္စလေးဝ၊ ဥဿျပုန်စင်၊ အပ်သိမ်းအင်ပိုု၊ သိပြင်ပပ်ပြား၊ မြတ်ဘုရား။

တော၊ အရှင်မြတ်ဘုရားအား။

နမော၊ ဘေးရန်ကင်းပျောက်၊ ကျပ်ပြီးမြောက်လျက်၊ ထွန်းတောက်သာသနာ၊ တည်စိမ့်ငှာဟု၊

သဒ္ဒါရိုကျိုး၊ လက်စုံမိုးလျက်၊ ရှိခိုးပါ၏အရှင်ဘုရား။

နတ္ထာစ၊ သုံးတန်စေတနာ၊ ကြည်သဒ္ဒါဖြင့်၊ လွန်စွာရိုကျိုး၊ လက်စုံမိုးလျက်၊ ရှိခိုးပြီး၍ကား။

အဟံ၊ ကေသာလောမာ၊ ဒွတ္တိံသာကို၊ သူငါသမုတ်၊ အကျွန်ုပ်သည်။

သဒ္ဓမ္မဋ္ဌိတိယာ၊ ရှင်တော်မြတ်ဘုရား၊ တည်ထားခဲ့ရာ၊ သာသနာကို၊ ရှည်ကြာပဉ္စလေ၊ ပွင့်နှင်းပေဟယ်

ပလျှက်၊ တည်ရပါစေခြင်း၊ အကျိုးငှာ။

က္လမ်ဂန္ထ၊ သိရိမင်္ဂလာကမ္ဘာအေး၊ အခါတော်နေ့များ လက်စွဲ၊ ငှဲခိုးသတ်ပုတ် ဤကျမ်းမြတ်ကို။

ကသံ၊ ရှေးရှေးဆရာတို့ ပြုကာထားကြ၊ အဝဝကို၊ ပပျောက်ရအောင်၊ ကျနသေချာ၊ စုကောင်းကာ

ဖြင့်၊ ကောင်းစွာမသွေ၊ ပြုစုပေအံ့။ ။

# ၃ - သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ ရန်ကုန်မြို့။

၁၃၆၁ ခုနှစ်၊ နှစ်ဆန်း (၁) ရက်၊ စနေနေ့ မွန်းလွဲ (၂) နာရီတွင် [illegible] အပေါ်ထပ်၌ ကျင်းပအပ်သော နှစ်သစ်မင်္ဂလာအခါတော်နေ့အခမ်းအနားအစီအစဉ်။

| စဉ် | အကြောင်းအရာ | ရွတ်ဆိုမည့်သူ |
|---|---|---|
| ၁။ | "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ရန်။ | |
| ၂။ | နတ်၊ ဗြဟ္မာများကို ပင့်ဖိတ်ရန်။ | |
| ၃။ | သမ္မာ သမ္ဗုဒ္ဓသုံးလောကထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ရန်။ | |
| ၄။ | အဂ္ဂသာဝကနှစ်ဆူဖြစ်တော်မူကုန်သော လက်ျာတော်ရံ ပညာအရာ ဧတဒဂ်ရ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ တန်ခိုးတော်အရာ ဧတဒဂ်ရ အရှင်မဟာမောဂ္ဂလာန် ရဟန္တာအရှင်မြတ်နှစ်ပါးတို့ကို ပင့်လျှောက်ရန်။ | |
| ၅။ | ကမ္ဘာအေးဘုရားရှိခိုးဖြင့် ရှိခိုးပူဇော်ရန်။ | |
| ၆။ | နှစ်သစ်မင်္ဂလာအခါတော်နေ့အကြောင်း [illegible] စကားမြွက်ကြားရန်။ | |
| ၇။ | မင်္ဂလသုတ်အပွန်းကို ရွတ်ဆိုပူဇော်ရန်။ | |
| ၈။ | မင်္ဂလသုတ်ပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ကြရန်။ | |
| ၉။ | မေတ္တာပို့အမျှပေးဝေရန်။ | |
| ၁၀။ | ဆုတောင်းကာ နတ် ဗြဟ္မာများကို ပြန်ပို့ရန်။ | |
| ၁၁။ | ဆုတောင်းပတ္တနာ မေတ္တာပို့ကဗျာများကို ရွတ်ဆိုဆုတောင်းလျှက် မေတ္တာပို့ကြရန်။ | |
| ၁၂။ | "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းရန်။ | |

## ၄- နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရဟတော - တစ်ထောင့်ငါးရာ ကိလေသာကို ဝါသနာပလေ ပယ်ဖျောက်၍ ဝင့်ဝင့်ဝါ ဝင်းဝင်းဖိတ်သို့ ပျော်ပါးပျံ့ဝင်း ထွန်းလင်းခြင်း၍ ပင်းလင်းဖြူစင် သန့်ရှင်းမြင့်မြတ်လှသော ဂုဏ်တော်တို့ ကြောင့် ကို ခံတော်မူထိုက်ပေသောသော။

သမ္မာသမ္ဗုဒ္ဓဿ - ဖုတ္တ သဗ္ဗညု နိဗ္ဗာန်နှင့် ဝတ္တပည်ဘာ လေးသစ္စာကို ကိုးဖူးကိုင်ကိုင် ထိုးထွင်းနိုင်၍ သုံးဆိုင်ဝေနေ မျှားပိုလ်မြေပိုဖ မယွင်းမှူ သိမြင်တော်မူနိုင်ပေပေသော။

ဘဂဝတော - ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တယ ခြောက်ဝအစုံ ဘုန်းတော်ဂုဏ် နှင့် ပြည့်စုံတော်မူပေထာသော။

တဿ - ဒေဝပုတ္တ ကိလေသနှင့် ဘိကာခံဟု ခန္ဓပဉ္စ မာရ်ငါးခုကို ငါးဟုပဘို အလိုလို ပင် ပျက်ပြိုကုန်စင် အောင်မြင်တော်မူပြီးသော ထိုသုံးလောကထွတ်တင် အောင်ဘုရားရှင် ကိုယ်တော်မြတ် ကြီးအား။

မေ - ဘုရားတပည့်တော်၏။ မေအမှာကား ကမ္ဘာအေးမည် မြတ်စေတီယ် ရည်ရွယ်ချမ်းသာ မင်္ဂလာအခမ်းအနား ပြုလုပ်ကြသည့် ဝပ်တွားရောက်လာ ငါးခန္ဓာကို သက္ကာယစွဲ အထင် လွဲလျှက် ငါပဲသမုတ် အကျွန်ုပ်တို့၏။

နမော - ဘယလာဘ ကုလဒိဋ္ဌိ မသိမောဟ ကင်းစင်ပလျှက် ကြည်ဖြူသဒ္ဓါစေတနာ ဖြင့် လွန်စွာရိုကျိုး လက်စုံပိုးလျှက် ရှိခိုးလိုက်ရခြင်းသည်။

အတ္တု - ဘဝတုံ၊ ဘေးရန်ကင်းပ လိုတိုင်းရလျှက် အဂဂဝေဖာ မြတ်ချမ်းသာကို ရပါစေကြောင်း ကောင်းစွာပသော့ ဖြစ်ပါစေသတည်း။ ဖြစ်ပါစေသား အရှင်ဘုရား။

# ၅ - အစီအစဉ် (၂) နတ်ဗြဟ္မာများကို ပင့်ဖိတ်ရန်

သမန္တာ စက္ကဝါဠေသု၊
အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊
သုဏန္တု သဂ္ဂမောက္ခဒံ။
ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

သမန္တာ၊ ပြေပြေပါ်ချာ ရေသီပတာနှင့် ဗိပါလေးကျွန်း ဖြင်းမိုရ်ယွန်းသော၊ စကြဝဠာကျွန်းပန်းမအသွင် ဤစကြဝဠာ၏ လက်ပန်းကျင်ပုံ၊ စက္ကဝါဠေသု၊ လူ့ဇနာပေါင်း ရှစ်သောင်းနှစ်ထောင် ပမြင့်သောင်သော တောင်စကြဝဠာ ကာရံပေးလျက်ရှိုပ် ပန်း၍ရှိုပ်သော ပုံပါဇာတ်ပေါင်း တစ်သောင်းသော လောကတကော တို့၌၊ ဝသန္တာ၊ ဒေဝိန္ဒဂုဏ် အင်စုံညီမျှ နေထိုင်ကြကုန်သော။ ဒေဝတာ၊ ပျောင်ပါတန်ခိုး ထဲမိုးကြီးသေး နတ်ဗြဟ္မာအများတို့သည်။ အတြ၊ (ပရိတ်တရားတော်ပြတ် ဖွက်ဖတ်သရဇ္ဈာယ်ရာ) ဤနေရာအရပ်ဌာနသို့။ အာဂစ္ဆန္တု၊ ပေါင်းရုံးအများသဒ္ဒါပွားလျက် ဝပ်တွားညီညာ လာရောက်ကြပါကုန်လော့။

မုနိရာဇဿ၊ အရဟန္တ, သာဝကနှင့် ပစ္စေကမုနိ အစရှိသော မုနိတကာတို့၏ ထိပ်ပန်း ရဟန်းတကာတို့၏ သရဖူ လူတကာတို့၏ သင်းကျစ် နတ်တကာတို့၏ အဆင်းတန်ဆာ ဗြဟ္မာတကာ တို့၏ ' ဦးသျှောင်၊ ငါးပါးရှိအောင်သော ပင်းခေါင်ပင်းဖျား ရှင်တော်မြတ်ဘုရား၏။ သဂ္ဂမောက္ခဒံ၊ နတ်ဝေဇယန် ငွေကဒလ်နှင့် နေရပန်ရှေ့ဘုံဖေယျမုံသို့ ယုံမစလမေသး အကျိုးကိုပေးတတ်သော။ သဒ္ဓမ္မံ၊ သံဝိဇ္ဇမာန သဒ္ဓမ္မနှင့် ပသဒ္ဒဂုဏ် အင်စုံညီညွတ် တုလွတ်အကျော်(ပရိတ်ဟုဆိုအပ်သော) တရားတော်မြတ် ကို။ သုဏန္တု၊ ရိုသေတုပ်ကွနာလှည့်ကြပါကုန်လော့။ သုဏန္တု၊ ဖိဿာပိတ်တက် မငြိုယ့်ကပဲ- ပြည့်နတ်အောင်ပုံ မှတ်သားနာခံ ကြပါကုန်လော့။

ဘဒန္တာ၊ ကောင်းပြင်းသဘော ပြည့်စုံသောကြောင့် ဘောဂဘာဂ ပုညဇနှင့်၊ ကြုံရသော်ငြား အို နတ်ဗြဟ္မာအများတို့။ အယံ (ကာလော)၊ ဤပါသပယ ဤကာလသည်ကား။ ဓမ္မဿဝနကာလော၊ သုံးလောကထွတ်ထား စောဘုရား၏ ဟောကြားပုန်စွာ ဒေသနာကို သေချာမှတ်သား နာကြားရမည့်အခါ ကြီးပါပေတည်း။ ဓမ္မဿဝနကာလော၊ အတိဒုလ္လဘဲ ကြုံခဲလှသည့် မမ္မအကျော် (ပရိတ်ဟုဆိုအပ်သော) တရားတော်ကို များဖော်စုံလင် စိတ်ပျော်ရွှင်၍ ပန်ဆင်မှတ်သား နာကြားရမည့် အခါကြီးဖြစ်ပါပေသတည်း။

---

မှတ်ချက် ။ အတြ၊ (ပရိတ်တရားတော်မြတ်) နေရာ၌ ဓမ္မစကြာရွတ်လျှင် ဓမ္မစကြာတရားတော်မြတ်၊ မဟာသမယအခမ်းအနားဖြစ်လျှင် မဟာသမယသုတ်တရားတော်မြတ်စသည်ဖြင့် ပြောင်းလဲပူဇော်ရန် ဖြစ်ပါသည်။ (ပရိတ်ဟုဆိုအပ်သော) နေရာ၌ ဓမ္မစကြာရွတ်လျှင် ဓမ္မစကြာဟု ဆိုအပ်သောဟူ၍၎င်း။ မဟာသမယသုတ်ဟုဆိုအပ်သော စသည်ဖြင့် ပြောင်းလဲပူဇော်ရန်ဖြစ်ပါသည်။

# ၆ - သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ရန်

နမော တေ သမ္မာသမ္ဗုဒ္ဓ၊ ဘဂဝန္တ ဇုတိန္ဓရ။

အာယာကုစ ဇိနော ဝိရော၊ ဇယံ နော ဒါတု သဗ္ဗဒါ။

သမ္မာသမ္ဗုဒ္ဓ၊ သစ္စာလေးကန်၊ တရားပုန်ကို မထောက်မပြန်သယမ္ဘူဉာဏ်ဖြင့် ထိုးထောက်ထိုးထွင်း သိမြင်တော်မူထသော မြတ်စွာဘုရား။

တေ၊ ရှင်ပင်မြတ်စွာဘုရားအား

နမော၊ သဒ္ဓါဖိုကျိုး လက်စုံမိုးလျက်၊ ရှိခိုးပါ၏မြတ်ဘုရား။

ဘဂဝန္တ၊ ဣဿရိယ၊ စသည့်ခြောက်စုံ ဘဂ်ပါဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

တေ၊ ရှင်မြတ်ဘုရားအား။

နမော၊ ပီတိလွှမ်းမိုး သဒ္ဓါဖြိုးလျက် ရှိခိုးပါ၏အရှင်ဘုရား။

ဇုတိန္ဓရ၊ အရောင်တော်ဇုတိ၊ လူမရှိသည့် ဇုတိဂုဏ်ကိုဆောင်တော်မူသော မြတ်စွာဘုရား။

တေ၊ ရှင်ပင်မြတ်ဘုရားအား။

နမော၊ ပုဆစ်နှစ်ဖတ်၊ စုံလက်ပြိုင်ပူး၊ နဖူးထိပ်ဝ၊ ဦးနှိမ်ချ၍ ပဥ္စပတိဋ္ဌိတ၊ တည်ငါးဝဖြင့်၊ ဦးချညွတ်ကျိုး၊ သဒ္ဓါဖြိုးလျက်ရှိခိုးပါ၏ဘုရား။

ဝိရော၊ ကြီးမြတ်သောလုံ့လရှိတော်မူသော။

ဇိနော၊ ငါးပါးမာရ်ကို၊ မကျန်ကုန်စင်၊ အောင်မြင်တော်မူသော မြတ်စွာဘုရားသည်။

ဣဓ၊ ပလ္လင်တာဝ၊ စံပယ်အောင်၊ ကြံ့သပြေပြင်၊ တူပပြင်သော၊ ဤရပ်နားပလ္လင်သို့။

အာယာကု၊ သီရိမင်္ဂလာ၊ ရွှေစာခပ်နှိပ်၊ အပရာဇိတ်ဟု၊ သံဟိတ်ကြေညာ၊ ဇေယျာပထဝီ၊ ဘူသိခရာဇ် ပလ္လင်သစ်ဝယ်၊ ရှင်ချစ်မြတ်စော၊ ဤယနေ့ပင်ပွင့်ပြီလောဟု ရွှေစက်တော်ဆန့်၊ ဖြန့်မြန်းကြွချီ၊ မျှညီရွှင်ပြုံး။ သီတင်းသုံးတော်မူပါဘုရား။

ဘဂဝါ၊ ဘုန်းတော်ကြီးများမြတ်ဘုရားသည်။

နော၊ ဘုရားတပည့်တော်တို့အား။

ဇယံ၊ အန္တရာယ်ခပင်း၊ ပျောက်ကွယ်ခွင်းသည့်၊ အောင်ခြင်းမင်္ဂလာအဖြာဖြာကို။

သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ၊ အခါခပ်သိမ်း။

ဒါတု၊ ရာဟုလာသား၊ ပဟာထားလျက်၊ ပေးသနားတော်မူပါမြတ်စွာဘုရား။ ။

## ၇ - အဂ္ဂသာဝကနှစ်ဆူဖြစ်တော်မူသော
## လက်ျာတော်ရံရှင်သာရိပုတ္တရာနှင့်
## လက်ဝဲတော်ရံရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် (၂) ပါးကို
## ပင့်လျှောက်ရန်ဂါထာ

ယုဂဂ္ဂါ ဝေါ နိမန္တေမ ၊ ဣစ္ဆာယာထ ဟိတာဝဟာ။

ဒွယံ ပူဇံ ဂဏှိတွာန ၊ သတ္တိံ ကရောထ သန္နိယာ ။

ယုဂဂ္ဂါ ၊ ပညာတန်ခိုး နှစ်မျိုးပေါဒဂ်ရ အဂ္ဂသာဝကအစုံဖြစ်တော်မူကုန်သော လက်ျာတော်ရံ အရှင်သာရိပုတ္တရာ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်တို့ဘုရား။

ဝေါ ၊ ရှင်ဘုရားတို့ကို။

နိမန္တေမ ၊ သဒ္ဒါရိုကျိုး လက်စုံမိုး၍ ရှိခိုးပင့်လျှောက်ပါကုန်၏အရှင်ဘုရား။

ဟိတာဝဟာ၊ သာသနာ့အစီးအပွား သတ္တဝါအစီးအပွားကို ကြီးပွားစွာဆောင်ရွက်တော်မူကုန် သော။

ဝေါ ၊ အရှင်မြတ်တို့သည်။

ဣစ္ဆ ၊ ပဒေသနှင့် ကေရာဇာ စကြာမန္တက် ဝင်းဝင်းပြက်ဟူ၍ ချည်းကပ်မြင်းမှာ ပုံသာမအောင် ကောင်းစွာပြုပြင် ဤရပနာပလ္လင်သို့။

အာယာထ၊ ကြွရောက်ရှင်ပြုး သိတင်းသုံးတော်မူကြပါကုန်ဘုရား။

ဒွယံပူဇံ ၊ အာမိသနှင့် ဝမ္မခေါ်ရိုး နှစ်မျိုးသော ပူဇော်သက္ကာရကို။

ဂဏှိတွာန ၊ ကရုဏာပုဗ္ဗင်္ဂမ အရင်းခံဖြင့် ခံယူတော်မူကုန်ပါ၍။

သန္နိယာ ၊ ဘေးအန္တရာယ် အသွယ်သွယ်တို့ ပျောက်ကွယ်ကုန်ခန်း ငြိမ်းချမ်းခြင်းအလို့ငှာ။

သတ္တိံ ၊ သတ္တိရှိန်စော် အာနုဘော်ကို။

ကရောထ ၊ ပညာလွှမ်းမိုး ကုမ္ဗိတန်ခိုးဖြင့် မပြိုးယင်မောက်ကျတ်ပြင်းပေါက်အောင် များစွာ ပြောထူ ပြုတော်မူပါကုန်ဘုရား။

## ၈ - သိရိပဂ်လာ ကမ္ဘာဖေးစေတီဘုရားရှိခိုး

### သဗ္ဗဖယပဂ်လာ ဂါထာဟော်

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိံ အာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ပဏ္ဏာမိ အဘယံ။
သာရိပုတ္တဉ္စ မောဂ္ဂလာနံ၊
ပဏ္ဏာမိ အဂ္ဂသာဝကံ။

အာဒိစ္စော၊ ရောင်ခြည်တထောင် အလင်းဆောင်သော ထွန်းပြောင်ထိန်ဝင်း ရှင်နေမင်းသည်၊ ဒိဝါ၊ နေ့အခါ၌သာလျှင်၊ တပတိ- မိုက်မှောင်ပယ်ပွင်း ထွန်းလင်းတောက်ပနိုင်ပါ၏။ စန္ဒိမာ၊ သောမမာ ယာဉ်နန်း လပြည့်စန်းသည်။ ရတ္တိံ၊ ညဉ့်အခါ၌သာလျှင်။ အာဘာတိ၊ ထွန်းလင်းကျက်သရေတောက်ပနိုင်ပါလေ ၏။ ခတ္တိယော၊ လယ်မြေပိုင်နင်း ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ၊ ချပ်ဝပ်တန်ဆာ(ဝါ) မင်းမြောက်တန်ဆာငါးပါး ဆင်ယင်ထားသောအခါ၌သာလျှင်။ တပတိ၊ မင်းတို့ ကျက်သရေ ထွန်းလင်းတောက်ပနိုင်ပါလေ၏။ ဗြာဟ္မဏော၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ် သည်။ ဈာယီ၊ ဈာန်ဝင်စားသည်ရှိသော်(ဝါ) ဈာန်ဝင်စားသောအခါ၌သာလျှင်။ တပတိ၊ ရဟန်းကျက်သရေ ထွန်းလင်းတင့်တယ်တောက်ပနိုင်ပါပေ၏။ အထ၊ ထိုမှတပါး(ဝါ) ထိုနေမင်းလမင်း စသည်တို့ထက်။ ဗုဒ္ဓေါ၊ သစ္စာလေးရပ်တရားမြတ်ကို ဆတ်ဆတ် သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သဗ္ဗံ ၊ အလုံးစုံသော။ အဟောရတ္တိံ၊ နေ့ညဉ့်တို့ပတ်လုံး။ တေဇသာ၊ ပါရမီကြောင့်ဖြစ်သော တန်ခိုးတော်ဖြင့်။ တပတိ၊ ဗုဒ္ဓကျက်သရေ အထွေထွေဖြင့် နေမင်းတစ်ရာ။ လမင်းတစ်ရာ မကသာအောင်ထွန်းလင်းတင့်တယ် တောက်ပတော်မူနိုင်ပါ ပေသတည်း။

တာဒိသံ ၊ ထိုသို့ သဘောရှိတော်မူသော။ တေဇသမ္ပန္နံ ၊ နေ့ညဉ့်မည်း တောက်ပဖြိုးသည့် တန်ခိုးတော်အပေါင်းနှင့်လည်း ပြည့်စုံတော်မူပေထသော။ ဗုဒ္ဓံ ၊ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာ ဘုရားကို။ အဟံ၊ ဘုရားတပည့်တော်သည်။ အာဒရံ ၊ ကျိုးနွံပသေ့ ရိုသေလှစွာ။ ပဏ္ဏာမိ ၊ သဒ္ဓါဖြိုးဖြိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

သာရိပုတ္တဉ္စ၊ ထိုရှင်တော်မြတ်ဘုရား၏ လက်ယာတော်ရံ ကျေရ်ပျံ့ဟော ပညာအရာ ဧတဒဂ်ရ အရှင်သာရိပုတ္တရာ။ မောဂ္ဂလာနံ၊ လက်ဝဲတော်ရံ ပျံနန်းတော်ဖြိုး တန်ခိုးတော်အရာ ဧတဒဂ်ရ အရှင် မဟာမောဂ္ဂလန်ဟူသော။ အဂ္ဂသာဝကဉ္စ ၊ ထိုအဂ္ဂသာဝက ပထေရ်မြတ်ကြီး နှစ်ပါးကိုလည်း။ ပဏ္ဏာမိ၊ ကိုယ်စိတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျော့၍ ကန်တော့မြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

## ၉။ ............ ပြည့်နှစ်၊ နှစ်ဆန်း (၁) ရက် ( .................... ) မင်္ဂလာအခါတော်နေ့ ဝမ္ပုဇာ နှစ်သစ်ကူးမင်္ဂလာအခမ်းအနားတွင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ------------------ မြွက်ကြားအပ်သော ဝမ္ပုဇာ နှစ်သစ်မင်္ဂလာ မြွက်ကြားလွှာ

ကြွရောက်တော်မူလာကြကုန်သော သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင်လူကြီးမင်းများနှင့် ဘာသာရေး၊ သာသနာရေးအသင်းအဖွဲ့များမှ ကိုယ်စားပြုရောက်ရှိလာကြကုန်သော သာသနာ့မာမက ကလျာဏယာနွယ်ဝင် သူတော်စင်ပရိသတ်ကြီးအပေါင်းတို့ခင်ဗျား -

ဒီကနေ့ဟာ သာသနာနှစ် ------ ခုနှစ်၊ မြန်မာသက္ကရာဇ် -------- ခုနှစ်၊ နှစ်ဆန်း (၁) ရက်နေ့ဖြစ်လို့ မြန်မာနိုင်ငံသူ/သားများနှင့် ဗုဒ္ဓဘာသာဝင်သူတော်စင်များအတွက် အလွန်ပင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့နေ့ထူး နေ့မြတ်တစ်ရက်ဖြစ်ပါတယ်။

ဒီနေ့မင်္ဂလာရက်မြတ်မှာ လာမယ့် နှစ်သစ်မှာ မင်္ဂလာဒေသနာတရားပြောကြားရမဲ့အပြင် အထူးပင် ဝမ်းသာကြည်နူးရွှင်ပြုံးပျော်ရွှင်ရပါတယ်ခင်ဗျား။

မင်္ဂလာအခါတော်နေ့ဖြစ်တဲ့အတွက် မင်္ဂလာအခါတော်နေ့ ကျင်းပရခြင်းအကြောင်း၊ မင်္ဂလာနဲ့ ပတ်သက်တဲ့ မင်္ဂလာယောမနာစကား အနည်းငယ်ပြောကြားလိုပါတယ်။

မင်္ဂလာဆိုရာမှာ လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာရယ်လို့ အကျဉ်းအားဖြင့် ၂ မျိုးခွဲနိုင်ပါတယ်။

လောကီမင်္ဂလာဆိုတာက ထိမ်းမြားမင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ နေ့ထူးမင်္ဂလာစသည်ဖြင့် အမျိုးမျိုးရှိကြပါတယ်။

ဒီနေ့ရာမှာက ဘာသာရေးဆိုင်ရာ မင်္ဂလာအခမ်းအနားဖြစ်တဲ့အတွက် လောကုတ္တရာမင်္ဂလာ အကြောင်းကို ဦးစားပေးပြောသွားမှာဖြစ်ပါတယ်။

မင်္ဂလာလို့ ခေါ်ဆိုရခြင်းဟာ လိုက်နာကျင့်သုံးသူအပေါင်းကို ကြီးပွားစေတယ်၊ ပြည့်စုံစေတယ်၊ အလုံးစုံသော စည်းစိမ်ချမ်းသာတို့ကို ရရှိစေတယ်သောကြောင့် မင်္ဂလာဟုခေါ်ဆိုရခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဤဘဝချမ်းသာ၊ နောက်ဘဝချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ပေါ့ လောကီလောကုတ္တရာချမ်းသာတွေကို လိုချင်ရချင်တဲ့ပုဂ္ဂိုလ်တွေဟာ ဒီမင်္ဂလာတရားတွေကို လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။

ဒီမင်္ဂလာတရားတော်ဟာ အရေအတွက်အားဖြင့် ၃၈ ပါးရှိပါတယ်။

ဒီ ၃၈ ပါးကို စုဆောင်းပြီး ရေတွက်မယ်ဆိုရင် -

၁။ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ ၃ ပါး ၃ ပါး

၂။ နေထိုင်ရေးမင်္ဂလာ ၃ ပါး

တန်သက်

| | | |
|---|---|---|
| ၃။ | ပညာသင်ကြားရေးမင်္ဂလာ | ၄ ပါး |
| ၄။ | ကျွေးမွေးပြုစုရေးမင်္ဂလာ | ၃ ပါး |
| ၅။ | လိုက်နာကျင့်သုံးရေးမင်္ဂလာ | ၄ ပါး |
| ၆။ | ဖျောင်းဖြည်းရေးမင်္ဂလာ | ၄ ပါး |
| ၇။ | စီးပွားရေးမင်္ဂလာ | ၂ ပါး |
| ၈။ | ကျန်းမာရေးမင်္ဂလာ | ၄ ပါး |
| ၉။ | ငြိမ်းချမ်းရေးမင်္ဂလာ | ၄ ပါး |
| ၁၀။ | စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာ | ၄ ပါး |
| | ဟူ၍ စုစုပေါင်း | ၃၈ ပါး |

ရှိပါတယ်။

ဒီမင်္ဂလာ ၃၈ ပါးကို အသေအချာလေ့လာကြည့်ပါလျှင် ပေါင်းသင်းဆက်ဆံရေး၊ နေရေးထိုင်ရေး၊ ပညာသင်ကြားရေး၊ ပြုစုလုပ်ကျွေးရေးစတဲ့ မင်္ဂလာတွေဟာ လောကလူသားတို့အကျိုးများအောင် ဒေါင့်မျိုးစုံမှ ဟောကြားထားကာကို တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရှေးယခင်ရှေးအခါက မိုးလေဝသရာသီဥတုမှန်ကန်ညီညွတ်ပြီး သယံဇာတပစ္စည်းတွေနဲ့ ဆန်ရေစပါးပေါများ ကြွယ်ဝချမ်းသာခြင်းရဲ့ အဖြေကို ရှာကြည့်လျှင် မင်္ဂလာတရားတော်နဲ့ အညီ နေထိုင်ကြလို့ဆိုတဲ့အဖြေကို ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ယခုလက် မြန်မာနိုင်ငံတော်ကြီးကိုလည်း သာယာဝပြောပြီး သယံဇာတရတနာပေါ ပေါကြွယ်ဝပဲ့ မြန်မာနိုင်ငံကြီး ဖြစ်လာရအောင် တစ်ဘက်တစ်လမ်းမှနေပြီး လူတိုင်းလူတိုင်း၊ မင်္ဂလာတရားတော်နဲ့အညီ ကျင့်သုံးနေထိုင်ကြရန်၊ ဒီနေ့ နှစ်သစ်ကူးနှစ်ဆန်း မင်္ဂလာအခါတော်နေ့မှာ မင်္ဂလာကျင့်စဉ်ကို အကျဉ်းချုံးပြီး အနည်းငယ်တင်ပြပါရစေ။

မင်္ဂလာကျင့်စဉ်

ကြွရောက်တော်မူလာကြကုန်သော သူတော်စင် ဝမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား -

သူတော်စင်ဓမ္မမိတ်ဆွေများဟာ ဤယခုဘဝချမ်းသာ၊ နောက်ဘဝချမ်းသာနှင့် လောကမှ (ဝါ) ဝဋ်ဒုက္ခ ဘဝမြဲမှ လွတ်မြောက်ရာ လောကုတ္တရာချမ်းသာကို လိုချင်ပါလျှင်၊ လူမိုက်တို့နှင့် မပေါင်းသင်းပဲ ပညာရှင်သူ တော်ကောင်းတို့နှင့် ပေါင်းသင်းပြီး ပူဇော်ထိုက်သူတို့ကို ကြည်ကြည်ဖြူဖြူပူဇော်ကြရပါမည်။

သင့်တင့်လျောက်ပတ်ကောင်းမြတ်သော အရပ်၌ နေထိုင်ကြလျက်၊ ရှေးရှေးဘဝက ပြုခဲ့သော ကောင်းမှု ရှင်ဖြစ်ရန် ကုသိုလ်တရားများကို ယခုဘဝ၌ပွားများကြလျက် မိမိကိုယ်စိတ်ကို ကောင်းစွာ ဆောက်တည်ထားရပါမည်။

ထို့နောက် အကြားအမြင်၊ အတတ်ပညာတို့နှင့် ပြည့်စုံအောင် လေ့လာသင်ကြားထားရပါမည်။ လိုက်နာစောင့်စည်းဖွယ်ရာ စည်းကမ်းဥပဒေကျင့်ဝတ်များကို ကောင်းစွာတတ်မြောက်ကျွမ်းကျင်အောင်

လေ့လာထား၍ လိုက်နာကျင့်သုံးကြရပါမည်။ စကားပြောဆိုဆက်ဆံရာ၌လည်း ကောင်းသောစကား၊ ချစ်ဖွယ်သောစကား၊ မှန်သောစကား၊ တရားနှင့် ယှဉ်သောစကားများကိုသာ ပြောဆိုကြရပါမည်။

လူ့ဘောင်ကို ပယ်ပြီး မစွန့်လွှတ်နိုင်သေးမျှ ကာလပတ်လုံး မိခင်ဖခင် အဘိုးအဘွားကျေးဇူးရှင်များကို ပြုစုလုပ်ကျွေးခြင်းဖြင့် ကျွေးဟောင်းကိုပေးဆပ်ရပါမည်။ သားသမီး၊ ဇနီး၊ ခင်ပွန်းတို့ကို သင်္ဂြိုဟ်ထောက်ပံ့ခြင်းဖြင့် ကျွေးသစ်ကိုလည်း ချထားရပါမည်။

သားသမီး၊ ဇနီး၊ ခင်ပွန်း၊ ဥစ္စာစပါး စသည်တို့များနှင့် ပြည့်စုံလာသောအခါ ပျော်ပါးနေထိုင်ခြင်းဖြင့် စည်းစိမ်ဥစ္စာ၏ အနှစ်သာရကိုလည်းကောင်း၊ ဘိက္ခု၊ သံဃာ၊ စသည်တို့ကို ဖြည့်ဆည်းခြင်းဖြင့် အသက်၏ အနှစ်သာရကိုလည်းကောင်း၊ ရယူဆောင်ယူကြရပါမည်။ ယုံကြည် မွေးမြူပုံတို့ သိုးကြော်ယောက်ပုံခြင်းဖြင့် မိဘပရိသတ်အကျိုးကိုလည်းကောင်း၊ အကြံကောင်းသော လုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် ကိုယ်စီးပွား၏ အကျိုးစီးပွားကိုလည်းကောင်း ဆောင်ရွက်ကြရပါမည်။

မကောင်းမှုမှ ရှောင်ကြဉ်ခြင်းဖြင့် သူတစ်ပါးကိုမှား နှိပ်စက်ခြင်းမှ ရှောင်ကြဉ်လျှက်၊ သေရည် သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် မိမိကိုယ်ကို နှိပ်စက်ခြင်းမှ ရှောင်ကြဉ်လျက် တရားတော်ကို မမေ့မလျော့ခြင်းဖြင့် ကုသိုလ်တရားများကို ပွားများစေရပါမည်။

တရားတော်ကို မမေ့မလျော့ပဲ ကုသိုလ်တရားများကို ပွားများစေပြီးနောက် ဂါရဝဝေဝရကာ လူ့ဂတ်လဲ၍ ရဟန်းပြုလျက် ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်ဖြစ်ကုန်သော သာဝကဥပဇ္ဈာယ်ဆရာတို့၌ ရိုသေနှိမ့်ချလျက် ဝတ်ကြီးဝတ်ငယ်တို့ကို၊ ကျေပွန်စွာ ဖြည့်ကျင့်ကြရပါမည်။

ရောင့်ရဲခြင်းဖြင့် ပစ္စည်းဥစ္စာတို့၌ တပ်မက်မှုကင်းသော လောဘမကျှာကို ပယ်ရှားလျက် သူတစ်ပါးတို့ ပြုသမျှသော ကျေးဇူးကို သိတတ်သော ကျေးဇူးဆပ်တတ်သော အလေ့ဖြင့် သူတော်ကောင်းဘဝ၌ ရပ်တည်ကြရပါမည်။ တရားနာခြင်းဖြင့်လည်း၊ ယုံလောသို့လော မဝေခွဲနိုင်သော ယုံမှားသံသယစိတ်ကို ပယ်ဖျောက်ကြရပါမည်။

သည်းခံခြင်းဖြင့် ဘေးရန်ဟူသမျှကို လွှမ်းမိုးအောင်နိုင်ကြရပါမည်။ သူတော်ကောင်းတို့ ဆိုဆုံးမသော စကားများကိုလည်း နာယူလွယ်၊ လိုက်နာကျင့်သုံးလွယ်ခြင်းဖြင့် အဆုံးအမခံလွယ်သော ပုဂ္ဂိုလ် (မိမိကိုယ်ကို မိမိကိုးကွယ်အားထားရာရှိသော ပုဂ္ဂိုလ်) ဖြစ်အောင် ပြုလုပ်ရပါမည်။ ကိလေသာငြိမ်းပြီးသူ ဘုရား၊ ရဟန္တာ အရှင်မြတ်များနှင့် ကိလေသာငြိမ်းအောင်ကျင့်နေသူ ရဟန်းတော်အရှင်မြတ်များကို ဖူးမြင်ရခြင်းဖြင့် တရားအားထုတ်ရခြင်း၏ အကျိုးကို သိမြင်ကြရပါမည်။ တရားဆွေးနွေးခြင်းဖြင့် ယုံမှားသံသယရှိသော တရားတို့၌ ယုံမှားသံသယကို ပယ်ဖျောက်ကြရပါမည်။

ဆက်လက်၍ ဣန္ဒြေငါးပါးကို စောင့်စည်းခြင်းဟူသော အကျင့်ဖြင့် သီလစင်ကြယ်ခြင်း၊ (သီလဝိသုဒ္ဓိ)ကိုလည်းကောင်း ရဟန်းတရားကို ပွားများအားထုတ်ခြင်းဖြင့် စိတ်၏စင်ကြယ်ခြင်း (စိတ္တဝိသုဒ္ဓိ) ကိုလည်းကောင်း၊ ထို့နောက် အထက်ဖြစ်သော အမြင်မှားမှု စင်ကြယ်ခြင်း (ဒိဋ္ဌိဝိသုဒ္ဓိ)၊ ယုံမှားမှုကို လွှတ်

မြောက်စင်ကြယ်ခြင်း (ကင်္ခါဝိတရဏဝိသုဒ္ဓိ) ပင်ဟုတ်သည် မဟုတ်သည်ကို သိမြင်ခြင်း၏ စင်ကြယ်ခြင်း (မဂ္ဂါမဂ္ဂညာဏ ဒဿနဝိသုဒ္ဓိ) အကျင့်မှန် ညာဏ်အမြင်စင်ကြယ်ခြင်း (ပဋိပဒါညာဏ ဒဿန ဝိသုဒ္ဓိ) ဟူသော စင်ကြယ်ခြင်း (ဝိသုဒ္ဓိ) လေးပါးတို့၏ စင်ကြယ်ခြင်းတို့ကိုလည်းကောင်း ပြည့်စုံအောင် အားထုတ်ကြရပါမည်။

ဤဖော်ပြခဲ့သော မင်္ဂလာကျင့်စဉ်ဖြင့် အရိယသစ္စာလေးပါးဟူသော သစ္စာလေးပါးတို့ကို သိမြင်နိုင်သည့် ဉာဏ်အမြင် စင်ကြယ်ခြင်း (ဉာဏဒဿနဝိသုဒ္ဓိ) သို့ ရောက်ကာ အရဟတ္တဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ဧကန်မုချမျက်မှောက်ပြုနိုင်ကြမှာဖြစ်ပါတယ်။

ဤသို့ဖြင့် ဤမင်္ဂလာကျင့်စဉ်ကို လိုက်နာကျင့်သုံးကြသူ သူတော်စင်အပေါင်းတို့မှာ ဤယခုဘဝ ချမ်းသာ၊ နောက်ဘဝချမ်းသာတို့ကို ရရှိနိုင်ရုံသာမက၊ လောကုတ္တရာချမ်းသာဖြစ်သော မင်္ဂချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန် ချမ်းသာတို့ကိုပါ ရရှိနိုင်ကြပါတယ်။

ဒါကြောင့် ဤကဲ့သို့ အကျိုးများလှတဲ့ မင်္ဂလာတရားတော်များ၊ မကွယ်မပျောက် ထွန်းလင်းတောက်ပ နေစေရန် ရည်သန်လျက် ယခုလို မင်္ဂလာအခါတော်နေ့မျိုးကို ကျင်းပပေးနေရခြင်းဖြစ်ပါတယ်။

ကြွရောက်တော်မူလာကြကုန်သော ကလျာဏနွယ်ဝင်သူတော်စင် ဝတ်ပွဲပိတ်သွေးများခင်ဗျား၊ ဤမင်္ဂလာကျင့်စဉ်တရားကို လိုက်နာကျင့်သုံးပွားများ အားထုတ်ပြီး လောကီချမ်းသာ၊ လောကုတ္တရာ ချမ်းသာများကို လွယ်လင့်တကူ ရယူပိုင်စိုးနိုင်ကြသော အရိယာအလောင်းသူတော်ကောင်းတွေ ဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား ။ ။

## ၁၀- မင်္ဂလသုတ်အမွန်း

(က) ယံ မင်္ဂလံ ဒွါဒသ ဟိ၊
စိန္တယိံ သု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဋ္ဌတ္တိံ သဥ္စ မင်္ဂလံ။

(ခ) ဒေသိတံ ဒေဝဒေဝေန၊
သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟေ။

(က) သောတ္ထာနံ၊ ကံ-စိတ်-ဥ-ဟာ ကြောင်းလေးဖြာကို့ ပေါင်းကာပဓု ပြုပြုပြင် ဟုပယုဉ်ရာသော အသခ်တဓာတ် "နိဗ္ဗာန်" တည်းဟူသော ချမ်းသာပြပ်ဟို။ သောတ္ထာနံ၊ ဥပါဒ်နှင့်ဟင် အယုဉ်မသွက်မျှင်မတွယ်သဖြင့် စင်ကြယ်လှစွာသော နိဗ္ဗာန်ချမ်းသာပြက်ကို။ (အာကခ်မာနာ၊ ပရရကြောင်း တောင်းတောင်းတတ နှစ်သက်လိုချင်ကြကုန်သော။ အာကခ်မာနာ၊ မုံစုံမက်မက် နှစ်သက်တောင့်တကြောင့်ကြတခု အာရုံပြု၍ သူ့ထက်ငါသာ လိုချင်ကြပါကုန်သော။) သဒေဝကာ၊ နတ်နှင့်တကွသောလူ ခပ်သိမ်းသောသူတို့သည်။ ယံ မင်္ဂလံ၊ အကြင်သတ္တဝါအများ ကြီးပွားရာကြီးပွားကြောင်း ကောင်းမြတ်သော မင်္ဂလာတရားတော်ကို။ ဒွါဒသ ဟိ (ဒွါဒသ ဗဝ)၊ တဆယ့်နှစ်နှစ် သက္ကရာဇ်သချာ ရှည်ကြာကာလ ခါသပယတို့ပတ်လုံးသာလျှင်။ စိန္တယိံသု၊ ဒိဋ္ဌ သုတ မုတမင်္ဂလာ ဖြာဖြာသောသော သို့မဟုတ်လော သို့ဟုတ်လောဟုမဖွေးဖော ဖုံဖုံ စိတ်ကူးကြံစည်ကြလေကုန်ပြီ။ (စိန္တယန္တာပိ၊ သို့မဟုတ်လော သို့ဟုတ်လောဟု တွေးကောဖုံဖုံ စိတ်ကူးကြံစည်ကြပါကုန်သော်လည်း။) အဋ္ဌတ္တိံသဥ္စ၊ ရေတွက်ပိုင်းခြား သရုပ်အားဖြင့် သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်းဖြစ်သော။ ယံ မင်္ဂလံ၊ မကြင်သတ္တဝါအများ ကြီးပွားရာ ကြီးပွားကြောင်း ကောင်းမြတ်သော မင်္ဂလာတရားတော်ကို။ နာဓိဂစ္ဆန္တိ၊ ကောင်းစွာပိုင်ပိုင် မသိနိုင်ကြလေကုန်။ နာဓိဂစ္ဆန္တိ၊ ဤကားပေဟုတ်ဤကားဟုတ်ဟု မုချပိုင်ပိုင် ကောင်းစွာမသိနိုင်ကြလေကုန်။

(ခ) သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော သုံးဘုံရပ်သား သတ္တဝါအများတို့၏ စီးပွားချမ်းသာအလို့ငှာ။ ဒေဝဒေဝေန၊ နတ်တကာတို့၏ထိပ်တင် ဘုရင်ဥက္ကဋ္ဌ ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဒေသိတံ၊ ကရုဏာဆော်ဖန် ဒေသနာဉာဏ်ဖြင့် ဝေဖန်ပိုင်းဖြတ် ဟောကြားတော်မူအပ်သော။ သဗ္ဗပါပ-ဝိနာသနံ၊ မပြုစတောင်း မှုမကောင်းကို စုပေါင်းလှုံးဖြတ် ဖျက်ဆီးတော်မူတတ်သော။ တံ မင်္ဂလံ၊ ထိုသတ္တဝါအများ ကြီးပွားရာ ကြီးပွားကြောင်း ကောင်းမြတ်သော မင်္ဂလာတရားတော်ကို။ ဟေ၊ ညီညာဖြဖြ စည်းဝေးလာရောက်ကြသည့် ဝမ္ဘာပကအပေါင်း အို . . သူတော်ကောင်း သူမြတ်လောင်းတို့။ မယံ၊ ကြည်သာနှစ်ပြို့ သဒ္ဒါပချို့ကြသောအကျွန်ုပ်တို့သည်။ ဘဏာမ၊ ရွတ်ဖတ်ကြပါကုန်စို့။ ဘဏာမ၊ သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ စိက်မှာထုံ၍ ကြည်ယုံညွတ်တွား ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့တကား။

# ၁၁- မင်္ဂလသုတ္တ

၁။ ဧဝံ မေ သုတံ - ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ-

၂။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

၃။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာ စ ပူဇနေယျာနံ[၁]၊ ဧတံ မင်္ဂလမုတ္တမံ။

၄။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ[၁] စ၊ ဧတံ မင်္ဂလမုတ္တမံ။

၅။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၆။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၇။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၈။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၉။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ[၂]၊ ဧတံ မင်္ဂလမုတ္တမံ။

၁၀။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၁။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၂။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၃။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထမပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမန္တိ။

မင်္ဂလသုတ္တံ

## ၁၂။ မေတ္တာပို့အမျှဝေရန်

(က) မေတ္တာပို့ ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပ္ပတ္တာ၊ ဆင်းရဲဒုက္ခရောက်နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ နိဒ္ဒုက္ခာ စ၊ ဆင်းရဲဒုက္ခကင်းဝေးကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဘယပ္ပတ္တာ၊ ကြောက်လန့်ပအေး အေးနှင့်ရင်ဆိုင်တွေ့နေကြရကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ နိဗ္ဘယာ စ ၊ ကြောက်လန့်ကင်းကွာ အေးအေးဘယာမရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သောကပ္ပတ္တာ၊ စိုးရိမ်ကြောင့်ကြ များပါရ အိုရောက်၍နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ နိသောကာ စ ၊ ကြောင့်ကြမဲ့လျှင်း စိုးရိမ်ခြင်းမရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(ခ) အမျှဝေ ပုညဘာဂမိဒံ စ' ညံ၊
သမံ ဒဒါမ ကာရိတံ။
အနုမောဒန္တု တံ သဗ္ဗေ၊
မေဒိနီ ဌာတု သက္ခိကေ။

အမှေဟိ၊ အကျွန်ုပ်တို့သည်။ ကာရိတံ၊ စေတနာကွန်မြူးသဒ္ဓါယူးဖြင့် အည်းပူးပြုလုပ်အပ်သော။ ဣမဥ္စ ပုညဘာဂံ၊ သုတ်ပါဠိတော်, ပရိတ်တရားတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ပြတ်စွာဘုရားအားလေးစားကော်ရော် ပူဇော်ခြင်းဟူသော ဤကုသိုလ်ကောင်းမှု၏ အဘို့အစုကိုလည်း။ အညဉ္စ ပုညဘာဂံ။ ထိုမှတပြာ သင့်လျော်သောအခါ၌ ကောင်းစွာပြုစု ကုသိုလ်ကောင်းမှု၏ အဘို့အစုကိုလည်း။ သဗ္ဗေသံ၊ လူနတ်ပြဟ္မာ သတ္တဝါမကြွင်း ခပင်းဥဿုံ အလုံးစုံတို့သည်။ တံ ပုညဘာဂံ၊ အကျွန်ုပ်တို့ ပေးဝေအပ်သော ထိုကုသိုလ်ကောင်းမှု အဘို့အစုကို။ အနုမောဒန္တု၊ ဝမ်းမြောက်နုမော် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။ မေဒိနီ၊ ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည်။ အမှာကံ၊ အကျွန်ုပ်တို့၏ သက္ခိတေ၊ ကာလရှည်လျား မေ့လျော့ငြားလည်း ပြောကြားပါစေ သက်သေအရာ၌။ ဌာတု၊ အေးယာဉ်ပုခတ် အိုးထိန်းစက်သို့ သွက်သွက်လှုပ်ကာ ထံခွင်သာဝယ် တည်လှာရပ်တဲ့ပါစေသတည်း။

၁၃။ ဆုတောင်းကာ နတ်ပြဟ္မာများကို ပြန်ပို့ရန်

(က) ဆုတောင်း

ဇတ္တာဝတာ စ အမေ့ဟိ၊
သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊
သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။

ဇတ္တာဝတာ၊ သဒ္ဓါစေတနာပေါဖြာသန့်မှုင်း ညစ်ကြေးကင်း၍ ယိန်လေင်းကြက်သရေ ယုန်စက်ပေ့ယ္ထ လက်ဝေစေကြောင်းဖြစ်သော ဤသုဟ်ပါဋိတော် ပရိတ်တရားတော်တို့ကို ဘက်ရွတ်သရဇ္ဈာယ်၍ ပြုတ်ဖွင့် ဘုရားကို ပူဇော်ခြင်းဖြင့်။ အမေ့ဟိ၊ အကျွန်ုပ်တို့သည်။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ အလုံးစုံကုန်သော စည်းစိမ် ချမ်းသာ မင်္ဂလာကျက်သရေတို့နှင့် ပြည့်စုံစေခြင်းငှာ။ သမ္ဘတံ၊ ကောင်းစွာမပြတ် ဆည်းပူးအပ်သော။ ပုညသမ္ပဒံ၊ ဖြူစင်သန့်ရှင်ကုသိုလ်ကောင်းမှုတို့၏ ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော ဒေဝါ၊ စကြာဝဠာ အဖြာဖြာမှ ကြွလာသောင်းသောင်းနတ် ပြဟ္မာ အပေါင်းတို့သည်။ အနုမောဒန္တု၊ ဝမ်း မြောက်နှမော်သာခုခေါ် နိုင်ကြပါစေကုန်သတည်း။

(ခ) နတ်ပို့

ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊
ဂစ္ဆန္တု ဒေဝတာ ဂတာ။

ဒါနံ၊ ပေးကမ်းစွန့်ကြဲနဲများပဟူ အလှူဒါနကို။ သဒ္ဓါယ၊ ရတနာသုံးတန် ကံ,ကံ၏အကျိုးကို ပြုတ်နိုး ယုံကြည်လျက်။ ဒဒန္တု၊ ဘဝ, ဘောဂတောင့်တမရှိ ပကတိစင်ဖြူ ပေးလှူနိုင်ရန်ကြပါစေကုန်သတည်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမဆို၊ သီလံ၊ စာရိတ္တ ဝါရိတ္တမြတ်သီလကို။ ရက္ခန္တု၊ မကျိုးမပေါက် မညိုး ခြောက်အောင် စောင့်ရှောက် ထိန်းသိမ်းနိုင်ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထဝိပဿနာ ဘာဝနာ၌ ကောင်းစွာကြိုးပမ်းလျက်စိးဖြန်းမွေ့လျော်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ၊ စကြဝဠာ ကမ္ဘာလောကဂတ် အရပ်ရပ်မှ ဆိုက်ကပ်ညီညာ ရောက်လာကြကုန်သော။ ဒေဝါ၊ နတ်ပြဟ္မာအပေါင်းတို့သည်။ ဂစ္ဆန္တု၊ သာခုအနုမောဒနာ ဝမ်းမြောက်စွာလျှင် နှုတ်လျှာသည်း ပြုပြီးလေဘ် ပိမိတို့၏ နေရာပျော်ဘွယ်ရာရိပ်ခန်း ဘုံဗိမာန်နန်းသို့ ကြွပြန်းတော်မူကြပါစေကုန်သတည်း။

## ၁၄- ဆုတောင်းပတ္တနာမေတ္တာပို့ကဗျာ

၁။ သိကြား ဗြဟ္မာ နတ်ဒေဝါတွေ။
ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊
လန်းဖြာကြပါစေ၊ ဝပ်းသာကြပါစေ။

၂။ ပြည်ထောင်စုပြန်မာနိုင်ငံသူ နိုင်ငံသားတွေ၊
ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊
လန်းဖြာကြပါစေ၊ ဝပ်းသာကြပါစေ။

၃။ ကမ္ဘာသူ ကမ္ဘာသားတွေ၊
ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊
လန်းဖြာကြပါစေ၊ ဝပ်းသာကြပါစေ။

၄။ သဗ္ဗေသတ္တာ သတ္တဝါတွေ၊
ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊
လန်းဖြာကြပါစေ၊ ဝပ်းသာကြပါစေ။
ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ။
စိုးရိမ်ကင်းကြပါစေ၊ ကြောင်းကြကင်းကြပါစေ၊
လိုတိုင်းရကြပါစေ၊ တတိုင်းရောက်ကြပါစေ။
ထင်တိုင်းပေါက်ကြပါစေ၊ ကြံတိုင်းမြောက်ကြပါစေ။
ဝိဇ္ဇာဉာဏ်တောက်ကြပါစေ၊ အဝိဇ္ဇာန်မြောက်ကြပါစေ။
ဗိမာန်ပေါက်ကြပါစေ၊ နိဗ္ဗာန်ရောက်ကြပါစေ။ ။

## ၁၅ - ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ဗုဒ္ဓသာသနံ၊ သစ္စာလေးပါးမြတ်တရားကို၊ ပိုင်းခြားထင်ထင် မိမိကိုယ်တော်တိုင် သိမြင်တော်မူသကဲ့သို့ နတ်လူ ဗြဟ္မာသတ္တဝါတို့အား ပိုင်းခြားထင်ထင် သိမြင်စေတော်မူတတ်သော မြတ်စွာ ဘုရား၏ ဆုံးမမြွက်ဖော် တရား တည်းဟူသော သာသနာတော်ကြီးသည်။

စိရံ-စိရံကာလံ၊ ကမ္ဘာနှင့် သတ္တဝါနှစ်ဖြာမကွဲ ဒွန်တွဲနေသမျှ ကာလပတ်လုံး။

တိဋ္ဌတု၊ ဟောသူတွေကလည်း ဟည့်ည့်၊ နာခံသူတွေက တသည်းသည်း ကျင့်ကြံသူတွေ အကယ်၍ အောင်၊ တကယ်အပြတည်တံ့ပါစေသတည်း။

ဗုဒ္ဓသာသနံ၊ မြတ်စွာဘုရား၏သုံးရပ်ပုန်စွာ အသုံးအပသာသနာပေါ်သည်။

စိရံ-စိရံကာလံ၊ အဝွန့်ရှည်စွာ ကာလကြာအောင်။

တိဋ္ဌတု၊ ကြံ့ခိုင်ပွားစည် တည်တံ့ပါစေသတည်း။

ဗုဒ္ဓသာသနံ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓ သာသနာ တည်းဟူသော သာသနာတော်မြတ်သုံးရပ်သည်။

စိရံ-စိရံကာလံ၊ ဘုရားရှင်၏ ဗျာဒိတ်တော်မှတ် တံဆိပ်တော်ခပ်သည့် အနှစ်ငါးထောင်မက များပြောင် သော ကာလပတ်လုံး။

တိဋ္ဌတု၊ ကြံ့ခိုင်ပွားစည် တည်တံ့ပါစေသတည်း။

တည်တံ့ပါစေသား အရှင်ဘုရား။

သာဓု သာဓု သာဓု

× × × × × × × × × ×

**ကန့်သတ်**

## ၁၆။ ------------- ခု၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့) (               )
## သိရိပဂ်လာကမ္ဘာအေးစေတီတော် အင်္ဂါထောင့်ရှိ ပဟာဗောဓိပင်၌ ကျင်းပသည့် ညောင်ရေသွန်းပင်္ဂလာအခမ်းအနားအစီအစဉ်

ပထမပိုင်း

၁။ နံနက် (၆) နာရီအချိန်၊ သိရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ မုံးတွင်စုဝေးရောက်ရှိရန်။

၂။ နံနက် (၆း၃၀) နာရီအချိန် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး၊ သာသနာရေးအသင်းအဖွဲ့များ ဦးဆောင်၍ စေတီတော်ပြတ်ကြီးအား လက်ျာရစ်တစ်ပတ်လှည့်လည်ပြီး အင်္ဂါထောင့်ရှိ ပဟာဗောဓိပင်သို့ ရောက်ရှိနေရာယူကြရန်။

လှည့်လည်ရေးအစီအစဉ်

(က) ဆိုင်းဘုတ်ကိုင် ၂ ဦး

(ခ) သာသနာ့အလံကိုင် ၁၇ ဦး

(ဂ) ကြေးစည် ၂ ဦး

(ဃ) ခရုသင်း ၁ ဦး

(င) ဆန်ပန်းပေါက်ပေါက် ၁ ဦး

(စ) ဂေါပကအဖွဲ့ဝင်များ

(ဆ) <u>ဘာသာရေးအသင်းဝင်များ</u>

ဝပ္ပလက်ကာများ ရှုပ်ဟုံလိုက်ပါရန်၊ ရှေ့နောက်စီစဉ်ရန်။

၁။ <u>နဂါးအဖွဲ့</u>

(က) ၇ ဦး

(ခ) ၇ ဦး

(ဂ) ၇ ဦး

၂။ <u>နတ်အဖွဲ့</u>

(က) ၇ ဦး

(ခ) ၇ ဦး

(ဂ) ၇ ဦး

၃။ <u>ဗြဟ္မာအဖွဲ့</u>

(က) ၇ ဦး

(ခ) ၇ ဦး

(ဂ) ၇ ဦး

၄။ <u>ဂဠုန်အဖွဲ့</u>

(က) ၇ ဦး

(ခ) ၇ ဦး

(ဂ) ၇ ဦး

ဒုတိယအပိုင်း

စေတီတော်မြတ်ကြီးကို လက်ျာရစ်တစ်ပတ်လှည့်လည်ပူဇော်ပြီးနောက် ပဟာတောခိုပင်၌ နေရာယူကြရန်။

| စဉ် | အကြောင်းအရာ | ရှယ်ဆိုမည့်သူ |
|---|---|---|
| ၁။ | "နမောတဿ" သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ရန်။ | |
| ၂။ | နတ်၊ ဗြဟ္မာများကို ပင့်ဖိတ်ရန်။ | |
| ၃။ | ပဋ္ဌာနတော် ပုဒ် နာမည်တော်စဉ် ပါဠိတော်ဖြင့် ရွတ်ဆိုပူဇော်ရန်။ | |
| ၄။ | ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းအကြောင်း၊ ဆိုရိုးပါလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့မှ အလှည့်ကျသဘာပတိ ဦး           မှ မြွက်ကြားရန်။ | |
| ၅။ | ဥဒ္ဒိဿိယ ဇိနဲ ဗုဒ္ဓ စသောဂါထာဖြင့် ညောင်ရေတော်ရေချမ်းကပ်လှူရန်။ | |
| ၆။ | (က) အနောက်အရပ်မှ နဂါးပင်းများက သက်ဆိုင်ရာဂါထာနှင့် ကဗျာများရွတ်ဆိုကာ ညောင်ရေသွန်းလောင်းကြရန်။ | |
| | (ခ) မြောက်အရပ်မှ ဂဠုန်ပင်းများက သက်ဆိုင်ရာဂါထာနှင့် ကဗျာများရွတ်ဆိုကာ ညောင်ရေသွန်းလောင်းကြရန်။ | |
| | (ဂ) တောင်အရပ်မှ နတ်ပင်းများက သက်ဆိုင်ရာဂါထာနှင့် ကဗျာများရွတ်ဆိုကာ ညောင်ရေသွန်းလောင်းကြရန်။ | |
| | (ဃ) အရှေ့အရပ်မှ ဗြဟ္မာများက သက်ဆိုင်ရာဂါထာနှင့် ကဗျာများရွတ်ဆိုကာ ညောင်ရေသွန်းလောင်းကြရန်။ | |
| ၇။ | ဗြဟ္မာ၊ နတ်၊ ဂဠုန်၊ နဂါး၊ အဖွဲ့ဝင်လူကြီးများနှင့် ဘာသာရေး အသင်းအဖွဲ့ဝင်များက ဇယန္တောဗောဓိယာမူလေစသော (၅) ဂါထာဖြင့် ဆုတောင်း ပတ္ထနာပြုကြရန်။ | |
| ၈။ | အမျိုးသမီးများက ဆုတောင်းပတ္ထနာကဗျာများကို ရွတ်ဆိုကြရန်။ | |
| ၉။ | မေတ္တာပို့အမျှဝေရန်။ | |
| ၁၀။ | ဆုတောင်းကာ နတ် ဗြဟ္မာများကို ပြန်ပို့ရန်။ | |
| ၁၁။ | ဆုတောင်းပတ္ထနာ မေတ္တာပို့ကဗျာများကို ရွတ်ဆိုဆုတောင်းကြရန်။ | |
| ၁၂။ | "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ကြေးစည်၊ ခရာသင်းများကို တီးမှုတ်ကာ ညောင်ရေသွန်းပူဇော်ပွဲအခမ်းအနားကို ရုပ်သိမ်းရန်။ | |

၁၇။ အခမ်းအနားဖွင့်ရန်ဂါထာတော်

မဟာဗောဓိဒုမေ နာထော၊ ဇယမာနံ ဖိဟာက်ဇော။

ပေတုံ ပနာ ဗြုဗ္ဗမုန္နဿ၊ ဖိဟာပါ ယော ဇယာဟာဒေ။

နာထော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကျွန်းကြီးပမာကိုးကွယ်ပုံမှီရာ ဖြစ်တော်မူသော။ ယော ဇိနော၊ ဒေဝပုတ္တစသည်များဖြင့် မာရ်ငါးအင်ကို အောင်မြင်တော်မူသော အကြင်မြတ်စွာဘုရားသည်။ ဇယာကရေ၊ အောင်ခြင်းကျေးဇူးဂုဏ်အထူးကို ပြုခြင်း၏ တည်ရာဖြစ်တော်မူသော။ မဟာဗောဓိဒုမေ၊ တဆယ့်လေးထောင် ပြင့်ကျယ်ဆောင်သား ပြရောင်ရိုးရဲ မိုးလုံးပျံဝဲလျက် အောင်ပွဲပေါင်းရာ တိန်တိန်မြ သော ဝဇိရာပလ္လင် ဘုံပြင်တင့်ရှန်း ဗောဓိနန်း၌။ ဇယမာရံ၊ ဝသဝတ္တိ ကျော်ညီလျှံပယ် ပြည့်စွန့်နတ်နှင့် မနောဘူနတ် စက်ရဟတ်ကို။ ဇိတဝါ၊ ကုန်စင်မကြွင်း စိုးနှိမ်နင်းလျက် အောင်ခြင်းထုတ်ခြောက် အောင်မြင် ခြင်းသို့ ရောက်တော်မူလတ်ပြီ။ ဇိတက်ရော၊ ဗကဗြဟ္မာ စိဥ္စမာနှင့် အာဠာဝက ယက္ခသေနာပတိ အင်္ဂုလိမာ လ စသည်မကြွင်းမာရ်ခပင်း၌ အောင်ခြင်းကျေးဇူး အောင်ဂုဏ်ထူးကို ပြုတော်မူတတ်သော။ သော ဇိနော၊ သဗ္ဗညုမဇ္ဈ အတုလမာရဇိန်စောပုနိန့်ထွတ်ထား ငါးဟာရ်အောင် ရှင်တော်မြတ်ဘုရားသည်။ နော၊ အကျွန်ုပ်တို့ ၏။ မြမ္မရဋ္ဌဿ၊ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအား။ ဝိဇယံ၊ အောင်မြိုက်ချမ်းသာ အောင်မင်္ဂလာကို။ ဒေတု၊ ပေးသနားတော်မူပါစေသတည်း ဘုရား။ ဒေတု၊ ရာဟုလာသား ပပာလားသို့ မခြားတူစွာ ပေးသနားတော်မူပါစေသတည်းဘုရား။

၂၄၁၈၈

## ၁၈။ (------) ခု၊ ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) သိရိမင်္ဂလာကမ္ဘာအေးစေတီတော်။ မဟာဗောဓိပင်၌ ကျင်းပသည့် ညောင်ရေတော်သွန်းပွဲ အခမ်းအနားတွင် သိရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦး........................ မြွက်ကြားအပ်သော မဟာဗောဓိပူဇာ မင်္ဂလာအစီတော်အကြောင်း မင်္ဂလာဃောပနာမြွက်ကြားလွှာ

ကြွရောက်တော်မူလာကြကုန်သော သိရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင်ပုဂ္ဂိုလ်များနှင့် ဘာသာရေး၊ သာသနာရေးအသင်းအဖွဲ့များမှ ကိုယ်စားပြု တက်ရောက်လာကြကုန်သော သာသနမာမက ကလျာဏနွယ်ဝင် သူတော်စင်ဝမ္ပမိတ်ဆွေအပေါင်းတို့ခင်ဗျား -

ယနေ့ဟာ သာသနာတော်နှစ် ------ ခုနှစ်၊ မြန်မာသက္ကရာဇ် ------- ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်ပါတယ်။ ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်တဲ့အတွက် မြတ်ဗုဒ္ဓသဗ္ဗညုဟု ညာဏ်တော်ရမှုရာ ပရိဘောဂစေတီတော် ထိုက်တဲ့ မဟာဗောဓိပင်မြတ်အား ညောင်ရေတော်များ သွန်းလောင်းလှူဒါန်းပူဇော်ရမှာ ဖြစ်လို့၊ ညောင်ရေတော်သွန်းအခမ်းအနားကျင်းပတဲ့ နေ့ထူးနေ့မြတ်တစ်ပါးဖြစ်ပါတယ်။

ဒီနေ့ဒီအခမ်းအနားမှာ ယခုလို မဟာဗောဓိပူဇာမင်္ဂလာဃောပနာစကားပြောကြားခွင့်ရတဲ့အတွက် အထူးပင် ဝမ်းသာကြည်နူးမိပါကြောင်း၊ ပထမစကားပြောကြားလိုပါတယ်။

ယနေ့ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့ဖြစ်လို့ ကဆုန်လအကြောင်း၊ ဗောဓိပင်အကြောင်း၊ ဗုဒ္ဓနေ့အကြောင်း သိကောင်းစရာများကို အနည်းငယ်ပြောကြားလိုပါတယ်။

ကဆုန်လဆိုတာ ရေများကုန်ဆုံး ကုန်ခမ်းသွားတဲ့လဖြစ်ပါတယ်။ ဒီလဟာ ဝိသာခါ နက္ခတ်နဲ့ စန်းယှဉ်တဲ့ လဖြစ်ပြီး ရွှေစကားပန်းရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်နေတဲ့လလဲဖြစ်ပါတယ်။

ဒီကဆုန်လမှာပဲ ဖွားဘက်တော် ဗောဓိပင်ဟာ အလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့်အတူ ပွင့်ပေါ် လို့လာခဲ့ပါတယ်။ ဘုရားအလောင်းတော် ဗျာဒိတ်ခံရတော်မူစဉ်ကလဲ ဒီကဆုန်လမှာပဲ ဖြစ်ပါတယ်။ ဘုရားဖြစ်တော်မူတော့လဲ ကဆုန်လမှာပဲဖြစ်ပါတယ်။ နောက်ဆုံး ပရိနိဗ္ဗာန်စံဝင်တော်မူသွားတာတောင် ဒီကဆုန်လမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရှေးပညာရှင်တွေက ဒီကဆုန်လကို "ဗျာဒိတ်ဖွားမြင် ဗောဓိပင်၊ စံဝင်နှုန်း နိဗ္ဗာန်" လို့ ဖွဲ့ဆိုထားခဲ့ကြပါတယ်။

ဒီကဆုန်လမှာ ဘုရားအလောင်းတော်နဲ့အတူ တစ်ချိန်ထဲ ပေါ်ပေါက်လာခဲ့တဲ့ ဗောဓိညောင်ပင်ကို "ဗောဓိ"ဟူသော ဂုဏ်ထူးဖြင့် ချီးကျူးခေါ်ဆိုရတာကတော့ - ဘုရားပွင့်ရာသစ်ပင်၊ ဒီအပင်ရင်းမှာ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိမြင်တော်မူရာ သစ်ပင်ဖြစ်လို့ ဗောဓိလို့ အထူးပြုခေါ်ဆိုထားရခြင်းဖြစ်ပါတယ်။

ဒီဗောဓိပင်ကာ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီလို့ စေတီလေးမျိုးရှိရာ ပရိဘောဂစေတီတွင် ပါဝင်ပါတယ်။ ဒါကြောင့် ဗောဓိပင်ကို ပရိဘောဂစေတီလို့ ဆိုနိုင်ပါတယ်။

ဗောဓိပင်ကို ရှိခိုးပူဇော်ခြင်း၊ အရိုအသေပြုခြင်း၊ ရေချမ်းတော်ဆက်ကပ်လှူဒါန်းပူဇော်ခြင်းဟာ စေတီတော်တစ်ဆူကို ပူဇော်ရာရောက်ပါတယ်။ စေတီတော်တစ်ဆူကို လှူဒါန်းပူဇော်ရသလို အကျိုးကြီးမားလှပါတယ်။

ဒီဗောဓိပင်ကို ရှိခိုးပူဇော်ခြင်း၊ အရိုအသေပြုခြင်းဟာ၊ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် စတင်ခဲ့ခြင်းဖြစ်ပါတယ်။

ရှင်တော်မြတ်ဘုရားသက်တော်ထင်ရှားရှိစဉ်က သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေခိုက်ဖြစ်ပါတယ်။

ရှင်တော်မြတ်ဘုရားဟာ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်လည်း တစ်နေ့မှာ တစ်မျိုး သော ဒေသသို့ ဒေသစာရီလှည့်လည်ကြွသွားပါတယ်။ အဲဒီလို ကြွသွားနေခိုက်မှာ သာဝတ္ထိပြည်သူပြည်သား တွေဟာ ပန်းနံ့သာစသည်တို့ကို ကိုင်ဆောင်ကာ ဘုရားရှင်ကို ပူဇော်ရန် ဇေတဝန်ကျောင်းတော်သို့ လာခဲ့ကြ ပါတယ်။ ဒီအခါမှာ ဘုရားရှင်ကို မတွေ့ရသဖြင့် ပူဇော်ခွင့်မရခဲ့ကြပါဘူး။

ဒါကြောင့် ပြည်သူပြည်သားတွေက ဘုရားရှင်မရှိတဲ့အချိန်မှာ ပူဇော်ရမည့်နေရာကို အရှင်အာနန္ဒာမှ တစ်ဆင့် ဘုရားရှင်အား လျှောက်ထားပေးမြန်းကြပါတယ်။

အဲဒီအခါဘုရားရှင်က အရှင်အာနန္ဒာအား စေတီလေးမျိုးကို ဟောကြားပြီး မဟာဗောဓိပင် ပရိဘောဂစေတီထိုက်ကြောင်း၊ မဟာဗောဓိပင်ကို ပူဇော်ခြင်းဖြင့် ပူဇော်သူတို့မှာ နတ်ရွာသုဂတိသို့ ရောက်နိုင် ကြောင်း ဟောကြားတော်မူခဲ့ပါတယ်။

ဤကဲ့သို့ မြတ်စွာဘုရားရှင်ဟောကြားခွင့်ပြုတော်မူတဲ့အခါ အရှင်မဟာမောဂ္ဂလာန်နဲ့ အရှင်အာနန္ဒာ တို့ဟာ ပသေနဒီကောသလမင်းကြီး၊ အနာထပိဏ်သူဌေးကြီးတို့နှင့် တိုင်ပင်ပြီး မူလမဟာဗောဓိပင်ကြီးမှ ဗောဓိပင်မျိုးစေ့ကို၊ ပူဆောင်ကာ ဇေတဝန်ကျောင်းတော်အတွင်းမှာ စိုက်ပျိုးတော်မူခဲ့ကြပါတယ်။

အဲဒီဗောဓိပင်ကို အာနန္ဒာဗောဓိလို့ခေါ်စမှတ်ပြုခဲ့ပါတယ်။ အဲဒီ မဟာဗောဓိပင်စိုက်ပျိုးပြီးတဲ့နောက် ဗောဓိပင်ရှင်သန်ကြီးထွားစည်ပင်သွားအောင် သာဝတ္ထိပြည်သူပြည်သား၊ မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ကုန်သည် စတဲ့လူတန်းစားအားလုံးဟာ ညောင်ရေတော်သွန်းဖြန်းလှူဒါန်း ပူဇော်ခဲ့ကြပါတယ်။

ဒါကြောင့် "ညောင်ရေသွန်းပွဲတော်အစ ဇေတဝန်ကျောင်းတော်က" ဟူ၍ပင် ဆိုနိုင်မည်ဖြစ်ပါတယ်။

ဗောဓိပင်ကို ညောင်ရေတော်သွန်းဖြန်း လှူဒါန်းပူဇော်ရခြင်း၏ ရည်ရွယ်ချက်မှာ ယခုလို ရေကုန်ခန်း ရေပြတ်တတ်တဲ့ ရာသီမှာ ရေကုန်ခန်း ပြတ်လတ်ခြင်းဖြင့် ဗောဓိပင် မညှိုးနွမ်းစေရန်။

ရေချမ်းသွန်းဖြန်းပေးခြင်းဖြင့် ဗောဓိပင် ပိုမိုလန်းဆန်း၊ စိမ်းလန်းစည်ပင်လာစေရန်။

လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်ချမ်းသာ ကောင်းစွာရရှိနိုင်စေရန်။

သာသနာတော်အရှည်ခံ၍ တည်တံ့နိုင်စေရန်။

မြတ်စွာဘုရားရှင်၏ "ငါ၏ကိုယ်စား ဓာတ်တော်များနှင့် ဗောဓိပင်ကို ပူဇော်၍ နတ်ရွာနိဗ္ဗာန်ခရီးကို ပြီးစီးအောင် ဆောင်ရွက်ကြရန် ငါဘုရားခွင့်ပြုတော်မူခဲ့ပါ၏။" ဟူသော ဘုရားရှင်၏ စကားတော်ကို လိုက်နာ ဆောင်ရွက်ကြရန် စသောအချက်များပင်ဖြစ်ပါတယ်။

ယခုလို ပရိဘောဂစေတီထိုက်တဲ့ မဟာဗောဓိပင်ရေစင်သွန်းဖြန်း လှူဒါန်းပူဇော်ကြသူတို့မှာ -

"စင်ကြယ်ကျော်စော၊ ပေါ်များ၊ ငွေရံ၊ လျင်မြန်ဘိခြင်း၊ မွတ်သိပ်ကင်းလျက်၊ အဆင်း၊ သုခ၊ ဗလ၊ အာယု၊ ကြီးထုပညာ၊ ဤဆယ်ဖြာ၊ ရေလှူပါက အကျိုးရ" ဟူသော လက်ာအရ

၁။ ကိုယ်၏စင်ကြယ်ခြင်း၊ စိတ်၏စင်ကြယ်ခြင်းနှင့် ပြည့်စုံခြင်း၊

၂။ ဂုဏ်သတင်းကျော်စောခြင်း၊

၃။ အခြွေအရံပေါများခြင်း၊

၄။ လျင်မြန်ဖြတ်လတ်သော ကိုယ်ခန္ဓာရှိခြင်း၊

၅။ ဆာလောင်မွတ်သိပ်ခြင်းမှ ကင်းခြင်း၊

၆။ အဆင်းလှခြင်း၊

၇။ ချမ်းသာကြွယ်ဝခြင်း၊

၈။ ခွန်အားကြီးခြင်း၊

၉။ အသက်ရှည်ခြင်း၊

၁၀။ ဉာဏ်ပညာကြီးခြင်းဟူသော အကျိုးဆယ်ပါးကို ရရှိခံစားယိုက်ကြပါတယ်။

ဒါတင်မကသေးပါဘူး၊ ယခုလို ဗောဓိပင် ညောင်ရေသွန်းဖြန်းလှူဒါန်းပူဇော်သူတို့ဟာ လူ့ပင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်များကို ကြိမ်ဖန်များစွာ ခံစားစံစားရနိုင်ပါတယ်။ မဂ်ချမ်းသာ၊ ဖိုချမ်းသာ နိဗ္ဗာန်ချမ်းသာ တို့ကိုပါ ရနိုင်မျက်မှောက်ပြုနိုင်ကြပါတယ်ခင်ဗျား။

သာဓကပြရရင် ဘုရားရှင်လက်ထက်တော်က ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူသွားတဲ့ အရှင်ဗောဓိသိဉ္စကမထေရ်ဟာ၊ ဝိပဿီပြတ်စွာဘုရား လက်ထက်တော်မှာ ဗောဓိပင်ကို နံ့သာရေတို့ဖြင့် သွန်းလောင်းပူဇော်ခဲ့၍ ၉၁-ကမ္ဘာတိုင်အပါယ်မလားခဲ့ရပါဘူး။ ၃၃-ကြိမ်မင်းအဖြစ်ကို ရခဲ့ပါတယ်။ ၈-ကြိမ်တိုင်တိုင် စကြာဝတေးပင်းဖြစ်ပြီး ပင်းစည်းစိပ်ကို ခံစားခဲ့ရပါတယ်။

ဒါ့ပြင် ဘုရားရှင်လက်ယက်ပေဘ်ဟာပဲ ပဋိသမ္ဘိဒါပတ္တရဟန္တာတစ်ပါးဖြစ်တဲ့ အရှင်ကောဂဉ္စမထေရ်ဟာလဲ ဒိပင်္ကရာပြတ်စွာဘုရားလက်ထက်က ပုဂိုးစည်တီးသမားတစ်ယောက်ဖြစ်ခဲ့ပါတယ်။ သူဟာ ဗောဓိပင်ကို နံ့နက်ညနေအမြဲမပြတ် သန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ရေချမ်းများကိုလဲ သွန်းဖြန်းလောင်းလှူပေးခဲ့ပါတယ်။ ဒါကြောင့် သူဟာကမ္ဘာပေါင်းတစ်သောင်းမျှမရာပတ်လုံး အပါယ်မလားခဲ့ရပါဘူး။

ဒါ့ပြင် ဗဟာဗောဓိဝန္ဒကမထေရ်ဟာလဲ ဝိပဿီဘုရားရှင်လက်ထက်၊ သခွတ်ပင်ဗောဓိကို ရှိခိုးပူဇော်ခဲ့၍ ၉၁-ကမ္ဘာတိုင်တိုင် အပါယ်မလားရပဲ ယခုဘုရားရှင်လက်ထက်မှာ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ခဲ့ရပါတယ်။

ဗောဓိသမ္မဇ္ဇကမထေရ်ဟာလဲ ဗောဓိပင်ရင်းမှာ ကြွေကျနေတဲ့ဗောဓိရွက်များကို ရှိသေစွာ ကောက်ယူစွန့်ပစ်ခဲ့၍ လူ့ဘဝ၊ နတ်ဘဝနှစ်ပါးသော ဘဝတို့၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိခဲ့ရပါတယ်။ စည်းစိမ်ဥစ္စာ၊ အခြွေအရံတို့နှင့်လဲ ပြည့်စုံခဲ့ရပါတယ်။ ခန္ဓာကိုယ်မှာ နူနာ၊ အိုင်းအမာ၊ ပွေး၊ ညှင်း၊ မှဲ့၊ ဝက်ခြံ၊ တင်းတိတ် စသော အရေပြားနာများလဲ မဖြစ်ခဲ့ရပါဘူး။ ချောင်းဆိုးနာစသော အနာရောဂါများလဲ ကင်းဝေးခဲ့ရပါတယ်။ နောက်ဆုံး ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ခဲ့ရပါတယ်။

ဒါ့ကြောင့် ယနေ့ကြွရောက်လာကြတဲ့ သူတော်စင် ဓမ္မမိတ်ဆွေများဟာ၊ မတောင်းပဲနဲ့ ရနိုင်တဲ့ ရေအကျိုးတရားဆယ်ပါးအပြင် သာသနာတော်မှာ အမွန်ဆုံးအမြတ်ဆုံးဖြစ်တဲ့ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများကိုပါ ရရှိကြရလေအောင် မာရ်ငါးပါးအောင်မြင် သဗ္ဗညု မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုပြီး ဘုရားရှင်၏ ကိုယ်စားတော်ဖြစ်သော မဟာဗောဓိညောင်ပင်မြတ်ကို ညောင်ရေတော်သွန်းဖြန်း လှူဒါန်းကြပြီး နိဗ္ဗာန်တံခါးဖွင့်တော်မူကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

## ၁၉။ ညောင်ရေတော်လှူဒါန်းရန်ဂါထာ

ဥဒ္ဒိဿိယ ဇိနံ ဗုဒ္ဓံ၊ စေတိယဿ မယံ ဝယံ။

သုစေတသာ ဣမံ ဒါနံ၊ ဗုဒ္ဓေနေန ဝရံ သုခံ။

မယံ၊ နာမ်ရုပ်နှစ်ဖြာ သမူဟာဟု ခန္ဓာငါးခု တရားစုကို စွဲပြုခေါ်ဆို ကိုယ်ဟုသမုတ် အကျွန်ုပ်တို့သည်။ ဇိနံ၊ ငါးမာရ်ယုတ်ဆိုး ရန်သူမျိုးကို ပယ်ချိုးအောင်မြင်တော်မူပြီးသော။ ဗုဒ္ဓံ၊ ဉေယျသစ္စာ မြတ်ဓမ္မာကို ဆရာမဆို အလိုလိုသာ ကောင်းစွာသိတော်မူပြီးသော မြတ်စွာဘုရားကို။ ဥဒ္ဒိဿိယ၊ အာရုံပြုဖြောင့်ဟန်း စိတ်ရည်မှန်း၍။ စေတိယဿ၊ သဗ္ဗညုဉာဏ် ကြည်လျှံတင့်ဖြာ ပွင့်ရာမှန်ဘိ ဗောဓိကြငှန်း ညောင်နန်းထင်ပေါ် ပရိဘောဂ စေတီတော်မြတ်အား။ သုစေတသာ၊ စေတနာရွှင်ရွှင် လွှန်သန့်စင်၍ ကြည်လင်လျှံဖိတ် သဒ္ဓါစိတ်ဖြင့်။ ဣမံ ဒါနံ၊ အေးချမ်းကြည်လင်သန့်ရှင်းစင်သော ဤရေချမ်းတော်ကို။ ဗုဒ္ဓေ-ဗုဒ္ဓါမ၊ ဆက်ကပ်လှူဒါန်းသွန်းလောင်းပူဇော်ကြပါကုန်၏ ဘုရား။ အနေန ပုညေန၊ ဤသို့ရေချမ်းတော်တို့ကို ဆက်ကပ်လှူဒါန်းသွန်းလောင်းပူဇော် ရသော ကုသိုလ်ကောင်းမှုကြောင့်။ ဝရံ သုခံ၊ ရွှေပြည်နိဗ္ဗာန် ဖိဟ်ဖိဟ်ယှဉ်သည့် ဘေးရန်ခပ်သိမ်း ပလပ်တိမ်းလျက် အေးငြိမ်းသာယာ မြတ်ချမ်းသာကို။ ဘဝေ- ဘဝ၌မ၊ မဂ်, ဖိုလ်, ထွတ်ထား ဉာဏ်ရှစ်ပါးဖြင့် ခံစားသုံးဆောင်ကြရပါလိုကုန်၏ဘုရား။

## ၂၀။ ညောင်ရေတော်သွန်းရန် ကြွေးကြော်သံဂါထာနှင့် ကဗျာများ

(က) အနောက်အရပ်ရှိ နဂါးအမျိုးသားများ ကြွေးကြော်သံ
ဇယောတိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဋ္ဌေါသယုံ ဗောဓိပလ္လင်္ကေ ပမောဒိတာ။
ဇယံ တဒါ (နာဂ ဂဏာ) မဟောသိနော။
အမျိုးသမီးများ ကြွေးကြော်သံ
ဗောဓိညောင်နန်း အောင်ခန်းဇိနေ။
မာရ်မင်း စစ်ရှုံး ပြေးပုန်းရှောင်သွေ။
(နဂါးပေါင်းတို့) သံညောင်းဘိသေ။
ကဆုန်လ ပုဏ္ဏ သွန်းညောင်ရေ။

(ခ) မြောက်အရပ်ရှိ ဂဠုန်အမျိုးသားများ ကြွေးကြော်သံ
ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ။
မာရဿ စ ပါပိမတော ပရာဇယော။
ဥဋ္ဌေါ သယုံ ဗောဓိပလ္လင်္ကေ ပမောဒိတာ။
ဇယံ တဒါ (သုပဏ္ဏသံယာပိ) မဟောသိနော။
အမျိုးသမီးများကြွေးကြော်သံ
ဗောဓိညောင်နန်း အောင်ခန်းဇိနေ။
မာရ်မင်း စစ်ရှုံး ပြေးပုန်းရှောင်သွေ။
(ဂဠုန်ပေါင်းတို့) သံညောင်းဘိသေ။
ကဆုန်လ ပုဏ္ဏ သွန်းညောင်ရေ။

(ဂ) တောင်အရပ်ရှိ နတ်အမျိုးသားများ ကြွေးကြော်သံ
ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ။
မာရဿ စ ပါပိမတော ပရာဇယော။
ဥဋ္ဌေါ သယုံ ဗောဓိမဏ္ဍေ ပမောဒိတာ။
ဇယံ တဒါ (ဒေဝဂဏာ) မဟောသိနော။

အမျိုးသမီးများကြွေးကြော်သံ
တောဓိညောင်နန်း အောင်ခန်းဇိနေ။
မာရ်မင်း စစ်ရှုံး ပြေးပုန်းရှောင်သွေ။
(နတ်အပေါင်းတို့) သံညောင်းဘိသော။
ကဆုန်လ ပုဏ္ဏာ သွန်းညောင်ရေ။

(ယ) အရှေ့အရပ်ရှိ ဗြဟ္မာအမျိုးသားများ ကြွေးကြော်သံ
ဇယော ဟ် ပုဏ္ဏသာ သိဂ်ုပပော အယ်။
ဟာရဿ ဗ ပါဝ်ပတော ပရာဇယော။
ဥင္တေါ သယုံ ဗောဓိပင္ဂျော ပဟောဒိတာ။
ဇယ် တဒါ (ဗြဟ္မဂဏာ) ပဟောသိနော။
အမျိုးသမီးများကြွေးကြော်သံ
တောဓိညောင်နန်း အောင်ခန်းဇိနေ။
မာရ်မင်း စစ်ရှုံး ပြေးပုန်းရှောင်သွေ။
(ဗြဟ္မာပေါင်းတို့) သံညောင်းဘိသော။
ကဆုန်လ ပုဏ္ဏာ သွန်းညောင်ရေ။

ကန့်သတ်

၂၁။ ဖြဟ္မာနတ်ဂဠုန်နဂါးအဖွဲ့ဝင်လူကြီးများနှင့် ပရိသတ်အားလုံး ဆုတောင်းပတ္ထနာပြုရန် ဇယမင်္ဂလာ ၅ ဂါထာ

(က) ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

(ခ) အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပတ္တော ပမောဒတိ။

(ဂ) သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

(ဃ) ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိ တေ ပဒက္ခိဏာ။

(င) ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၂၂။ အမျိုးသမီးများဆုတောင်းပတ္ထနာ ပြုရန်ကဗျာများ

| | |
|---|---|
| ၁။ သွန်းကြသွန်းကြ, | ရွှန်းပညောင်ရေ၊ |
| ဂဠုန်နဂါး, | နတ်များဖြဟ္မာ။ |
| နှစ်စဉ်ပေါင်းလို့ | ကောင်းမှုအနေ။ |
| အကျိုးများ, | တိုးပွား, ကျက်သရေ။ |
| ၂။ ငါးပါးရှိအောင်ပြီး, | ခေါင်ထိုးပရမေ၊ |
| သာသနာရောင်ဝန်း | ပြောင်ရွှန်းထိန်ဝေ။ |
| ကမ္ဘာမိုးသို့ | ဆိုးယုတ်မယ်ချွေ၊ |
| လူရှင်များ, | တရား, ထုံမွှမ်းစေ။ |
| ၃။ မြန်မာပြည်ကြီး, | စည်ထီးဝေဝေ၊ |
| ဆန်ရေစပါး, | ပေါများရွှေငွေ။ |
| ရန်သူဘေးပေါင်း, | ဝေးရှောင်းမသွေ၊ |
| ပယ်နှံ့ | ကည်တဲ့, ဒိုင်ပြဲဝေ. . . ။ |

၂၄-(၃)	၁၊ နယုန်လပြည့် (	) နေ့၊ မွန်းလွဲ (၂) နာရီ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၊ အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပသည့် မဟာသမယအခါတော်နေ့၊ ဝပ္ပပူဇာမင်္ဂလာ အခမ်းအနားအစီအစဉ်

| စဉ် | အကြောင်းအရာ | ရွတ်ဆိုမည့်သူ |
|---|---|---|
| ၁။ | "နမော တဿ" သုံးကြိမ်ရွတ်ဆို၍ ဘုရားပန်းကပ်လှူ၍ အခမ်းအနား ဖွင့်လှစ်ရန်။ | |
| ၂။ | နတ်၊ ဗြဟ္မာများကို ပင့်ဖိတ်ရန်။ | |
| ၃။ | သမ္ဗုဒ္ဓေ သုံးလောကထွတ်ထား ဗုဒ္ဓဘုရားတို့ကို ပင့်လျှောက်ရန်။ | |
| ၄။ | အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရ ... ဆရာတော်ဘုရား ... ပင့်လျှောက်ရန်။ | |
| ၅။ | ဂါထာ ... ရှိခိုးဖြင့် ပူဇော်ရန်။ | |
| ၆။ | မဟာသမယအခါတော်နေ့ ပွဲတော်ကျင်းပရခြင်း အကြောင်းအရာ စကားကို အလှည့်ကျသဘာပတိ ဦး                က မြွက်ကြားရန်။ | |
| ၇။ | မဟာသမယသုတ်အဖွင့်ကို ရွတ်ဆိုပူဇော်ရန်။ | |
| ၈။ | သုဒ္ဓါဝါသဗြဟ္မာကြီးလေးဦးလျှောက်ထားသော လေးဂါထာတို့ကို ရွတ်ဆို ပူဇော်ရန်။ | |
| | (က) အရှေ့စကြာဝဠာမှ ရောက်လာသော ဗြဟ္မာကြီး၏ ချီးကျူးပုံ ဂါထာကို ရွတ်ဆိုပူဇော်ရန်။ | |
| | (ခ) တောင်စကြာဝဠာမှ ရောက်လာသော ဗြဟ္မာကြီး၏ ချီးကျူးပုံ ဂါထာကို ရွတ်ဆိုပူဇော်ရန်။ | |
| | (ဂ) အနောက်စကြာဝဠာမှ ရောက်လာသော ဗြဟ္မာကြီး၏ ချီးကျူးပုံ ဂါထာကို ရွတ်ဆိုပူဇော်ရန်။ | |
| | (ဃ) မြောက်စကြာဝဠာမှ ရောက်လာသော ဗြဟ္မာကြီး၏ ချီးကျူးပုံ ဂါထာကို ရွတ်ဆိုပူဇော်ရန်။ | |
| ၉။ | မဟာသမယသုတ်ပါဠိတော်ကို စုပေါင်းရွတ်ဆိုပူဇော်ကြရန်။ | |
| ၁၀။ | မေတ္တာပို့အမျှဝေရန်။ | |
| ၁၁။ | ဆုတောင်းကာ နတ်ဗြဟ္မာများကို ပြန်ပို့ရန်။ | |
| ၁၂။ | ဆုတောင်းပတ္တနာ မေတ္တာပို့ကဗျာများကို ရွတ်ဆိုဆုတောင်းကြရန်။ | |
| ၁၃။ | "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ မဟာသမယ အခါတော်နေ့ ဝပ္ပပူဇာ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းရန်။ | |

၂၄။ --------- ခု၊ နယုန်လပြည့် (-------------) ---------- နေ့ မဟာသမယအခါတော်
ဓမ္မပူဇာ မင်္ဂလာအခမ်းအနားတွင် သိရိမင်္ဂလာကမ္ဘာအေးစေတီတော်၊
ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦး-------------------
မြွက်ကြားအပ်သော မဟာသမယအခါတော်အကြောင်း
မင်္ဂလာထောမနာမြွက်ကြားလွှာ

ကြွရောက်တော်မူလာကြကုန်သော သိရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင်လူကြီးမင်းများနှင့် ဘာသာရေး၊ သာသနာရေးအသင်းအဖွဲ့များမှ ကိုယ်စားပြုတက်ရောက်လာကြကုန်သော အသင်းသူ/သားများဖြစ်ကြကုန်သော သာသနမာမက ကလျာဏနွယ်ဝင်သူတော်စင်ဓမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား-

ယနေ့ဟာ သာသနာတော်နှစ် (--------) ပြည့်နှစ်၊ ကောဇာသက္ကရာဇ် (-------) ခုနှစ်၊ နယုန်လပြည့် မဟာသမယအခါတော်နေ့ဖြစ်ပါတယ်။

မဟာသမယဆိုတာ များပြားလှသော နတ်ဗြဟ္မာများနဲ့ ဂုဏ်လှတဲ့ ရဟန္တာငါးရာတို့ ဘုရားရှင်အထံမှာ စုရုံးစည်းဝေးပိတဲ့ အချိန်ပင်ဖြစ်ပါတယ်။ အဲဒီလိုများပြားလှတဲ့ နတ်ဗြဟ္မာများနဲ့ ဂုဏ်လှတဲ့ ရဟန္တာ ငါးရာတို့ စုရုံးစည်းဝေးပိတဲ့ အချိန်မှာ ဟောကြားတော်မူတဲ့ သုတ်ကိုလည်း မဟာသမယသုတ်တော်လို့ ခေါ်ဝေါ်ကြပါတယ်။

ဒီမဟာသမယသုတ်တော်ကြီးဖြစ်ပေါ်လာပုံမှာ -

ကပိလဝတ်ပြည်မှ လယ်သမားများနှင့် ကောလိယပြည်မှ လယ်သမားများ ရောဟိနီမြစ်ရေကို အကြောင်းပြုပြီး ရေလုပွဲကြီးဆင်နွှဲကြရာမှ စတင်ခဲ့ခြင်းဖြစ်ပါတယ်။

လယ်သမားအချင်းချင်း ရေလုကြရာမှ မင်းညီမင်းသားများ၊ စစ်သည်တော်များပါ ရောဟိနီမြစ်ကမ်းသို့ ရောက်ရှိလာကြပါတယ်။ နှစ်နိုင်ငံမှ စစ်သည်တော်များဟာ စစ်ပွဲကြီးဆင်နွှဲတော့မည့်အခြေအနေကို ရောက်ရှိလာခဲ့ကြပါတယ်။

အဲဒီလို ပဋိပက္ခအသွင်ဆောင်နေတဲ့ နေရာသို့ မြတ်စွာဘုရား ကြွရောက်လာပြီး ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားတော်မူခဲ့ပါတယ်။ ငြိမ်းချမ်းရေးတရားတော်ကို နာကြားရတဲ့ နှစ်ဖက်သော တိုင်းပြည်တို့မှ လယ်သမားများဟာ ဒေါသပါး ငြေငြိမ်းကာ လက်နက်များကို စွန့်ပစ်၍ ပဗ္ဗဇ္ဇာမာဟ်များ သဟ်ပင်ပေးစေခဲ့ကြပါတယ်။

ထို့နောက် တစ်ဖက်တစ်ဖက်သောနိုင်ငံမှ ပေတ္တာသက်ဝင်ပြီးဖြစ်တဲ့ မင်းသားနှစ်ရာငါးဆယ်စီ၊ နှစ်ပြည်ထောင်မှ မင်းသားငါးရာတို့ဟာ သာသနာ့ဘောင်တို့ဝင်၍ ရဟန်းပြုခဲ့ကြပါတယ်။

အဲဒီရဟန်းတော်များဟာ ဇနီးမယားများကို အောက်မေ့တမ်းတပြီး သာသနာတော်၌ မပျော်မမွေ့ပဲ ငြီးငွေ့ ပျင်းရိလာခဲ့ကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အဲဒီရဟန်းတွေကို ဟိမဝန္တာရှိ ကုဏာလ ရေအိုင်သို့ တန်ခိုးတော်ဖြင့် ခေါ်ဆောင်သွားခဲ့ပါတယ်။ ကုဏာလအိုင်ရောက်တော့ ကုဏာလငှက်မင်းရဲ့ ဇာတ်ကြောင်းကို ပြန်ပြောင်းပြီး ဟောကြားခဲ့ပါတယ်။ တရားတော်အဆုံးမှာ ရဟန်းငါးရာစလုံး သောတာပန် တည်ခဲ့ကြပါတယ်။

ပြတ်စွာဘုရားရှင်ဟာ ကုဏာလရေအိုင်မှ ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီးသို့ ကြွချီ ကြွရောက်တော်မူခဲ့ပါတယ်။

အပြန်ခရီးမှာတော့ သောတာပန်ရဟန်းငါးရာစလုံးမှာ မိမိတို့၏ တန်ခိုးတော်ဖြင့်ပင် လိုက်ပါနိုင် ပါတယ်။ တောအုပ်ကြီးမှာ ဆက်လက်တရားအားထုတ်ကြကာ အားလုံးပင် ရဟန္တာချည်းဖြစ်တော်မူခဲ့ကြ ပါတယ်။

ရဟန္တာငါးရာဟာ မိမိတို့ရရှိထားကြတဲ့တရားထူးများကို လျှောက်ထားရန်နှင့် ပြတ်စွာဘုရားအား ဖူးမြင်ကြရန် ယခုလို နယုန်လပြည့်ညနေချမ်းအချိန်မှာ ပြတ်စွာဘုရားထံသို့ စုရုံးရောက်ရှိလာခဲ့ကြပါတယ်။ ဤနည်းဖြင့် သံဃာအစည်းအဝေးကြီးဖြစ်ပေါ်လာခဲ့ပါတယ်။

ဤသို့ထူးခြားလှတဲ့ သံဃာအစည်းအဝေးကြီးကို တွေ့မြင်ကြည်ညိုလိုကြတဲ့ နတ်ဗြဟ္မာအသူရာနှင့် ဂဠုန် နဂါးတို့ဟာ မဟာဝုန်တောကြီးသို့ စုရုံးရောက်ရှိလာခဲ့ကြပါတယ်။ ပြတ်စွာဘုရားရှင်ဟာ အဲဒီလို စုရုံးရောက်ရှိလာခဲ့ကြတဲ့ နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာတို့ရဲ့ အမျိုးအမည်တို့ကို ရဟန္တာငါးရာအား ဟောကြားတော် မူခြင်းဖြင့် မဟာသမသုတ်တော်ကြီး ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပါတယ်။

ဤမဟာသမယသုတ်တော်ကြီးဟာ ဤနယုန်လပြည့်နေ့မှာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနယုန်လပြည့်နေ့ကို မဟာသမယဒိဝသနေ့လို့ သတ်မှတ်ထားခဲ့ကြခြင်းဖြစ်ပါတယ်။

ဤမဟာသမယသုတ်တော်ကြီးဖြစ်ပေါ်လာခဲ့တဲ့ နယုန်လပြည့်နေ့ဟာ ထူးခြားချက်များနှင့် ပြည့်စုံ နေတဲ့ နေ့တစ်နေ့လည်းဖြစ်ပါတယ်။

အဲဒီထူးခြားချက်တွေကတော့ -

၁။ ရေလုပွဲကြီး ဆင်နွှဲနေကြတဲ့ လယ်သမားထုကြီးရဲ့ ခိုက်ရန်ငြင်းခုံဖြစ်နေခြင်းမှ ကင်းဝေးသွားသောနေ့ဖြစ်၍ ထူးခြားခြင်း။

၂။ ကပိလဝတ်ပြည်နှင့် ကောလိယနှစ်ပြည်ထောင်တို့ စစ်ဖြစ်တော့မည် ဘေးအန္တရာယ်မှ ကင်းဝေးကာ ငြိမ်းချမ်းရေးရသွားသောနေ့ဖြစ်၍ ထူးခြားခြင်း။

၃။ ဤဘုရားလက်ထက်တွင် နတ်ဗြဟ္မာအသူရာ၊ ဂဠုန်နဂါးများနှင့် ရဟန်းတော်များ ဤတစ်ကြိမ်သာ စုရုံးမိသောနေ့ဖြစ်၍ ထူးခြားခြင်း။

၄။ မင်းသားငါးရာစလုံး သာသနာတော်သို့ ဝင်ရောက်သောနေ့ဖြစ်၍ ထူးခြားခြင်း။

၅။ သာသနာတော်သို့ ဝင်ရောက်သော မင်းသားရဟန်းတော်ငါးရာစလုံးပင် ရဟန္တာချည်းဖြစ်သောနေ့ဖြစ်၍ ထူးခြားခြင်း။

၆။ နိမ္မိတဘုရားကမေး၍ ပကတိဘုရားကဖြေဆိုသည်ကို ကြားနာရသောနေ့ဖြစ်၍ ထူးခြားခြင်း။

၇။ မဟာသမယသုတ်တော်ကိုအကြောင်းပြု၍ ဂဠုန်နဂါးသို့ ခိုက်ရန်ပဇက် ပြေပျောက်ပင် သောနေ့ဖြစ်၍ ထူးခြားခြင်း။

၈။ မဟာသမယဆိုင်ရာ သုတ္တန်ခုနှစ်မျိုးကို ဟောကြားသောနေ့ဖြစ်၍ ထူးခြားခြင်း။

၉။ ဘိက္ခုနီ သာသနာလမ်းစပေါ်သောနေ့ဖြစ်၍ ထူးခြားခြင်းတို့ဖြစ်ပါတယ်။

ဒါ့အပြင် မဟာသမယသုတ်တော်ကြီးကို ဟောကြားတော်မူခဲ့ပုံ

အသညသတ်ဗြဟ္မာ၊ အရူပဗြဟ္မာ၊ သမာပတ်ဝင်စားနေတဲ့ ဗြဟ္မာတွေကို ချန်ထားပြီး စကြာဝဠာတစ်သောင်းမှာရှိကြသမျှ နတ်ဗြဟ္မာတွေဟာ မဟာဝုန်တောသို့ ကြွရောက်လာကြကာ အလွန်တရာကြီးကျယ်လှတဲ့ ဒေဝတာသန္နိပါတ နတ်သဘင်ကြီး ဆင်ယင်ပြီး မြတ်စွာဘုရားအား ကြည်ညိုစွာပူဇော်ကြခြင်း။

တန်ခိုးကြီးမားလှတဲ့ နတ်ဗြဟ္မာတို့ရဲ့ အရေအတွက်ဟာ များပြားလှတဲ့အတွက် သားမြီးတစ်မျှင်တိုးလောက်တဲ့နေရာမှာ နတ်(၁၀)ပါးမှ အပါး(၆၀)ထိ ကန်ဒိုးနဲ့ရပ်တည်ကာ မြတ်စွာဘုရားအား ဖူးမြော်ရခြင်း။

သုဒ္ဓါဝါသဗြဟ္မာကြီး (၄) ဦးဟာ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ ကသိုဏ်းကို ဝင်စားလျက် ညိုတဲ့ ဝါတဲ့၊ နီတဲ့၊ ဖြူတဲ့ ရောင်ခြည်တို့နဲ့ ကြွရောက်လာကြပြီး နတ်ဗြဟ္မာတို့ကို လွှမ်းမိုးစေသဖြင့် အလွန်အကြူး အလှူးပင် ကြည်နူးဖွယ်ရာဖြစ်ခြင်း။

မြတ်စွာဘုရားရဲ့ ရောင်ခြည်တော်တွေဟာ နတ်ဗြဟ္မာများကိုရှင်း၊ နတ်ဗြဟ္မာများရဲ့ ရောင်ခြည်တော်တွေဟာ မြတ်စွာဘုရားကိုရှင်း၊ ရောင်ပြန်ဟပ်ပြီး အလယ်ဘဝဂ်တိုင်အောင်ကာ ကျ၍ တဖန် နတ်ဗြဟ္မာအပေါင်းရဲ့ ဦးထိပ်ထက်မှာ သက်ဆင်းကာ စကြာဝဠာနတ်ဝင်သို့ ပြန့်နှံ့သွားပါတယ်။

ထို့နောက် စကြာဝဠာတစ်တိုက်လုံးဟာလဲ ရွှေစေတီကြီးလို့ အလွန်အလွန် ကြည်ညိုဖွယ်၊ အလွန်အလွန် အံ့ဩဖွယ်ပင်၊ အလွန်အလွန်ပင် တင့်တယ်တော်မူလှပါတယ်။

ကုဋေပေါင်းသိန်းသော နတ်ဗြဟ္မာတွေဟာ အရေအတွက်ဖို့လ်၌ တည်ကြပါတယ်။ ပရေတွက်နိုင်အောင်များပြားလှတဲ့ နတ်ဗြဟ္မာတွေကတော့ အောက်ပင်၊ အောက်ဖိုလ်သုံးပါးကို အသီးသီးရရှိကြပါတယ်။

ယခုပြောခဲ့ပြီးတဲ့ ထူးခြားမှုများနဲ့ ဖြစ်ပွားရပုံများကို ကြားရလျှင်လည်း ဗုဒ္ဓဘာသာဝင်သူတော်စင်တွေဟာ ဒီနယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့လို့ သတ်မှတ်ပြီး မဟာသမယအခါတော်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်ပါတယ်။

ဒီလိုမဟာသမယအခါတော်နေ့ အခမ်းအနားကို [illegible] သော ပြင်းချမ်းနေပုံကို [illegible] နေနိုင်ခြင်း။

မဟာသမယသုတ်တော်ကို နာရသဖြင့် [illegible] ဥပေက်ပဋိသန္ဓေနေသော နတ်ဗြဟ္မာများရှိခြင်းကို ယုံကြည်သော သဒ္ဓါဓိဋ္ဌာဉ်ရင့်သန်စေခြင်း။

မဟာသမယသုတ်တော်ကို ကြားနာရသည့် နတ်ဗြဟ္မာများ၏ ချစ်ခင်နှစ်သက်မှုကို ရရှိနိုင်ခြင်း။

နတ်ဗြဟ္မာတို့၏ ချစ်ခင်နှစ်သက်မှုကို ရရှိသဖြင့် မိမိတို့၏ လောကီလောကုတ္တရာနှစ်ဖြာသော လုပ်ငန်းများတွင် နတ်ဗြဟ္မာတို့၏ အကူအညီကို ရရှိနိုင်ခြင်း။

နတ်ဗြဟ္မာတို့၏ အကူအညီကို ရရှိသဖြင့် လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာနှစ်ဖြာသော ချမ်းသာများကို မပင်မပန်း ဝမ်းပန်းတသာ လွယ်ကူစွာပင် ရရှိနိုင်ခြင်းစသော ကောင်းကျိုးတရားများကို တိုးပွားရရှိနိုင်ကြပါတယ်။

ဒါကြောင့်ဒီလိုလောကီလောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားများကို ပိုးပွားရရှိစေနိုင်တဲ့ မဟာသမယအခါတော်နေ့အခမ်းအနားကိုလည်း [illegible] ကျန်းကျန်းမာမာ ချမ်းချမ်း [illegible] ။

၂၅။ မဟာသမယသုတ်အဖွင့်

သတေဟိ ပဥ္စပတ္တေဟိ၊ ဝိဿာသဝေဟိ ကောဝလံ။
ဘိက္ခူဟိ ဘူပဝံသေဟိ၊ သတ္ထာ ဇိနော ပရိဝုတော။
သက္ကေ ကပိလဝတ္ထုသ္မိံ ဆာယာရမ္မေ မဟာဝနေ။
သမန္တတော သဟဿေဟိ၊ စက္ကဝါဠေဟိ ဒသဟိ။
အာဂမ္မ သန္နိ သိန္နာနံ၊ ဒေဝါနံ ယပဒေသယိ။
အာယုဒိယကရံ သဗ္ဗ၊ သမ္ပတ္တိ သာပကံ ဝရံ။
သုဒ္ဓါဝါသပဘူတိဟိ၊ ဒေဝေဟိ ပဋိနန္ဒိတံ။
သဗ္ဗရောဂ ဘယုဂ္ဃါတံ၊ သပယံ တံ ဘဏာမ ဟေ။

ကောဝလံ ။ တစ်ပါးပကြွင်း၊ ခပင်းဥဿုံ အလုံးစုံပင်။ ဝိဿာသဝေဟိ၊ ကိလေသာအာသဝေ ပယ်ရှင်းလွှ ရဟန္တာချည်းသာဖြစ်ကုန်သော။ သတေဟိ ပဥ္စပတ္တေဟိ၊ ငါးရာအတိုင်းအရေအတွက်ရှိကုန်သော။ ဘူပဝံသေ ဟိ၊ မင်းမျိုးမင်းနွယ် အကယ်စင်စစ်ဖြစ်ကြကုန်သော။ ဘိက္ခူဟိ၊ သံသရာဘေး ဟာပြည့်ရေးကို မြော်မြင် ရှုတတ်၊ ရဟန်းမြတ်တို့သည်။ ပရိဝုတော၊ ဝန်းကျင်ပတ်ပတ်ခြံရံအပ်သော။ သတ္ထာ၊ လူနတ်ဗြဟ္မာသတ္တဝါ တို့အား ပစ္စုပ္ပန်တမလွန် နှစ်တန်သော အကျိုးစီးပွားတို့ဖြင့် ထိုက်သည့်အားလျော်စွာ ဆုံးမတော်မူတတ် သဖြင့် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော။ ဇိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားရှင် သည်။

သက္ကေ။ သက္ကတိုင်းဖြစ်သော၊ ကပိလဝတ္ထုသ္မိံ၊ ကပိလရသေ့၏ သာယာရိပ်ချမ်းကျောင်းသခ်ိန်း နေရာ၌ မြို့ရွာတည်သဖြင့် ကပိလဝတ်မည်မင်းနေပြည်၏ အနီးဖြစ်သော။ ဆာယာရမ္မေ၊ နေပူမိုးပါ၊ အရိပ်ကောင်းလှသဖြင့် နှလုံးမွေ့လျော်ပျော်ဘွယ်ရာဖြစ်သော။ မဟာဝနေ၊ ပန်းမျိုးရနံ့၊ တောလုံးနံ့၍ သင်းပျံ့ကြိုင်လှောင်း၊ သားငှက်ပေါင်းတို့ ခိုအောင်းပျော်လှ မဟာဝုန်၌။

သမန္တတော။ မြေမဟီချာ၊ ရေသီတာနှင့် ဒိပါလေးကျွန်း မြင့်မိုထွန်းသား၊ စက်ဝန်းအသွင် ဤစကြာ ဝဠာ၏ ထက်ဝန်းကျင်မှ။ သဟဿေဟိ စက္ကဝါဠေဟိဒသဟိ။ ယုဇနာပေါင်းရှစ်သောင်းနှစ်ထောင် အပြင့် ဆောင်သော၊ တောင်စကြာဝဠာ ကာရံကျောက်စိုက်၊ ဝန်း၍စိုက်သော တိုက်ဇာတိပေါင်း တစ်သောင်းသော လောကဓာတ်တို့မှ။ အာဂမ္မ၊ တရားနာချင်စိတ်အစဉ်ဖြင့် ကြည်လင်ဝမ်းမြောက်၊ သဒ္ဓါပေါက်လျက်၊ လာ ရောက်ကြကုန်၍။

သန္နိသိန္နာနံ၊ မင်္ဂဖိုလ်နိဗ္ဗာန် ရရန်မြော်တွေးတရားရေးဖြင့် စည်းဝေးနေထိုင်ကြကုန်သော။ ဒေဝါနံ၊ စကြာဝဠာအဖြာဖြာမှ ကြွလာသောင်းသောင်း၊ နတ်ဗြဟ္မာအပေါင်းတို့အား။

ယံ၊ အကြင်မဟာသမယ နာမတွင်လတ် သုတ်တော်မြတ်ကို။ အဒေသယိ၊ ကရုဏာပညာပြဋ္ဌာန်း ကာဖြင့် ကောင်းစွာမသွေ၊ ဟောကြားတော်မူလေပြီ။

အာယုဒိယ ကရံ၊ အာယုကပ်ထက်၊ ကျော်မျှပာက်အောင်အသက်ရှည်မြင့်းကို ပြုပာက်ထသော။ သဗ္ဗသမ္ပတ္တိသာပကံ၊ လောကုတ်လောကီ နှစ်လီသုံးကုန်အလုံးစုံသော စည်းစိမ်ချမ်းသာအဖြာဖြာတို့၏ ပြည့်စုံခြင်းကို ပြီးစီးစေနိုင်ထသော။ ဝရံ၊ တုဘက်ကင်းကွာ မြတ်လှစွာသော။

သဗ္ဗါဝါသပ္ပဘူတော်ဟာ၊ သဗ္ဗါဝါသနာပပယ်ငြိုး ပြပွားကြီးလေးဦးလျှင် ၊ အမျှပြုကြကုန်သော။ ဓာဝေဝါ၊ စတုမဟာရာဇ် တာဝတိံသာအစဖြာသည့် နတ်ဗြဟ္မာတို့သည်။ ပဋိနန္ဒိတ၊ အလွန်အဝင်းနှစ်သက်ခြင်းကို ဖြစ်စေတတ်တသော။

သဗ္ဗရောဂဘယဥ္စါဝဲ၊ အလုံးစုံသော ရောဂါဘေးဒဏ် ရန်ဟာရှိ ခပ်သိမ်းကင်းငြိမ်းစေတတ်သော။

တဲ သမယ်၊ ထိုပဗ္ဗာသပယာ၊ နာပပွင်လယ် သုပ်ပေါ်ပြုပ်ယုံ။

ဟော၊ ညီညာဖျဖျ၊ စည်းဝေးရောက်လာကြကုန်သော ဓမ္မာမကအပေါင်း အိုသူတော်ကောင်း၊ သူမြတ်လောင်းတို့။

မယ်၊ သဒ္ဓါမချို့ကြကုန်သော ငါတို့သည်။

ဘဏာမ၊ သုံးလူထွတ်ထားမြတ်ဘုရား၏ ကိုးပါးဂုဏ်ကို အာရုံညွတ်လျက် ဝတ်မပျက်အောင် ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပါကုန်စို့။ ။

၂၆။ သုဒ္ဓါဝါသဗြဟ္မာကြီးလေးဦးလျှောက်ထားသောဂါထာများ

(က) အရှေ့စကြာဝဠာမှ ရောက်လာသော ဗြဟ္မာမင်းကြီး၏ ချီးကျူးပုံဂါထာ

ပဟာ- သမယော- ပဝနသ္မိံ၊

ဒေဝ- ကာယာ- သမာဂတာ။

အာဂတမှ - ဣမံ ဓမ္မသမယံ၊

ဒက္ခိတာယေ - အပရာဇိတသံဃံ။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ၊ ကျေးဇူးဟုန်ဖြင့်၊ ဂုဏ်တော်ဖြိုးမြင့်၊ တန်ခိုးတင့်တော်မူသော မြတ်စွာဘုရား။ ပဝနသ္မိံ၊ ပန်းမျိုးရနံ့၊ ပျောလုံးနှံ၍၊ သင်းပျံ့ကြိုင်လှောင်း၊ သားငှက်ပေါင်းတို့ ခိုအောင်းပျော်လှူ (မဟာဝုန်) ဟု၊ ခေါ်ပုံမည်သ်း၊ တောအုပ်ကြီး၌၊ ပဟာ, သပယော၊ နတ်, ဗြဟ္မာတို့၊ ညီညာဆွေးနွေး၊ တရားရေးဖြင့်၊ အစည်းအဝေး၊ ပွဲနေ့ကြီးသည်၊ အသိ ဖြစ်ပါပြီ - မြတ်စွာဘုရား။

ဒေဝ- ကာယာ၊ ဝန်းကျင်ဒိသာ၊ စကြာဝဠာ,မှ၊ နတ်, ဗြဟ္မာအပေါင်းတို့သည်။ သမာဂတာ၊ ကိုယ်စီ ကိုယ်စီ၊ ဦးညွှတ်ချိ၍ ညီညာဖျဖျ စည်းဝေးရောက်လာကြကုန်သည်။ အာသုံ၊ ဖြစ်ပါကုန်ပြီ - မြတ်စွာဘုရား။

ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ၊ ကျေးဇူးဟုန်ဖြင့်၊ ဂုဏ်တော်ကြီးမား၊ မြတ်စွာဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ အ-ပရာ-ဇိတ-သံဃံ၊ ကိလေသာမာရ် ကိုယ်တွင်းရန်တို့ တွန်းလှန်ဖြိုဖျက်၊ နှိပ်စက်အောင်မြင်ခြင်းငှာ၊ မစွမ်းနိုင်သော ရဟန္တာပုဂ္ဂိုလ် ငါးရာအပေါင်းကို၊ ဒက္ခိတာယေ၊ မျက်မှောက်ကင်ထင်၊ စိတ်ကြည်လင်ဖွံ့ ဖူးမြင်ပါရခြင်းငှာ။ ဣမံ-ဓမ္မ-သမယံ၊ နတ်,ဗြဟ္မာတို့၊ ညီညာဆွေးနွေး၊ တရားရေးဖြင့်၊ စည်းဝေးရာဖြစ်သော ဤအစည်းအဝေးပွဲကြီးသို့။ အာဂတာ၊ ကြည်လင်ဝမ်းမြောက်၊ သဒ္ဓါ ပေါက်၍ လာရောက်ကြကုန်သည်။ အမှ၊ ဖြစ်ပါကုန်၏- မြတ်စွာဘုရား။

(ခ) တောင်စကြာဝဠာမှရောက်လာသော ဗြဟ္မာမင်းကြီး၏ ချီးကျူးပုံဂါထာ

တတြ-ဘိက္ခဝေါ-သမာဒဟံသု၊

စိတ္တ-မတ္တနော-ဥဇုက-မကံသု။

သာရထီ-ဝ-နေတ္တာနိ-ဂဟေတွာ။

ဣန္ဒြိယာနိ-ရက္ခန္တိ-ပဏ္ဍိတာ။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ၊ ကျေးဇူးဟုန်ဖြင့်၊ ဂုဏ်တော်ဖြိုးမြင့်၊ တန်ခိုးတင့်တော်မူသော မြတ်စွာဘုရား။ တတြ၊ ထိုသို့ နတ်,ဗြဟ္မာတို့၊ ညီညာဆွေးနွေး၊ တရားရေးဖြင့် အစည်းအဝေး၊ ပွဲကြီးဖြစ်သော အခါ၌။ ဘိက္ခဝေါ၊ အာသဝေါဟူ၊ ကင်းစင်ဖြူ၍ မြူမှုန်မသန်း၊ ရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့သည်။ သမာဒဟံသု၊ ကိုယ်-နှုတ်-နှလုံး၊ သုံးပါးလုံးကို၊ စောင့်သုံးဆောက်တည်ကြကုန်၏။

အတ္တနော၊ မိမိ၏။ စိတ္တံ၊ စိတ်ကို ဥဇုကံ၊ ကိုယ်-နှုတ်-နှစ်သွယ်၊ ပရိယာယ်ဖြင့်၊ မကွယ်မထောင့်၊ ရိုးဖြောင့်တည့်မတ်စွာ။ အကံသု၊ ပြုကြကုန်၏။

(ကော,ဝိယ၊ အဘာယ်ကဲ့သို့ နည်းဟူမူကား။) သာရထိ၊ ပြင်းကို(က) ယှဉ်၊ အသွား(နှင်)သည့်၊ ရထား(ရှင်) ရထားထိန်းသည်။ (သိန္ဓဝေသု၊ ပြင်းနှစ်ကောင်တို့သည်။ သမပဝတ္တောသု၊ အညီအညာ၊ စံကား စံကား၊ ကြည်သာဖြောင့်ပတ်၊ သွားလတ်ကုန်သည်ရှိသော်။) နေတ္တာနိ၊ ကြိုးတို့ကို။ ဂဟေပွာ၊ ပပေလျှော့ပပြင်း၊ ညှင်းညှင်းပိုင်ပိုင်၊ ကောင်းစွာကိုင်၍ တိဋ္ဌတိ-ဣဝ၊ မ (မောင်း) မ (နှင်)၊ ကြိုးကို(တင်)၍ အင်ပြင်သမူ၊ လျစ်လျူ ရှုကာ၊ ကောင်းစွာတည်နေသကဲ့သို့။

ဖဝံ-တထာ၊ ဤရထား(ရှင်) နှင့်၊ အသွင်ပပြား၊ အပြင်အားဖြင့်၊ ဗဟုလောပူထွာ သာသပျှင်။ ပဏ္ဍိတာ၊ အရိယာပုဂ္ဂိုလ်အဖြစ်ဖြင့် ပညာရှိပုဂ္ဂိုလ်ဖြစ်ကြကုန်သော။ ဘိက္ခဝေါ၊ အာသဝေါဟူ ကင်းစင်ဖြူစွဲ ဖြူပွန်း မသန်း ရဟန္တာပုဂ္ဂိုလ်ငါးရာတို့သည်။ ဣန္ဒြိယာနိ၊ စက္ခု- သောတ၊ စ-သည် ခြောက်တန်၊ ပျောက်ပဟန်သို့ ဖောက်ပြန်တတ်ငြား၊ ဣန္ဒြေ- တရားတို့ကို။ ရက္ခန္တိ၊ ဉာဏ်နှင့်ယှဉ်၍ ဆင်ခြင်စောင့်ရှောက်ကြကုန်၏။

ဧတေ၊ ထိုရဟန္တာ ပုဂ္ဂိုလ်ငါးရာတို့ကို၊ ဒက္ခိတာယေ၊ မျက်မှောက်ထင်ထင်၊ စိတ်ကြည်လင်ဘို့၊ ဖူးပြင်ပါရခြင်းငှာ။ မယံ၊ အကျွန်ုပ်တို့သည်။ ဣဝ၊ ဤနတ်, ဗြဟ္မာတို့၊ ညီညာဆွေးနွေး၊ တရားရေးဖြင့် စည်းဝေးရာ ဖြစ်သော၊ (ပဟာဝုန်) ဟု၊ ရဂုံသာမော၊ တောအုပ်ကြီးသို့၊ အာဂတာ၊ ကြည်လင်ဝမ်းမြောက် သဒ္ဓါပေါက်၍ လာရောက်ကြကုန်သည်။ ဗဟု၊ ဖြစ်ပါကုန်၏၊ မြတ်စွာဘုရား။

(ဂ) အနောက်စကြာဝဠာမှရောက်လာသော ဗြဟ္မာမင်းကြီး၏ချီးကျူးပုံဂါထာ

ဆေတွာ - ခီလံ- ဆေတွာ-ပလိဃံ၊

ဣန္ဒခီလံ-ဦဟစ္စ-မနေဇာ။

တေ-စရန္တိ-သုဒ္ဓါ-ဝိမလာ၊

စက္ခုမတာ-သုဒန္တာ-သုသု-နာဂါ-

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ၊ ကျေးဇူးဟုန်ဖြင့်၊ ဂုဏ်တော်ဖြိုးမြင့်၊ တန်ခိုးတင့်တော်မူသော၊ မြတ်စွာဘုရား။

ခီလံ၊ ရာဂ,ဒေါသ၊ မောဟ-ထူးထွေ၊ စူးဝင်နေသည့်၊ ကိလေသာတည်းဟူသော (ဘူးငြောင့်) ကို ဆေတွာ၊ အရဟတ္တမဂ်၊ ဉာဏ်တော်လက်ဖြင့်၊ ပယ်ဖျက်နုတ်ဖြတ်တော်မူ၍ -

ပလိဃံ၊ ရာဂ,ဒေါသ၊ မောဟ-ထွေပြား၊ စ-သည်အားဖြင့်၊ များပြားတွဲယှဉ်၊ ဆွဲဝင် ဆို့ပိတ်တတ်သော၊ ကိလေသာတည်းဟူသော မင်းတုံးချိတ်ကို။ ဆေတွာ၊ အရဟတ္တ မဂ်၊ ဉာဏ်တော်လက်ဖြင့်၊ ပယ်ဖျက်ဖွင့်ခွာ တော်မူ၍ -

ဣန္ဒ- ခီလံ၊ ရာဂ,ဒေါသ၊ မောဟ-ထွေပြား၊ စ-သည်အားဖြင့်၊ လှုပ်ရှားမယိုင်၊ ကြံ့-ကြံ့ခိုင်သည့်၊ ကိလေသာ တည်းဟူသော တုရိုဏ်တိုင်ကို၊ ဦဟစ္စ၊ အရဟတ္တမဂ်၊ ဉာဏ်တော်လက်ဖြင့် ပယ်ဖျက်နုတ်ခွာ တော်မူ၍ -

အနေဇာ၊ ဝတ္ထုအာရုံ၊ ကာမဂုဏ်၌၊ ခုံမင်တောင့်တ၊ ကြောင့်ကြပူဆာ၊ တဏှာလည်း မရှိကုန်သော။ သုဒ္ဓါ၊ စွဲလမ်းတပ်ခြင်း၊ တဏှာ- ကင်း၍၊ သန့်ရှင်းစင်ကြယ်ကုန်သော။ ဝိမလာ၊ ကိလေသာမြေး၊ မြူညစ် ကြေးမှ၊ ကင်းဝေးတော်မူကုန်သော။

ကြန့်သတ်

စက္ခုမတာ၊ စက္ခု ငါးအင်၊ ကောင်းစွာ ထင်သည့်၊ ဉာဏ်အမြင်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသျှင်ကြောင့်။ (ဝါ) မြတ်စွာဘုရားသျှင်သည်။ သုဒန္တာ၊ ကိုယ်-နှုတ်-နှလုံး၊ သုံးပါးလုံးကို၊ စောင့်သုံးယဉ်ကျေးကြကုန်သော။ (ဝါ, ယဉ်ကျေးစေအပ်ကုန်သော၊ သုသု-နာဂါ၊ မျိုးနွယ်ကို စစ်၊ မင်းမျိုးဖြစ်၍၊ ပျိုပျစ်နုနယ်၊ ငယ်ရွယ်စဉ်က၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်ကြကုန်သော။ တေ၊ ထိုရဟန္တာ-ပုဂ္ဂိုလ်ငါးရာတို့သည်။ စရန္တိ၊ ထို-ဤဝေးခြား၊ ရပ်တပါးသို့၊ သွားလာလှည့်လည်ကြကုန်၏။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပုံ၊ ကျေးဇူးဟုန်ဖြင့်၊ ဂုဏ်တော်ကြီးမား မြတ်စွာဘုရား။

ဇတေ၊ ထို ရဟန္တာ - ပုဂ္ဂိုလ်ငါးရာတို့ကို၊ ဒက္ခိတာယေ၊ မျက်မှောက်ထင်ထင်၊ စိတ်ကြည်လင်ဘို့၊ ဖူးမြင်ပါရခြင်းငှာ၊ မယ်၊ အကျွန်ုပ်တို့သည်။ ဣဓ၊ ဤနတ်, ဗြဟ္မာတို့၊ ညီညာဆွေးနွေး၊ ဟများရေးဖြင့်၊ စည်းဝေးရာဖြစ်သော။ ပဟာပုန် ပဲ၊ ရဂုံ- သာပေ၊ ပေဘဒုပ်ကြီးသို့။ အာဂဏာ၊ ကြည်လင်ဝမ်းမြောက်၊ သဒ္ဓါပေါက်၍ လာရောက်ကြကုန်သည်။ ဟမှု၊ ဖြစ်ပါကုန်၏ မြတ်စွာဘုရား။

(ယ) ပြောက်စကြာဝဠာမှ ရောက်လာသော ဗြဟ္မာမင်းကြီး၏ ခိုးကျူးပုံဂါထာ

ယေကေစိ- ဗုဒ္ဓံ - သရဏံ - ဂတာသေ၊

န -တေ- ဂမိဿန္တိ - အပါယ- ဘူမိ။

ပဟာယ - မာနုသံ - ဒေဟံ၊

ဒေဝကာယံ - ပရိပူရေဿန္တိ။ ။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ၊ ကျေးဇူးဟုန်ဖြင့်၊ ဂုဏ်တော်ဖြိုးဖြင့်၊ တန်ခိုးတင့်တော်မူသော မြတ်စွာဘုရား။

ယေကေစိ၊ ပုထုဇဉ်ဂဟိ၊ ရှိသမျှ -ဉဿုံ၊ မလုံးစုံသော သူတို့သည်။ ဗုဒ္ဓံ၊ သစ္စာလေးအင်၊ သိမြင်ထင်ရှား၊ မြတ်စွာဘုရားသျှင်ကို၊ သရဏံ (သရဏံ-ဣတိ) လောကုတ္တရာ၊ သဒ္ဓါပွင့်းလုံ၊ (သရဏဂုဏ်) ဖြင့် ယုံကြည်လေးမြတ် ဆည်းကပ် ကိုးကွယ်ရာဟူ၍။ ဂတာသေ၊ နိဗ္ဗာန်ပြည်ဦး။ သွားရောက် ကူးတို့ ကြည်နူးဆည်းကပ်၊ ကိုးကွယ်ကြကုန်၏။

တေ၊ ထိုသူတို့သည်။ မာနုသံ - ဒေဟံ၊ ဘုန်းကံနည်းပါး၊ (ပြိတ္တာ) လားသို့၊ အစားဆန်ရေ၊ ရွှေငွေချို့တဲ့၊ အလိုမဲ့သော လူ့ဘဝ, လူ့ကိုယ်,ခန္ဓာကို။ ပဟာယ၊ ရုပ်, နာမ်အသက်၊ ချုပ်ပျက်ကင်းကွာ စွန့်ပစ်ခွာ၍။ အပါယံ၊ ချမ်းသာကင်းရှဲ၊ တလဲလဲဖြင့် ဆင်းရဲပေါင်းဆုံ၊ အပါယ်လေးဘုံသို့။ န-ဂမိဿန္တိ၊ ဘဝ-သစ်ခြား (ကံ) မြစ်တား၍ မလားမရောက်ကြရကုန်လတ္တံ့။

ဒေဝကာယံ၊ ကြွင့်န်းဘုံဆောင်၊ ထိန်ထိန် ပြောင်၍ တောက်လောင်ရွှန်းစို့၊ ရောင်စုံ ပို့သည့်၊ နတ်ဟို့ စံမြန်း၊ ဗိမာန်နန်းကို။ ပရိပူရေဿန္တိ၊ (ကံ) လျှင် ပင့်တောက်၊ လျှပ်းလျှပ်းတောက်မျှ ဖြစ်ပေါ်လာကြည့်ကုန်လတ္တံ့။

မဟာသမယသုတ်နိဿယသစ်

# ၂၇။ မဟာသမယသုတ် ပါဠိတော်

## နိဒါန်း

၁။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ, ဘိက္ခုသံဃဉ္စ။ အထ ခေါ စတုန္နံ သုဒ္ဓါဝါသကာယိကာနံ ဒေဝတာနံ ဧတဒဟောသိ "အယံ ခေါ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခု သံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ, ဘိက္ခုသံဃဉ္စ၊ ယံ နူန မယမ္ပိ ယေန ဘဂဝါ, တေနုပ သင်္ကမေယျာမ။ ဥပသင်္ကမိတွာ ဘဂဝတော သန္တိကေ ပစ္စေကံ ဂါထံဘာသေယျာမာ" တိ။

အထ ခေါ တာ ဒေဝတာ သေယျထာပိနာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာရေယျ, ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယျ၊ ဧဝမေဝ သုဒ္ဓါဝါသေသု ဒေဝေသု အန္တရဟိတာ ဘဂဝတော ပုရတော ပါတုရဟေသုံ၊ အထခေါ တာ ဒေဝတာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌံသု။ ဧကမန္တံ ဌိတာခေါ ဧကာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ -

"မဟာသမယော ပဝနသ္မိံ
ဒေဝကာယာ သမာဂတာ။
အာဂတ" မှ ဣမံ ဓမ္မသမယံ၊
ဒက္ခိတာယေ အပရာဇိတသံဃ" န္တိ။

၂။ အထခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ
"တတြ ဘိက္ခဝေါ သမာဒဟံသု၊
စိတ္တမတ္တနော ဥဇုကံ အကံသု။
သာရထီဝ နေတ္တာနိ ဂဟေတွာ၊
ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ" တိ။

၃။ အထခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ -
"ဆေတွာ ခီလံ ဆေတွာ ပလိဃံ၊
ဣန္ဒခီလံ ဦဟစ္စ မနေဇာ။
တေ စရန္တိ သုဒ္ဓါ ဝိမလာ၊
စက္ခုမတာ သုဒန္တာ သုသုနာဂါ" တိ။

၄။ အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ

"ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊

န တေ ဂမိဿန္တိ အပါယဘူမိံ

ပဟာယ မာနုသံ ဒေဟံ၊

ဒေဝကာယံ ပရိပူရေဿန္တီ" တိ။

ဒေဝတာသန္နိပါတ

၅။ အထ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ယေဘုယျေန ဘိက္ခဝေ ဒသသု လောကဓာတူသု ဒေဝတာ သန္နိပတိတာ ဟောန္တိ တထာဂတံ ဒဿနာယ ဘိက္ခုသံဃဉ္စ၊ ယေပိ တေ ဘိက္ခဝေ အဟေသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတပရမာယေဝ ဒေဝတာ သန္နိပတိတာ အဟေသုံ သေယျထာပိ မယှံ ဧတရဟိ။ ယေပိ တေ ဘိက္ခဝေ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတပရမာယေဝ ဒေဝတာ သန္နိပတိတာ ဘဝိဿန္တိ သေယျထာပိ မယှံ ဧတရဟိ။ အာစိက္ခိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ကိတ္တယိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ဒေသေဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ တံ သုဏာထ, သာဓုကံ မနသိ ကရောထ ဘာသိဿာမီ" တိ။ "ဧဝံ ဘန္တေ" တိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။

၆။ ဘဂဝါ ဧတံ ဒဝေါစ -

သိလောက "မနုကဿာမိ၊

ယတ္ထ ဘုမ္မာ တဒဿိတာ။

ယေ သိတာ ဂိရိဂဗ္ဘရံ၊

ပဟိတတ္တာ သမာဟိတာ။

ပုထုသီဟာဝ သလ္လီနာ၊

လောမဟံသာ ဘိသမ္ဘုနော။

ဩဒါတမနသာ သုဒ္ဓါ၊

ဝိပ္ပသန္နမနာဝိလာ။

၇။ ဘိယျော ပဉ္စသတေ ဉတွာ၊

ဝနေ ကာပိလဝတ္ထဝေ။

တတော အာမန္တယီ သတ္ထာ၊

သာဝကေ သာသနေ ရတေ။

ဒေဝကာယာ အဘိက္ကန္တာ၊
တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ္ပ မကရုံ၊
သုတွာ ဗုဒ္ဓဿ သာသနံ။
၈။ တေသံ ပါတုရဟု ဉာဏံ၊
အမနုဿာန ဒဿနံ။
အပ္ပေကေ သတ မဒ္ဒက္ခုံ၊
သဟဿံ အထ သတ္တရိံ။
သတံ ဧကေ သဟဿာနံ၊
အမနုဿာန မဒ္ဒသုံ။
အပ္ပေကေ နန္တ မဒ္ဒက္ခုံ၊
ဒိသာ သဗ္ဗာ ဖုဋာ အဟုံ။
၉။ တဉ္စ သဗ္ဗံ အဘိညာယ၊
ဝဝတ္ထိတွာန စက္ခုမာ။
တတော အာမန္တယိ သတ္ထာ၊
သာဝကေ သာသနေ ရတေ။
ဒေဝကာယာ အဘိက္ကန္တာ၊
တေ ဝိဇာနာထ ဘိက္ခဝေါ။
ယေ ဝေါ" ဟံ ကိတ္တယိဿာမိ၊
ဂိရာဟိ အနုပုဗ္ဗသော။
၁၀။ သတ္တသဟဿာ တေ ယက္ခာ၊
ဘုမ္မာ ကာပိလဝတ္ထဝါ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။
၁၁။ ဆသဟဿာ ဟေမဝတာ၊
ယက္ခာ နာနတ္တ ဝဏ္ဏိနော၊
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။
၁၂။ သာတာဂိရာ တိသဟဿာ၊
ယက္ခာ နာနတ္တ ဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။
၁၃။ ဣစ္စေတေ သောဠသသဟဿာ၊
ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။
၁၄။ ဝေဿာမိတ္တာ ပဉ္စသတာ၊
ယက္ခာ နာနတ္တ ဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော၊
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။
၁၅။ ကုမ္ဘီရော ရာဇဂဟိကော၊
ဝေပုလ္လဿ နိဝေသနံ။
ဘိယျော နံ သတသဟဿံ၊
ယက္ခာနံ ပယိရုပါသတိ။
ကုမ္ဘီရော ရာဇဂဟိကော၊
သောပါဂါ သမိတိံ ဝနံ။

၁၆။ ပုရိမဿ ဒိသံ ရာဇာ၊
ဓတရဋ္ဌော ပသာသတိ။
ဂန္ဓဗ္ဗာနံ အဓိပတိ၊
မဟာရာဇာ ယသဿိသော။
ပုတ္တာပိ တဿ ဗဟဝေါ၊
ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။

၁၇။ ဒက္ခိဏဿ ဒိသံ ရာဇာ၊
ဝိရူဠှော တံ ပသာသတိ၊
ကုမ္ဘဏ္ဍာနံ အဓိပတိ၊
မဟာရာဇာ ယသဿိသော။
ပုတ္တာပိ တဿ ဗဟဝေါ၊
ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။

၁၈။ ပစ္ဆိမဿ ဒိသံ ရာဇာ၊
ဝိရူပက္ခော ပသာသတိ။
နာဂါနဉ္စ အဓိပတိ၊
မဟာရာဇာ ယသဿိသော။
ပုတ္တာပိ တဿ ဗဟဝေါ၊
ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။

၁၉။ ဥတ္တရဉ္စ ဒိသံ ရာဇာ၊
ကုဝေရော တံ ပသာသတိ။
ယက္ခာနဉ္စ အဓိပတိ၊
မဟာရာဇာ ယသဿိသော။
ပုတ္တာပိ တဿ ဗဟဝေါ၊
ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။

၂၀။ ပုရိမံ ဒိသံ ဓတရဋ္ဌော၊
ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊
ကုဝေရော ဥတ္တရံ ဒိသံ။

၂၁။ စတ္တာရော တေ မဟာရာဇာ၊
သမန္တာ စတုရော ဒိသာ။
ဒဒ္ဒလ္လမာနာ အဋ္ဌံသု၊
ဝနေ ကာပိလဝတ္ထဝေ။

၂၂။ တေသံ မာယာဝိနော ဒါသာ၊
အာဂုံ ဝဉ္စနိကာ သဌာ။
မာယာ ကုဋေဏ္ဍု ဝိဋေဏ္ဍု၊
ဝိဋုစ္စ ဝိဋုဋော သဟ။
စန္ဒနော ကာမသေဋ္ဌော စ၊
ကိန္နိဃဏ္ဍု နိဃဏ္ဍု စ။
ပနာဒေါ ဩပမညော စ၊
ဒေဝသူတော စ မာတလိ။

၂၃။ စိတ္တသေနော စ ဂန္ဓဗ္ဗော၊
နဠော ရာဇာ ဇနေသဘော။
အာဂုံ ပဉ္စသိခေါ စေဝ၊

တိမ္ဗရူ သူရိယဝစ္ဆသာ။
ဧတေ စညေ စ ရာဇာနော၊
ဂန္ဓဗ္ဗာ သဟ ရာဇုဘိ။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။

(ဘူမဋ္ဌဒေဝတာကဏ္ဍ)

၂၄။ အထာဂုံ နာဂသာ နာဂါ၊
ဝေသာလာ သဟ တစ္ဆကာ။
ကမ္ဗလဿတရာ အာဂုံ၊
ပါယာဂါ သဟ ဉာတိဘိ။
ယာမုနာ ဓတရဋ္ဌာ စ၊
အာဂုံ နာဂါ ယသဿိနော။
ဧရာဝဏော မဟာနာဂေါ၊
သော ပါဂါ သမိတိံ ဝနံ။

၂၅။ ယေ နာဂရာဇေ သဟသာ ဟရန္တိ။
ဒိဗ္ဗာ ဒိဇာ ပက္ခိ ဝိသုဒ္ဓစက္ခူ။
ဝေဟာယသာ တေ ဝန မဇ္ဈပတ္တာ၊
စိတြာ သုပဏ္ဏာ ဣတိ တေသ နာမံ။

၂၆။ အဘယံ တဒါ နာဂရာဇာနမာသိ၊
သုပဏ္ဏတော ခေမ မကာသိ ဗုဒ္ဓေါ။
သဏှာဟိ ဝါစာဟိ ဥပဝှယန္တာ။
နာဂါ သုပဏ္ဏာ သရဏ မကံသု ဗုဒ္ဓံ။

(နာဂကဏ္ဍ)

၂၇။ ဇိတာ ဝဇိရဟတ္ထေန၊
သမုဒ္ဒံ အသုရာ သိတာ။
ဘာတရော ဝါသဝဿေတေ၊
ဣဒ္ဓိမန္တော ယသဿိနော။
ကာဠကဉ္စာ မဟာဘိသ္မာ၊
အသုရာ ဒါန ဝေဃသာ။
ဝေပစိတ္တိ သုစိတ္တိ စ၊
ပဟာရာဒေါ နမုစီ သဟ။
သတဉ္စ ဗလိပုတ္တာနံ၊
သဗ္ဗေ ဝေရောစနာမကာ။
သန္နယှိတွာ ဗလိံ သေနံ၊
ရာဟုဘဒ္ဒမုပါဂမုံ။
သမယောဒါနိ ဘဒ္ဒန္တေ၊
ဘိက္ခူနံ သမိတိံ ဝနံ။

(အသုရကဏ္ဍ)

၂၈။ အာပေါ စ ဒေဝါ ပထဝီ၊
တေဇော ဝါယော တဒါဂမုံ။
ဝရုဏာ ဝါရုဏာ ဒေဝါ၊
သောမော စ ယသသာ သဟ။
မေတ္တာ ကရုဏာ ကာယိကာ၊
အာဂုံ ဒေဝါ ယသဿိနော။
ဒသေ တေ ဒသဓာ ကာယာ၊
သဗ္ဗေနာနတ္တ ဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။

၂၉။ ဝေဏ္ဍုဒေဝါ သဟလိ စ၊
အသမာ စ ဒုဝေ ယမာ။
စန္ဒဿူပနိသာ ဒေဝါ၊
စန္ဒ မာဂုံ ပုရက္ခတွာ။
သူရိယဿူပနိသာ ဒေဝါ၊
သူရိယ မာဂုံ ပုရက္ခတွာ။
နက္ခတ္တာနိ ပုရက္ခတွာ၊
အာဂုံ မန္ဒဝလာဟကာ။

ဝသူနံ ဝါသဝေါ သေဋ္ဌော၊
သက္ကော ပါဂါ ပုရိန္ဒဒေါ။
ဒသေ တေ ဒသဓာ ကာယာ၊
သဗ္ဗေ နာနတ္တ ဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။
၄၀။ အထာဂုံ သဟဘူ ဒေဝါ၊
ဇလ မဂ္ဂိသိခါရိဝ။
အရိဋ္ဌကာ စ ရောဇာ စ၊
ဥမာပုပ္ဖ နိဘာသိနော။
ဝရုဏာ သဟဓမ္မာ စ၊
အစ္စုတာ စ အနေဇကာ။
သူလေယျရုစိရာ အာဂုံ၊
အာဂုံ ဝါသဝ နေသိနော။
ဒသေ တေ ဒသဓာ ကာယာ၊
သဗ္ဗေ နာနတ္တ ဝဏ္ဏိနော၊
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။
၄၁။ သမာနာ မဟာသမာနာ၊
မာနုသာ မာနုသုတ္တမာ။
ခိဍ္ဍာ ပဒေါသိကာ အာဂုံ၊
အာဂုံ မနောပ ဒေါသိကာ။
အထာဂုံ ဟရယော ဒေဝါ၊
ယေစ လောဟိတ ဝါသိနော။
ပါရဂါ မဟာပါရဂါ၊
အာဂုံ ဒေဝါ ယသဿိနော။
ဒသေ တေ ဒသဓာ ကာယာ၊
သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။
၄၂။ သုက္ကာ ကရုမှာ အရုဏာ၊
အာဂုံ ဝေဃနသာ သဟ။
ဩဒါတဂယှာ ပါမောက္ခာ၊
အာဂုံ ဒေဝါ ဝိစက္ခဏာ။
သဒါမတ္တာ ဟာရဂဇာ၊
မိဿကာ စ ယသဿိနော။
ထနယံ အာဂပဇ္ဇုန္နော၊
ယော ဒိသာ အဘိဝဿတိ။
ဒသေ တေ ဒသဓာ ကာယာ၊
သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ။
ဘိက္ခူနံ သမိတိံ ဝနံ။
၄၃။ ခေမိယာ တုသိတာ ယာမာ၊
ကဋ္ဌကာ စ ယသဿိနော။
လမ္ဗီတကာ လာမသေဋ္ဌာ၊
ဇောတိနာမာ စ အာသဝါ။
နိမ္မာနရတိနော အာဂုံ၊
အထာဂုံ ပရနိမ္မိတာ။
ဒသေ တေ ဒသဓာ ကာယာ၊
သဗ္ဗေ နာနတ္တဝဏ္ဏိနော။

ဣဒ္ဓိမန္တော ဇုတိမန္တော။
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
ဘိက္ခူနံ သမိတိံ ဝနံ။

၃၄။ သဋ္ဌေတေ ဒေဝနိကာယာ၊
သဗ္ဗေ နာနတ္တဝဏ္ဏိနော။
နာမန္ဝယေန အာဂစ္ဆုံ၊
ယေ စ ညေ သဒိသာ သဟ။
ပဝုဋ္ဌဇာတိ မခိလံ၊
ဩဃတိဏ္ဏ မနာသဝံ။
ဒက္ခေမောဃတရံ နာဂံ၊
စန္ဒံဝ အသိတာတိဂံ။

(အာကာသဋ္ဌ ဒေဝကာကဏ္ဍ)

၃၅။ သုဗြဟ္မာ ပရမတ္တော စ၊
ပုတ္တာ ဣဒ္ဓိမတော သဟ။
သနင်္ကုမာရော တိဿော စ၊
သောပါဂ သမိတိံ ဝနံ။

၃၆။ သဟဿံ ဗြဟ္မလောကာနံ၊
မဟာဗြဟ္မာ ဘိတိဋ္ဌတိ။
ဥပပန္နော ဇုတိမန္တော၊
ဘိသ္မာကာယော ယသဿိသော။
ဒသေတ္ထ ဣဿရာ အာဂုံ၊
ပစ္စေက ဝသဝတ္တိနော။
တေသဉ္စ မဇ္ဈတော အာဂ၊
ဟာရိတော ပရိဝါရိတော။

(ဗြဟ္မကဏ္ဍ)

၃၇။ တေ စ သဗ္ဗေ အဘိက္ကန္တေ၊
သဣန္ဒေ ဒေဝေ သဗြဟ္မကေ။
မာရသေနာ အဘိက္ကာမိ၊
ပဿ ကဏှဿ မန္ဒိယံ။
ဧထ ဂဏှထ ဗန္ဓထ၊
ရာဂေန ဗဒ္ဓ မတ္ထု ဝေါ။
သမန္တာ ပရိဝါရေထ၊
မာ ဝေါ မုဉ္စိတ္ထ ကောစိ နံ။
ဣတိ တတ္ထ မဟာသေနော၊
ကဏှော သေနံ အပေသယိ။
ပါဏိနာ တလ မာဟစ္စ၊
သရံ ကတွာန ဘေရဝံ။
ယထာ ပါဝုဿကော မေဃော၊
ထနယန္တော သဝိဇ္ဇုကော။
တဒါ သော ပစ္စုဒါဝတ္တိ၊
သင်္ကုဒ္ဓေါ အသယံ ဝသေ။

၃၈။ တဉ္စ သဗ္ဗံ အဘိညာယ၊
ဝဝတ္ထိတွာန စက္ခုမာ။
တတော အာမန္တယီ သတ္ထာ၊
သာဝကေ သာသနေ ရတေ။
မာရသေနာ အဘိက္ကန္တာ၊
တေ ဝိဇာနထ ဘိက္ခဝေါ။
တေ စ အာတပ္ပ မကရုံ၊
သုတွာ ဗုဒ္ဓဿ သာသနံ။
ဝီတရာဂေဟိ ပက္ကာမုံ၊
နေသံ လောမာပိ ဣဉ္ဇယုံ။

၃၉။ သဗ္ဗေ ဝိဇိတသင်္ဂါမာ
ဘယာတီတာ ယသဿိနော။
မောဒန္တိ သဟ ဘူတေဟိ၊
သာဝကာ တေ ဇနေသုတာတိ။

မဟာသမယသုတ္တံ နိဋ္ဌိတံ။

၂၈။ (၄) ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့အခမ်းအနားအစီအစဉ်

သိရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့

ရန်ကုန်မြို့။

၁၃ ခု၊ ဝါဆိုလပြည့် ( - - ) နေ့၊ ပွန်းလွဲ (၂:၃၀) နာရီ

ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဓမ္မပူဇာ မင်္ဂလာအခမ်းအနား

အစီအစဉ်

| စဉ် | အကြောင်းအရာ | တာဝန်ကျဝတ်အသင်း |
|---|---|---|
| (က) | ပဌမပိုင်း ဓမ္မပူဇာမင်္ဂလာအခမ်းအနားအစီအစဉ် | |
| ၁။ | "နမော တဿ" သုံးကြိမ် ရွတ်ဆိုဘုရားပန်ကြား၍ အခမ်းအနားကို ဖွင့်လှစ်ရန်။ | |
| ၂။ | နတ်ပြဟ္မာများကို ပင့်ဖိတ်ရန်။ | |
| ၃။ | သမ္မာသမ္ဗုဒ္ဓ ပုံတော်တော်ကျက်တော် ပြတ်ဆူဘုရားကို ပင့်လျှောက်ရန်။ | |
| ၄။ | အဂ္ဂသာဝကနှစ်ဆူဖြစ်တော်မူကုန်သော လက်ျာတော်ရံ ပညာရှင် ဓာတော်ရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံတန်ခိုးတော်အရာ ဓာတော်ရှင်မဟာမောဂ္ဂလာန် ရဟန္တာအရှင်မြတ်နှစ်ပါးကို ပင့်လျှောက်ရန်။ | |
| ၅။ | ဓမ္မစကြာအခါတော်နေ့အကြောင်း မင်္ဂလာထောမနာစကား မြွက်ကြားရန်။ | |
| ၆။ | ဓမ္မစကြာသုတ်ကမ္ဘွန်းကို ရွတ်ဖတ်ပူဇော်ရန်။ | |
| ၇။ | ဓမ္မစကြာသုတ်ပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ရန်။ | |
| ၈။ | အနတ္တလက္ခဏာသုတ်အမွှန်းကို ရွတ်ဖတ်ပူဇော်ရန်။ | |
| ၉။ | အနတ္တလက္ခဏာသုတ်ပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ရန်။ | |
| ၁၀။ | မေတ္တာပို့အမျှဝေရန်။ | |
| ၁၁။ | ဆုတောင်းကာ နတ်ပြဟ္မာများကို ပြန်ပို့ရန်။ | |
| ၁၂။ | ဆုတောင်းပဋ္ဌနာမေတ္တာပို့ကဗျာများကို ရွတ်ဆိုဆုတောင်းကြရန်။ | |
| ၁၃။ | "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ဓမ္မစကြာအခါတော်နေ့ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းရန်။ | |

ကန့်သတ်

## ၂၉။ ………………….. ၏ ဝါဆိုလပြည့် ……( )

## ဓမ္မစကြာ အခါတော်နေ့အခမ်းအနားတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ အလှူ့ရှင်ကြီးသဘာပတိ ဦး----------------- မြွက်ကြားအပ်သော မင်္ဂလာထောမနာ မြွက်ကြားလွှာ

ကြွရောက်တော်မူလာကြကုန်သော သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင်လူကြီးမင်းများ ဘာသာရေး၊ သာသနာရေးအသင်းအဖွဲ့များမှ ကိုယ်စားပြုတက်ရောက်လာကုန်သော သူတော်စင်များနှင့် ညီ့သည်တော် ဓမ္မမိတ်ဆွေပေါင်းတို့ခင်ဗျား။

ယနေ့ဟာ သာသနာနှစ် (---------) ပြည့်နှစ်၊ ကောဇာသက္ကရာဇ် (----------) ခုနှစ်၊ ဝါဆိုလပြည့် ( ) ဓမ္မစကြာအခါတော်နေ့ဖြစ်ပါတယ်။

ဝါဆိုလပြည့်၊ ဓမ္မစကြာအခါတော်နေ့ဖြစ်လို့ ဝါဆိုလအကြောင်း၊ ဓမ္မစကြာအကြောင်း သိကောင်းစရာများကို အနည်းငယ်ပြောကြားလိုပါတယ်။

ဝါဆိုလ ဆိုရာမှာ ဝါ+ဆို ဟူသော စကားနှစ်လုံးပေါင်း၍ ခေါ်ထားခြင်းဖြစ်ပါတယ်။

ဝါဟူသော စကားသည် "ဝဿ" ဟူသော ပါဠိစကားမှ ဆင်းသက်လာသော စကားဖြစ်ပါတယ်။ ဝဿ-ဝါ၊ ဝဿ-မိုးဥတု၊ မိုးရာသီဟု အဓိပ္ပါယ်ရပါတယ်။ ဆို ဟူသော စကားသည် ရွတ်ဆိုခြင်းဟု အဓိပ္ပါယ်ရပါတယ်။

ရဟန်းတော်များဟာ ဘုရားရှင်ပညတ်တော်မူထားသော သိက္ခာပုဒ်တော်အရ ဤမိုးရာသီသို့ ရောက်သောအခါ တစ်နေရာရာ၊ တစ်ကျောင်းကျောင်း၌ "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" ဤကျောင်း၌ ဤမိုးရာသီလုံးလပတ်လုံး ချည်းကပ်နေပါမည်။ ဤသုံးလအတွင်း မည်သည့်နေရာသို့မျှ ပြောင်းရွှေ့သွားလာမနေပဲ နေထိုင်ပါမည်ဟု ရွတ်ဆိုတာ၊ ဝါဆိုကြရပါတယ်။

ရဟန်းတော်များ ဝါကပ်၊ ဝါဆိုနေသောလဖြစ်၍ ဝါဆိုလဟူသော ဝေါဟာရပေါ်လာသည်ဟု ပညာရှင်များယူဆကြပါတယ်။

ဤဝါဆိုလတွင် အာသဠှိနက္ခတ်နှင့် စန်းယှဉ်ပြီး မြတ်လေးပန်း၊ ပုန်းညက်ပန်း၊ အနန်းပန်းတို့ လန်းဆန်းဝေဆာ မွှေးရနံ့ဆွေဖြာပြီး သင်းပျံ့ကြိုင်လှိုင်နေပါတယ်။

ဤသို့ ပုန်းညက်ပန်း၊ အနန်းပန်းတို့ လန်းဆန်းဝေဆာမွှေးရနံ့ဖြာနေချိန်မှာပင် ဘုရားအလောင်းတော်ဟာ မယ်တော်မာယာဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်နေခဲ့ပါတယ်။

ဤလမှာပင် တောထွက်ခဲ့တယ်။ ဓမ္မစကြာတရား ဟောကြားခဲ့ပါတယ်။ ထို့ကြောင့် ရှေးပညာရှင်များက "သန္ဓေတောထွက် ဓမ္မစက် မိန့်မြွက်သုံးချိုလဝါဆို" ဟု မှတ်တမ်းတင်ခဲ့ပါတယ်။

ဓမ္မစကြာတရားဟောသောနေ့ဟာ ဘုရားဖြစ်သောနေ့နှင့် (၂) လသာခြားပါတယ်။

ဘုရားဖြစ်သောနေ့မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ဖြစ်၍ ဓမ္မစကြာတရားဟောသောနေ့မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ဖြစ်ပါတယ်။

ဒါ့ကြောင့် (၂) လသာ ခြားပါတယ်လို့ ဆိုခဲ့ခြင်းဖြစ်ပါတယ်။

သဗ္ဗညုမြတ်စွာဘုရားရှင်ဟာ၊ ဘုရားမဖြစ်မီ အလောင်းတော်ဘဝကပင် "ငါသစ္စာလေးပါးတရားကို သိလျှင် သတ္တဝါတွေကိုလည်း သိစေရမယ်" လို့ ကြုံးဝါးပြွက်ဆိုတော်မူခဲ့ဘူးပါတယ်။

ဒါ့ကြောင့် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သစ္စာလေးပါးတရားတော်ကို သဗ္ဗညုတဉာဏ် ဖြင့် ပိုင်းခြားထင်ထင်သိမြင်လာတဲ့အခါ သတ္တဝါအများကိုလည်း သိစေပါရန် ဓမ္မစကြာတရားတော်ကို ဟော ကြားတော် မူခြင်းဖြစ်ပါတယ်။

ယနေ့ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့မှ သက်တော်ထင်ရှားရှိစဉ် မြတ်စွာဘုရား၊ ဓမ္မစကြာ တရားဟောသောနေ့ကို ပြန်မြော်ကြည့်ပါလျှင် နှစ်ပေါင်း ၂၅၈၄ နှစ် ရှိခဲ့ပါပြီ။ နှစ်ပေါင်းထုံမျှကြသော်လည်း ဓမ္မစကြာ တရားတော်ဟာ ဆွေးမြေ့သည်ဟူ၍ မရှိခဲ့ပါ။ အပြဲပင် ဆန်းသစ်ခေတ်မီလျက်ရှိနေပါတယ်။

ဓမ္မစကြာတရားတော်ကို သဗ္ဗညုတဉာဏ်ကြီး ဟောင်းပန်း၍ ဟောကြားတော်မူခဲ့သောအချိန်မှာ ထိုနေ့ဟာ ယိုးမချိန်ဟာ ပါဒ်ပဒမ်တွင် ဗြဟ္မာကိုးကွယ်နေသောအချိန်၊ ဗြဟ္မာကို ဖယ်ရှားနေသော အချိန်ဖြစ်ပါတယ်။

ဓမ္မစကြာတရားတော်ဟာ ယိုးမယ်လူသားများကိုးကွယ် ဖားယားနေသော ဗြဟ္မာကြီးကပင် ရွှေပန်းကုံးဖြင့် ပူဇော်ကာ ဟောင်းပန်ရသော တရားတော်၊ ဗြဟ္မာကြီးကပင် ဦးညွှတ်ရသော ဘုရားရှင်ဖြစ်၍ ဗြဟ္မာကိုးကွယ်သူများပင် ဘုရားရှင်နှင့် တရားတော်အပေါ်၌ ယုံကြည်လေးစားကာ ဖားကိုးဖားယားပြုရာ မှာဖြစ်ပါတယ်။

ဒါ့ကြောင့် သဟမ္ပတိဗြဟ္မာကြီးကိုယ်တိုင် လာရောက်၍ တရားဟောရန် တောင်းပန်ရခြင်းဖြစ်ပါ တယ်။

ဓမ္မစကြာတရားတော်ဟာ ပွင့်တော်မူပြီးသည့် ဘုရားရှင်တိုင်းပင် ရှေးဦးစွာ ဟောကြားခဲ့ကြသည့် တရားတော်ဖြစ်ပါတယ်။

ဓမ္မစကြာတရားတော်တွင် အယူဟာပရားနှစ်ပါးနှင့် မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျင့်စဉ်မဂ္ဂင် တရားတို့ကို ဟောကြားထားပါတယ်။

မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျင့်စဉ်မှာ မဂ္ဂင်ရှစ်ပါး အင်္ဂါတရားပင်ဖြစ်ပါတယ်။ ယင်းတို့မှာ-

၁။ သမ္မာဒိဋ္ဌိ အမြင်မှန်။

၂။ သမ္မာသင်္ကပ္ပ အကြံအစည်မှန်။

၃။ သမ္မာဝါစာ စကားမှန်။

၄။ သမ္မာကမ္မန္တ အလုပ်မှန်။

၅။ သမ္မာအာဇီဝ အသက်မွေးမှုအမှန်။

၆။ သမ္မာဝါယာမ အားထုတ်မှုအမှန်။

၇။ သမ္မာသတိ အောက်မေ့မှုအမှန်နှင့်

၈။ သမ္မာသမာဓိ တည်ကြည်မှုအမှန်တို့ ဖြစ်ကြပါတယ်။

မဇ္ဈိမပဋိပဒါ အလယ်အလတ် ကျင့်စဉ်တရားကို ဟောကြားပြီးတဲ့နောက် သစ္စာလေးပါးတရားကို ဆက် ပြီးဟောပါတယ်။

သစ္စာလေးပါး တရားကတော့

၁။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်

၂။ သမုဒယသစ္စာ ဆင်းရဲခြင်းဖြစ်ကြောင်းအမှန်

၃။ နိရောဓသစ္စာ ဆင်းရဲခြင်းဖြစ်ကြောင်း တဏှာ၏ချုပ်ရာအမှန် (နိဗ္ဗာန်)နှင့်

၄။ မဂ္ဂသစ္စာ- ဆင်းရဲခြင်းဖြစ်ကြောင်း တဏှာချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်မှန်ဟု ဖြစ်ကြပါတယ်။

၁။ ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာမှာ

ပဋိသန္ဓေနေခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ၊ ချစ်ခင်သူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲ၊ မုန်းသူတို့နှင့် ပေါင်းသင်းရခြင်း ဆင်းရဲ၊ မအိုမနာ မသေ စသည်တို့ မဖြစ်ပါရစေနှင့်ဟူသော အလိုဆန္ဒ မပြည့်ဝခြင်း၊ ဆင်းရဲတို့ဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရင် စွဲလမ်းမှုပါဒါန်တရားတို့၏ အာရုံဖြစ်သော ရုပ်နာမ်ခန္ဓာငါးပါးလုံးဟာ ဆင်းရဲခြင်း အမှန် ဒုက္ခသစ္စာတရားများ ဖြစ်ကြပါတယ်။

၂။ ဆင်းရဲခြင်းဖြစ်ကြောင်း အမှန် - သမုဒယသစ္စာမှာ

ပြင်ပတိုင်းကြားတိုင်း ပေါ်ပေါက်သော အာရုံမျိုးမျိုးကို လိုချင်တပ်မက်ခြင်းဖြစ်ပါတယ်။

ယင်းလိုချင်တပ်မက်ခြင်းမှာ -

(က) အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုချင်တပ်မက်ခြင်း။

(ခ) လူ့ဘဝ၊ နတ်ဘဝ ပြဟ္မာဘဝဆိုတဲ့ ဘုံဘဝတွေကို လိုချင်တပ်မက်ခြင်း (သဿတဒိဋ္ဌိနှင့် ယှဉ်သော တဏှာ)

(ဂ) သေရင်ပြီးရော ပျော်ပျော်ပြီး ဘဝပြတ်ခဲ့မှုကို လိုချင်တပ်မက်ခြင်း (ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော တဏှာ) ဟူ၍ သုံးမျိုးရှိပါတယ်။

၃။ ဆင်းရဲခြင်းဖြစ်ကြောင်း တဏှာချုပ်ရာ အမှန် - နိရောဓသစ္စာမှာ -

ခန္ဓာငါးပါးရုပ်နာမ်တရားတို့ အကြွင်းမဲ့ချုပ်ရာ သိမ်းရာငြိမ်းရာ နိဗ္ဗာန်ဖြစ်ပါတယ်။

၄။ ဆင်းရဲဖြစ်ကြောင်း တဏှာချုပ်ရာသို့ ရောက်ကြောင်းအမှန် မဂ္ဂသစ္စာမှာ

စောစောကပြောခဲ့ပြီးသော မဂ္ဂင်ရှစ်ပါး အပြက်တရားများပင် ဖြစ်ပါတယ်။

ဤသို့ သစ္စာလေးပါးမှာ ဆင်းရဲခြင်းအမှန်၊ ဒုက္ခသစ္စာ- ခန္ဓာရုပ်နာမ်ဖြစ်ပျက်ကို [illegible] ရုပ်နာမ်ဖြစ်ပျက်ဆင်းရဲခြင်းအမှန်ကို ပြင်လျှင် ရုပ်နာမ်ပေါ် တပ်မက်တွယ်တာနေသော တဏှာလည်းပြုန်းသည်။ သမုဒယသစ္စာကို ပယ်ပြီး ဖြစ်နေလိမ့်မည်။ သမုဒယသစ္စာကိုပယ်ပြီးသည်နှင့် နိရောဓသစ္စာ၊ နိဗ္ဗာန်ကို မဂ္ဂသစ္စာ မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုရမည်ဖြစ်ပါတယ်။

မဂ္ဂသစ္စာမဂ်ဉာဏ်ဖြင့် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်နှင့် တစ်ပြိုင်နက် ဒုက္ခသစ္စာကိုလည်းသိပြီး၊ သမုဒယသစ္စာကိုလည်း ပယ်ပြီးဖြစ်တော့သည်သာ ပင်ဖြစ်ပါတယ်။

ဒါကြောင့် ရှေးဆရာတော်များက "သိပယ်ဆိုက်ပွား လေးပါးကိစ္စ တပြိုင်ရ ပုံချ ပရတ်" ဟု စပ်ဆိုတော်မူခဲ့ခြင်းဖြစ်ပါတယ်။

ဤဓမ္မစကြာတရားတော်ကို ဟောကြားသည့်အခါ လူသားထဲမှ အရှင်ကောဏ္ဍည တစ်ပါးသော သောတာပန်ဖြစ်ပြီး ၁၈ ကုဋေသော နတ်ဗြဟ္မာများ ရဟန္တာဖြစ်ကြပါတယ်။ မရေမတွက်နိုင်သော နတ်ဗြဟ္မာများကတော့ သောတာပန်၊ သကဒါဂါမ် အနာဂါမ်စသည်တို့ဖြစ်ကြပါတယ်။

ဝါဆိုလပြည့်ကျော် (၁) ရက် တနင်္ဂနွေနေ့မှာ အရှင်ဝပ္ပ၊ လပြည့်ကျော် (၂) ရက် တနင်္လာနေ့မှာ အရှင် ဘဒ္ဒိယ၊ လပြည့်ကျော် (၃) ရက် အင်္ဂါနေ့မှာ အရှင်မဟာနာမ်၊ လပြည့်ကျော် (၄) ရက် ဗုဒ္ဓဟူးနေ့မှာ အရှင်အဿဇိတို့ဟာ တစ်နေ့တစ်ပါးစီ သောတာပန်တည်ကြပါတယ်။

ဝါဆိုလပြည့်ကျော်ငါးရက် ကြာသပတေးနေ့မှာတော့ မြတ်စွာဘုရားဟာ အဲဒီပဉ္စဝဂ္ဂီရဟန်း ငါးပါးစလုံးကို စုဝေးစေပြီး အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူပါတယ်။

အနတ္တလက္ခဏသုတ်မှာ -

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ တရားငါးပါးဟာ အတ္တမဟုတ်ဘူး၊ အနတ္တသာဖြစ်တယ်၊ အတိတ်အနာဂတ်ပစ္စုပ္ပန်၊ အဇ္ဈတ္တဗဟိဒ္ဓ ဩဠာရိက သုခုမ၊ ဟီန ပဏီတ၊ ဒူရ သန္တိကဆိုတဲ့ ဖြစ်ပြီးဖြစ်လတ္တံ့ ဖြစ်ဆဲ အတွင်းအပြင် ရုန့်ရင်းနု အယုတ်အမြတ်၊ အဝေးအနီး ရှိကြသော ခန္ဓာငါးပါး သင်္ခါရတရား အားလုံးဟာ မိမိအလိုအတိုင်းမဖြစ် အနတ္တတရားများသာ ဖြစ်ကြောင်း ဟောကြားတော်မူပါတယ်။

ဤအနတ္တလက္ခဏသုတ်မှာ ဉာဏ်စဉ်လေးပါးပါ ပါတယ်။

ခန္ဓာငါးပါး၌ ငြီးငွေ့သော နိဗ္ဗိဉာဏ်၊ ခန္ဓာငါးပါး၌ ငြီးငွေ့သဖြင့် ယင်းခန္ဓာငါးပါးကို မလိုချင်ပဲ ခန္ဓာငါးပါးကို မလိုချင်မတွယ်တာ ပယ်ခွာလိုက်သည်နှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့ကို ရရှိသွားပါတယ်။ ဤအနတ္တ လက္ခဏာသုတ်တော်ကို နာကြားရတဲ့ ပဉ္စဝဂ္ဂီငါးဦးတို့ဟာ ရဟန္တာဖြစ်သွားကြပါတယ်။ ဧဟိဘိက္ခု ရဟန်းအဖြစ်ကိုလည်း ရရှိကြပါတယ်။

ဤသို့ သောတာပန် အစရဟန္တာအဆုံး တလောကလုံး ညွှန်ကိုးခိုက် တွေ့ထိုက်သူများဖြစ်သွားစေနိုင်သော သုတ်တော်များဖြစ်ပါတယ်။

ဒါကြောင့် ဒီသုတ်တော်များကို ပဋ္ဌာန်းပြီး မန္တာန်ဝေ့ပြီး လိုက်နာကျင့်သုံးသူများကို အပါယ် စသော ဆင်းရဲဒုက္ခများမှ ကင်းဝေးစေပြီး လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာသုံးပါးကို ပေးစွမ်းနိုင်တဲ့ တရားတော်များဟု တရားတော်ဂုဏ်ကို အာရုံပြုပြီး ဓမ္မစကြာအခါတော်နေ့များကို ကျင်းပပေးနေခြင်းဖြစ်ပါတယ်။

ယနေ့ကြွရောက်လာကြတဲ့ သူတော်စဉ်များဟာလဲ ဒီသုတ်တော်များမှာ ပါတဲ့တရားတော်များကို သဘောကျအောင် လေ့လာပွားများအားထုတ်ကြပြီး ဆင်းရဲအားလုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သုခပဋိပဒါ ခိပ္ပါဘိညာလွယ်သော အကျင့်လျင်သော အသိဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်ကြပါစေဟု ဆန္ဒပြုဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား ။ ။

## ၃၀။ ဓမ္မစကြာအမွှန်း

(က) ဘိက္ခုနံ ပဥ္စဝဂ္ဂိနံ၊
ကပ္ပသိပတန နာမကော။
မိဂဒါယေ မမ္မဝရံ၊
ယံတံ နိဗ္ဗာနပါပကံ။

(ခ) သဟမ္ပတိ နာမကေန၊
မဟာဗြဟ္မေန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊
လောကနာထော အဒေသယိ။

(ဂ) နန္ဒိတံ သဗ္ဗဒေဝေဟိ၊
သဗ္ဗသမ္ပတ္တိ သာဓကံ။
သဗ္ဗလောက တိတတ္ထာယ၊
ဓမ္မစက္ကံ ဘဏာမ ဟေ။

(က၊ ခ) စတုသစ္စံ၊ ဤလောကဘောင် မောတမှောင်ကို ပြောင်ပြောင်ရှင်းပြ အလင်းရဖို့ ပမ္မအမှန် လေးတန်သစ္စာ တရားတော်မြတ် ရတနာကို။ ပကာသေန္တော၊ ထင်ရှားမသွေ ပြတော်မူပေတတ်သော။ ဝါ၊ သံသရာဘဝါဘဝက ထာဝရ ငြိပေလာသည့် ကိလေသာချေး အညစ်တို့ကို ဆေးပစ်ကာ တရားသဘော ရဖို့ အများသဘောကျအောင် ဟောပြထုတ်ဘော်တော်မူပေတတ်သော။ လောကနာထော၊ တစ်လောကလုံး ညွတ်ရုံးဦးခ ကိုးစားကြရာ ရတနာတုမရှိ မုနိထွတ်ထား ရှင်တော်မြတ်ဘုရားသည်။

သဟမ္ပတိနာမတေန၊ တရားမဟောရန် ဘုရားသဘောအကြံကို အမှန်သိသည့် "သဟမ္ပတိ" အမည် ရှိသော။ မဟာဗြဟ္မေန၊ ဈာန်ရောင်ဝါဖြင့် လွန်စွာ ရှုမငြီး မဟာဗြဟ္မာမင်းကြီးသည်။ ယာစိတော၊ များသတ္တဝါ ဝေနေယျာတို့ "နာသတိ ဝတ ဘော လောကော" ကျွေးတောကြွဲသ လောကတိုက်သား ဝေနေယျများကို တရားဝေးကွာ ဆုံးရှုံးမှာကို ကြင်နာယောက်ယား လွန်သနား၍ မြတ်ဘုရားထံ အကြောင်းခံလျက် တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ ပြင့်မိုရ်တောင်လုံး ခန့်နှုန်းအံ့မငြီး မျိုးဖွံ့မဆုံး ပွင့်ရှက်ပွှာနှင့်ပာကျွ ရွှေပန်းကုံးမာလာကို လက်ရုံးညှာဘွဲ့ တိုင်ဖွဲ့ဆောင်ယူ၍ "ဒေသေတု ဘန္တေ ဘဂဝါ ပပ္ပါ ပေမဿယ သုဂတော ဓမ္မံ" အစရှိသော မူလဘာသာ သဒ္ဒါထူးဖြင့် ညွတ်နူးချဉ်းကပ် တောင်းပန်အပ်သည်ဖြစ်၍။

ကပ္ပသိပတနနာမကေ၊ ပစ္စေကဗုဒ္ဓါဈာနလာဘီ တပသီတို့ မှိုခိုပျော်ပါး ကျနားရာခေတ် ဌာနအစစ် ဖြစ်သောကြောင့် "ကပ္ပသိပတန" အမည်ရသော။ ဝါ- ပစ္စေကဗုဒ္ဓါ မဟာကပ္ပသိ မြတ်ခေါင်ထိတို့ ဈာန်၏

အစွမ်း ကောင်းကင်လမ်းမှ စခန်းချဖို့ ဆင်းကြတက်ကြ ရပ်ဌာနဖြစ်သောကြောင့် "ဣသိပတန" အမည်ရသော။ မိဂဒါယေ၊ သားသပင်တို့ သက်ရှင်ကြရေး၊ ဘေးမဲ့ပေးရာ၊ မိဂဒါဝုန် ရဂုံသာပေ တောကြီးအတွင်း၌။ ဝါ-ဗာရာဏသီ ဌာန်စိုးဆိုင်အာဏာပိုင်တို့က မြိုင်ရိပ်ခိုအောင်း သားငှက်အပေါင်းတို့ကို မဖြောင်းဖျား ဒဏ် ရန်မရှိစေလင့်ဟု ဘေရီခြိမ့်ဆော် ကြော်ငြာနိုးဝေး ဘေးမဲ့ပေးရာ မိဂဒါဝုန်ရဂုံသာပေ တောကြီး အတွင်း၌။

ပဉ္စဝဂ္ဂီနံ၊ ကောဏ္ဍညာ၊ ဝပ္ပ ဘဒ္ဒိယ မဟာနာမ် ကစ်ဖန်အဿဇိ မည်ရှိအကျော် ငါးဖော်ဝဂ္ဂ စုံညီ ထင်ရှား ထေရ်မဟော်ငါးပါးတို့အား။ နိဗ္ဗာနပါပကံ၊ ဘေးဗြာယတို့ မေးမြရာမှန် ပြဟ်နိဗ္ဗာန်သို့ ဖော်နိုပေး အမှန်တကယ်ရောက်စေကတ်သော။ ဝပ္ပဝရ၊ ကရားအပုန်ကို ကေန်သဲကြောင်း လမ်းကောင်းအစစ် ကရား ပွန်တရားပြတ်ဖြစ်ပေပေသော။ ပဲ ဝပ္ပစက္က၊ အပြုင်ပြုံးစဖူး ကရားဦးဂုဏ်အထူး ကြွပြာ ဝမ္မစကြာ ခေါ်သည့် တရားပော်ပြပ်ဒေသနာကို။ အဒေသယိ၊ သံသာချိုမြိမ့်နှင့်ပုံးစိမ့်အောင် ပေဘပ်နှော်ပူခဲ့ပေပြီ။ အဒေသယိ၊ နတ်စန္ဒြ၊ အာသဠ်နှင့် ပြိုင်ညီယှဉ်တွဲ နေ့ဝင်ဆဲတွင် ယှင်နှဲ့သင်းဟုံ ပဒုပ်ကြာတိုက်နှင့် ဟူသမိုက်ပုံခင်းသော၊ ရွှေခံတွင်းကော်ဖြင့် သာယာကျူးရင့်ဟောမြွက်တော်မူခဲ့လေပြီတကား။

(ဂ) သဗ္ဗဒေဝေတိ၊ သစ္စာလေးပါးမြတ်တရားကို နားကြားလိုချင် ရွှင်တပြုံးပြုံး စုရုံးရောက်လာ နတ်ပြဟ္မာအားလုံးတို့သည်။ ဝါ၊ သောင်းလောကဓာတ် တိုက်ဘုံရပ်မှ ဆိုက်ကပ်ရောက်လာနတ်ပြဟ္မာ အပေါင်းတို့သည်။ နန္ဒိတံ၊ စန်းလငွေယုန်ကြာဖြူငုံတို့ စုံတစွင့်စွင့် အကုန်ပွင့်သို့ နားနှင့်တရားဆုံမိငြားသော် အားရရွှင်လျက် လွှန်နှစ်သက်ပေထသော။ သဗ္ဗသမ္ပတ္တိသာမဏံ၊ သမ္ပတ္တိမျိုး အကျိုးလုံးစုံ အကုန်ပြီးမြောက် ခရိုးရောက်စေတတ်သော။ တံ- ဓမ္မစက္က၊ ထိုဓမ္မစကြာ ဒေသနာဟူ ရတနာအထူး လက်ဆောင်မွန်ဟရား ဦးကို၊ ဝါ၊ ပါရမ်အမှု ကြာအရှည်စုခဲ့သဖြင့် အတုမဲ့ ဉာဏ်ရလျက် ပွန်ဝပ္ပအနှစ်ရကနာ သစ္စာလေးပါး နိုင်နှင်းဆိုဖြင့် စံရုံးကုံးတွဲ၍ နှုန်းဖွဲ့ဝေဆာ ဒေသနာပြတ်သား ထိုဓမ္မစကြာခေါ်သည့် အမြတ်ဟရားကို။ သဗ္ဗလောကဟိတတ္ထာယ၊ လူရောနတ်ရော ပြဟ္မာရောဟု တစ်လောကလုံး ရွှင်ပြုံးဝမ်းသာ ချမ်းသာစေရိုး အကျိုးစီးပွားအလို့ငှာ။

ဟေ၊ မသေရာမှန် မြိုက်နိဗ္ဗာန်ကို ကေန်လိုလား အို. . . သူတော်ကောင်းအများတို့၊ ဝါ မင်္ဂဖိုလ်နိဗ္ဗာန် ဆုကိုပန်သည့် အေးရန်လိုလား၊ အို သူတော်ကောင်း သူမြတ်ကောင်းအများတို့။ (မယ်၊ ကြည်သာနှစ်မြို့ သဒ္ဓါမချို့ကြသော အကျွန်ုပ်တို့သည်။ ဝါ၊ ဓမ္မစက္ကပဝတ္တနံ မြတ်သုတ္တန်ကို အံကြသင်ကြ ရွတ်ဖတ်ကြ၍ အရတော်လှကျိုးရှိစွဟု အားရဝမ်းသာ ပွားသဒ္ဓါမယုတ်ကြသော အများတကာ အကျွန်ုပ်တို့ သည်။) ဘဏာမ၊ ကြည်စွာသဒ္ဓါ ညွတ်နူးကာဖြင့် ညီညာဖြဖြ သာယာစွာ ရွတ်ဆိုကြပါကုန်စို့တကား၊ ဘဏာမ၊ ဘုရားမြတ်ဂုဏ် တရားဂုဏ်ကို အာရုံထားကာ အကွာရာမပျက် အနက်တည်စရာ ဤအခါတွင် ညီညာဖြဖြ သာယာစွာ ရွတ်ဆိုကြပါကုန်စို့တကား။

## ၃၁။ ဓမ္မစက္ကပ္ပဝတ္တနသုတ္တ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ * ဧဝံ မေ သုတံ - ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ -

၂။ "ဒွေ" မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ကတမေ ဒွေ? ယော စာယံ ကာမေသု ကာမသုခလ္လိကာ - နုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော၊ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၃။ ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ? အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၄။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ [၁] ဒုက္ခာ။

၅။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ[၂] နန္ဒီရာဂသဟဂတာ တတြတတြာ- ဘိနန္ဒိနီ။ သေယျထိဒံ? ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

၆။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

၇။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

၈။ "ဣဒံ ဒုက္ခံ အရိယသစ္စံ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၉။ "တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၀။ "တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၁။ "ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၂။ "တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၃။ "တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၄။ "ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၅။ "တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၆။ "တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၇။ "ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၈။ "တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၉။ "တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၀။ ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ" တိ ပစ္စညာသိံ [၁]။

၂၁။ ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ" တိ ပစ္စညာသိံ။ ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ [၁]၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။ ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

၁- အဘိသမ္ဗုဒ္ဓေါ ပစ္စညာသိံ (သီ ၊ သျာ ၊ ပီ)

၂၂။ ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ" န္တိ။

၂၃။ ပဝတ္တိတေ စ ပန ဘဂဝတော ဓမ္မစက္ကေ ဘုမ္မာ ၂ ဒေဝါ သဒ္ဒ' မနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" န္တိ။

၂၄။ ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ၃ ဒေဝါ သဒ္ဒ' မနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" န္တိ။

၂၅။ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ ။ပ။ လောကသ္မိန္တိ။

တာဝတိံ သာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ ။ပ။ လောကသ္မိန္တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ ။ပ။ လောကသ္မိန္တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ ။ ပ။ လောကသ္မိန္တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ ။ ပ။ လောကသ္မိန္တိ။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒ' မနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" န္တိ။

၂၆။ ဣတိဟ တေန ခဏေန တေန လယေန [၁] တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။ အယဉ္စ ဒသသဟဿိလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ၊ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ [၂] ဒေဝါနံ ဒေဝါနုဘာဝန္တိ။

၂၇။ အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော" တိ။ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ "အညာသိကောဏ္ဍညော" တွေဝ နာမံ အဟောသိ။

၂၈။ အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒ" န္တိ။ "ဧဟိ ဘိက္ခူ" တိ ဘဂဝါ အဝေါစ "သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ" တိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသိ။

ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ နိဋ္ဌိတံ။

၁- "တေန လယေန" တိ ပဒဒွယံ သီ -သျာ - ကံ - ပေါတ္ထကေသု နတ္ထိ။
၂- အတိက္ကမေဝ (သျာ၊က)    ၃ - အညာကောဏ္ဍညောတွေဝ (သျာ)

## ၄၂။ အနုတ္တ လက္ခဏာသုတ်အဖွင့်

(က) ဓမ္မစက္ကံ ပဝတ္တေတွာ၊ အာသဠှိယံ ဟိ ပုဏ္ဏမေ။
နဂရေ တာရာဏာသိယံ၊ ဣသိပတနဝှယေ ဝနေ။

(ခ) ပါပေတွာ ဒိဖလံနေသံ၊ အနုက္ကမေန ဒေသယိ။
ယံ တံ ပဉ္စသာ ပဉ္စမျ၊ ဝိမုတ္တတ္ထံ ဘဏာမ ဟေ။

(က) တာရာဏသိယံ၊ ဗောဓိသက်လောင်း၊ ပျောက်ဦးခေါင်းကို ကောင်းမွန်စေက၊ ကည်သည်ကမ်းကြောင်း၊ ပျောက်ဦးခေါင်းတန်၊ သမ္ဗုဒ္ဓနုဗုဒ္ဓ၊ လေျာ့ပင်ဖျားရှိလျှဦးအကြောင်းရင်းတို့ဖြေနှင့် ပလွှင်းပေါ်ပါ၊ တာရာဏသီ"အမည်ရှိသော။ ဝါ၊ ယိုးမျိုးဝေး၊ သာကင်းလွေးလျက်၊ နှံမြေးပည်ပါ၊ တရားကောင်း ထည်ရှိသော၊ နာဂရေ၊ မြို့ပြပ်ဆိုလေ၊ ဝဏလာဂူ ဝါလိုနံ၊ ပယ်ဖျ၊ ပိလျှိုး၊ နေပြည်တော်ကို နည်း။ ပွ၊ မီပယ်နှပ်ပုမော၊ ဣသိပတန၊ အမည်ရှိရ ယူ၊ သာရှုရုံ၊ စုံပြုံလွတ်ပ်း၊ ပေသမုပ်ကြီးမှာတွင်း၌။ အာသဠှိယံ ပုဏ္ဏမေ၊ ဝန်းစက်ပြည့်ဖြိုး၊ ပိုးဝါ၊ ဝဂ်လာ၊ သော်တာစန်းလ ယျှပ်းပချပ်းမြေ့ လဝါဆိုပြည့်သောနေ့၌။ နေသံ၊ ပဉ္စဝဂ္ဂ အမည်တွင်လတ် ထိုမထေရ်အရှင်မြတ်တို့အား။ ဓမ္မစက္ကံ၊ လူအရပ်ရပ်၊ နတ်အဖြာဖြာ ဗြဟ္မာ အသွယ်သွယ် အနယ်နယ်တွင် ဘယ်ရှင်နတ်လူ၊ အဘယ်သူမျှ မပြုနိုင်အား မဟောအားသည့် မကြားစဖူး၊ တရားဦးဟု၊ ထူးမြတ်လှစွာ၊ ဓမ္မစကြာတရားတော်မြတ် ဒေသနာကို။ ပဝတ္တေတွာ၊ မောဟ အမှောင်၊ လောဘထောင်၌၊ ဉာဏ်ရောင်ကင်းပ၊ အလင်းရဖို့၊ ဉာဏတေဇာ၊ ဒေသနာလက်၊ စက်တော်သံဟည်း၊ ဟောကြားတော်မူပြီးသော်။

အနုက္ကမေန၊ ဝါဆိုလပြည့် နေ့ကစလျက်၊ တစ်ရက်တစ်ပါး၊ အစဉ်အားဖြင့်။ အာဒိဖလံ၊ သောတာပတ္တိ၊ မည်ရှိပေါ်ဘိ၊ အစသုံးဖိုလ်သို့။ ပါပေတွာ၊ အရိယာကန်း၊ စခန်းပေါက်အောင်၊ လှမ်းရောက်တော်မူပြီးနောက်။ ပဉ္စမျံ ပဉ္စသာ၊ ဝါဆိုတာသာ၊ သုတ်ပက္ခ၊ ပဉ္စမအရောက်၊ ငါးရက်ပြောက်သော နေ့အခါ၌။ နေသံ၊ သောတာပတ္တိ၊ ဖိုလ်တိုင်ယိုလျှက်၊ ဖော်ဘိကျွ ပိနံ့ဝံယူ၍၊ သွင်မူပြောင်းကြ၊ အကြောင်းလှသည့် ပဉ္စဝဂ္ဂီ၊ ထိုမထေရ်မြတ်တို့၏။ ဝိမုတ္တတ္ထံ ၊ ကိလေသာစုံ၊ အကုန်ရှင်းကျွတ်၊ ကင်းလွတ်ဖို့အကျိုးငှာ။ ယံ အနုတ္တလက္ခဏံ၊ "ရူပံ ဘိက္ခဝေအနတ္တာ" ဦးတည်ကာလျှင်၊ ဒေသနာမှတ်ပြ၊ လက္ခဏာခေါ်ဆို၊ အကြင်သုတ် ဒေသနာတော်ကို။ ဝါ၊ အတ္တဖျက်ဖို့၊ လက်နက်တော်မှန်၊ နာရန်လွန်သင့်ကျင့်ရန်သင့်လျော်၊ အကြင်အနတ္တ လက္ခဏာသုတ် ဒေသနာတော်ကို။ အဒေသယိ၊ သံသာချိုင်ငြိမ်၊ နှလုံးစိမ့်အောင်၊ ဇဟာမိန့်တော်မူခဲ့လေပြီ။

တံ အနုတ္တလက္ခဏံ၊ ထိုအနတ္တလက္ခဏ မည်ရထုတ်ဖော်၊ သုတ္တန်တရားတော်ကို။ ဟေ၊ တရားတော် ဂုဏ်၊ အာရုံယူ၍ မွေ့မွေ့လျော်လျော် ပျော်ရွှင်တာတ်သူ၊ နတ်လူစားစား၊ အို တရားနာ ပရိသတ်အများတို့၊ ဝါ တရားထဲမှာ၊ အမှားမယွင်းအောင် အားခဲရည်ကာ၊ ကြည်သဒ္ဓါဖြင့် ညီညာစုပေါင်း၊ အိုသူတော်ကောင်း၊ သူမြတ်လောင်းတို့ (မယံ၊ အနာနာပ်ရပ်ပဟာဘုတ်ဖြင့်၊ ပေါင်းချုပ်ပြုလုပ် အကျွန်ုပ်တို့သည်။ ဝါ၊ ရုပ်နာဂ် နှစ်ဖြာ၊ ခန္ဓာငါး၀ ဓာတ်အမျှ၊ အနတ္တဉာဏ်၊ အမြင်သန်ရန်၊ ဝေဖန်ရှင်းထ၊ အလင်းပြသည့်၊ ဓမ္မမြတ်စွာ၊ မှတ်စရာမို့၊ သဒ္ဓါရုံထဲ၊ အာမှုံစွဲလျက်၊ အားခဲရွှင်ပျ နာယူကြကုန်သော၊ အကျွန်ုပ်တို့သည်။) ဘဏာမ၊

သဗ္ဗညုတာ၊ ဂုဏ်ပေါင်းလျှံသည့်၊ မကျန်သိတတ်၊ ရွှေဉာဏ်မြတ်ကို၊ မပြတ်ကြည်ယုံ၊ သဒ္ဓါဟုန်ဖြင့်၊ အာရုံထားကာ၊ ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။ ဝါ၊ သဒ္ဓမ္မသဿဝန်၊ အတိဒုလ္လဘံဟု၊ ဂုဏ်သံဟစ်ကာ၊ အနှစ်ရတနာကဲ့သို့၊ ချစ်သဒ္ဓါပွား၊ မေတ္တာထားကာ၊ ဤအခါတွင် ညီညာဖြဖြ၊ သာယာစွာရွတ်ဆိုကြပါကုန်စို့တကား။

## ၃၃။ အနတ္တလက္ခဏသုတ္တ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ * ဧဝံ မေ သုတံ - ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ" တိ။ "ဘဒန္တေ" တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ -

၂။ ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ" တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ" တိ။

၃။ ဝေဒနာ အနတ္တာ၊ ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ" တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ" တိ။

၄။ သညာ အနတ္တာ၊ သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ" တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ" တိ။

၅။ သင်္ခါရာ အနတ္တာ၊ သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊ လဗ္ဘေထ စ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု" န္တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ၊ န စ လဗ္ဘတိ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု" န္တိ။

၆။ ဝိညာဏံ အနတ္တာ၊ ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ" တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ" တိ။

၇။ တံ ကိံ မညထ ဘိက္ခဝေ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ။ နော ဟေတံ ဘန္တေ။

ဝေဒနာ နိစ္စာ ဝါ အနိစ္စာဝါတိ။ ပ။

သညာ နိစ္စာ ဝါ အနိစ္စာ ဝါတိ ။ပ။

သင်္ခါရာနိစ္စာ ဝါ အနိစ္စာဝါတိ ။ ပ။

ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိ တုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ။ နော ဟေတံ ဘန္တေ။

၈။ တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ" တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၉။ ယာ ကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ၊ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ" တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၀။ ယာ ကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ၊ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ သညာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ" တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၁။ ယေ ကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ၊ ယေ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗေ သင်္ခါရာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ" တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၂။ ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ" တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၃။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ "ဝိမုတ္တ" မှိတိ ဉာဏံ ဟောတိ၊ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ" တိ ပဇာနာတီတိ။

၁၄။ ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ၊ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။

အနတ္တလက္ခဏသုတ္တံ နိဋ္ဌိတံ။

၁- အဘိနန္ဒုံ (သျာ)

၃၄။ ______ ခု ______ ( ______ ) နေ့ ဝပ္ပစကြာအခါတော်နေ့

## လှည့်လည်ရေး အစီအစဉ်

## ဆိုင်းဘုတ်

## ကြေးစည်

## သာသနာ့အလံကိုင်

## အောင်သပြေဖလား

## သင်္ကန်းတော်ကြာကလပ်ကိုင်များ

## ဂေါပကအဖွဲ့

၁။ ဂေါတမမြတ်စွာဘုရားအား သင်္ကန်းကပ်လှူမည့် ဝတ်အသင်းများ

(က) (ခ) (ဂ)

၂။ မဟာဇိနိန္ဒဘော်ဘုရားအား သင်္ကန်းကပ်လှူမည့်ဝတ်အသင်းများ

(က) (ခ) (ဂ)

၃။ ကဿပမြတ်စွာဘုရားအား သင်္ကန်းကပ်လှူမည့်ဝတ်အသင်းများ

(က) (ခ) (ဂ)

၄။ <u>ကောဏာဂုံမြတ်စွာဘုရားအား သက်နှီးကပ်လှူမည့်ဝတ်အသင်းများ</u>

(က) (ခ) (ဂ)

၅။ <u>ကကုသန်မြတ်စွာဘုရားအား သက်နှီးကပ်လှူမည့်ဝတ်အသင်းများ</u>

(က) (ခ) (ဂ)

၆။ <u>ဒီပင်္ကရာ မြတ်စွာဘုရားအား သက်နှီးကပ်လှူမည့်ဝတ်အသင်းများ</u>

(က) (ခ) (ဂ)

မှတ်ချက်။ ဒီပင်္ကရာဘုရားရှေ့ရှိ မုခ်ဝမှတက်ရန်အစီအစဉ်ဖြစ်ပါသည်။

၃၅။ ဒုတိယပိုင်း။ ဗုဒ္ဓပူဇာမင်္ဂလာအခမ်းအနားအစီအစဉ်

၁။ ဝါဆိုသင်္ကန်းတော်များကို ဂေါပကအဖွဲ့ဝင်များက ဦးဆောင်၍၊ အောက်ပါအစီအစဉ်အတိုင်း မိမိတို့အသင်းနှင့် သက်ဆိုင်သော ဆင်းတုတော်များရှေ့တွင် နေရာယူကြရန်-

(က) သိရိမင်္ဂလာမဟာဗောဓိနိဿဘော်ဆင်းတုတော်။

(ခ) ကဿပရုပ်ပွားဆင်းတုတော်။

(ဂ) ကောဏာဂုံရုပ်ပွားဆင်းတုတော်

(ဃ) ကကုသန်ရုပ်ပွားဆင်းတုတော်

(င) ဒီပင်္ကရာရုပ်ပွားဆင်းတုတော်

(စ) ဂေါတမရုပ်ပွားဆင်းတုတော်

၂။ ဝါဆိုသင်္ကန်းကပ်လှူရာတွင် ဂေါပကအဖွဲ့ဝင်တစ်ဦးနှင့် အသင်းကိုယ်စားလှယ်နှစ်ဦး၊ ပေါင်းသုံးဦးသာ ပလ္လင်ပေါ်တွင် နေရာယူ၍ ကပ်လှူရန်။

၃။ ဂေါပကအဖွဲ့ဝင်များနှင့် အသင်းအဖွဲ့များသည် ရုပ်ပွားဆင်းတုတော်ရှေ့တွင် နေရာယူပြီးသည့်အခါ အောက်ပါသင်္ကန်းကပ် ပါဠိစာကို သံပြိုင်ရွတ်ဆို၍ ဝါဆိုသင်္ကန်းတော်များကို တစ်ပြိုင်တည်းကပ်လှူရန်။

၄။ သင်္ကန်းကပ်ပါဠိများ

(က) ဘော်ဆင်းတုတော်အား ကပ်လှူရန်

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ အရဟတ္တဖလ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ဝဿဝါသိကံ စီဝရံ သိရိမင်္ဂလာမဟာဗောဓိနိဿ ဗုဒ္ဓဿ ဒေမ။

အရှင်ဘုရား။ ဘုရားတပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ အရဟတ္တဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ ဤဝါဆိုသင်္ကန်းကို သိရိမင်္ဂလာမဟာဗောဓိနိဿ ဘွဲ့တော်ရသော ဘုရားရှင်အား လှူဒါန်းကြပါကုန်၏ အရှင်ဘုရား။ ။

သာဓု သာဓု သာဓု

(ခ) ကဿပဘုရားအားကပ်လှူရန်

မယံ ဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ အရဟတ္တဖလ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံဝဿဝါသိကံ စီဝရံ ကဿပဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဒေမ။

အရှင်ဘုရား၊ ဘုရားတပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ အရဟတ္တဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ၊ ဤပါဆို သင်္ကန်းကို ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ သစ္စာလေးပါးပြတ်တရားကို ပိုင်းခြား ထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသည့် ဘုန်းတော်သခင် ကကုသန်ဘုရားရှင်အား လှူဒါန်းကြပါကုန်၏ အရှင်ဘုရား။

သာဓု သာဓု သာဓု

(ဂ) ကောဏာဂုံဘုရားအား ကပ်လှူရန်

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ အရဟတ္တဖလ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ကမ္ဗံ ဝဿာဝါသိကစီဝရံ ကောဏာဂမနဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဒေမ။

အရှင်ဘုရား ဘုရားတပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ အရဟတ္တဖိုလ်ချမ်းသာနိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ ဤပါဆို သင်္ကန်းကို ပူဇော်အထူးကို ခံယူတော်မူထိုက်သော သစ္စာလေးပါးပြတ်တရားကို ပိုင်းခြား ထင်ထင်ကိုယ်တော်တိုင် သိမြင်တော်မူသည့် ဘုန်းတော်သခင် ကောဏာဂုံဘုရားရှင်အား လှူဒါန်းကြပါကုန်၏ အရှင်ဘုရား။

သာဓု သာဓု သာဓု

(ဃ) ကကုသန်ဘုရားအားကပ်လှူရန်

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ အရဟတ္တဖလ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ကမ္ဗံ ဝဿ ဝါသိကစီဝရံ ကကုသန္ဓဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဒေမ။

အရှင်ဘုရား ဘုရားတပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ အရဟတ္တဖိုလ်ချမ်းသာနိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ ဤပါဆို သင်္ကန်းကို ပူဇော်အထူးကို ခံယူတော်မူထိုက်သော သစ္စာလေးပါးပြတ်တရားကို ပိုင်းခြား ထင်ထင်ကိုယ်တော်တိုင် သိမြင်တော်မူသည့် ဘုန်းတော်သခင် ကကုသန်ဘုရားရှင်အား လှူဒါန်းကြပါကုန်၏ အရှင်ဘုရား။

သာဓု သာဓု သာဓု

(င) ဒီပင်္ကရာဘုရားအားကပ်လှူရန်

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ အရဟတ္တဖလ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ကမ္မံ ဝဿ ပါသိကဗ္ဗဝရဲ ဒီပင်္ကရဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဒေမ။

အရှင်ဘုရား ဘုရားတပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ အရဟတ္တဖိုလ်ချမ်းသာနိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ ပူဇော်ပါသော သက်န်းကို ပူဇော်အထူးကို ခံယူတော်မူလိုက်သော သစ္စာလေးပါးပြတ်တရားကို ပိုင်းခြား ထင်ထင်ကိုယ်တော်တိုင် သိမြင်တော်မူသည့် ဘုန်းတော်သခင် ဒီပင်္ကရာဘုရားရှင်အား လှူဒါန်းကြပါကုန်၏ အရှင်ဘုရား။

သာဓု သာဓု သာဓု

(စ) ဂေါတမဘုရားအားကပ်လှူရန်

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ အရဟတ္တဖလ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ကမ္မံ ဝဿ ပါသိကဗ္ဗဝရဲ ဂေါတမဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဒေမ။

အရှင်ဘုရား ဘုရားတပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ အရဟတ္တဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ ပူဇော်ပါသော သက်န်းကို ပူဇော်အထူးကို ခံယူတော်မူလိုက်သော သစ္စာလေးပါးပြတ်တရားကို ပိုင်းခြား ထင်ထင်ကိုယ်တော်တိုင် သိမြင်တော်မူသည့် ဘုန်းတော်သခင် ဂေါတမဘုရားရှင်အား လှူဒါန်းကြပါကုန်၏ အရှင်ဘုရား။

သာဓု သာဓု သာဓု

၇။ အခမ်းအနားကို "ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းစေသော်" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းရန်။

## ၃၆။ (၅) သိရိပင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့

### ရန်ကုန်မြို့

-----------ခု၊ ပါဒေါင်လပြည့် (မေတ္တာအခါတော်နေ့) သက်လွှတ်ပွဲနှင့် မမ္ပူဇာမင်္ဂလာသဘင်

အခမ်းအနားအစီအစဉ်

| စဉ် | အကြောင်းအရာ | တာဝန်ကျဝတ်အသင်း |
|---|---|---|
| ၁။ | "နမောတဿ"သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ရန်။ | |
| ၂။ | နတ်ဗြဟ္မာများကို ပင့်ဖိတ်ရန်။ | |
| ၃။ | သမ္ဗာသမ္ဗုဒ္ဓသုံးလောကကွက်ကား ပြက်တွာဘုရားကို ပင့်လျှောက်ရန်။ | |
| ၄။ | အဂ္ဂသာဝကနှစ်ဆူဖြစ်တော်မူကုန်သော လက်ျာတော်ရံ ပညာအရာဧတဒဂ်ရ အရှင်သာရိပုတ္တရာ နှင့် လက်ဝဲတော်ရံ တန်ခိုးတော်အရာ ဧတဒဂ်ရ အရှင်မဟာမောဂ္ဂလာန် ရဟန္တာအရှင်မြတ်နှစ်ပါးတို့ကို ပင့်လျှောက်ရန်။ | |
| ၅။ | ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ရန်။ | |
| ၆။ | မေတ္တာအခါတော်နေ့ မေတ္တာသုတ္တ ဓမ္မပူဇာမင်္ဂလာ ထောမနာစကားမြွက်ကြားရန်။ | |
| ၇။ | မေတ္တာသုတ်အမွှန်းကို ရွတ်ဖတ်ပူဇော်ရန်။ | |
| ၈။ | မေတ္တာသုတ်ပါဠိတော်များကို ရွတ်ဖတ်ပူဇော်ရန်။ | |
| ၉။ | မေတ္တာဘာဝနာကို (တစ်မိနစ်မျှ) စုပေါင်းပွားများရန်။ | |
| ၁၀။ | မေတ္တာသုတ်လာ မေတ္တာပွားနည်း (၁၁) နည်း လင်္ကာကို ရွတ်ဆိုကာ မေတ္တာပို့ကြရန်။ | |
| ၁၁။ | မေတ္တာပို့အမျှဝေ၍ ဆုတောင်းကာ နတ်ဗြဟ္မာများကို ပြန်ပို့ရန်။ | |
| ၁၂။ | ကမ္ဘာအေးအမျှဝေစာတန်းကို ရွတ်ဆိုပူဇော်ရန်။ | |
| ၁၃။ | ဆုတောင်းပတ္ထနာ မေတ္တာပို့ ဂါထာများကို ရွတ်ဆိုဆုတောင်းကြရန်။ | |
| ၁၄။ | ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ မေတ္တာအခါတော်နေ့ သက်လွှတ်ပွဲ ဓမ္မပူဇာမင်္ဂလာသဘင် အခမ်းအနားကို ရုပ်သိမ်းရန်။ | |

__မှတ်ချက်။__ အခမ်းအနားအပြီးတွင် ငှက်များ သက်လွှတ်ပွဲကို ကျင်းပရန်။

# ၃၇။ ဝါခေါင်လပြည့် ၊ မေတ္တာအခါတော်နေ့

ကြွရောက်တော်မူလာကြကုန်သော သိရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင်လူကြီးမင်းများ၊ ဘာသာရေး သာသနာရေး အသင်းအဖွဲ့များမှ ကိုယ်စားပြု တက်ရောက်လာကြသူများ၊ ဖည့်သည်တော်များဖြစ်ကြသည့် သာသနပါလက ပကာလျာဏာနွယ်ဝင် သူတော်စင် ဝပ္ပမိတ်ဆွေအပေါင်းတို့ခင်ဗျား ။

ယနေ့ဟာ သာသနာတော်နှစ် -------- ခုနှစ်၊ ကောဇာသက္ကရာဇ် --------- ခုနှစ်၊ ဝါခေါင်လပြည့် ----------------- ကြာသပတေးနေ့ မေတ္တာအခါတော်နေ့ဖြစ်ပါတယ်။

မေတ္တာအခါတော်နေ့ဖြစ်လို့ မေတ္တာအခါတော်နေ့နဲ့ ပတ်သက်တဲ့ မင်္ဂလာဒေသနာ စကားအနည်းငယ် ပြောကြားလိုပါတယ်။

မေတ္တာအခါတော်နေ့ဖြစ်ပေါ်လာပုံ

ရှေးဦးစွာ မေတ္တာအခါတော်နေ့ ဖြစ်ပေါ်လာပုံကို ပြောပါ့မယ်။

ဂေါတမဘွဲ့တော်ရသော သဗ္ဗညုမြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းတော်ငါးရာတို့ဟာ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို ယူဆောင်ပြီး တောအုပ်တစ်ခုမှာ ဝါကပ်တော်မူကြပါတယ်။ အဲဒီအခါမှာ ရဟန်းတော်တို့ရဲ့ သီလတန်ခိုးကြောင့် ရုက္ခစိုးနတ်များဟာ မိမိတို့နေရာမှ ဖယ်ပေးကြရပါတယ်။ နေရာဖယ်ပေးရတဲ့ နတ်အချို့က ရဟန်းတော်များကို မနေနိုင်အောင် အမျိုးမျိုးခြောက်လှန့်ကြပါတယ်။ ဒါ့ကြောင့် ရဟန်းတော်များဟာ တရားကို ဖြောင့်အောင် နှလုံးမသွင်းနိုင်ကြပဲ စိတ်ဓာတ်တွေ ခြောက်ခြားသွားကြပါတယ်။ မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ဝါတွင်းကာလမှာပင် ပြန်ပွားကြပါတယ်။

မြတ်စွာဘုရားက မေတ္တာလက်နက်ကို ယူဆောင်ပြီး တောအုပ်သို့ ပြန်သွားရန် တိုက်တွန်းပြီး မေတ္တာသုတ်တော်ကို ဟောကြားလိုက်ပါတယ်။

ရဟန်းတော်များဟာ မြတ်စွာဘုရားပေးတဲ့ မေတ္တာလက်နက်ကို ယူဆောင်ပြီး တောအုပ်သို့ရောက်တဲ့အခါ မေတ္တာပို့ကြပါတယ်။ ဒါ့ကြောင့် နတ်များက ချစ်ခင်ကြည်ညိုကြခြင်း ခရီးဦးကြိုဆိုမှုများကိုပင် ပြုလုပ်လာကြပါတယ်။

ရဟန်းတော်ငါးရာဟာ ထိုတောအုပ်မှာပင် မေတ္တာဘာဝနာပွားများပြီး၊ ဝိပဿနာတရားကို ဆက်လက်အားထုတ်ကြရာ ဝါမကျွတ်မီ အားလုံးရဟန္တာဖြစ်ကြပါတယ်။

(က) ဤရဟန်းတော်များကို အကြောင်းပြုပြီး မေတ္တာသုတ်တော်ကို ဝါတွင်းကာလ၌ ဟောကြားတော်မူခြင်း။

(ခ). ရဟန်းတော်ငါးရာကို တောအုပ်သို့ ပြန်၍ ဝါခေါင်လ၌ ပစ္ဆိမဝါကပ်တော်မူခြင်း။

(ဂ) ဤဝါခေါင်လမှာပင် ပထမသံဂါယနာ မဟာဓမ္မသဘင် ဆင်ယင်ကျင်းပတော်မူခြင်းဟူသော အကြောင်းများကြောင့် ဤဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့ခြင်းဖြစ်ပါတယ်။

မေတ္တာ၏အဓိပ္ပါယ်

မေတ္တာဆိုတာ ပါဠိဝေါဟာရဖြစ်ပါတယ်။ ဒီပါဠိဝေါဟာရကိုပင် မြန်မာမှုပြုပြီး မေတ္တာဟုပင် တိုက်ရိုက်ခေါ်ဆိုသုံးစွဲခြင်းဖြစ်ပါသည်။ အဓိပ္ပါယ်မှာ ချစ်ခြင်းဖြစ်ပါတယ်။

မေတ္တာအမျိုးအစား

မေတ္တာမှာ (၁) ကာယကံမေတ္တာ၊
(၂) ဝစီကံမေတ္တာ၊
(၃) မနောကံမေတ္တာလို့ သုံးမျိုးခွဲခြားနိုင်ပါတယ်။

သတ္တဝါတွေအပေါ် လူသားအချင်းချင်းအပေါ် အကျိုးစီးပွားကို လိုလားသောစိတ်ဖြင့် စိတ်ပါလက်ပါ ကာယကံမြောက်ကူညီပေးခြင်းကို ကာယကံမေတ္တာလို့ခေါ်ပါတယ်။

သတ္တဝါအားလုံး ဘေးရန်ကင်းကွာချမ်းသာကြပါစေ၊ သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်းကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်းကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ စသည်ဖြင့် နှုတ်ဖြင့် မြွက်ဆိုကာ အကျိုးလိုလားသောအားဖြင့် ပို့သခြင်းကို ဝစီကံ မေတ္တာလို့ခေါ်ပါတယ်။

ကိုယ်လည်းမပါ၊ နှုတ်ကလည်း မမြွက်၊ စိတ်သက်သက်ဖြင့် သတ္တဝါအားလုံး၏ အကျိုးကို လိုအားမှု ချမ်းသာစေချင်သော စိတ်အစဉ်ကလေးတွေဖြစ်ပေါ်နေမှုကို မနောကံမေတ္တာလို့ခေါ်ပါတယ်။ ဩဒိဿမေတ္တာ၊ အနောဒိဿမေတ္တာလို့လဲ နှစ်မျိုးခွဲနိုင်ပါတယ်။

ဩဒိဿမေတ္တာဆိုတာက ပုဂ္ဂိုလ်အမျိုးအစားကို ရည်ရွယ်မှန်းကား၍ ပို့သောမေတ္တာဖြစ်ပါတယ်။

အနောဒိဿမေတ္တာဆိုတာကတော့ ပုဂ္ဂိုလ်အမျိုးအစားကို ရည်ရွယ်မှန်းထားမှုမရှိဘဲ ပို့သခြင်းမျိုးဖြစ်ပါတယ်။

မေတ္တာဘာဝနာပွားများပုံ

မေတ္တာဘာဝနာပွားများနည်းမှာ မေတ္တာသုတ်လာ မေတ္တာပွားနည်း (၁၁) နည်းနှင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်လာ ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာပွားနည်းဟု နှစ်မျိုးရှိပါတယ်။

မေတ္တာသုတ်လာ မေတ္တာပွားနည်း (၁၁) နည်းကို တိပိဋကဓရ ဆရာတော်ဦးဝိစိတ္တသာရာ ဘိဝံသ ရေးသားဖွဲ့ဆိုအပ်သော လင်္ကာများဖြင့် ဖလှယ်တကူ ပို့သနိုင်ပါတယ်။

ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိတော်လာ မေတ္တာပွားနည်းကိုလည်း ဆရာတော်ပင် ရေးစပ်ထားသော အရပ်ဆယ်မျက်နှာခွဲဝေပို့သသော မေတ္တာပို့နည်းလင်္ကာများဖြင့် ပို့သနိုင်ပါတယ်။

ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာ ရေကွက်ပုံကတော့ သဗ္ဗေသတ္တာ စသော အနောဓိသပုဂ္ဂိုလ်ငါးဦး၊ သဗ္ဗာဣတ္ထိယော စသောဩဓိသပုဂ္ဂိုလ်ခုနှစ်ဦးပေါင်းလျှင် ပုဂ္ဂိုလ်ဆယ့်နှစ်ဦးဖြစ်ပါတယ်။

အဲဒီပုဂ္ဂိုလ်ဆယ့်နှစ်ဦးကို အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု ဟူသော ထူလေးထူဖြင့် မြှောက်သော် လေးဆယ့်ရှစ် (၄၈)ရပါတယ်။

အဲဒီလေးဆယ့်ရှစ် (၄၈) ကို အရပ်ဆယ်မျက်နှာဖြင့် မြှောက်သော် - (၄၈ × ၁၀ - ၄၈၀) လေးရာ့ရှစ်ဆယ်ရပါတယ်။ အဲဒီလေးရာ့ရှစ်ဆယ်ကို မူလ ၄၈ နှင့် ပေါင်းသော် (၄၈၀ + ၄၈ - ၅၂၈) ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာဖြစ်ပါတယ်။ ဤကဲ့သို့ ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာတရားဖြစ်အောင် ပွားများနိုင်ကြပါတယ်။

မေတ္တာစာတ်စွမ်းအင်

မေတ္တာတရားဟာ နာမ်တရားသာဖြစ်သော်လည်း ကြည်လင်အေးမြ၍ ငြိမ်းချမ်းသော သဘောကိုဆောင်နိုင်ကာ စွမ်းအင်သတ္တိထူးနှင့် ပြည့်စုံသော တရားတစ်ပါးဖြစ်ပါတယ်။

မေတ္တာတရားဟာ အပ္ပမညာလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး အမှန်တကယ်ကြိုးစားပွားများပါလျှင် ဈာန်တရားကို ရစေနိုင်သော တရားဖြစ်ပါတယ်။ ဈာန်တရားကို လက္ခဏာရေးသုံးပါးတင်ရှုလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုပင် ရရှိနိုင်ပါတယ်။ မေတ္တာဖြဟ္မစိုရ်ကို ပွားများနေလျှင် ကမ္ဘာလောကကြီး ထာဝရ ငြိမ်းချမ်းနိုင်ပါတယ်။

ရေမြေခြား၍ ဝေးကွာနေသော်လည်း မေတ္တာဖြင့် ဆက်သွယ်လျှင် အနီးကလေးဖြစ်နိုင်ပါတယ်။

ဥတ္တရာအမျိုးသမီးကလေးဟာ ဆီပူဖြင့် အလောင်းခံရသော်လည်း မေတ္တာစွမ်းရည်ကြောင့် မပူမလောင် ချမ်းသာခဲ့ရပါတယ်။

ထိုနည်းအတူသာမာဝတီမိဖုရားဟာ ဥတေနမင်းပစ်လွှတ်လိုက်တဲ့ ဆိပ်လူမြှားကို မေတ္တာတရားဖြင့်ပင် ကာကွယ်နိုင်ခဲ့ပါတယ်။

ထို့ပြင် မယလုလင်နှင့် အပေါင်းအဖော်များကာ မေတ္တာစာတ်ကြောင့် ဆင်မနင်းဝံ့ပဲ ချမ်းသာရာရသည့်ပြင် ဆင်ကြီးနှင့်တကွ ဆုလာဘ်များကိုပါ ရရှိခဲ့ကြဘူးပါတယ်။

မေတ္တာပွားများနေသူကို ရဲရဲတောက်နေသော သံလုံးကြီးကို ယင်ကောင်များ မကပ်နိုင်သလို မည်သည့် ရန်သူမျိုးမှ မနှိပ်စက်နိုင်ကြပါ။ ဤမျှပင စွမ်းအင်ကြီးမားထက်မြက်လှသော မေတ္တာတရားဖြစ်ပါတယ်။

မေတ္တာအကျိုးတရားများ

မေတ္တာတရားကို ရင်ဝယ်ပိုက်ထားသော ပွားများနေသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ဟာ - "အိပ်သော်ချမ်းသာ၊ နိုးလာသုခ၊ ပြတ်လှအိပ်ပျက်၊

နှစ်သက်လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊

မီးရေမဖျက်၊ ငြိမ်သက် တည်ကြည် ရွှင်ကြည်မျက်နှာ၊

သေခါမမှိုင်၊ ဗြဟ္မာထိုင်သာ၊ ဆယ့်တစ်ပါးကို

ကျမ်းဂန်ဆိုသည့်၊ လူဗိုလ်အများ၊ မေတ္တာပွား" ဟူသော အလင်္ကာအတိုင်း -

၁။ ချမ်းသာစွာ အိပ်ရခြင်း။

၂။ ချမ်းသာစွာ နိုးရခြင်း။

၃။ အိပ်မက်ဆိုးကို မမြင်မက်ခြင်း။

၄။ လူတို့၏ ချစ်မြတ်နိုးခြင်းကို ခံရခြင်း။

၅။ သားရဲဘီလူးတို့၏ ချစ်မြတ်နိုးခြင်းကို ခံရခြင်း

၆။ နတ်တို့စောင့်ရှောက်ကုန်ခြင်း။

၇။ ထိုမေတ္တာပွားများနေသော သူ့အား မီး၊ အဆိပ်၊ လက်နက်တို့ မခဲ့ ပကျ မဖျက်ဆီးနိုင်

၈။ လျင်မြန်စွာ စိတ်တည်ကြည်ခြင်း။

၉။ မျက်နှာအဆင်း အထူးကြည်လင်ခြင်း။

၁၀။ မတွေဝေမဝေသေရခြင်း။

၁၁။ အလွန်မြတ်သော (အရဟတ္တဖိုလ်) တရားကို ထိုးထွင်း၍ မသိနိုင်သေးတော် ဗြဟ္မာပြည်သို့ လားရခြင်း။ ဟူသော အကျိုးဆယ့်တစ်ပါးကို ရရှိခံစားနိုင်ကြပါတယ်။

အိုးအလုံးတစ်ရာဖြင့် တစ်နေ့သုံးခါချက်၍ လှူဒါန်းရသော ဒါနထက် နို့တစ်ညှစ်စာ အချိန်မျှပွားများရသော မေတ္တာဘာဝနာက ပို၍အကျိုးကြီးမားကြောင်း ဘုရားရှင်က ဟောကြားထားပါတယ်။

ထိုမျှမက ဆက်လက်ပွားများထားထုတ်သွားပါမူ အရှင်သုဘူတိမထေရ်ကဲ့သို့ ရဟန္တာအဖြစ်သို့ပင် ရောက်ရှိနိုင်ကြပါတယ်။ (မဌ ၄ - ၁၉၂)

ဤကဲ့သို့ အကျိုးများလှသဖြင့် မေတ္တာတရားကို ဖော်ပြထားသော မေတ္တာသုတ်ပါဠိတော်ကို မကွယ်မပ ထာဝရထွန်းလင်းတောက်ပလျက် သာသနာတော်အကျိုး လောကအကျိုးကို သည်ပိုးထမ်းရွက်ကာ လိုက်နာကျင့်သုံးကြသူ လူသူတော်စင်အပေါင်းတို့အား အပါယ်အဝရှိသော ဆင်းရဲဒုက္ခကင်းဝေးကြလျက် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမြတ်တို့ကို ရရှိနိုင်ကြပါစေရန် ရည်သန်လျက် မေတ္တာအခါတော်နေ့မြတ်ကို ကျင်းပကာ မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်နေကြရခြင်းဖြစ်ပါတယ်။

နောင်နှစ်နောင်နှစ်ခါများတွင်လည်း ယခုလို ဆက်လက်ပြီး ကျင်းပသွားနိုင်ကြပါစေလို့ ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## ၃၈။ မေတ္တသုတ်အမွှန်း

(က) ယဿာ နုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော။

(ခ) သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(က) ယဿ၊ အကြင်လူနတ်အများ တရားကျင့်ထုံး နှလုံးထဲသို့ ချစ်ကြည်ညိုစိမ့်၊ သျှိုဂါတာစစ် ရွှေနှုတ်တော် လှစ်အပ်သော မေတ္တသုတ်ပရိတ်တော်၏။ အာနုဘာဝတော၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်၊ ယက္ခာ၊ မြေ၌လွှမ်းပိုး ဘုမ္မစိုးဟု ဂုဏ်တန်ခိုးထူး နတ်ဘီလူးတို့သည်။ ဘီသနံ၊ ရုပ်သဏ္ဌာန်ဖုံဖုံ ကြောက်မက်ဖွယ်သော အာရုံကို။ နေဝဒဿေန္တိ၊ မပြပုံကြကုန်။ ယမှိ စေဝ၊ အကြင်မေတ္တသုတ် ရွှေနှုတ်ပွက်ဖော် ပရိတ်တော်ကိုလျှင်၊ အတန္ဒိတော၊ မပျင်းမရိလုံ့လရှိသည်ဖြစ်၍။ ရတ္တိံစ၊ ညဥ့်၌လည်းကောင်း၊ ဒိဝါစ နေ့၌လည်းကောင်း။ အနုယုဉ္ဇန္တော၊ အကြိမ်ကြိမ်အဖန်ဖန် ရွတ်အံသရဇ္ဈာယ်လျက်၊

(ခ) သုတ္တော၊ အိပ်သောသူသည်။ သုခံ၊ ဖြောင့်ဖြောင့်ချမ်းချမ်းသာသာ။ သုပတိ၊ အိပ်ရ၏။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ပါပံ၊ ယုတ်မာဆိုးဟောင်းမကောင်းသော အိပ်မက်ကိုလည်း။ နပဿတိ၊ မမြင်မတွေ့။ ဧဝမာဒိ ဂုဏူပေတံ၊ ဤသို့သော ဝိသေသဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော။ တံပရိတ္တံ၊ ထိုမေတ္တသုတ် ရွှေနှုတ်ပွက် ဖော် ပရိတ်တော်ကို။ ဟေ၊ သီတင်းသုံးဖက် သပဂ္ဂပေါင်းသူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

* * * * *

# ၃၉။ မေတ္တသုတ္တ

၁။ * ကရဏီယမတ္ထကုသလေန၊ ယန္တသန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ [၁] စ၊ သူဝစော စဿ မုဒု အနတိမာနီ။
၂။ သန္တုဿကော စ သုဘရော စ၊ အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊ အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။
၃။ န စ ခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ [၂] ဘဝန္တု သုခိတတ္တာ။
၄။ ယေ ကေစိ ပါဏဘူတတ္ထိ၊ တသာ ဝါ ထာဝရာ ဝနဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ [၃]၊ မဇ္ဈိမာ ရဿကာ အဏုကထူလာ။
၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ [၄]၊ ယေ ဝ [၅] ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ [၆] သမ္ဘဝေသီ ဝ [၇]၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
၆။ န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကဉ္စိ?
ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ။
၇။ မာတာ ယထာ နိယံပုတ္တံ၊ အာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။
၈။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊ မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရမသပတ္တံ။
၉။ တိဋ္ဌံ စရံ နိသိန္နော ဝ [၈]၊ သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ [၉]၊
ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မမေတံ ဝိဟာရမိဓမာဟု။
၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊ န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတီတိ။

## ၄၀။ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့
## ရန်ကုန်မြို့

### မေတ္တာသုတ်တော်လာ မေတ္တာ (၁၁) နည်းပွားပုံ

၁။ လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်ပြုပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ် မကြောက်တတ်နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်ပြုပါစေ၊
ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၃။ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်ပြုပါစေ၊
ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်ပြုပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၅။ ဘဝဟောင်းသုံး ပေါ်လုံးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်ပြုပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၆။ ရှည်ပုံ အလတ် သုံးရပ်ခန္ဓာ သတ္တဝါချမ်းသာကိုယ်စိတ်ပြုပါစေ၊
ဥပဒ်ရန်ဘေးကင်းစင်ဝေးငြိမ်းအေးကြပါစေ။

၇။ ကြီး ငယ် အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၈။ ဆူ ကြုံ အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

### အမျှဝေ

ဤသို့ပြုရ မြတ်ပုံညကို ကြီးထမြင့်ခေါင် မြင်းမိုရ်တောင်ဦး မကကျူးသား ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်တို့အား ရပြေးပါစေအမျှဝေ၏။ မသွေနိစ္စ ဤကာယကို စောင့်ထပေတတ် ကိုယ်စောင့်နတ်လည်း မလပ်စေရ ပေးဝေငှ၏။ ပိတ္တဆွေညာ ဆရာသမား ဘိုးဘွားကစ ယမရာဇာ ဒေဝါယက္ခ ကုန္ဒကုမ္ဘာ အာကာသနတ် အထူးမှတ်၍ အမြတ် ပုည ကုသလကို ရကြပါစေ အမျှဝေ၏။ သဗ္ဗေသတ္တာ သတ္တဝါဟု နာနာဘေယောက အနန္တတွင် မပြတ်စဉ်ကာ သတ္တါဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ တည်ရှိခုနစ်ပါး များစွာလုံးစုံ ကံသုံးပါးကောင်း ဖြစ်ဖြစ်သမျှ ဝေနေယျအား အမျှကုသိုလ်ပေးဝေလို၏။ ထိုကုသလ ဤပုညကို အမျှရကြသည်ဖြစ်စေသော ဝသုန္ဒရေ ဤမြေပံသု သိလာထုလည်း သက်သေအမှုတည်စေသော် ။

## ၄၁။ ကမ္ဘာ့အေးစေတီတော် မေတ္တာအခါတော်နေ့ အမျှဝေစာတမ်း

လောကီ အေးငြိမ်းချမ်းသာရေးကို သာမက၊ လောကုတ္တရာ အေးငြိမ်းချမ်းသာရေးကိုရင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံသားများသာမက ကမ္ဘာလုံးအေးငြိမ်းသာယာရေးကိုရင်း၊ အဆင့်ဆင့်အကျိုးပြုနိုင်စေရန် ဟူသောကြီးမားမြင့်မြတ်သည့် စေတနာအရင်းခံဖြင့်၊ ဆဋ္ဌသင်္ဂါယနာသီရိမင်္ဂလာကုန်းမြေတွင်၊ ဤသီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး၌ ယနေ့ယခုပြုလုပ်အပ်သော မေတ္တာအခါတော်နေ့ မင်္ဂလာသဘင်အခမ်းအနားနှင့်တကွ၊ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ သံဃပူဇာ၊ ဗုဒ္ဓါနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ၊ သံဃာနုဂ္ဂဟ၊ ဗုဒ္ဓုပဋ္ဌာန၊ ဓမ္မုပဋ္ဌာန၊ သံဃုပဋ္ဌာန၊ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စ၊ ကုသိုလ်ကောင်းမှုဟူသမျှအဖို့ ဘာဂကို ဘိုးဘွားမိဘ၊ ဆရာသခင်ကျေးဇူးရှင်အပေါင်းတို့အား အမျှပေးဝေပါ၏။

၎င်းနောက် ဖြဟ္မာဘုံ (၂၀) ၌ ရှိသမျှကုန်သော ဗြဟ္မာအပေါင်းတို့အားရင်း အထူးထူးသော နတ်တို့ကို အစိုးရသော သိကြားမင်းနှင့်တကွ၊ စတုလောကပါလနတ်မင်းကြီးများ၊ နက်စစ်သူကြီးများ၊ သာသနာစောင့်နတ်များ၊ ကမ္ဘာစောင့်နတ်များအားရင်း ဤသီရိမင်္ဂလာကမ္ဘာအေးစေတီနှင့် ဆဋ္ဌသင်္ဂါယနာသီရိမင်္ဂလာကုန်းမြေကို စောင့်ရှောက်လျက်ရှိကြကုန်သော နတ်များအားရင်း၊ ထိုမှကြွင်းသော နတ်ပြည် (၆) ထပ် ဗြဟ္မာဘုံ (၂၀) ၌ ရှိရှိသမျှကုန်သော နတ်ဗြဟ္မာအပေါင်းတို့အားရင်း၊ အမျှပေးဝေပါ၏။

ဤမေတ္တာအခါတော်နေ့ မင်္ဂလာအခါသဘင်ဆင်ယင်ကျင်းပရာတွင် ရောက်ရှိကြကုန်သော ပုညသဟာယကုသိုလ်ကောင်းမှု၊ ပြုဘော်ပြုဖက်၊ ဝမ္မမိတ်ဆွေ သူတော်စင်များကို အစပြု၍၊ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားများအားရင်း ကမ္ဘာသူကမ္ဘာသား (၇) ရက်သား (၇) ရက်သမီးများအားရင်း၊ ငရဲ-တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဘုံသူဘုံသားများအားရင်း၊ ယမမင်းကိုအားရင်း၊ ထိုမှတပါး အထက်အဝက် အောက်အဝိစိ နှံ့သီးစကြဝဠာ ဖိလာပက်ဖြင်း အကြွင်းမရှိသော (၃၁) ဘုံ ကျင်လည်ကုန်သော သတ္တ သတ္တာသတ္တဝါအပေါင်းတို့အားရင်း ကျွန်ုပ်တို့နှင့် ယပ်တူထပ်မျှ အမျှရကြစေရန် အမျှကုသိုလ်ပေးဝေပါကုန်၏။ အကြွင်းမရှိ အမျှရကြပါစေကုန်သတည်း။ အကြွင်းမရှိ အမျှရကြသည်ဖြစ်သောကြောင့် အားလုံးဝမ်းမြောက်ဝမ်းသာလမ်းဖြောချမ်းသာကြပါစေကုန်သတည်း။ ဝသုန္ဓြေ- ဤမြေပံသုသိလာထုလည်း သက်သေအရာ၌တည်ပါစေ- သောဝ်။

❖ ❖ ❖ ❖ ❖

## ၄၂ (၆) "သီရိမင်္ဂလာကမ္ဘာအေး စေတီတော်ဂေါပကအဖွဲ့"

## ရန်ကုန်မြို့

---------ခု၊ တော်သလင်းလပြည့် နေ့ ညနေ (  ) နာရီအချိန်၊ အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ကျင်းပအပ်သော ဂရုဓမ္မ အခါတော်နေ့ ဓမ္မပူဇာ မင်္ဂလာအခမ်းအနား အစီအစဉ်။

| စဉ် | အကြောင်းအရာ | တာဝန်ကျဝတ်အသင်း |
|---|---|---|
| ၁။ | "နမော တဿ" သုံးကြိမ်ရွက်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ရန်။ | |
| ၂။ | နတ်ပြဟ္မာများကို ပင့်ဖိတ်ရန်။ | |
| ၃။ | သမ္မာသမ္ဗုဒ္ဓသုံးလောကထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ရန်။ | |
| ၄။ | အဂ္ဂသာဝကနှစ်ဆူဖြစ်တော်မူကုန်သော လက်ျာတော်ရံ ပညာအရာ ဧတဒဂ်ရ အရှင်သာရိပုတ္တရာ နှင့် လက်ဝဲတော်ရံ တန်ခိုးတော်အရာ ဧတဒဂ်ရ အရှင်မဟာမောဂ္ဂလာန် ရဟန္တာအရှင်မြတ်နှစ်ပါးကို ပင့်လျှောက်ရန်။ | |
| ၅။ | ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ရန်။ | |
| ၆။ | ပင့်လျှောက်ထားသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား မြတ်စွာဘုရားထံ ဂရုဓမ္မအမည်ရသော ငါးပါးသီလကို ခံယူဆောက်တည်ကြရန်။ | |
| ၇။ | ဂရုဓမ္မအခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိက မင်္ဂလာထောမနာစကားမြွက်ကြားရန်။ | |
| ၈။ | ဂရုဓမ္မဇာတ်တော်အမွှန်းကို ရွတ်ဖတ်ပူဇော်ရန်။ | |
| ၉။ | ဂရုဓမ္မဇာတ်ပါဠိတော်နှင့် မဟာဓမ္မပါလဇာတ်ပါဠိတော်တို့ကို စုပေါင်း ရွတ်ဖတ်ပူဇော်ကြရန်။ | |
| ၁၀။ | ငါးပါးသီလကိုယ်ချင်းစာတရားကဗျာကို စုပေါင်းရွတ်ဆိုပူဇော်ကြရန်။ | |
| ၁၁။ | မေတ္တာပို့အမျှဝေ၍ ဆုတောင်းကာ နတ်ပြဟ္မာများကို ပြန်ပို့ရန်။ | |
| ၁၂။ | ဆုတောင်းပတ္ထနာ မေတ္တာပို့ကဗျာများကို ရွတ်ဆိုဆုတောင်းကြရန်။ | |
| ၁၃။ | "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကြ၍ ဂရုဓမ္မအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းရန်။ | |

**တန်ဆက်**

## ၄၃။ တော်သလင်းလ

(---------) ခုနှစ်၊ တော်သလင်းလပြည့် (--------------------) နေ့
ဂုရုဓမ္မအခါတော်နေ့၌ သိရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့
အလှည့်ကျသဘာပတိ ဦး ........................................ မြွက်ကြားအပ်သော
ဓမ္မပူဇာမင်္ဂလာသောမနာမြွက်ကြားလွှာ

ကြွရောက်တော်မူလာကြကုန်သော၊ သိရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင်လူကြီးမင်းများ၊ ဘာသာရေး၊ သာသနာရေးအသင်းအဖွဲ့များမှ ကိုယ်စားပြု တက်ရောက်လာကြကုန်သော ဂမ္ဘီရဓမ္မဆွေ သူတော်စင်အပေါင်းတို့ခင်ဗျား -

ယနေ့ဟာ သာသနာတော်နှင့် --------- ခုနှစ်၊ ကောဇာသက္ကရာဇ် ------------ ခုနှစ်၊ တော်သလင်းလပြည့် ဂုရုဓမ္မအခါတော်နေ့ဖြစ်ပါတယ်။

ဂုရုဓမ္မအခါတော်နေ့ဆိုတော့ ဂုရုဓမ္မနှင့်ပတ်သက်တဲ့ ဓမ္မပူဇာမင်္ဂလာသောမနာစကား အနည်းငယ် ပြောကြားလိုပါတယ်။

ဂုရုဓမ္မအဓိပ္ပါယ် ။ ဂုရုဓမ္မဆိုတာ ပါဠိစကားဖြစ်ပါတယ်။ ဒီစကားရဲ့အဓိပ္ပါယ်ကတော့ အလေးအမြတ်ပြုအပ်စောင့်ရှောက်အပ်သော တရားလို့အဓိပ္ပါယ်ရပါတယ်။

ဒီအလေးအမြတ်ပြုပြီး စောင့်ရှောက်အပ်တဲ့ တရားက ဘယ်တရားလဲဆိုတော့ ငါးပါးသီလတရားပဲ ဖြစ်ပါတယ်။ ဒီငါးပါးသီလတရားကိုတော့ လူကိုင်းလိုလို သိပြီးသားဖြစ်နေပါလိမ့်မည်။

ဂုရုဓမ္မ၏အခြားအမည်များ ။ ဒီငါးပါးသီလကို ဂုရုဓမ္မအမည်အပြင် ကစ်ခြားအမည်များနဲ့လည်း ခေါ်ဆိုထားကြပါသေးတယ်။ အဲဒီအမည်များကတော့ ကုရုဓမ္မ = ကုရုတိုင်းသူတို့ လိုက်နာကျင့်သုံးကြသော တရားဖြစ်ပါတယ်။ ပဉ္စသီလ = အရေအတွက်အားဖြင့် ငါးပါးရှိ၍ ပဉ္စသီလလို့လည်း ခေါ်ပါတယ်။

ဝါရိတ္တသီလ = မြတ်စွာဘုရားရှင်က ဒီအမှုမျိုးကို မပြုကျင့်ရဘူး၊ ရှောင်ကြဉ်ကြရမယ်လို့ တားမြစ်သောအားဖြင့် ပညတ်တော်မူထားတဲ့ သိက္ခာပုဒ်များဖြစ်လို့၊ ဝါရိတ္တသီလလို့လဲ ခေါ်ပါတယ်။

စက္ကဝတ္တိဓမ္မ = စကြာဝတေးမင်းများ ဓမ္မသတ်အဖြစ် သတ်မှတ်ကာ အုပ်ချုပ်သော ဥပဒေတရားဖြစ်လို့ စက္ကဝတ္တိဓမ္မလို့လဲ ခေါ်ပါတယ်။

အရိယကန္တသီလ = အရိယာသူတော်ကောင်းတို့ နှစ်သက်ပြတ်နိုးအပ်သော သီလဖြစ်လို့၊ အရိယကန္တသီလလို့လည်း ခေါ်ပါတယ်။

ဂဟဋ္ဌသီလ - လူတို့စောင့်ထိန်းအပ်တဲ့ သီလဖြစ်လို့က ဂဟဋ္ဌသီလလို့လဲ ခေါ်ပါတယ်။

နိစ္စသီလ = လူတိုင်း၊ လူတိုင်းခါးဝတ်ပုဆိုးကဲ့သို့ ပြုအောင် အမြဲမပြတ်စောင့်ထိန်းအပ်တဲ့ သီလဖြစ်လို့ နိစ္စသီလလို့လဲခေါ်ပါတယ်။

သိက္ခာပဒသီလ ။ ကျင့်သုံးအပ်၊ ကျင့်သုံးသင့်၊ ကျင့်သုံးထိုက်သော သီလဖြစ်လို့ သိက္ခာပဒသီလ လို့လည်း ခေါ်ပါတယ်။

ဓမ္မတာသီလ ။ လူမှန်လျှင် လိုက်နာကျင့်သုံးရမည့် ဓမ္မတာတရားဖြစ်လို့ ဓမ္မတာသီလလို့လည်း ခေါ်ပါတယ်။

ဂရုဓမ္မအခါတော်နေ့ပေါ်ပေါက်လာပုံ။ အထက်ပါအမည်အကျိုးမျိုးတို့ဖြင့် ချီးကျူးခေါ်ဆိုထားတဲ့ ငါးပါးသီလကို ဖော်ညွှန်းထားတဲ့ ဂရုဓမ္မဇာတ်တော်ပေါ်ပေါက်လာရခြင်းနှင့် ပတ်သက်ပြီး ဂရုဓမ္မအခါတော်နေ့ရယ်လို့ သတ်မှတ်ကျင်းပလာခဲ့ကြပါတယ်။ ဂရုဓမ္မဇာတ်တော်အကျဉ်းကတော့ ဂေါတမမြတ်စွာဘုရားနှစ်ဆူအပါက အိန္ဒိယနိုင်ငံ ကုရုတိုင်းမှာ နေကြတဲ့သူတွေဟာ လူတိုင်းကိုယ်စီ ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းကြပါတယ်။ ဒါ့ကြောင့်လဲ သူတို့နိုင်ငံဟာ မိုးလေဝသမှန်ကန်ပြီး ရာသီဥတုကောင်းမွန်လို့ ကပ်ကြီးသုံးပါးမှ လွတ်မြောက်နေကြပါတယ်။

ကုရုတိုင်းဟာ ပိုးလေဝသညီမျှတာ ရှာသွန်းနေချိန်မှာ ကာလိင်္ဂတိုင်းပြည်မှာတော့ မိုးခေါင်ပြီး ကပ်ကြီးသုံးပါးဆိုက်ရောက်နေပါတယ်။ ဒါ့ကြောင့် လူရောတိရစ္ဆာန်တွေပါ ဒုက္ခရောက်နေကြပါတယ်။ ရှေးမင်းများထုံးစံအရ မိုးရွာအောင် အလှူပေးပြီး ဘုရင်ကိုယ်တိုင် ဥပုသ်ဆောင်ဝင်ပြီး ဥပုသ်စောင့်ပါတယ်။ ဒါပေမယ့် မိုးကမရွာပဲ ဖြစ်နေပါတယ်။

ဒါနဲ့စဉ်းစားကြတဲ့အခါ ကုရုတိုင်းမှာ မိုးရွာနေတာဟာ သူတို့ပြည်မှာ အဉ္စနဆင်ဖြူတော်ကြီးရှိလို့ပဲ ဖြစ်ရမယ်လို့ အယူရှိခဲ့ကြပါတယ်။ ဒါနဲ့ဆင်ကြီးကို ရရှိအောင် ကိုယ်စားလှယ်တော်များကို လွှတ်ပြီး ရွှေနဲ့လဲရန် တောင်းဆိုစေခဲ့ကြပါတယ်။

ကုရုဘုရင်က စာနာထောက်ထားပြီး သင်တို့တိုင်းပြည်မှာ မိုးရွာမယ်ဆိုလျှင် ငါ၏ဆင်ဖြူတော်ကို ရွှေနဲ့လဲစရာ မလိုဘူး၊ မေတ္တာလက်ဆောင်ပဲပေးလိုက်ပါမယ်ဆိုပြီး ပေးလိုက်ပါတယ်။ ဆင်ကြီးရောက်သွားတော့လဲ ကာလိင်္ဂတိုင်းမှာ မိုးက ခေါင်မြဲခေါင်နေပြန်ပါတယ်။

ဒီတော့ ကာလိင်္ဂဘုရင်နဲ့ မင်းချင်းတွေဟာ စဉ်းစားကြပြန်ပါတယ်။ မိုးရွာတာဟာ ဆင်နဲ့ဘာမျှ မပတ်သက်ဘူး၊ သူတို့တိုင်းပြည်မှာ ကျင့်သုံးတဲ့ ကုရုဓမ္မကြောင့်သာ ဖြစ်ရမယ်လို့ သဘောပေါက်သွားကြပါတယ်။ ဒါကြောင့် ဒီကုရုဓမ္မကို ရွှေပြားပေါ်မှာ ကူးယူခဲ့ကြရမယ်လို့ ကိုယ်စားလှယ်တော်ကြီးများကို ထပ်မံစေလွှတ်ကြပြန်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများဟာ ကုရုတိုင်းရောက်တော့ ငါးပါးသီလမြဲကြသူများအနက် ဘုရင်၊ မယ်တော်ကြီး၊ မိဖုရား၊ အိမ်ရှေ့မင်း၊ ပုဏ္ဏားပုရောဟိတ်ကြီးစတဲ့ ပုဂ္ဂိုလ်ဆယ့်တစ်ဦးအထံမှ ငါးပါးသီလကို တောင်းပြီး၊ ရွှေပြားပေါ်မှာ ရေးယူထားခဲ့ကြပါတယ်။

တိုင်းပြည်ရောက်တဲ့အခါ ရှင်ဘုရင်ကစပြီး တစ်တိုင်း၊ တစ်ပြည်လုံးဟာ ကုရုဓမ္မခေါ်တဲ့ ငါးပါးသီလကို ကျင့်သုံးကြပါတယ်။ ဒါကြောင့် မိုးတွေရွာသွန်းပြီး ကလိင်္ဂတစ်တိုင်းတစ်ပြည်လုံး ကပ်ကြီးသုံးပါးက လွတ်ကင်းပြီး သာယာဝပြောတဲ့ နိုင်ငံကြီးဖြစ်လာပါတယ်။ ဒါဟာ ဂရုဓမ္မဇာတ်တော်အကျဉ်းဖြစ်ပါတယ်။

အဲဒီဂရုဓမ္မဇာတ်တော်ပေါ် ပေါက်လာခြင်းမှာ မိုးတွင်းကာလဖြစ်လို့ ဒီတော်သလင်းလကို ဂရုဓမ္မအခါတော်နေ့အဖြစ် သတ်မှတ်ကာ ကျင်းပရခြင်းဖြစ်ပါတယ်။

ဂရုဓမ္မသီလစောင့်ခြင်းအကျိုးများ။ ဂရုဓမ္မသီလကို စောင့်သုံးခြင်းဖြင့် ရရှိနိုင်သော အကျိုးတရားများမှာ မိုးကြယ်မကပင် များပြားလှပါသည်။
အကျဉ်းချုပ်အားဖြင့် ဖော်ပြရပါလျှင်

၁။ ကြီးကျယ်များပြားသော စည်းစိမ်ဥစ္စာကို ရရှိနိုင်ပါတယ်။

၂။ ကောင်းသောဂုဏ်သတင်းကျော်စောခြင်းရှိပါတယ်။

၃။ ပရိသတ်အလယ်၌ ရဲရဲရင့်ရင့် မျက်နှာပြုံပါတယ်။ ပင်ယုံကြည်သွားလောနိုင်ပါတယ်။

၄။ သေသောအခါမှာလဲ မတွေဝေသေရပါတယ်။

၅။ သေသည်၏ အခြားမဲ့မှာလဲ နတ်ပြည်သို့ရောက်ရပါတယ်။

အကျယ်အားဖြင့် ရရှိသော အကျိုးများကို အမြွက်မျှပြောကြားရပါမူ

၁။ ပါဏာတိပါတသိက္ခာပုဒ်ကို စောင့်ထိန်းခြင်းဖြင့် အင်္ဂါကြီးငယ်နှင့် ပြည့်စုံခြင်း၊ လျင်မြန်မှုနှင့် ပြည့်စုံခြင်း၊ ခွန်အားကြီးခြင်း၊ အခြံအရံများခြင်း၊ အဆင်းလှခြင်း၊ အနာရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း စတဲ့ အကျိုး (၂၂) မျိုးကို ရရှိနိုင်ပါတယ်။

၂။ အဒိန္နာဒါနသိက္ခာပုဒ်ကို စောင့်ထိန်းခြင်းဖြင့် ဥစ္စာပေါခြင်း၊ ချမ်းသာစွာနေရခြင်း၊ စသော ကောင်းမျိုး (၈) မျိုးကို ရရှိနိုင်ပါတယ်။

၃။ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို စောင့်ထိန်းခြင်းဖြင့် ရန်သူမရှိခြင်း၊ သူတစ်ပါးကို ချစ်ခင်မှုကို ခံရခြင်း စသော ကောင်းကျိုး (၁၇) မျိုးကို ရရှိနိုင်ပါတယ်။

၄။ မုသာဝါဒသိက္ခာပုဒ်ကို စောင့်ထိန်းခြင်းဖြင့် ဣန္ဒြေကြည်လင်ခြင်း၊ သန့်ရှင်းသောယောကျ်ားသော စကားရှိခြင်း၊ ညီညာသန့်ရှင်းသော သွားရှိခြင်းစသော ကောင်းမျိုး (၁၄) မျိုးကို ရရှိနိုင်ပါတယ်။

၅။ သုရာမေရယသိက္ခာပုဒ်ကို စောင့်ထိန်းခြင်းဖြင့် ကာလသုံးပါး၌ မမေ့လျော့ခြင်း၊ ဉာဏ်ကောင်းခြင်း၊ သတိကောင်းခြင်း၊ မရူးခြင်း၊ ပညာရှိခြင်း စသော ကောင်းကျိုး (၂၃) မျိုးကို ရရှိနိုင်ပါတယ်။

ထို့အပြင် မဟာဓမ္မပါလဇာတ်တော်၌ ငါးပါးသီလကို စွဲမြဲစွာ လုံခြုံအောင် စောင့်ထိန်းကြသဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် မသေရဘဲ သက်တန်းစေ့အောင် နေကြရခြင်း သေပြီးသည့်နောက်၌လည်း ဒုဂ္ဂတိဘဝသို့ မလားမရောက်ရခြင်း၊ တရားစောင့်သူကို တရားကပြန်စောင့်သဖြင့် ချမ်းချမ်း သာသာ ရွက်ဆောင်နိုင်ကြခြင်း စသော အကျိုးများကို ရရှိကြောင်း ဟောကြားထားပါတယ်။

ထို့မျှမက ငါးပါးသီလဟာ သောတာပန်ဖြစ်ကြောင်း၊ သောတာပန်၏ ဂုဏ်တစ်ရပ်အဖြစ် သောတာပန်အင်္ဂါများတွင်လည်း ပါဝင်နေပါတယ်။

ငါးပါးသီလကို လူတိုင်းလူတိုင်းသာ စောင့်ထိန်းနေကြပါလျှင် ကိုင်းပြည်မှာ ထောင်မဟူ၊ ဂတ်မဟူ ပင် ထားစရာမလိုတော့ဘဲ ထောင်တွေ ဂတ်တွေနဲ့ ပတ်သက်ပြီး ကုန်ကျစရာ ဘဏ္ဍာငွေအားလုံးကို တိုင်းပြည် ရဲ့ တစ်ခြားတိုးတက်ရာတိုးတက်ကြောင်း လုပ်ငန်းတွေမှာ ပိုပြီးအသုံးချနိုင်ကြမှာဖြစ်ပါတယ်။

တစ်ကမ္ဘာလုံးပင် ငြိမ်းချမ်းရေးရပြီး သာယာအေးချမ်းသော ကမ္ဘာကြီးဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ယနေ့ ဤအခမ်းအနားသို့ ကြွရောက်လာကြကုန်သော သူတော်စင်ပရိသတ်တွေများက စပြီး တစ်ကမ္ဘာလုံးရှိ ကမ္ဘာသူကမ္ဘာသားတွေဟာ ဂရုဓမ္မခေါ်တဲ့ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်း ကြကာ မျက်မှောက်ချမ်းသာဖြစ်တဲ့ သာယာဝပြောပြီး ငြိမ်းချမ်းသောကမ္ဘာကြီးကို တည်ဆောက်နိုင်ကြပြီး တမလွန်ချမ်းသာဖြစ်တဲ့ လူချမ်းသာနတ်ချမ်းသာများအပြင် မဂ်ချမ်းသာဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာများကိုပါ ရယူနိုင် မျက်မှောက်ပြုနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား ။

## ၄၄။ ဂရုဝမ္ဗဇာတ်တော်အမွှန်း

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဂရုဝံ့ သော ဒေသေသိ၊
သက္ကတ္တုံ ဂုံ ဘဏ္ဍာယ ငေက။

ဗုဒ္ဓေါ၊ သဗ်ါရ ဝိကာရ လက္ခဏာ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော ဉေယျမဏ်ငါးဖြာ၊ သစ္စာလေးတန်၊ တရားမှန်ကို၊ ဆရာမကူ၊ သယမ္ဘူဖြင့် ဒိမိအလိုလို ကိုယ်တော်တိုင် ထိုးသွင်းကာ သိမြင်တော်မူပေါက်သော သုံးလောကယွတ်ယား သဗ္ဗညုမြတ်စွာဘုရားသည်။

လောကေ၊ သတ္တလောက သင်္ခါရနှင့် ဩကာသတွင် သုံးခွင်လောက၊ သုံးဌာန၌။

သဗ္ဗပါဏိနံ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါကြွင်း၊ ခပင်းဥဿုံ၊ လုံးစုံများစွာ၊ သတ္တဝါတို့၏။

ဟိတာယ၊ လောကီလောကုတ်၊ ပေါက်ပိုးပွား၊ အကျိုးများစေခြင်းငှာ။

သမုပ္ပန္နော၊ ဥဒည်ပေါင်စွန်းမှ၊ နေလုံဝန်းယွက်ပေါ်သလို၊ ကောင်းစွာပေါ်သော၊ ပွင့်ယွန်းပေါ်ပေါက်၍ လာခဲ့ပေပြီ။

သော၊ သတ္တဝါအများ၊ ကောင်းကျိုးပွားဖို့ ထင်ရှားပသွေ့ ပွင့်ပေါ်၍လာခဲ့ပေသော၊ ကုံသုံးလောက ကျိုးဆောင်၊ ငါးပါးရှင်အောင်သော၊ မင်းခေါင်မင်းဖျား၊ ရှင်တော်မြတ်ဘုရားသည်။

သဗ္ဗပါဏိနံ၊ တိုင်းသားပြည်သူ၊ ကမ္ဘာလူကမ္ဘာသား၊ အလုံးစုံသော သတ္တဝါအများတို့၏။

ဟိတာယ၊ ဆေးဝါးလေးပါး၊ ရန်မာန်ပင်းစင်၊ လူရှင်များစွာ၊ ချမ်းသာပွားပိုး၊ အကျိုးများစေခြင်းအလို့ငှာ။

ဂရုဝံ့၊ ငါးပါးသီလ၊ ကျင့်သုံးကြ၍ ကာလိက်ပြည်သူ၊ သူဂူသူတို့ ပူဆာကင်းပ၊ ချမ်းသာရကြောင်း၊ ကောင်းမြတ်သော ဂရုဝမ္ဗဇာတ်တော်ကို။

ဒေသေသိ၊ တရားကာပညာ၊ ပြဿနာနက်ဖြင့်၊ ကောင်းစွာဝေငှ ဟောပြန့်တော်မူခဲ့လေပြီ။

တံ၊ ထိုဂရုဝမ္ဗအမည်ရသည့် သုခမင်္ဂလာ၊ ပွားလာစေတတ်၊ ဇာတ်တော်မြတ်ကို။

ဟော၊ သက်ရှည်ကျန်းမာ၊ လွန်ချမ်းသာလျက်၊ မသေရာအမှန်၊ မြတ်နိဗ္ဗာန်ကို ဖောန်လိုလား၊ အိုသူတော်ကောင်းအများတို့။

မယံ၊ ဂရုဝမ္ဗာ၊ ချိန်အခါဟု၊ မင်္ဂလာပွဲ၊ ဆင်နွဲပြုလုပ်၊ အကျွန်ုပ်တို့သည်။

သက္ကစ္စံ၊ ဟိုတွေး ဒီတော၊ စိတ်မစောပဲ၊ အဟောဝတ၊ ချမ်းသာရအောင်၊ နှုတ်ကခွန်းချို ရိုရိုသေသေ။

ဘဏာမ၊ မြတ်ဘုရားဂုဏ်၊ တရားဂုဏ်ကို အာရုံထားကာ သဒ္ဒါမပျက် အနက်တည်စရာ၊ ဤအခါတွင် ကြည်သဒ္ဓါဖြင့်၊ ညီညာဖျဖျ၊ သာယာစွာ ရွတ်ဆိုကြပါကုန်စို့တကား။

## ၄၅။ (က) ဂရုဓမ္မဇာတက (၃-၃-၆)

၁။ တဝ သဒ္ဓဉ္စ သီလဉ္စ၊ ဝိဒိတွာန ဇနာဓိပ။
ဝဏ္ဏံ အဉ္ဇနဝဏ္ဏေန၊ ကာလိင်္ဂသ္မိံ နိမိမှသေ။
၂။ အန္နဘစ္စာ စ ဘစ္စာ စ၊ ယာ ဝ ဥဒ္ဒိဿ ဂစ္ဆတိ။
သဗ္ဗေ တေ အပ္ပဋိက္ခိပ္ပါ၊ ပုဗ္ဗာစရိယဝစော ဣဒံ။
၃။ ဒဒါမိ ဝေါ ဗြာဟ္မဏာ နာဂ မေတံ၊
ရာဇာရဟံ ရာဇဘောဂ္ဂံ ယသဿိနံ။
အလင်္ကတံ ဟေမဇာလာဘိဆန္နံ၊
သသာရထိံ ဂစ္ဆထ ယေန ကာမံ။
ဂရုဓမ္မဇာတကံ ဘဏ္ဍ။

## (ခ) မဟာဓမ္မပါလဇာတက (၉)

၁။ ကိံ တေ ဝတံ ကိံ ပန ဗြဟ္မစရိယံ၊
ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော။
အက္ခာဟိ မေ ဗြာဟ္မဏ ဧတမတ္ထံ၊
ကသ္မာ နု တုမှံ ဒဟရာ န မိယျရေ။
၂။ ဓမ္မံ စရာမ န မုသာ ဘဏာမ၊
ပါပါနိ ကမ္မာနိ ပရိဝဇ္ဇယာမ။
အနရိယံ ပရိဝဇ္ဇေမု သဗ္ဗံ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။
၃။ သုဏောမ ဓမ္မံ အသတံ သတဉ္စ၊
န စာပိ ဓမ္မံ အသတံ ရောစယာမ။
ဟိတွာ အသန္တေ န ဇဟာမ သန္တေ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။
၄။ ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊
ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ။
ဒတွာပိ ဝေ နာ နုတပ္ပါမ ပစ္ဆာ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၅။ သမဏော ပယ် ဗြာဟ္မဏော အဒ္ဓိကော စ၊
နိဗ္ဗုကော ယာစနကော ဒလိဒ္ဒေ။
အန္နေန ပါနေန အဘိတပ္ပယာမ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၆။ မယဉ္စ ဘရိယံ နာတိက္ကမာမ၊
အမှေ စ ဘရိယာ နာတိက္ကမန္တိ။
အညတြ တာဟိ ဗြဟ္မစရိယံ စရာမ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၇။ ပါဏာတိပါတာ ဝိရမာမ သဗ္ဗေ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယာမ။
အမဇ္ဇပါ နောပိ မုသာ ဘဏာမ။
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၈။ ဧတာသု ဝေ ဇာယရေ သုတ္တမာသု၊
မေဓာဝိနော ဟောန္တိ ပဟူတပညာ။
ဗဟုဿုတာ ဝေဒဂုနော စ ဟောန္တိ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၉။ ဟာဟာ ပိဟာ စ ဘဂိန္ဒီ သာဟာဟရောစ၊
ပုတ္တာ စ ဒါရာ စ မယံ စ သဗ္ဗေ။
ဓမ္မံ စရာမ ပရလောကဟေတု၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၁၀။ ဒါသာ စ ဒါသျော အနုဇီဝိနော စ၊
ပရိစာရကာ ကမ္မကရာ စ သဗ္ဗေ။
ဓမ္မံ စရန္တိ ပရလောကဟေတု။
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

၁၁။ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။

၁၂။ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ
ဆတ္တံ မဟန္တံ ဝိယ ဝဿကာလေ။
ဓမ္မေန ဂုတ္တော မမ ဓမ္မပါလော၊
အညဿ အဋ္ဌီနိ သုခီ ကုမာရောတိ။

မဟာဓမ္မပါလဇာတကံ နိဋ္ဌိတံ။

# ၄၆။ ငါးပါးသီလကိုယ်ချင်းစာတရားများ

၁။ ကိုယ့်အသက်တော့၊ အသက်ထင်ကာ၊
သူ့အသက်လဲ၊ အသက်ထင်မှာ၊
ကိုယ်ကျိုး သူ့ကျိုး၊ နှစ်မျိုးကြည့်ပါ၊
ကိုယ်ချင်းများ၊ စာငြားကစ်သက်တာ။

၂။ ကိုယ့်ပစ္စည်းတော့၊ ပစ္စည်းထင်တာ၊
သူ့ပစ္စည်းလဲ၊ ပစ္စည်းထင်မှာ၊
ကိုယ်ကျိုး သူ့ကျိုး၊ နှစ်မျိုးကြည့်ပါ၊
ကိုယ်ချင်းများ၊ စာငြားကစ်သက်တာ။

၃။ ကိုယ့်သမီးတော့၊ သမီးထင်ကာ၊
သူ့သမီးလဲ၊ သမီးထင်မှာ၊
ကိုယ်ကျိုး သူ့ကျိုး၊ နှစ်မျိုးကြည့်ပါ၊
ကိုယ်ချင်းများ၊ စာငြားတစ်သက်တာ။

၄။ ကိုယ့်လိမ်ပြန်တော့၊ ပခံချင်တာ၊
သူ့လိမ်ပြန်လဲ၊ ပခံချင်မှာ၊
ကိုယ်ကျိုး သူ့ကျိုး၊ နှစ်မျိုးကြည့်ပါ၊
ကိုယ်ချင်းများ၊ စာငြားပစ်သက်တာ။

၅။ သူသောက်လိုက်တော့၊ ကိုယ်မကြိုက်တာ၊
ကိုယ်သောက်လိုက်လဲ၊ သူမကြိုက်မှာ
ကိုယ်ကျိုး သူ့ကျိုး၊ နှစ်မျိုးကြည့်ပါ၊
ကိုယ်ချင်းများ၊ စာငြားတစ်သက်တာ။

၆။ စည်းစိမ်ရလျှင်း သတင်းမွှေးကာ၊
ပရိသတ်ကြား၊ ဝင်သွားရဲစွာ၊
တွေဝေမရှိ၊ သေသည့်အခါ၊
သေသော်ငြား ရောက်သွားထက်နတ်ရွာ၊
သီလကျိုး၊ ငါးမျိုးဟောခဲ့တာ၊
မြတ်သီလပါ၊ စောင့်ကြလှပါတာ။

# ၄၇။ (၇) သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဝေယျာဝစ္စအဖွဲ့ ရန်ကုန်မြို့

၁၃    ခု၊ သီတင်းကျွတ်လပြည့် (        ) နေ့ မွန်းလွဲ (   ) နာရီအချိန်

အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအခမ်းအနား

အစီအစဉ်

| စဉ် | အကြောင်းအရာ | တာဝန်ကျအဖွဲ့အသင်း |
|---|---|---|
| ၁။ | "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ရန်။ | |
| ၂။ | အဘိဓမ္မာအခါတော်နေ့အကြောင်း လျှောက်ထုံးသံကို ရွတ်ဆိုပူဇော်ရန်။ | |
| ၃။ | ဂြေ၊ ချင့်၊ ပဂေ ကန်တော့လွှာကို ရွတ်ဆိုပူဇော်ရန်။ | |
| ၄။ | နတ်ဗြဟ္မာများကို ပင့်ဖိတ်ရန်။ | |
| ၅။ | ဘုရားရှိခိုး သုံးပိုဒ်ကို ရွတ်ဆိုပူဇော်ရန်။ | |
| ၆။ | ပဋ္ဌာန်းပစ္စယ သုံးပိုဒ်ကို ရွတ်ဆိုပူဇော်ရန်။ | |
| ၇။ | သမ္မာသမ္ဗုဒ္ဓ သုံးလောကထွဋ်ထား မြတ်စွာဘုရားကို ပင့်လျှောက်ရန်။ | |
| ၈။ | အဂ္ဂသာဝကနှစ်ပါးဖြစ်တော်မူကြသော လက်ယာတော်ရံ ပညာအရာဧတဒဂ်ရ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ တန်ခိုးတော်အရာဧတဒဂ်ရ အရှင်မဟာမောဂ္ဂလာန် ရဟန္တာအရှင်မြတ်နှစ်ပါးကို ပင့်လျှောက်ရန်။ | |
| ၉။ | အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာထောမနာစကား မြွက်ကြားရန်။ | |
| ၁၀။ | အဘိဓမ္မာအဖွင့်ကို ရွတ်ဖတ်ပူဇော်ရန်။ | |
| ၁၁။ | အဘိဓမ္မာပါဠိတော်တို့ကို ရွတ်ဖတ်ပူဇော်ကြရန်။ | |
| ၁၂။ | မေတ္တာပို့အမျှဝေ၍ ဆုတောင်းကာ နတ်ဗြဟ္မာများကို ပြန်ပို့ရန်။ | |
| ၁၃။ | ဆုတောင်းပတ္ထနာ မေတ္တာပို့ကဗျာများကို ရွတ်ဆို ဆုတောင်းမေတ္တာပို့ကြရန်။ | |
| ၁၄။ | "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းရန်။ | |

ကန့်သတ်

## ၄၈။ (က) အဘိဓမ္မာအခါတော်အကြောင်း
## လျှောက်တင်သံ

၁။ ဘုန်းပေါ်တောက်ပွား၊ ပြောက်ပါးရောင်စုံ၊
ရွှေညာပေါ်တော်စွပ်း၊ ဆုံသန်းဖုံဖုံ၊
တန်ခိုးတော်ကြွ၊ ရေပ်းစုံစုံ၊
ပြလေငြား၊ မြတ်ဖျား စိန္တေဂုဏ်။

၂။ သာဝတ္တိတိုင်း၊ သမိုင်းပြည့်သာ၊
ဉယျာဉ်တော်တွင်း၊ မြိုင်ပင်းရိပ်ဝါ။
ပရိတ်ဖြူရင်း၊ ပင်လင်းတော်ချာ၊
ပိဿာပျိုး၊ ညွတ်လျိုး လာအိမ့်ရှာ။

၃။ ပေါင်းပင်ယပ်နန်း၊ စပ်ပန်းပန့်ပွှ၊
ဖြောင်ဘိသေပန်း၊ ယက်ဝန်းဖြန့်ပုံ၊
ဖိတ်ဖိတ်လက်လက်၊ ကွန့်ထွက်လျှံဂုဏ်၊
မိုးနယ်လုံး၊ အုပ်ဖုံး ရောင်ခြည်စုံ။

၄။ ဥက္ကာလျှံလူး၊ ပျံ့ကူးယှက်ခြုံ၊
လျှပ်နွယ်သွယ်ညီး၊ ကြယ်မီးသို့ပုံ၊
ရေ-မြေ, နရက် ဘဝဂ်ဟုံကုန်၊
ပိဿာပျိုး၊ ဖျက်သျိုး ပြာဋိုဟ်။

အဘိဓမ္မာ - ဗေဒသနာ၏ နိုးစွာကြောင်းတွေ ဘာန့်ကောတည့် သရေလျှံညီ ဘာပတ္တိပုံ ပြည့်ပြိုးဟန် ဆာ ဥယျာဉ်သာဝတ် သက်ဖြာပင်စည် ရင်းဖျားလည်သား ရှုကြည့်နှံ့လူ သရက်ဖြူသည့် ပင်မူ အရင်းပိဿာ သင်းကို ပယ္ယင်းပယ်ဖင် ရွှေသုန်းယင်ဟည့် မျှးဖြင့်ပိုလ်ယု ကျွပ်တန်းလုပျက် ပယ်ဖြုံပိဿာ သီးသီးပွားဖြင့် ခေမာမြိုက်ပန်း ပန်ဆင်မြန်း၍ အံ့ခန်းပြင်ပြင် ပွဲကြီးယင်သည် - ရောင်ရှင်အချက်ပိုင်ပေသတည်း။

## (ခ) အဘိဓမ္မာအခါတော်အကြောင်း

### လျှောက်တင်သံ

၁။ မိစ္ဆာတသင်း၊ ပယ်ရှင်းစေငှာ၊
တန်ခိုးတော်သား၊ ရေ့ပ်းဖြာဖြာ၊
ရှင်တော်ရွှေဘုန်း၊ ပြုံးပုံးလေရာ၊
ယပ်ကြွင့်နှန်း၊ ဗယ်ပန်း မျှပဲ့ဒါ။

၂။ ခုနစ်ဝါမြောက်၊ ဟုန်းတောက်ယှဉ်ဝေ၊
ကရုဏာပွား၊ မြတ်ဖျားစိတ်ထွေ၊
သတ္တဝါများ၊ သနားငဲ့ငေ၊
ဝတိံနန်း၊ ကြွမြန်း ဟောဟဲ့ချေ။

၃။ မြင့်ပိုရှိမြင့်နန်း၊ တင့်ဆန်းပြည်သာ၊
မြရိပ်ဝါဝင်း၊ သာခင်းတည်စွာ၊
ကသစ်ပင်ရင်း၊ စံခင်းနေရာ၊
ကျောက်ဖျာထက်၊ စံလျက် ဟည်သောခါ။

၄။ ဖယ်တော်နတ်ပျူး၊ မြတ်ကိုးဝန်းစွာ၊
နတ်ဗြဟ္မာပေါင်း၊ သုဓမ္မာဇောင်းပူနှာ၊
သုံးလဝါတွင်း၊ ရှင်ရင်းပိန့်ရာ၊
မြတ်ဝမ္မ၊ သတ္တ ဘိဝမ္မာ။

အဘိဓမ္မာ - ဒေသနာကို ခုနစ်ဝါမြောက် ရွှေဘုန်းတောက်ဝယ် ကွန်းထောက်လှည့်လည် ထက်နတ်ပြည်၌ ဂုဏ်ရည်ထူးစွာ မိ,မာယာတည့် ရှေးခါဖြစ်ဖူး နတ်အထူးကို မြတ်မျူးပြုကာ နတ်ပြဟ္မာအား သတ္တာဘိဓမ္မ တရားလှကို ဟောပြယခင် ကျေးဇူးတင်တည့် လေးသချေနှင့် တစ်သိန်းချင့်လျှင် ရှည်မြင့် ကမ္ဘာ ဆည်းပူးပါပ ရစ္စာ ဉာဏ်ထောက် ဘိုန်တန်ပေါက်၍ ဘုံးမြောက်နွှဲဆင် ဟောပိန့်ကျင်သည် နောင် တွင်အဆက် ခိုင်စေသတည်း။

## (၈) အဘိဓမ္မာအခါတော်အကြောင်း

လျှောက်တင်သံ

၁။ နောင်ကွင်ပျက်၊ အဆက်ကည့်ရာ၊
နိပ္ပိကပွား၊ ဘုရားကြွလာ၊
လက်ျာရံပါ၊ သာရိပုတ္တာ၊
တစ်ဆင့်ဟော၊ ပြင့်ပေါ ဘိဓမ္မာ။

၂။ လူ့ပြည်လူသား၊ နာကြားစေရာ၊
ရှင်တော်ညွှန်းပြ၊ ခွန်းဟမြွက်သာ၊
ပညာခေါင်ထိ၊ သာရိပုတ္တာ၊
လယ်အလတ်၊ မိန့်အပ် ဘိဓမ္မာ။

၃။ လင်းနို့ဖြစ်ဖူး၊ သစ်ထူးဂုဏ်ရည်၊
ငါးရာရဟန်း၊ နာခန်းကြုံပြီ၊
ကျူးရင့်သံလွှပ်၊ ဝါကျွတ်အပ်၊
ပြီးအဆုံး၊ နိဂုံး ပြုံင်ခဲ့သည်။

၄။ သို့လျှင်နေ့ထူး၊ ကြုံဖူးလေရာ၊
ဘိဓမ္မာနေ့၊ မှတ်လေ့အခါ၊
ညီညာပေါင်းစု၊ ကောင်းမှုကြည်သာ၊
သံပြိုင်လွှတ်၊ ဆိုရွတ်ဘိဓမ္မာ။

အဘိဓမ္မာ - ဒေသနာကို ရောင်ဝါထွန်းလျက် စဉ်အဆက်ဖြင့် မပျက်ဆင့်ပွား နှံ့စေသားဟု စိတ်ထား ဇောမြွတ် သောပနသ်ဖြင့် ဟော,မှတ်,နာယူ စာပွဲမူတည့် စိတ်တူပွားစိး သင်းတော်ကြီးမှ ခိုင်ဖြိုးလုံ့လ ဥဿာဟဖြင့် ဓပွသဘင် ပွဲကြီးယင်တည့် ပြတ်ရှင်ဇိနော် စိန္တေယျော်ကို ပူဇော်ယုံ့ယုံ့ တုပ်ဝပ်ကျိုု့လျက် ပြန်တုံ့ကျေးဖူး ကော်ရော်မြူး၏ အထူးလျှောက်တင် ဆုပန်ဆင်သည် . . . အောင်ခွင်ဘဝင်တိုင်စေသတည်း။

## ၄၉။ ပြော်, ချင့်, ပဏာ ကန်တော့လွှာ

တိဒသပို ယာထာ ဌာယိ၊ သဗ္ဗလ္လောဟိ သုပဏ္ဏာလိ၊
ဣဒံ ပညေ တတာ ကန္တိ၊ သံသုဒ္ဓ ဗုဒ္ဓကေသရိ။

သံသုဒ္ဓ ဗုဒ္ဓကေသရိ ၊ လှနုံဖွာရစ်ပေပူး မပြစ်လေးလှသော အညစ်အကြေးကူသျှင်တို့ကို ပြုပျ ပကျန်ကြွင်းရအောင် သန့်ရှင်းသုတ်သင်ပေးပယ်ပူနိုင်သဖြင့် ပိုင်ပိုင်ယူကျူး မဖြူဆုံး ဟုမန့်နိုး ကဲလွန် ဟေမဝန် ရဂုံမို့၌ စုံမချို့မာန်အဟုန်တို့ဖြင့် ရန်သူပုန် ဝင်ဝေ့မညှဉ်းသည့် ခြင်္သေ့မင်းကေသရီနှင့် သွေတည်ပမာထားရသည့် ဘုရားကိုယ်တော်မြတ်သည်။ ဆဗ္ဗလ္လောဟိ ၊ ညိုတတန့် ဝါတလိ ဖြူအနီ ညိုးမပျက်ပဲ ပြိုးပြိုးပြက်မှိုင်းမှုန်မှုန်ဟု ဝိုင်းအုံလှည့်လည် ပြူးကွန့်စည်သော ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့်။ သုပဏ္ဏာလိ ၊ ရောင်စုံညီးညီး ရွှေတောင်ကြီးကို ပွေ့သည်းသာရောင် ပြောင်ပြောင်ဝန်းသွယ် လျှပ်ပန်းစုံ ခြယ်သကဲ့သို့ တင့်တယ်တော်မူလှသော ရုပ်ကာယကို ပသာဒစက္ခုဖြင့် ကြည့်ရှုရန်မဝံ့အောင် တလွန်းလွန့်တရှိန်ရှိန် တထိန်ထိန်တလက်လက်ဖြင့် ပေါင်းယှက်သန့်စင် ကောင်းစွာ တန်ဆာဆင်တော်မူလျက်။ တိဒသမှို ၊ သိကြားစံရာ ဝတိံသာအတွင်း ပင်လယ်ကသစ်ပင်ရင်းဝယ် ခင်းထားသည့်နေရာ ပဏ္ဍုကမ္ဗလာ ပြကျောက်ဖျာထက်၌။ ဌာယိယထာ ၊ နှပ်ပြပ္ပာတိုင်း၏ ဟျာယ်သရေကို ဖျက်ကြွအောင်နှိပ်နင်းသို့ ထွန်းလင်းသော အသရေဖြင့် ကျနွေခိုင်ကြည်လျက် တည်နေပေါ်မူသည့် အလားသို့။ ဣဒံ ဗုဒ္ဓဗိမ္ဗံ၊ သိကြားစံရာ ဝေဇယန်သို့ ပုံဟန်စံသွင်း စိပ်ကျင်းသည့် ဤဝမ္ပသဘင် ခန်းမကြီးအတွင်း၌ တဝင်းဝင်းတလက်လက် ရောင်မျိုးစုံ ရောယှက်သဖြင့် နှစ်သက်ဖွယ်ဆို ကြည်ညိုဖွယ်ထင်ရှား ဘုရားမြတ် ကိုယ်တော်စား ဤရုပ်ရှင်တော်မြတ်ဘုရားကို။ ကန္တိ၊ ရွှင်မော ရွှင်ပျ ကုသိုလ်ဟုန်ဇောကြွသဖြင့် သောမနပီတိ စီရရီရှိကြား ဘုရားတပည့်များသည်။ တထာ၊ ထိုရောင်ခြောက်သွယ် ဝန်းလှည့်လျက် ရှန်းဖိဖိ သိရ်သဏ္ဍာနှင့် ဝတိံမှာ ဘိဝမ္ပာဟောပါသည့် ပြတ်ရှင်စောပမာသွင်လို။ ပညေ၊ ဟိုအခါ ထင်ရှားရှိခဲ့သည့် အရှင်ဘုရား၏ သဏ္ဍာန်တော်ဟု အမှန်ပျော်ခါ အစဉ်တွေးတွေးပြီး ထင်တရေးရေး ရှိရပါတော့သည်ဘုရား။

* * * * *

## ၅၀။ ဘုရားနေမင်း

၁။ ဗုဒ္ဓါဒိစ္စော အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။

တေသံ သဘာဝ ဓမ္မာနံ ၊ နာမမတ္တံ န နာယရေ။

ဘောဓမ္မာ ▪ အဘိဓမ္မာ ဒေသနာကို သဒ္ဒါယွတ်ပြတ် ရှိညွတ်ပြတ်၍ မှုပ်ဖပ်ကြည်ဖြူ နာမည်ဟူ၍ ညီမူဘိတောင်း အိုသူတော်ကောင်းတို့၊ ဣဓ= မေတ္တေးရှင့်နောင် မြတ်ဘုန်းခေါင်၏ ရွှေတောင်နန်းပြေ ကျွတ်ဆုဝေသား ဇေယျာဒြိမ့်သဲ ဤအောင်ပွဲကို ကြုံခဲကြုံရ ခုလောက၌။ ဗုဒ္ဓါဒိစ္စေ ▪ အကယ်၍များ ဘုရားနေမင်း သုံးလူ့သနင်းသည်။ အနုပ္ပန္နေ ▪ သဗ္ဗညုတ ဉာဏာဇွေချက် ရွှေတောင်ထက်မှ မထွက်မပြူ ဥဒည်မမူခဲ့သည်ရှိသော်။ ဗုဒ္ဓစန္ဒေ ▪ အကယ်၍များ ဘုရားရှင်ဟူ ရောင်ဖြူပထွန်း လပြည့်ဝန်းသည်။ အနုဂ္ဂတေ = သဗ္ဗညုတ ဉာဏာဇွေချက် ရွှေတောင်ထက်မှ မထွက်မပြူ ဥဒည်မမူခဲ့သည်ရှိသော်။ တေသံ သဘာဝ ဓမ္မာနံ= အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာခြင်းရာ တူမောစွာသား ခန္ဓာငါးပါး ထိုသခ်ံတ တရားတို့၏။ နာမမတ္တံ ▪ မင်္ဂတိုင်ဖိုလ်နား သိဘိတ္ထား၍ ဤကားရုပ်မှန် ဤကားနာမ်ဟု ခေါ်ရန်ပတ္တ အမည်မျှကိုပင် လျှင်။ နနာယရေ = တစုံတစ်ယောက် ဉာဏ်ရည်မြောက်၍ ထွင်းဖောက်ပိုင်ပိုင် သိနိုင်ကြမည်မဟုတ်ပေ။ ဝါ- နနာယရေ- အဘိဓမ္မာဒေသနာကို မြတ်စွာရှင်စော ကယ်မဟောက သူရောကိုယ်ပါ ငါးခန္ဓာကို ဆံမြူလွှာ တစိတစိုးပေါ်လောက်မျှ အဝိဇ္ဇာလွှမ်းဖိမိုးသဖြင့် မသိနိုင်ရိုးဇကန် မမြင်နိုင်ရိုး မှန်လှကုန်သည် သာတည်း။

၂။ သဒ္ဓါလဒ္ဓါ ဓမ္မာလောကံ၊ ဒိဋ္ဌာ ပတ္တာ ဉာတာ သစ္စံ။

တိဏ္ဏာ ရာဂ ဒေါသာ မောဟာ၊ ထောမေသုံ တေ ဒေဝဗြဟ္မာ။

ဗုဒ္ဓါဒိစ္စသ = ယခုမှာကား ဘုရားနေမင်း သုံးလူ့သနင်း၏။ ဓမ္မာလောကံ = အဘိဓမ္မာ ဒေသနာ တန်ဆောင် တရားတည်းဟူသော အလင်းရောင်ကို။ အဒ္ဓါ = မချွတ်ကေန် အမှန်မုချအားဖြင့်။ လဒ္ဓါ= ရှေးကုသိုလ်ထောက်မ၍ လောက်ကြေည်ဖြူ အရယူမိကြသောကြောင့်လည်းကောင်း။ သစ္စံ= မြတ်သာမုက္ကဲ ဟောထုတ်ပြန်သား အမှန်လေးချက် သဘောနက်ကို။ ဒိဋ္ဌာ= ပဋိဝေဓ ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆင်ခြင် အလင်းပေါက် မြင်ကြကုန်သောကြောင့် လည်းကောင်း။ ပတ္တာ= ဝဇီရစိန်သွား ဉာဏ်စက်မြှားဖြင့် တအား ထွင်းဖောက် အရဟတ္တဖိုလ်တိုင်မြောက်အောင် ပေါက်ရောက်ကြကုန်ပြီဖြစ်သောကြောင့်လည်းကောင်း။ ဉာတာ=ပညာဆိပ်း ညီးတပြောင်ပြောင် ညှိဆောင်ကြကုန်ပြီ ဖြစ်သောကြောင့်လည်းကောင်း။ ရာဂါ ဒေါသာ မောဟာ၊ ရာဂ ဒေါသ မောဟထူပြော ကိလေသာ ရေအလျဉ်ကြောမှ။ တိဏ္ဏာ= နိဗ္ဗာန်ကွန်းတောက် ဟာကပ်း ရောက်အောင် ကူးမြောက်ကြကုန်ပြီ ဖြစ်သောကြောင့်လည်းကောင်း၊ တေဒေဝဗြဟ္မာ= သဒ္ဒါသတိန် သမာဓိန်နှင့် ပညိန္ဒိရိယငါးချက်မျှအောင် နာရဘိတောင်း ထိုအဘိဓမ္မာတရားနာ နတ်ဗြဟ္မာအပေါင်းတို့

သည်။ ကောမေသုံ• နှစ်လိုအားရမ်း ချီးပွမ်းထောပနာကြကုန်ပြီ။ ဝါ- ထောပေသုံ • သူ့ထက်ကား ငါ ဂါဂါထာဖြင့် ဖြဟ္မာပယာဂ္ဂုတ် ဘဝင်လှုပ်အောင် လက်ခုပ်သံပညာ လက်ဖျစ်တီး၍ ကောင်းချီးထွေငေါ ကြွေးကြော်ရင့်ကျူးကြကုန်ပြီတကား။

၃။ မုနိ ရာဇ ဝရော နရ ရာဇ ပရော၊ ဒိဝ် ဒေဝ ဝရော သုစိ ဖြဟ္မ ဝရော။

သကာ ပါပ ဟရော ပရ ပါပ ဟရော၊ သက ဝုဒ္ဓိ ကရော ပရ ဝုဒ္ဓိ ကရော။

မုနိ ရာဇ ဝရော • အာဂါရိက စသည်ဖြင့်ပြား မုနိများ၏ ဦးဖျားသနင်း ရဟန်းမင်းကြီးလည်း ဖြစ်တော်မူပါပေ၏။ နရ ရာဇ ဝရော • ပဒေသရာဇ် ဧကရာဇ်နှင့် နေမြစ်မန္ဓာတ် စကြဝတ်တို့သော်မှ ဦးညွတ်ခရာ လူမှာသနင်း လူမင်းမြတ်ကြီးလည်းဖြစ်တော်မူပါပေ၏။ ဒိဝိ ဒေဝ ဝရော• ခြောက်ရွာဘုံရပ် အနတ်နတ်တို့ ဦးညွတ်ခရာ ဒေဝါသနင်း နတ်မင်းမြတ်ကြီးလည်းဖြစ်တော်မူပါပေ၏။ သုစိ ဖြဟ္မ ဝရော• ကျင့်ဂုဏ်ဖြူဆွတ် ဖြဟ္မာတိုင်း ဦးညွတ်ရသည့် အထွတ်မှန်ကင်း ဖြဟ္မာမင်းကြီးလည်း ဖြစ်တော်မူပါပေ၏။ သက ပါပ ဟရော • ကိုယ်တော်မြတ်သန္တာန်ဝယ် လိမ်းကျံပေါင်းစု မကောင်းမှုတို့ကို တခုမကျန် တွန်းလှန် ပယ်ဖျောက်တော်မူပါပေ၏။ ပရ ပါပ ဟရော• ဝေနေယျတို့ သန္တာန်ဝယ် လိမ်းကျံပေါင်းစု မကောင်းမှုတို့ ကို တခုမကျန် တွန်းလှန်ပယ်ဖျောက်တော်မူနိုင်ပါပေ၏။ သက ဝုဒ္ဓိ ကရော • အနုပါဒိ နိဗ္ဗူထိအောင် မိမိအကျိုး ဖွံ့ဖြိုးမြားမြောင်ရွက်ဆောင်အားသစ်တော်မူနိုင်ပါပေ၏။ ပရဝုဒ္ဓိကရော • အနုပါဒိ နိဗ္ဗူထိအောင် သူ၏အကျိုးဖွံ့ဖြိုးမြားမြောင် ရွက်ဆောင်အားသစ်တော်မူနိုင်ပါပေ၏။ ဝါ-သက ပရဝုဒ္ဓိကရော • ကိုယ်ကျိုး သူကျိုး ဤနှစ်ကျိုးကို ဖွံ့ဖြိုးမြားမြောင် အားသစ်ဆောင်၍ ဂုဏ်တော်ရောင် ဘဝင်တိုင်ပြူးသဖြင့် ဖောင်မဂ္ဂင် ပလ္လင်တော်ဦးဝယ် ယာဉ်မျိုးကြီးတစ်ဆူ ဖြစ်တော်မူပါပေသတည်း။

## ၅၁။ ထိန်လင်းဥက္ကာ

၁။ ဥဿိဘာဝတ ဓမ္မုက္ကာ၊ သက္ကာလယိန္တိလတော။

တိလောကေ ကင္ဂနာထေန၊ ယာယ လောကော ပဘာသတေ။

ဘောန္တော - အို အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူပြတ်လောင်းတို့ . . . ၊ ယာယဓမ္မုက္ကာယ • အကြင်အဘိဓမ္မာဒေသနာနက်ခေါင်တရားတည်းဟူသော မီးရှူးတန်ဆောင်ဖြင့်။ လောကော• သတ္တလောကကြီးသည်။ ပဘာသတေ • ဤကားရုပ်နာမ် ဤနိဗ္ဗာန်တည့် ဤဟာန်ပြုသင့်မပြုသင့်ဟု နှိုင်းချင့်ပြော်ထောက် အလင်းပေါက်အောင် တွင်းဖောက်ယောင်ယောင် သိပြင်နိုင်ပါပေ၏။ သာ ဓမ္မုက္ကာ• ထိုအဘိဓမ္မာဒေသနာနက်ခေါင် တရားတည်းဟူသော မီးရှူးတန်ဆောင်ကြီးကို။ တိလောကေ ကင္ဂနာထေန • လောကခါတ်ခရိုင် ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အပ်သူ ထွက်မပြူသား တစ်ဘူတည်းသော ကိုးကွယ်ရာ ပြတ်စွာထွတ်ထား ရှင်တော်ဘုရားသည်။ သက္ကာလယိန္တ ခိလတော• ပြင့်ပိုရ်ဂိရိပ် အကျည်ထိပ်ဝယ် ဒေဝိဿရ သိကြားစံရာ ဝတီသာဟု သိဂီလျှံပြိုင် မီးရှူးတိုင်ကြီးမှ။ ဥဿိဘာဝတ • ခြည်လျှံထိန်တောက် စိုက်ဆောက်အပ်ခဲ့လေပြီတကား။ ဝါ- ဥဿိဘာဝတ•နိဗ္ဗူကွန်းထောက် ကိုယ်တော်ဆောက်လည်း မပျောက်မျက်ခြေလိုက်ကုန်စေဟု ဝတီမြေ ကျောက်ဘိုင်ဦးဆိမှ ဘိဓမ္မာ ပြိုက်ခေါင်မှူးသည် မြတ်မီးရှူး စိုက်ထောင်အပ်ခဲ့လေပြီတကား။

၂။ အဟော ဗုဒ္ဓါ အဟော ဓမ္မာ၊ အဟော နော သတ္ထု သမ္ပဒါ။

ပဘာဝံ ယေသ မာလမ္ဗ အလတ္တံ ဤဒိသံမုတိံ။

ဘောန္တော • အိုဓမ္မမိတ်ပေါင်း သူတော်ကောင်းတို့ . . . ယေသံ အကြင်ဘုရားဇိနော် စိန္တေယျော်တို့၏။ ပဘာဝံ • နိဗ္ဗူတံခါးပွင့်စေသားဟု တရားစည်ကြီး သောင်းတိုက်ဟီးအောင် ရိုက်တီးနှိုးဆော် တန်ခိုးတော်ကို။ အာလမ္ဗ• အမှီတံကဲ သဟဲတခု အစွဲပြုရသောကြောင့်လည်းကောင်း။ ယေသံ• အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်တို့၏။ ပဘာဝံ • ရှင်ရှင်လူလူ ကျင့်ကြံသူကို နိဗ္ဗူရမှူ ကျေးဇူးပြုသား နဘော်ဖြိုးဟုန် တန်ခိုးဂုဏ်ကို။ အာလမ္ဗ• အမှီတံကဲ သဟဲတခု အစွဲပြုရသောကြောင့်လည်းကောင်း။ ယေသံ• အကြင် ပိဘာမိတ်ကောင်းသပြာကောင်းတို့၏။ ပဘာဝံ• သို့မကျင့်ကောင်း သို့ကျင့်ကောင်းဟု ဖျောင်းဖြပ့်ပြင် သွန်သင်သမှု ကျေးဇူးပြုသား နဘော်ဖြိုးဟုန် တန်ခိုးဂုဏ်ကို။ အာလမ္ဗ• အမှီတံကဲ သဟဲတခု အစွဲပြုရသောကြောင့်လည်းကောင်း။ ဤဒိသံမုတိံ • ဤကားရုပ်မှန် ဤကား နာမ်တည့် ဤဟာန်ကျင့်ဆောင် ဤသို့ရှောင်၍ ဤထောင်ကိုကွင်း ဤသောင်ချဉ်းဟု လင်းလင်းသိထင် အဘိဓမ္မာဉာဏ်အမြင်ကို။ အလတ္တံ• ပုဗ္ဗေကတ ပုညသတ္တိ စက်ကောင်းမိ၍ ရရှိပိုင်ဆိုင်ခဲ့လေပြီ။ နော• အကျွန်ုပ်တို့၏။ တေဗုဒ္ဓါ • ထိုဘုရားဇိနော် စိန္တေယျော်တို့သည်။ အဟော• သံသရာနက်ဝှမ်း တဘက်ကမ်းသို့ တက်လှမ်းနိုင်ရေး နည်းမှန်ပေးသဖြင့် ကျေးဇူးကြီးကျယ် ပြော်. . . ဆပ်၍ မကုန်နိုင်ဖွယ်ပါတကား။

တေဝမှာ• ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်တို့သည်။ အဟော•အာရုံဖြန့်ပိုင်း ဉာဏ်ကသိုဏ်းဖြင့် ကြံတိုင်းကြည်နူး သဒ္ဓါဟုန်မြူးစေသဖြင့် ကျေးဇူးကြီးကျယ် ဩော်. . . ဆပ်၍မကုန်နိုင် ဖွယ်ပါတကား။ သာသတ္ထုသမ္ဘဒါ • ထိုမိဘမိတ်ကောင်း ဆရာကောင်းတို့ကို ခညောင်းခိုလှုံ ဆရာ၏ ပြည့်စုံခြင်းသည်လည်း။ အဟော• ဩော်. . . ဝမ်းမြောက်ဖွယ်ကြီးပါတကား။ ဝါ-အဟော•ဘုရားအစစ်ကို ကိုးကွယ် တရားအစစ်ကိုဆင်စလွယ် ဆရာကောင်းကို မှီတွယ်သည့် ဤနှယ်ဘဝ ဒုလ္လဘကို အရတော် လတ် ရကျိုးနပ်သဖြင့် ကောင်းမြတ်တင့်တယ် ဩော်. . . . ဝမ်းမြောက်ဖွယ်ကြီးပါတကား။

၃။ ဗုဒ္ဓါလောကာ လောကေ လောကေ၊ ဇာတော သတ္တော ကော နုမ္ဗတ္တော။
သုဒ္ဓံ ဗုဒ္ဓံ ဩယာတိဏ္ဏံ၊ သဒ္ဓေါ ပညော ကော နော ပူဇေ။

ဗုဒ္ဓါလောကာ လောကေ • ဘုရားဘုန်းခေါင် အဘိဓမ္မာ တရားရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းပ၍ နေပေထသော။ လောကေ• အဘိဓမ္မာ မြိုက်ရွှေစာတို့ ကြေငြာခြိမ့်သဲ ဤကမ္ဘာလောကကြီးထဲ၌။ ဇာတော - မဟာကုသိုလ် ပစ္စည်းကြို၍ တစ်ဆိုစလောက် ဖြစ်မြောက်ကြီးပွား၍ နေရပါသော။ ကော သတ္တော• ဘယ်နတ်ဘယ်လူ ဘယ်သတ္တဝါ ဟူဟူသမျှသည်။ အနုမ္ဗတ္တော• သည်းခြေချောက်ချား မဖောက် ပြားသူ ဖြစ်ပါမူကား။ သဒ္ဓေါ • မစွေရစ်မှေး အညစ်အကြေးမှ ကင်းဝေးစင်ကွာ သဒ္ဓါတရားရှိသူဖြစ်ပါမူကား။ ပညော•အသိအလိမ္မာ ပညာဓာတ်ခံ ထက်သန်သည့်သူ ဖြစ်ပါမူကား။ သုဒ္ဓံ• ဝါသနာအငွေ့အသက်နှင့် တကွ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်စင်ကြယ်တော်မူထသော။ ဩယာတိဏ္ဏံ- ဩဃလေးခန်း ရေပြင်ကြမ်းမှ ဘက်ကမ်းတိုင်ရောက် ကူးမြောက်တော်မူပြီးယသော။ ဗုဒ္ဓံ•သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား ပြတ်စွာဘုရားကို။ နောပူဇေ • အဘယ်မှာလျှင် သဒ္ဓါကော်ရော် မပူဇော်ပဲ ရှိပါအံ့နည်း။ ပူဇယတိဇဝ • အာမိသ, ဓမ္မ နှစ်ဌာနဖြင့် ကြည်စွာကော်ရော် စိန္တေယျော်ကို ဂုဏ်ဂုဏ်တော် လျှပ်လျှပ်ဖြိုးသော်ကြောင့် စေတနာထပ်ထပ်တိုးပြီးလျှင် အမြတ်တနိုးပူဇော်အံ့သည်သာတည်း။

၅၂။ သီတင်းကျွတ်လ

သိရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ ............... ၌၊

သီတင်းကျွတ်လပြည့် (.................) ............ နေ့ မွန်းလွဲ (......) နာရီအချိန်တွင်

ကျင်းပသော အဘိဓမ္မာ အခါတော်နေ့ အခမ်းအနားဌ် အလှည့်ကျသဘာပတိ

ဦး ................... မှ မြွက်ကြားသော ဓမ္မပူဇာမင်္ဂလာထောမနာ မြွက်ကြားလွှာ။

ကြွရောက်လာကြကုန်သော သိရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင် လူကြီးမင်းများနှင့် ဘာသာရေး၊ သာသနာရေးအသင်းအဖွဲ့များမှ ကိုယ်စားပြုတက်ရောက်လာကြကုန်သော သူတော်စင် ဓမ္မမိတ်ဆွေအပေါင်းတို့ ခင်ဗျား-

ယနေ့ဟာ သာသနာတော်နှစ် -------- နှစ်၊ ကောဇာသက္ကရာဇ် -- ခုနှစ်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ဖြစ်ပါတယ်။

အဘိဓမ္မာအခါတော်နေ့ဖြစ်လို့ အဘိဓမ္မာအခါတော်နဲ့ ပတ်သက်တဲ့ ဓမ္မပူဇော်ဟောဒေသနာတရား အနည်းငယ်ပြောကြားလိုပါတယ်။

ဒီလိုပြောကြားတဲ့အခါ -

၁။ အဘိဓမ္မာအခါတော်နေ့ဖြစ်ပေါ်လာပုံ

၂။ အဘိဓမ္မာဟူသော စကားလုံးရဲ့ အဓိပ္ပါယ်

၃။ အဘိဓမ္မာကျမ်းရဲ့ ပမာဏနှင့် ဟောကြားတဲ့ကာလ။

၄။ အဘိဓမ္မာတရားတော်ရဲ့ ထူးခြားချက်နဲ့ နက်နဲခြင်းများ။

၅။ အဘိဓမ္မာကျမ်းတွင် ပါဝင်နေတဲ့ တရားများ။

၆။ အဘိဓမ္မာကျမ်းကို ရွတ်ဖတ်လေ့လာရခြင်း၏ အကျိုးတရားများနဲ့

၇။ နိဂုံးဥယျောဇဉ်ဆိုပြီး အချက် ၇-ချက် သတ်မှတ်ပိုင်းခြားပြီး ပြောသွားမှာဖြစ်ပါတယ်။

၁။ အဘိဓမ္မာအခါတော်နေ့ဖြစ်ပေါ်လာပုံ

ကျွန်တော်တို့ရဲ့ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်များကို ဖြည့်ကျင့်ခဲ့ပြီး နောက်ဆုံးဘဝမှာ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာတို့၏ သားတော်ဖြစ်လာကာ ထီးနန်းစည်းစိမ်ကို ခံစားခဲ့ရပါတယ်။ အသက်တော် ၂၉ နှစ်မှာ တောထွက်ခဲ့ပြီး ၃၅ နှစ် အရွယ်မှာ ဘုရားအဖြစ်သို့ ရောက်ခဲ့ပါတယ်။

မဟာသက္ကရာဇ် ၁၀၀ ခုနှစ်၊ ဝါဆိုလပြည့်နေ့မှာ သာဝတ္ထိပြည် သရက်ဖြူပင်ရင်းမှာ ကိဏ္ဍိတို့ ကို နှိမ်နင်းရန် တန်ခိုးပြာဋိဟာကို ပြပြီးနောက် နှစ်လုံးသုံးဖပါးဖြင့် မယ်တော်မိနတ်သားအမှူးရှိရာ ဟောပြောသည့် တရားဖြင့် ကျေးဇူးဆပ်ရန် ကြွသွားတော်မူခဲ့ပါတယ်။

ကန့်သတ်

တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်အရင်း၌ ခင်းထားသော ပဏ္ဍုကမ္ဗလာကျောက် ဖျာထက်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေတော်မူခဲ့ပါတယ်။

ထို့နောက် မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားကို အမှူးပြု၍ တစ်သောင်းသော စကြာဝဠာမှ ရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါးဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

ဒီလိုဟောကြားတော်မူတဲ့အခါမှာ အဘိဓမ္မာတရားတော်ဟာ တစ်ပုဒ်တည်းသော တရားရှည်ကြီးဖြစ်၍ တစ်ဆက်တည်း ဟောကြားရပါတယ်။ ဝါတွင်းသုံးလ တစ်ဆက်တည်းဟောကြားခဲ့ပါတယ်။

ရှင်တော်မြတ်ဘုရားဟာ ဆွမ်းခံကြွချိန် ဆွမ်းဘုန်းပေးချိန်နှင့် နေ့သန့်တော်မူချိန်များတွင် နိမ္မိတ ကိုယ်တော်စား ဘုရားကိုထားခဲ့၍ အဓိဋ္ဌာန်ဖြင့် တစ်ဆက်တည်းဟောနေစေခဲ့ပါတယ်။

တာဝတိံသာနတ်ပြည်မှာ နိမ္မိတဘုရား တရားဟောနေချိန်တွင် ရှင်တော်မြတ်ဘုရားဟာ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား တာဝတိံသာမှာ ဟောကြားခဲ့သော တရားတော်ကို အကျဉ်းချုံးပြီး ပြန်လည်ဟောကြားခဲ့ပါတယ်။

ရှင်သာရိပုတ္တရာကလည်း မြတ်စွာဘုရားဟောကြားသော အဘိဓမ္မာတရားတော်ကို မိမိ၏ တပည့်များအား မကျဉ်းမကျယ် အလယ်အလတ်စီစဉ်၍ ပြန်လည်ဟောကြားခဲ့ပါတယ်။

ဤသို့ ဟောကြားခဲ့ရာ နတ်ပြည်မှာ နတ်ဗြဟ္မာတို့အား ဘုရားရှင် အကျယ်ဟောကြား၍ ပြီးဆုံးသော နေ့၊ ဘုရားရှင်က စန္ဒကူးတောမှာ ရှင်သာရိပုတ္တရာအား အကျဉ်းဟောကြားပြီးဆုံးသောနေ့နှင့် အရှင်သာရိပုတ္တရာက မိမိ၏ တပည့်ရဟန်းတို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် ပြန်လည်ဟော ကြားပြီးဆုံးသောနေ့တို့ဟာ ဤသီတင်းကျွတ်လပြည့်နေ့ပဲ ဖြစ်ပါတယ်။

ဤသို့ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့ အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောကြားပြီးဆုံးကြသော နေ့ဖြစ်၍ ဤသီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြခြင်းဖြစ်ပါတယ်။ ဤသို့ဖြင့် ဤအဘိဓမ္မာအခါတော်နေ့ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ — —

၂။ အဘိဓမ္မာ၏အဓိပ္ပါယ်

အဘိဓမ္မာဟူသော စကားသည် အဘိဓမ္မဟူသော ပါဠိကို မြန်မာမှုပြုထားသော ပါဠိယက်ဝေါဟာရ ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ သုတ္တန်တရားများထက် ဟောကြားပုံ ဟောကြားနည်းအားဖြင့် သာလွန်ကျယ်ပြန့်စွာ ဟောကြားထားသော တရားတော်ဟု အဓိပ္ပါယ်ရပါတယ်။

၃။ အဘိဓမ္မာကျမ်း၏ ပမာဏနှင့် ဟောကြားသည့်ကာလ

အဘိဓမ္မာကျမ်း၏ ပမာဏကို အလွယ်တကူသိနိုင် မှန်းဆနိုင်ရန် စာအုပ်အရေဖြင့် ရေတွက်ပြပါ့မယ်-

| | | |
|---|---|---|
| ၁။ ဓမ္မသင်္ဂဏီ | | ၁ အုပ် |
| ၂။ ဝိဘင်း | | ၁ အုပ် |
| ၃။ ဓာတုကထာ | } | ၁ အုပ် |
| ၄။ ပုဂ္ဂလပညတ် | | |

၅။ ကထာဝတ္ထု ၁ အုပ်

၆။ ယမိုက် ၃ အုပ်

၇။ ပဋ္ဌာန်း ၅ အုပ် ဆိုပြီး ဆဋ္ဌသင်္ဂါယနာပူစာအုပ်အရေအတွက်

၁၂ အုပ် ရှိပါတယ်။

ဤ ၁၂ အုပ်မှာ ပေယျာလမြှုပ်၍ ပုံနှိပ်ထားခြင်းဖြစ်ပါတယ်။ ပေယျာလအကုန်ဖော်၍ ပုံနှိပ်မယ်ဆိုရင် တစ်သက်လုံး အဆက်မပြတ် ရွတ်ဖတ်နေသော်မှ မဆုံးနိုင်အောင် ကျယ်ပြန့်များပြားလှပါတယ်ဟု ဘဝနတ်ယံ ပျံလွန်တော်မူသွားသော အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ပဋ္ဌာန်းဆရာတော်ဘုရားကြီးက ကြားနာမှတ်သားရဘူးပါတယ်။

ဤမျှကျယ်ပြန့်များပြားလှတဲ့ အဘိဓမ္မာပါဠိတော်ကို ရှင်တော်ဘုရားဟာ နတ်ပြည်မှာ တို့အား ဝါတွင်းသုံးလဖြင့် အပြီး ဟောကြားတော်မူခဲ့ပါတယ်။

အသေးစိတ်ဖော်ပြရမည်ဆိုရင် -

၁။ ဓမ္မသင်္ဂဏီ ၁၂ ရက်

ဝါဆိုလပြည့်ကျော် (၁) ရက်မှ လပြည့်ကျော် (၁၂) ရက်အထိ

၂။ ဝိဘင်း ၁၂ ရက်

ဝါဆိုလပြည့်ကျော် (၁၃) ရက် ဝါခေါင်လဆန်း (၉) ရက်ထိ

၃။ ဓာတုကထာ ၆ ရက်

ဝါခေါင်လဆန်း (၁၀) ရက်မှ ဝါခေါင်လပြည့်အထိ

၄။ ပုဂ္ဂလပညတ် ၇ ရက်

ဝါခေါင်လပြည့်ကျော် (၁) ရက်မှ ဝါခေါင်လပြည့်ကျော် (၇) ရက်အထိ

၅။ ကထာဝတ္ထု ၈ ရက်

ဝါခေါင်လပြည့်ကျော် (၈) ရက်မှ တော်သလင်းလဆန်း (၁) ရက်အထိ။

၆။ ယမိုက် ၂၀ ရက်

တော်သလင်းလဆန်း (၂) ရက်မှ လပြည့်ကျော် (၆) ရက်အထိ

၇။ ပဋ္ဌာန်း ၂၅ ရက်

တော်သလင်းလပြည့်ကျော် (၇) ရက်မှ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်အထိ

ရက်ပေါင်း (၉၀) ဝါတွင်းသုံးလပတ်လုံး မရပ်မနားတစပ်တည်း တစ်ဆက်တည်း ဟောကြားတော်မူခဲ့ပါတယ်။

အထက်ပါ ရက်အပိုင်းအခြားသည် လူတို့၏ ရက်အပိုင်းအခြားဖြစ်ပါတယ်။

တာဝတိံသာနတ်တို့ရဲ့ အသက်အပိုင်းအခြား ရက်အပိုင်းအခြားနှင့် ယှဉ်ကြည့်ပါက နာရီ (၂၁) နှင့် (၃၆) မိနစ်မျှသာ ကြာရှိပါတယ်။

ဤမျှရှည်လျားသော အဘိဓမ္မာတရားတော်ကို လူသားများအနေဖြင့် ကျရိယာပုဒ်တစ်ပုဒ်တည်း ပြီးပြီး အောင် နာယူနိုင်စွမ်းမရှိခြင်း။

ထို့ပြင် ထိုမျှနက်နက်ခက်ခဲသော တရားတော်ကို သာမာန်လူသားများအနေဖြင့် နားလည်နိုင်ရန် ခဲယဉ်းခြင်း။

ကျေးဇူးဆပ်ရမည့် မိခင်ဖြစ်သူကလည်း တာဝတိံသာနတ်ပြည်၌ ရှိနေခြင်း စသည့်အထက်ပါ အကြောင်းများကြောင့် အဘိဓမ္မာတရားတော်ကို လူ့ပြည်၌ မဟောကြားပဲ တာဝတိံသာနတ်ပြည်၌သာ ဟော ကြားရခြင်းဖြစ်ပါတယ်။

## ၄။ အဘိဓမ္မာတရားတော်၏ ထူးခြားချက်နှင့် နက်နဲခြင်းများ

ဤသို့ တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့သော အဘိဓမ္မာတရား တော်သည် ထူးခြားချက်လေးမျိုး၊ နက်နဲခြင်း လေးမျိုးတို့နှင့် ပြည့်စုံနေပါတယ်။

ထူးခြားချက်လေးမျိုးမှာ -

၁။ အဘိဓမ္မာတရားတော်သည် အမိကျေးဇူးဆပ်တရားဖြစ်ခြင်း။

၂။ နတ်ပြည်၌ ဟောကြားခြင်း၊

၃။ သုံးလကြာမျှ ဟောကြားရခြင်းနှင့်

၄။ ပဟာဟိဘုရားနှင့် နိဗ္ဗုတဘုရားတို့ တစ်လုံးစီ ဟောကြားခြင်းတို့ဖြစ်ကြပါတယ်။

နက်နဲခြင်းလေးမျိုးမှာ -

၁။ အဘိဓမ္မာတရားတော်သည် ပါဠိ၏နက်နဲခြင်း၊

၂။ သဘောအဓိပ္ပါယ်၏ နက်နဲခြင်း၊

၃။ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်းနှင့်

၄။ ဉာဏ်တော်၏ နက်နဲခြင်းတို့ ဖြစ်ကြပါတယ်။

## ၅။ အဘိဓမ္မာကျမ်းတွင် ပါဝင်သော တရားများ

အဘိဓမ္မာကျမ်းတွင် ပါဝင်သောတရားများကို အကျဉ်းချုပ်လိုက်ပါလျှင် ရုပ်တရားတို့၏ သဘော သဘာဝများ၊ နာမ်တရားတို့၏ သဘောသဘာဝများ၊ နိဗ္ဗာန်တရားတော်၏ သဘောသဘာဝများနှင့် ပညတ် တရားတို့၏ သဘောသဘာဝများဖြစ်ပါတယ်။

အနည်းငယ်ချဲ့ပြောရမယ်ဆိုရင် အထက်ပါတရားများကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ သတိပဋ္ဌာန် သမ္မပ္ပဓါန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်စသော တရားတော်များကို သရုပ်သချာ ဘုံ၊ ပုဂ္ဂိုလ်စသည်တို့ဖြင့် အမျိုးမျိုးအကျယ်တဝံ့ ဝေဖန်ဟောကြားထားသည်ကို တွေ့ရမည်ဖြစ်ပါတယ်။

## ၆။ အဘိဓမ္မာကျမ်းတို့ကို ရွတ်ဖတ်လေ့လာရခြင်း၏ အကျိုးများ

အထက်ပါတရားတော်များ ပါဝင်နေသော အဘိဓမ္မာကျမ်းတို့ကို ရွတ်ဖတ်လေ့လာမှတ်သားခြင်းဖြင့်၊ အဘိဓမ္မာတရားတော်များကို နားလည်သဘောပေါက်လာနိုင်ခြင်း။

ထိုသို့နားလည်သဘောပေါက်လာသဖြင့် သတ္တဝါဟူသည် ယောက်ျားမိန်းမဟုခေါ် သည့် ရုပ်တရား၊ နာမ်တရားတို့၏ အစုအဝေးမျှသာဖြစ်သည်။ ပရမတ္ထဖြစ်သော ရုပ်နာမ်အစုအဝေးကို သမ္မုတိနည်းအရ ပုဂ္ဂိုလ် ပညတ်စသည့် ပညတ်အားဖြင့် ယောက်ျား မိန်းမ၊ လူ၊ ခွေး၊ မြင်း၊ သင် ဟု ခေါ်ဝေါ်နေကြခြင်းသာ ဖြစ်ပါတယ်။

ဤရုပ်တရား၊ နာမ်တရားတို့သည်လည်း ဥပါဒ်ဌီဘင်အားဖြင့် အစဉ်သဖြင့် ဖြတ်ဖြတ်ပျက်နှင့် အဆက်မပြတ်ပျက်နေသော သဘောတရားများသာ ဖြစ်သည်ဟု သဘောပေါက်ကာ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်စသည်ဖြင့် ဝိပဿနာဉာဏ်များကိုပင် ရရှိလာနိုင်ကြပါတယ်။ ဤသို့သော ဉာဏ်များကို ရရှိသဖြင့် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိတို့ လျော့ပါးပယ်ခွာနိုင်သည့်အဆင့်အထိ ရရှိနိုင်ကြပါတယ်။

အတ္တဒိဋ္ဌိသက္ကာယ ဒိဋ္ဌိကို ပယ်ခွာနိုင်လျှင် ပစ္စုပ္ပန်၌ ကြီးပွားချမ်းသာခြင်းအကျိုး တမလွန်၌ အပါယ်ဘေးမှ ကင်းဝေးခြင်းအကျိုး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရခြင်း အကျိုးတို့ကို ရရှိခံစားမျက်မှောက်ပြုသွားနိုင်ကြမှာ ဖြစ်ပါတယ်။

ယခုလို အသိဉာဏ်နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်သာသနာ့ဝင်သူတော်စင် လူသားများတို့ ပေါ်ပေါက်ခဲ့ပြီးမှ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြတဲ့ လင်းနို့သားငါးရာတို့ဟာ အဘိဓမ္မာတရားတော်ကို အဓိပ္ပါယ်ကို မသိနားမလည်ပဲ အသံကို ကြားနာရမှုမျှဖြင့် နတ်ပြည်၌ ဖြစ်ကာ နတ်ချမ်းသာများကို ရရှိခံစားကြရပါတယ်။

နတ်ပြည်မှ စုတေပြီး လူ့ဘဝသို့ ရောက်တဲ့အခါမှလည်း အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းတော်များဖြစ်လာကြရပါတယ်။ အရှင်သာရိပုတ္တရာရဲ့ တပည့်ရဟန်းတော်များ ဖြစ်လာတဲ့ လင်းနို့သားငါးရာထဲမှာ လင်းနို့ဘဝက လင်းနို့မကလေးများလည်း ပါနိုင်ပါတယ်။ အဲဒီလင်းနို့မကလေးတွေဟာ အဘိဓမ္မာတရားကို နာရလို့ ယခုမြတ်စွာဘုရားလက်ထက်မှာ အမျိုးသားတွေအားလုံးဖြစ်လာကြပါတယ်။ အဘိဓမ္မာတရားနာရတဲ့ အကျိုးမှာ အမျိုးသမီးဘဝမှ အမျိုးသားဘဝသို့ ရောက်စေနိုင်တယ်လို့ ဖော်ပြရာရောက်ပါတယ်၊ ဒါကြောင့် အမျိုးသားဘဝကို ရလိုကြတဲ့ အမျိုးသမီးများ အဘိဓမ္မာကို နာကြားလေ့လာပြီး ရယူနိုင်ကြပါတယ်။

အရှင်သာရိပုတ္တရာသင်ကြားပေးတဲ့ အဘိဓမ္မာတရားတော်တို့ကို ထပ်ပံနာကြားရသဖြင့် အဘိဓမ္မာဆောင် ရဟန်းတော်များ ဖြစ်ကာ သာသနာတော်ကို ချီးမြှောက်နိုင်ခဲ့ကြပါတယ်။ ဒါ့ပြင် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်အကျိုးတရားများကိုလည်း ရရှိသွားနိုင်ခဲ့ကြပါတယ်။

ဒါ့ပြင် ယနေ့ ရွတ်ဖတ်ပူဇော်နေတဲ့ အဘိဓမ္မာတရားတော်ဟာ လူပြည်မှာသာ နှစ်ပေါင်းများစွာ ကြာနေသော်လည်း တာဝတိံသာနတ်ပြည်မှာ နတ်တို့ အသက်အားဖြင့် ရေတွက်လျှင် လပိုင်းနှစ်ပိုင်းမျှသာ ကြာဦးမည်ဖြစ်ပါတယ်။

ဒါကြောင့် အဘိဓမ္မာတရားတော်ကို နာကြားထားခဲ့ရတဲ့ နတ်တွေဟာ အသက်ကောင်းများရှိနေဦးမှာ ဖြစ်ပါတယ်။ ဒီနတ်တွေဟာ အဘိဓမ္မာတရားတော်ကို နာကြားချင်စိတ်ရှိနေကြဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူ့ပြည်မှာ ဘယ်ပုဂ္ဂိုလ်များ အဘိဓမ္မာကို ရွတ်ပွားသရဇ္ဈာယ်နေပါလိမ့်ဟု ငံ့လျှော်ကြည့်ရှုမျှော်ရှိနေပါလိမ့်မည်။

အဘိဓမ္မာရွတ်နေသူကို တွေ့ရတဲ့အခါ အဘိဓမ္မာတရားကို နာကြားရန် ထိုသူ့ထံသို့ ချဉ်းကပ်နာယူကြမှာ ဖြစ်ပါတယ်။ အဘိဓမ္မာရွတ်ပွားသရဇ္ဈာယ်နေသူကိုလည်း ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် ဆက်လက်ရွတ်ဖတ်ပူဇော်နိုင်ရန် စောင့်ရှောက်ကြည့်ရှုကြမှာဖြစ်ပါတယ်။

ဤသို့ဖြင့် အဘိဓမ္မာတရားတော်ကို ရွတ်ပွားသရဇ္ဈာယ်နေသူဟာ နတ်ပြိတ်နတ်ကောင်းတို့၏ အကူအညီအစောင့်အရှောက်ကို ရရှိနိုင်ကြမှာဖြစ်ပါတယ်။

နတ်ပြိတ်နတ်ကောင်းတို့၏ အကူအညီကို ရရှိကြသဖြင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာ ရွှင်လန်းကာ အလုပ်အကိုင်အရောင်းအဝယ် အသွယ်သွယ်သော ကိစ္စတို့၌ အကြံကောင်း ဉာဏ်ကောင်းများ ရရှိနိုင်ကြမှာဖြစ်ပါတယ်။

အကြံကောင်း ဉာဏ်ကောင်း အဆက်အသွယ်ကောင်းများကို ရရှိကြကာ၊ စီးပွားဥစ္စာရာထူးတို့ကို သိရှိစည်းစိမ်ချမ်းသာ တိုးတက်ခြင်း၊ ကုသိုလ်တရားများနဲ့ လုံ့လစိုက်ကာ ပွားများနိုင်ခြင်း ... ... ခြင်း၊ ရန်ကင်းခြင်း စသော အကျိုးတရားများကို ရရှိနိုင်ကြမှာဖြစ်ပါတယ်။

ဒါ့ပြင် ဒီလိုရွတ်ဖတ်ပူဇော်နေခြင်းဖြင့် သာသနာတော်ကွယ်ပပျောက်ခါ ပထမဦးဆုံး ပျောက်ပျက်ရမှာဖြစ်တဲ့ အဘိဓမ္မာပရိယတ္တိသာသနာတော်မြတ်ကြီးဟာ မကွယ်မပျောက် ထွန်းတောက်ကြည်တဲ့နေနိုင်ခြင်း အကျိုးကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။

၇။ နိဂုံးဥယျောဇဉ်

ဒီလိုအကျိုးတရားတွေ တိုးပွားရရှိနိုင်ပဲ့အတွက် ယခုလို အဘိဓမ္မာအခါတော်နေ့များကို သတ်မှတ်ပြီး ကျင်းပနေကြရခြင်းဖြစ်ပါတယ်။

ယနေ့ ကြွရောက်တော်မူလာကြကုန်သော သံဃာတော်များ ဧည့်သည်တော် ပါဝင်ဆောင်ရွက်သူများ မင်းများနဲ့ အသင်းသူအသင်းသားများအနေဖြင့်လည်း အဘိဓမ္မာတရားတော်များကို ပထမွှန်းယမျှ ရွတ်ဖတ်ပူဇော်ကြပါရန်နှင့် အထူးသဖြင့် ဝိသင်းကျမ်းလာ ပဋိစ္စသမုပ္ပါဒ်ဥဒ္ဒေသပါဠိတော်နှင့် ပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယ နိဒ္ဒေသပါဠိတော်များလောက်ကိုဖြင့် ကြိုးစားပြီး ရွတ်ပွားသရဇ္ဈာယ်ပူဇော်နိုင်ကြပါစေရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

နောင်နှစ်နောင်နှစ်များမှာ ကျင်းပမည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားမှာလည်း အထပ်ထပ်ပိုးတိုးပြီး ယခုလို သဒ္ဓါတရားရှေ့ထားကာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ပါဝင်တက်ရောက်နိုင်ကြပါစေလို့ ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

## ၅၃။ အဘိဝပ္ပာအမွန်း

ဓမ္မာတိရေကော စ ဝိသေသဓမ္မော၊

လက္ခံ ပဒါတာ ပဋိသမ္ဘိဒါဒိ။

ဇဝံ ပဇာနံ ဝရဓမ္မမေတံ။

ကော နာဘိပူဇေ သုပသန္နစိတ္တော။

ဝေမာဒိဂုဏပူဇေတံ၊ အဘိဝပ္ပံ တံ ဘဏာမ ဟေ။

ဘော၊ အဘိဝမ္ပ၊ ခါပေတ်သဘင်၊ ယင်နှဲ့ယင်မည်၊ သူတော်စင်အပေါင်း တို့. . . သူပြုက်လောင်းကို့ အယံ၊ ဤအဘိဝပ္ပာတွင်ခေါ် တရားတော်မြတ်ပြီးသည်။

ဓမ္မာတိရေကော စ၊ ဝပ္ပသဘော၊ ပဟာသင့်သမျှ၊ မခြွင်းမချန်၊ ကဲလွန်စွာ ပဟာကြွားဖမ်သော တရားတော်မြတ်လည်းဖြစ်ပါပေ၏။

ဝိသေသဓမ္မော စ၊ သုတ္တန္တပိဋကတ်ကက်၊ ဂံဘောသဆန်းပြား ထူးခြားသော တရားလည်းဖြစ်ပါပေ ကို။

ပဋိသမ္ဘိဒါဒိလက္ခံ၊ ပဋိသမ္ဘိဒါ၊ သညာထင်ရှား၊ ဉာဏ်လေးပါးနှင့်တကွ များပြားဥသုံ၊ သမ္ပတ္တိကျေးဇူး ဂုဏ်ကို။

ပဒါတာ၊ ရွတ်ဖတ်နာခံ၊ ကျင့်ကြံသသူ၊ နတ်နှင့် လူတို့အား၊ ရယူစေရေး အစဉ်ပင်ပေးတတ်ပါပေ၏။

ဇဝံ၊ ဤသို့ကျေးဇူး၊ ဂုဏ်အထူးကို၊ ပြန့်ပြူးပြောဟုန်၊ များလှပုံကို။

ပဇာနံ = ပဇာနန္တော၊ ယထာဘူတ၊ နေရာကျသိမြင်သော။

ကော သုပသန္နစိတ္တော၊ မစ္ဆေကင်းကွာ၊ သဒ္ဓါကိန်းအောင်း၊ စိတ်ကောင်းရှိသူ၊ ဘယ်သတ္တဝါဟူသမျှ သည်။

နာဘိပူဇေ၊ သဒ္ဓါကော်ရော်၊ ပပူဇော်ဘဲရှိပါမဲ့နည်း။

အဘိပူဇယတိဝေ၊ အဘိဓမ္မာအခါတော်နေ့၊ ယခုလိုကျင်းပ၍လျှင်၊ လောက်လွှေ့စည်ဖြာ၊ ကြည် သဒ္ဓါဖြင့်၊ ပြည်အမတာဆုပန်ပျိုးကြ၍၊ လေးမင်ဖိုလ်ဉာဏ်ရည်ဖြိုးတဲ့အောင်အပြတ်တနိုးကော်ရော်ပူဇော် အံ့သည်သာတည်း။

ဝေမာဒိဂုဏာပူဇေတံ၊ ဤသို့ဆိုအပ်ခဲ့ပြီး သောပဋိသမ္ဘိဒါ၊ သညာထင်ရှား၊ ဉာဏ်လေးပါးနှင့်တကွ၊ များပြားဥသုံ၊ သမ္ပတ္တိကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူပေထသော။

တံအဘိဝမ္ပံ၊ ပဋိသမ္ဘိဒါဉာဏ်၊ ကေန်ရကြောင်း၊ တရားကောင်းအစစ်၊ ဖြစ်ကြီးဖြစ်၍ လူနတ်အား လုံး၊ ညွတ်ရုံးဦးခ၊ ပူဇော်ရသည့်၊ အဘိဓမ္မတွင်ခေါ်။ ထိုပရိယတ်တရားတော်ကို။

ဟေ၊ မသေရာမှန်၊ မြတ်နိဗ္ဗာန်ကို၊ ကေန်လိုလား၊ အိုသူတော်ကောင်းအများတို့။

မယ်၊ ကြည်သာနှစ်မြို့ သဒ္ဓါပချိုကြကုန်သော ငါတို့သည်။

ဘဂဝါမ၊ မြတ်ဘုရားဂုဏ် တရားဂုဏ်ကိုအာရုံပြုကာ၊ ကြည်သဒ္ဓါဖြင့်၊ ပြည်အမတာ ဆုပန်မျိုးကြ၍ လေးမဂ်ဖိုလ် ဉာဏ်ရည်ဖြိုးတဲ့အောင် အမြတ်တနိုး ကော်ရော်၊ ရွတ်ဖတ်ပူဇော်တော်မူကြပါကုန်စို့တကား။

## ၅၄။ အဘိဓမ္မာပါဠိတော်နေ့တွင် ရွတ်ဆိုရန် အဘိဓမ္မာ ၇-ကျမ်း ပါဠိတော်ကောက်နုတ်ချက်များ

### ဓမ္မသင်္ဂဏီ

ကတမေ ဓမ္မာ သပ္ပစ္စယာ။ ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ ဣမေ ဓမ္မာ သပ္ပစ္စယာ။ ကတမေ ဓမ္မာ အပ္ပစ္စယာ။ အသင်္ခတာ ဓာတု။ ဣမေ ဓမ္မာ အပ္ပစ္စယာ။ ကတမေ ဓမ္မာ သင်္ခတာ။ ယေဝ တေ ဓမ္မာ သပ္ပစ္စယာ၊ တေဝ တေ ဓမ္မာ သင်္ခတာ။ ကတမေ ဓမ္မာ အသင်္ခတာ။ ယော ဧဝ သော ဓမ္မော အပ္ပစ္စယော၊ သော ဧဝ သော ဓမ္မော အသင်္ခတော။ ကတမေ ဓမ္မာ အနိဒဿနာ။ ရူပါယတနံ။ ဣမေ ဓမ္မာ သနိဒဿနာ။ ကတမေ ဓမ္မာ အနိဒဿနာ။ စက္ခာယတနံ။ ပ။ ဖောဋ္ဌဗ္ဗာယတနံ ဝေဒနာက္ခန္ဓော။ ပ။ ဝိညာဏက္ခန္ဓော၊ ယဉ္စ ရူပံ အနိဒဿနံ အပ္ပဋိဃံ ဓမ္မာယတန ပရိယာပန္နံ အသင်္ခတာ စ ဓာတု။ ဣမေ ဓမ္မာ အနိဒဿနာ။ ကတမေ ဓမ္မာ သပ္ပဋိဃာ။ စက္ခာယတနံ။ ပ။ ဖောဋ္ဌဗ္ဗာယတနံ။ ဣမေ ဓမ္မာ သပ္ပဋိဃာ။ ကတမေ ဓမ္မာ အပ္ပဋိဃာ။ ဝေဒနာက္ခန္ဓော။ ပ။ ဝိညာဏက္ခန္ဓော။ ယဉ္စ ရူပံ အနိဒဿနံ အပ္ပဋိဃံ ဓမ္မာယတနပရိယာပန္နံ အသင်္ခတာ စ ဓာတု။ ဣမေ ဓမ္မာ အပ္ပဋိဃာ။

### ဝိဘင်္ဂ

စတ္တာရော သမ္မပ္ပဓာနာ - ဣဓ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ ကထဉ္စ ဘိက္ခု အနုပ္ပန္နာနံ ပါကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ တတ္ထ ကတမေ အနုပ္ပန္နာ ပါပကာ အကုသလာ ဓမ္မာ၊ တီဏိ အကုသလမူလာနိ လောဘော ဒေါသော မောဟော တဒေကဋ္ဌာ စ ကိလေသာ၊ တံ သမ္ပယုတ္တော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော၊ တံသမုဋ္ဌာနံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မံ၊ ဣမေ

ဝုစ္စန္တိ အနုပ္ပန္နာ ပါပကာ အကုသလာ ဓမ္မာ။ ဣတိ ဣမေသံ အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ ကထဉ္စ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ တတ္ထ ကတမေ အနုပ္ပန္နာပါပကာ အကုသလာ ဓမ္မာ၊ တီဏိ အကုသလမူလာနိ လောဘော ဒေါသော မောဟော တဒေကဋ္ဌာ စ ကိလေသာ၊ တံသမ္ပယုတ္တော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော၊ တံ သမုဋ္ဌာနံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မံ၊ ဣမေ ဝုစ္စန္တိ အနုပ္ပန္နာ ပါပကာ အကုသလာ ဓမ္မာ။ ဣတိ ဣမေသံ အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။

ဓာတုကထာ

သမုဒယသစ္စေန ယေ ဓမ္မာ။ မဂ္ဂသစ္စေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ အာယတနသင်္ဂဟေန သင်္ဂဟိတာ ဓာတုသင်္ဂဟေန သင်္ဂဟိတာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ အာယတနသင်္ဂဟေန သင်္ဂဟိတာ ဓာတုသင်္ဂဟေန သင်္ဂဟိတာ။ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ တေ ဓမ္မာ ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။ ဣတ္ထိန္ဒြိယေန ယေ ဓမ္မာ။ သောမနဿိန္ဒြိယေန ယေ ဓမ္မာ။ ဒေါမနဿိန္ဒြိယေန ယေ ဓမ္မာ။ ဥပေက္ခိန္ဒြိယေန ယေ ဓမ္မာ။ သမာဓိန္ဒြိယေန ယေ ဓမ္မာ။ ပညိန္ဒြိယေန ယေ ဓမ္မာ။ အညာတာဝိန္ဒြိယေန ယေ ဓမ္မာ။

ပုဂ္ဂလပညတ္တိ

ကတမော စ ပုဂ္ဂလော သမဏမစလော၊ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော။ အယံ ဝုစ္စတိ ပုဂ္ဂလော သမဏမစလော။ ကတမော စ ပုဂ္ဂလော သမဏပဒုမော၊ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂဒေါသမောဟာနံ တနုတ္တာ သကဒါဂါမီ ဟောတိ၊ သကိဒေဝ ဣမံ လောကံ အာဂန္တွာ ဒုက္ခဿန္တံ ကရောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော သမဏပဒုမော။ ကတမော စ ပုဂ္ဂလော သမဏပုဏ္ဍရီကော၊ ဣဓေကစ္စော ပုဂ္ဂလော ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဩပပါတိကော ဟောတိ၊ တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိဓမ္မော တသ္မာ လောကာ။ အယံ ဝုစ္စတိ ပုဂ္ဂလော သမဏပုဏ္ဍရီကော။

ကထာဝတ္ထု

ပဋိစ္စသမုပ္ပါဒေါ အသင်္ခတောတိ၊ အာမန္တာ။ နိဗ္ဗာနံ တာဏံ လေဏံ သရဏံ ပရာယနံ အစ္စုတံ အမတန္တိ၊ န ဟေဝံ ဝတ္တဗ္ဗေ။ပ။ ပဋိစ္စသမုပ္ပါဒေါ အသင်္ခတော နိဗ္ဗာနံ အသင်္ခတန္တိ၊ အာမန္တာ။ ဒွေ အသင်္ခတာနီတိ၊ န ဟေဝံ ဝတ္တဗ္ဗေ။ပ။ ဒွေ အသင်္ခတာနီတိ၊ အာမန္တာ။ ဒွေ တာဏာနိ ဒွေ လေဏာနိ ဒွေ သရဏာနိ ဒွေ ပရာယနာနိ ဒွေ အစ္စုတာနိ ဒွေ အမတာနိ ဒွေ နိဗ္ဗာနာနီတိ၊ န ဟေဝံ ဝတ္တဗ္ဗေ ။ပ။ ဒွေ နိဗ္ဗာနာနီတိ၊ အာမန္တာ။ အတ္ထိ ဒွိန္နံ နိဗ္ဗာနာနံ ဥစ္စနီစတာ ဟီနပဏီတတာ ဥက္ကံသာဝကံသော သီမာ ဝါ ဘေဒေါ ဝါ ရာဇိ ဝါ အန္တရိကာ ဝါတိ၊ န ဟေဝံ ဝတ္တဗ္ဗေ ။ပ။

ယမက

ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ တဿ သောတာယတနံ ဥပ္ပဇ္ဇတီတိ၊ သစက္ခုကာနံ အသောတကာနံ ဥပပဇ္ဇန္တာနံ တေသံ စက္ခာယတနံ ဥပ္ပဇ္ဇတီတိ၊ သစက္ခုကာနံ အသောတကာနံ ဥပပဇ္ဇန္တာနံ တေသံ စက္ခာယတနံ ဥပ္ပဇ္ဇတိ နော စ တေသံ သောတာယတနံ ဥပ္ပဇ္ဇတိ၊ သစက္ခုကာနံ သသောတကာနံ ဥပပဇ္ဇန္တာနံ တေသံ စက္ခာယတနဉ္စ ဥပ္ပဇ္ဇတိ သောတာယတနဉ္စ ဥပ္ပဇ္ဇတိ။ ယဿ ဝါ ပန သောတာယတနံ ဥပ္ပဇ္ဇတိ တဿ စက္ခာယတနံ ဥပ္ပဇ္ဇတီတိ၊ အသောတကာနံ အစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ သောတာယတနံ ဥပ္ပဇ္ဇတိ နော စ တေသံ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ သသောတကာနံ သစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ သောတာယတနဉ္စ ဥပ္ပဇ္ဇတိ စက္ခာယတနဉ္စ ဥပ္ပဇ္ဇတိ။ ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ တဿ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ၊ သစက္ခုကာနံ အဃာနကာနံ ဥပပဇ္ဇန္တာနံ တေသံ စက္ခာယတနံ ဥပ္ပဇ္ဇတိ နော စ တေသံ ဃာနာယတနံ ဥပ္ပဇ္ဇတိ၊ သစက္ခုကာနံ သဃာနကာနံ ဥပပဇ္ဇန္တာနံ တေသံ စက္ခာယတနဉ္စ ဥပ္ပဇ္ဇတိ ဃာနာယတနဉ္စ ဥပ္ပဇ္ဇတိ။ ယဿ ဝါ ပန ဃာနာယတနံ ဥပ္ပဇ္ဇတိ တဿ စက္ခာယတနံ ဥပ္ပဇ္ဇတီတိ၊ သဃာနကာနံ အစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ ဃာနာယတနံ ဥပ္ပဇ္ဇတိ နော စ တေသံ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ သဃာနကာနံ သစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ ဃာနာယတနဉ္စ ဥပ္ပဇ္ဇတိ စက္ခာယတနဉ္စ ဥပ္ပဇ္ဇတိ။

ပဋ္ဌာန

ဟေတုပစ္စယော။ အာရမ္မဏပစ္စယော။ အဓိပတိပစ္စယော။ အနန္တရပစ္စယော။ သမနန္တရပစ္စယော။ သဟဇာတပစ္စယော။ အညမညပစ္စယော။ နိဿယပစ္စယော။ ဥပနိဿယပစ္စယော။ ပုရေဇာတပစ္စယော။ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော ကမ္မပစ္စယော။ ဝိပါကပစ္စယော။ အာဟာရပစ္စယော။ ဣန္ဒြိယပစ္စယော။ ဈာနပစ္စယော။ မဂ္ဂပစ္စယော။ သမ္ပယုတ္တပစ္စယော။ ဝိပ္ပယုတ္တပစ္စယော။ အတ္ထိပစ္စယော။ နတ္ထိပစ္စယော။ ဝိဂတပစ္စယော။ အဝိဂတပစ္စယောတိ။

ကုန်သတ်

အပ္ပမာဏော ဓမ္မော အပ္ပမာဏဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အပ္ပမာဏော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော ။ပ။ အပ္ပမာဏော ဓမ္မော ပရိတ္တဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အပ္ပမာဏာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ အပ္ပမာဏော ဓမ္မော ပရိတ္တဿ စ အပ္ပမာဏဿ စ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အပ္ပမာဏော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

## ၅၅။ (ဂ) သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဂေါပကအဖွဲ့

## ရန်ကုန်မြို့

၁၃   ခု၊ တန်ဆောင်မုန်းလပြည့်၊ (  -  -  ) နေ့၊ မွန်းလွဲ (  ) နာရီအချိန်

အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပအပ်သည့် သံဃာတော်နေ့

သာမညဖလအခါတော်နေ့ ဝပ္ပပူဇာမင်္ဂလာအခမ်းအနား

### အစီအစဉ်

| စဉ် | အကြောင်းအရာ | တာဝန်ကျဝတ်အသင်း |
|---|---|---|
| ၁။ | "နမောတဿ" သုံးကြိမ်ရွတ်ဆို ပုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ရန်။ | |
| ၂။ | နတ်ပြဟ္မာများကို ပင့်ဖိတ်ရန်။ | |
| ၃။ | သမ္မာသမ္ဗုဒ္ဓသုံးလောကထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ရန်။ | |
| ၄။ | အဂ္ဂသာဝကနှစ်ဆူဖြစ်တော်မူကုန်သော လက်ျာတော်ရံ ပညာအရာဧတဒဂ်ရ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံတန်ခိုးတော်အရာဧတဒဂ်ရ အရှင်မဟာမောဂ္ဂလာန် ရဟန္တာအရှင်မြတ်နှစ်ပါးကို ပင့်လျှောက်ရန်။ | |
| ၅။ | ကမ္ဘာအေးဘုရားရှိခိုးဖြင့် ရှိခိုးပူဇော်ရန်။ | |
| ၆။ | သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ မှလှည့်ကျ သဘာပတိ ဦး         က သံဃာတော်နေ့ သာမညဖလ အခါတော်နေ့အကြောင်း ဝပ္ပပူဇာ မင်္ဂလာယောမနာစကား မြွက်ကြားရန်။ | |
| ၇။ | မြော်ချင့်ပဏာသစ္စာဓိဋ္ဌာန်ပြုလွှာကို ရွတ်ဆိုရန်။ | |
| ၈။ | သာမညဖလအခါတော်နေ့ (၈) လုံးဘွဲ့ကဗျာများကို ရွတ်ဆိုရန်။ | |
| ၉။ | သာမညဖလသုတ်အမွှန်းကို ရွတ်ဆိုပူဇော်ရန် | |
| ၁၀။ | သာမညဖလသုတ်ဒေသနာတော်ကို ရွတ်ဆိုပူဇော်ကြရန်။ | |
| ၁၁။ | မေတ္တာပို့အမျှဝေရန်။ | |
| ၁၂။ | ဆုတောင်းကာ နတ်ပြဟ္မာများကို ပြန်ပို့ရန်။ | |
| ၁၃။ | ဆုတောင်းပတ္ထနာမေတ္တာပို့ကဗျာများကို ရွတ်ဆိုဆုတောင်းကြရန်။ | |
| ၁၄။ | "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ သံဃာတော်နေ့ သမညဖလအခါတော်နေ့ ဝပ္ပပူဇာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းရန်။ | |

## ၅၆။ "တန်ဆောင်မုန်းလပြည့်"
## "သာမညဖလ အခါတော်နေ့၊ သံဃာတော်နေ့အကြောင်း"

ကြွရောက်လာကြကုန်သော သိင်္ဂပူလာကျောင်းဆေးဓမ္မတော် ဂေါပကအဖွဲ့ဝင် ဆွမ်းကျွေးဝင်းများနှင့် ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားပြုလာရောက်လာကြကုန်သော သူတော်စင်ဓမ္မမိတ်ဆွေအပေါင်းတို့ ခင်ဗျား။

သူတော်စင်ဓမ္မမိတ်ဆွေများအား ဗုဒ္ဓ ဓမ္မ သံဃ ပူဇနီယ မင်္ဂလာ ယောပနာစကား အနည်းငယ်ပြော ကြားလိုပါတယ်။

ဒီလိုပြောကြားရတာကတော့ ဒီယနေ့ဟာ သာသနာပေါ်နှစ် ---------- မှနှစ်၊ ကောဇာသက္ကရာဇ် ------ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့ သံဃာတော်နေ့ဖြစ်လို့ဖြစ်ပါတယ်။

ဒီနေ့ကို သာမညဖလအခါတော်နေ့

သံဃာတော်နေ့လို့ ခေါ်ဆိုရတာက ဒီတန်ဆောင်မုန်းလပြည့်နေ့ဟာ သဗ္ဗညုဗုဒ္ဓဘုရားရှင်ကိုယ်တော် မြတ်က အဇာတသတ်မင်းအား သာမညဖလ သုတ်တော်ကို ဟောကြားခဲ့တဲ့နေ့ဖြစ်ပါတယ်။ ဒါ့ပြင် ဒီသာမည ဖလသုတ်မှာ ရဟန်းပြုရခြင်းအကျိုးတို့ကိုလဲ ဟောပြခဲ့လို့ဖြစ်ပါတယ်။

ဒီလို သာမညဖလသုတ်တော်ကို ဟောကြားတဲ့နေ့၊ ရဟန်းပြုရခြင်း သံဃာဖြစ်ရခြင်း အကျိုးတွေကို ဟောကြားခဲ့တဲ့နေ့ဖြစ်လို့ ဒီနေ့ကို သာမညဖလအခါတော်နေ့ သံဃာတော်နေ့လို့ သတ်မှတ်ခဲ့ကြခြင်းဖြစ် ပါတယ်။

သာမညဖလသုတ်တော်ကို နာကြားရတဲ့ အဇာတသတ်မင်းဟာ ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရ မင်းနှင့် ဝေဒေဟီမိဖုရားတို့ရဲ့ သားတော်ဖြစ်ပါတယ်။ ပင်းသားကို မဖွားမီကပင် ပုရောဟိတ်ပုဏ္ဏားများက အဖကိုသတ်မည့်သားလို့ နိမိတ်ဖတ်ခဲ့တဲ့သားတော်ဖြစ်ပါတယ်။

အဇာတသတ်မင်းသားဘဝမှာ-

မြတ်စွာဘုရားရှင်အား ရန်ပြုနေတဲ့ ဒေဝဒတ်ရဟန်းနဲ့ ပေါင်းသင်းခဲ့ပါတယ်။ ဒေဝဒတ်ရဲ့ အကြံပေး ချက်အရ မင်းဖြစ်လိုတဲ့ အာသာမက်မောလောဘဇောတက်ကာ မကြံစည်အပ်တဲ့ ဖခင်ကြီးအား သတ်ရန် အကြံကို ကြံစည်မိခဲ့ပါတယ်။ အကြံအစည်အတိုင်း ဖခင်ကြီးကို ထောင်သွင်းအကျဉ်းချကာ ပဋ္ဌာနန္တရိယကံ ကြီးကို ကျူးလွန်မိခဲ့ပါတယ်။

အဇာတသတ်မင်းဟာ မိဖိရဲ့သားငယ်ဖွားမြင်တဲ့ သတင်းစကားကို ကြားရတဲ့အခါ ဖခင်ရဲ့ချစ်ခြင်း မေတ္တာဖြင့် ချစ်မေတ္တာစိတ်တွေ လှိုက်လှိုက်ဖိုဖိုဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီလိုချစ်ခြင်းနဲ့ သူ့ဖခင်က သူ့အားချစ် သည်၊ မချစ်သည်ကို သိလိုတဲ့အတွက် ပက်လက်ကြား မေးမြန်းခဲ့ပါတယ်။ ထိုအခါ ပက်လက်က သားဖခင် ဟာ သားငယ်ငယ်က သားလက်မှာ ရှုနာပေါက်လို့ သားရဲ့သွေးပြည်များကို မျိုချသည့်အထိပင် ချစ်ခင် ကြောင်း ပြောကြားခဲ့ပါတယ်။

အဲဒီစကားကို ကြားရတဲ့အခါ အဇာတသတ်မင်းဟာ သတိကြီးစွာရသွားပါတယ်။ သယ်ရပြီး ဖခင်ကြီး အားလွတ်စေဟု အမိန့်ပေးလိုက်ပါတယ်။ သို့သော် အမိန့်က နောက်ကျသွားပြီဖြစ်၍ ဖခင်ကြီးသေဆုံးသွားခဲ့ရပါတယ်။ ဖခင်ကြီး သေဆုံးသွားကြောင်း သတင်းရတဲ့အခါ နောင်တကြီးစွာ ရရှိခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အဇာတသတ်မင်းဟာ စိတ်မချမ်းသာရတော့ပါ။ ညအချိန် ရောက်လျှင်လည်း အိပ်မရတော့၊ ဒီလိုနဲ့ ပူပင်သောကကြီးဖြစ်ပြီး အိပ်မပျော်တဲ့ရောဂါပင် စွဲခဲ့ရပါတော့တယ်။

ယခုလို တန်ဆောင်မုန်းလပြည့်နေ့ ညတစ်ည ညီလာခံမှာ လပြည့်ဝန်းကြီးကို ကြည့်ပြီး တန်ဆောင်မုန်းလပြည့်ညရဲ့ သာယာပုံကို ချီးမွမ်းအံ့ဩပြောကြားနေခဲ့ပါတယ်။ အဲဒီနောက် ယခုလို အချိန်မျိုးမှာ မိမိရဲ့ သောကပျောက်ကင်းရန်အတွက် ဘယ်သူ့ထံ ချဉ်းကပ်ရပါ့မလဲလို့ အမတ်များအား မေးပါတယ်။

တိတ္ထိဆရာကြီးများရဲ့ တပည့်အမတ်များက သူတို့ရဲ့ ဆရာကြီးများထံ ကြွရောက်ရန် လျှောက်တင်ကြပါတယ်။

ဒါပေမယ့် အဇာတသတ်မင်းက မနှစ်သက်ပါ။ နောက်ဆုံးတွင် ဆရာဇီဝကရဲ့ လျှောက်တင်ချက်အရ မြတ်စွာဘုရားထံ ချဉ်းကပ်ရန် စီစဉ်ခဲ့ကြပါတယ်။

ညချင်းပင် ပံးရှုမ်းပိုင်များကို ယှဉ်းညှိဟိုင်ဆောင်ကြလျက် ပေါက်ကျားအဝတ်တန်ဆာများကို ဝတ်ဆင်ထားသော အမျိုးသမီးငါးရာခြံရံကာ ဆင်ပေါင်ငါးရာဖြင့် မြတ်စွာဘုရားထံသွားခဲ့ကြပါတယ်။

ဘုရားရှင်ထံရောက်တဲ့အခါ ဘုရားရှင်အား ခြံရံနေတဲ့ ရဟန်းပရိသတ်နဲ့ အိတ်ငြိမ်နေမှုကြောင့် အဇာတသတ်မင်းဟာ ကြောက်လန့်ထိတ်လန့်ဖြစ်ခဲ့ပါတယ်။

သို့သော် ဆရာဇီဝကရဲ့ လျှောက်တင်မှုကြောင့် ကြောက်စိတ်များ ပြေသွားခဲ့ပါတယ်။ ထိုနောက် မိမိရဲ့သားငယ်ဟာ ဒီရဟန်းတော်များလိုဖြစ်ပါမှကား ကောင်းမှာပဲဟု အကြံအစည်ဖြစ်ခဲ့ပါတယ်။

ဒီလိုနဲ့ ဒီတန်ဆောင်မုန်းလပြည့်နေ့မှာ အဇာတသတ်မင်းအား ဘုရားရှင်က သာမညဖလသုတ်တော်ကို ဟောကြားခဲ့ပါတယ်။ ဒီလိုဘုရားရှင်က အဇာတသတ်မင်းအား သာမညဖလသုတ်ကို ဟောကြားတဲ့နေ့ဖြစ်လို့ ဒီတန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့လို့ သတ်မှတ်ခဲ့ကြခြင်းဖြစ်ပါတယ်။

နောက်ပြီးတော့ ဒီသာမညဖလသုတ်တော်မှာ ရဟန်းပြုရခြင်းအကျိုး၊ သံဃာဖြစ်ရခြင်း အကျိုးတွေကို အကျယ်တဝင့်ဟောကြားထားပါတယ်။ ဒါကြောင့်ဒီနေ့ကို သံဃာတော်နေ့ပဲ့ သတ်မှတ်ပေါ် ဆိုကြပါတယ်။

ဒီသာမညဖလသုတ်တော်မှာ ပါရှိတဲ့ ရဟန်းပြုရခြင်းအကျိုးများ ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

၁။ မင်းခစားဘဝနဲ့ မင်းပြစ်ဒဏ်မှ ကင်းလွတ်ရခြင်း။

၂။ အခွန်ထမ်းဆောင်မှုမှ ကင်းလွတ်ရခြင်း။

၃။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသဖြင့် အပါယ်ဘေးမှ ကင်းဝေးရခြင်း။

၄။ ဒုစရိုက်မှုများကို ရှောင်ကြဉ်သဖြင့် ဒုစရိုက်၏ မကောင်းကျိုးမှ ကင်းလွတ်၍ စူဠသီလနှင့် ပြည့်စုံခြင်း။

၅။ ပွဲသဘင်အမျိုးမျိုး၊ ကစားပွဲအမျိုးမျိုးနှင့် မကောင်းသော စကားအမျိုးမျိုးမှ ရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှ ကင်းလွတ်၍ မဇ္ဈိမသီလနှင့် ပြည့်စုံခြင်း။

၆။ နက္ခတ်ဗေဒင် ယတြာလက္ခဏာဟောခြင်း၊ ဆေးကုခြင်းစသည်တို့မှ ရှောင်ကြဉ်သဖြင့် အာဇီဝပါရိသုဒ္ဓိနှင့် ညီညွတ်၍ မဟာသီလနှင့် ပြည့်စုံခြင်း။

၇။ ဣန္ဒြေခြောက်ပါး၌ အကုသိုလ်မဖြစ်အောင် စောင့်စည်းနိုင်ခြင်း။

၈။ သတိနှင့် ပြည့်စုံခြင်း။

၉။ သမ္ပဇဉ် (ဆင်ခြင်ထုံ) တရားနှင့် ပြည့်စုံခြင်း။

၁၀။ သန္တောသရောင့်ရဲခြင်း။

၁၁။ နီဝရဏငါးပါးမှ ကင်းလွတ်ခြင်း။

၁၂။ ဈာန်တရားကို ရနိုင်ခြင်း။

၁၃။ ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ခြင်းတို့ဖြစ်ပါတယ်။

ဒီသာမညဖလသုတ်တော်ကို နာကြားလိုက်ရတဲ့အတွက် အဇာတသတ်မင်းအဖို့မှာလဲ အိပ်မပျော်တဲ့ ရောဂါဝေဒနာဟာ ငြိမ်းအေးပျောက်ကင်းသွားပါတယ်။

ဒါ့ပြင် ဘုရားရှင်အပေါ်မှာလဲ နှစ်နှစ်ကာကာ ယုံကြည်သွားပါတယ်။

ပုထုဇဉ်ထဲမှာ ရတနာသုံးပါးကို အကြည်ညိုဆုံးပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ခြင်းခံခဲ့ရပါတယ်။

အပြစ်ကြီးလေးသူတို့ခံရတဲ့ မဟာအဝီစိငရဲမှာလည်း မခံရတော့ပါ။

နောင်အနာဂတ်မှာလဲ ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ပြီး ကျွတ်တမ်းဝင်ရမှာဖြစ်ပါတယ်။

ဒါ့အပြင် သူ့ရဲ့အမှားကို နောင်တရပြီး သတိတရားရလာခဲ့ပါတယ်။ ဗုဒ္ဓသာသနာတော်ကို အသက်ပေးပြီး ကြည်ညိုသူတစ်ယောက်ဖြစ်သွားပါတယ်။

ပထမသင်္ဂါယနာတင်ပွဲကိုလဲ ဖြစ်မြောက်အောင် ကူညီနိုင်ခဲ့ပါတယ်။ ဘုရားရှင်ရဲ့ ဓာတ်တော်များကိုလဲ စနစ်တကျ သိမ်းဆည်းထားနိုင်ခဲ့ပါတယ်။

ဗုဒ္ဓသာသနာတော်နှစ်ကိုလည်း အတိတကျ သတ်မှတ်ပေးနိုင်ခဲ့ပါတယ်။

ဒါ့ပြင် အဇာတသတ်မင်းရဲ့ အကြောင်းကို သိရခြင်းဖြင့် မိတ်ဆွေယုတ်ကို ပေါင်းမိလျှင် အကျိုးတရားပျက်ပြားတတ်ပုံနှင့် မိတ်ဆွေကောင်းကို ပေါင်းမိက မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများကို တိုးပွားရရှိနိုင်ပုံကို သင်ခန်းစာအဖြစ် ရရှိစေခဲ့ပါတယ်။

ဤသုတ်တော်ကို ရွတ်ဖတ်လေ့လာရခြင်း၊ ကြားနာရခြင်းဖြင့် မိမိတို့ ကိုးကွယ်ရန် သံဃာစစ်၊ သံဃာမှန်၊ သံဃာတော်များအကြောင်းကိုလည်း သိရှိနားလည်နိုင်ပါတယ်။

ဤသာမညဖလသုတ်တော်လာ တရားတော်များကို လေ့လာပွားများကြိုးစားအားထုတ်ပါလျှင် ယခုမျက်မှောက်ဘဝမှာလဲ အကျိုးရှိ နောင်သံသရာမှာလဲ အကျိုးရှိနိုင်သည့်အပြင် မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုနိုင်ကြမှာဖြစ်ပါတယ်။

ဤမျှအကျိုးရှိလှတဲ့ သာမညဖလသုတ်တရားတော်ကို မပျောက်မပျက်ရအောင် ဆက်လက်ထိန်းသိမ်းသောအနေဖြင့် ဤသာမညဖလအခါတော်နေ့ကို ကျင်းပရခြင်းဖြစ်ပါတယ်။ နောင်နှစ်၊ နောင်နှစ်များမှာလည်း ဤအခါတော်နေ့ကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆက်လက်ကျင်းပနိုင်ကြပါစေ။

ဤသာမညဖလသုတ်တော်လာ တရားတော်များကို လေ့လာကျင့်ကြံပွားများ အားထုတ်ကြပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်တိုင်အောင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများကို တိုးပွားရရှိနိုင်ကြပါစေလို့ ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

## ၅၇။ "မျှော်ချင့်ပဏာသစ္စာခိဌာန်ပြုလွှာ"

သမဏိယာ အနောမာဒီ၊

ခတ္တိယာ မစ္စသုန္ဒရီ။

ပုဗ္ဗေတာ သဟပုညေန၊

သမိံသုစ သမဂ္ဂတာ၊

ဇတေန သစ္စဝဋ္ဋေန၊ စိန္တာ အမှံ သဝိဇ္ဈတံ ။ ။

ပုဗ္ဗေ၊ သက်-နှစ်သောင်းခေတ်၊ ရှေးဖြစ်ကာလ၊ ကဿပပြတ်စွာ သာသနာတော်အတွင်း၌။ သပဏ်ယာ၊ သမသဒ္ဓါ၊ ညီညာတူမျှ၊ ကောင်းစွာကြည်ယုံ၊ သဒ္ဓါဟုန်ထက်မြက်ကြကုန်သော။

ခတ္တိယာမစ္စသုန္ဒရီ၊ မဟာနွယ်ဇာတ်၊ အမျိုးမြတ်၍၊ အမတ်သမီး၊ မင်းသမီးများဖြစ်ကြကုန်သော၊ သမဏီ၊ သမဏဂုတ္တာ၊ ဘိက္ခုနီ၊ ဘိက္ခုဒါယိကာ၊ ဓမ္မာ၊ သုဓမ္မာ၊ သံဃဒါယိကာ အမည်ရှိကုန်သော ကိကီမင်းကြီး၏ သမီးမျက်ဖျော်၊ ခုနစ်ဖော်တို့သည်လည်းကောင်း။

အနောမာဒီ၊ အနောမာဒေဝီမဟေသီအစရှိကုန်သော အမျိုးသမီးတစ်ထောင်တို့သည်လည်းကောင်း။

သန္တိ၊ ထင်ရှားဖုံဖုံ၊ ရှိကြလေကုန်၏။

တော၊ ထိုမင်းမျိုးနွယ်ဇာတ်၊ အမတ်နွယ်ရိုး၊ အမျိုးသမီးပေါင်း များစွာတို့သည်။

သဟပုညေန၊ သင်းဖွဲ့ပေါင်း၍၊ ကောင်းမွန်ညီညာ၊ စေတနာထက်မြက်၊ ရေစက်ပေါင်းစု၊ အတူပြုခဲ့ဘူးသော ကောင်းမှုကြောင့်။

ဣဓ၊ ဤရှင်တော်သကျ၊ ဂေါတမထွက်ထား၊ ဘုရားမြတ်စွာ၊ သာသနာတော်အတွင်း၌။

ခေမာယေဝရာဒိကာ၊ ဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရား၏၊ သာဝိကာဘိက္ခုနီ တပည့်မတို့တွင် လက်ျာတော်ရံ အဂ္ဂသာဝိကာမ ပညာအရာ ခေမာထေရီ၊ လက်ဝဲတော်ရံအဂ္ဂသာဝိကာမ၊ တန်ခိုးဣဒ္ဓိအရာ ဥပ္ပလဝဏ်ထေရီ၊ ဝိနည်းအရာ ပဋာစာရီထေရီ၊ လျှင်မြန်သော အဘိညာဏ်အရာ ကုဏ္ဍလကေသာထေရီ၊ ခေါင်းပါးရီနွမ်း၊ ရုန့်ကြမ်းညံ့ဖျင်းသောသင်္ကန်းကို ဆင်မြန်းဝတ်ရုံရာမှာ ကိသာဂေါတမီထေရီ၊ တရားဟောအရာ ဓမ္မဒိန္နာထေရီ၊ စွန့်ကြဲပေးကမ်းလှူဒါန်းရာဝယ် ဝိသာခါအမည်ရှိ ပုဗ္ဗါရုံကျောင်းအမကြီး၊ အသီးသီးအသာဆုံး အမြတ်ဆုံး တေဒဂ်ဘွဲ့ကူးရအမွန်၊ ထူးချွန်လျှောက်ပတ်၊ မိန်းမမြတ်ရဟန္တာမ၊ သာသနာ့အကျော်အမော်တို့သည်။

ဟုတွာ၊ ဖြစ်ကြကုန်၍။

သမဂ္ဂတာ၊ မဂ်ဖိုလ်စျာန်နှင့် အဘိညာဏ်ပြည့်ဖြိုး၊ ဂုဏ်တန်ခိုးတူကြကုန်လျက်။

သမိံသု၊ ဝဋ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းနိဗ္ဗာန် ပျော်စံချမ်းမြေ့တော်မူကြလေကုန်ပြီ။

ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ဟုတ်မှန်၊ အတန်တန်ကို၊ ဧကန်ပြွက်ကြား၊ ဆိုစကားကြောင့်။

အမှုံ၊ အမှာကံ၊ ဆဋ္ဌသင်္ဂါယနာ သာသနာ့ကုန်းမြေ သိရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပက အဖွဲ့၊ အာရုံခံတန်ဆောင်းအပေါ်ထပ် သာမညဖလအခါတော်သဘင် ဆင်ယင်ကျင်းပရာ ပင်လယ်ဇာခမ်း အနားသို့ စုဝေးညီညာရောက်ရှိလာကြကုန်သော ဝတ်အသင်းသူအသင်းသား သူတော်စင်အများ ဖြစ်ကြကုန်သော အကျွန်ုပ်တို့၏။

စိန္တာ၊ သင်းဖွဲ့ပေါင်း၍ ကောင်းမြတ်သော မဟာပုညကုသလ၊ ကမ္ဘာ့သာသနာပြုကုသိုလ်ကောင်းမှုအကြံအစည်သည်။

သမိဇ္ဈတံ၊ သမိဇ္ဈတု၊ သာသနာ့ရောင်ရှိန်၊ တွေ့ကြိမ်ဖြောင့်ဖြောင့်၊ နတ်ကောင်းစောင့်၍၊ ကြောင့်ကြကင်းကွာ၊ လူ့လောကသမိုင်းမှာ၊ ကြံတိုင်းပြီးမြောက်၊ သိဒ္ဓိပေါက်၍၊ အောင်မြင်းမင်္ဂလာ၊ အဖြာဖြာနှင့် ကောင်းစွာကုံလုံ၊ ပြည့်စုံပါစေသတည်း။ ။

* * * * *

## ၅၈။ တန်ဆောင်မုန်းလပြည့်သံဃာတော်နေ့၊ သာမညဖလအခါတော်နေ့ ရှစ်လုံးဘွဲ့ကဗျာများ

၁။ တန်ဆောင်လပြည့် မမေ့ဘို့ရည်
သာမညဖလ ဟောပြမှန်သည်
အဇာတသတ် ချဉ်းကပ်ယုံကြည်
မြတ်ဘုရား ထံပါးဝန်ခံပြီ။

၂။ သံဃာကျေးဇူး အထူးဂုဏ်ရည်
သီလသုံးမျိုး အကျိုးပြသည်
ကျင့်ကြံကြိုးပမ်း မဂ်နန်းရွှေပြည်
မြတ်ဗုဒ္ဓ ဟောပြခဲ့လေပြီ။

၃။ သံဃာတော်နေ့ ကြုံတွေ့လာပြီ
သံဃာတော်များ ညွတ်တွားဦးချီ
ဂုဏ်တော်အနန္တ မှန်းဆယုံကြည်
လက်စုံမိုး ရှိခိုးအဓ္ဓလိ

၄။ မြတ်သာဝက အဂ္ဂနှစ်လီ
လောင်းလျှာလည်ပတ် နက္ခတ်ပွဲဆီ
ပွဲတော်လာများ ပျော်ပါးစုံညီ
သံဝေဂ ရကြတော့ထွက်ပြီ။

၅။ တန်ဆောင်လပြည့် ဤနေ့ညသည်
ရှင်သာရိပုတ္တ မြန်းကြွမဂ်ပြည်
တန်ဆောင်လကွယ်ည ကြုံရတစ်လီ
ရှင်မောဂ္ဂ စံကြွနိဗ္ဗာပြည်။

## ၃၉။ သာမညဖလသုတ်အဖွင့်

အဇာတသတ္တုဿတ္တာယ၊

လောကနာထေန ဒေသိတံ။

သာမညဖလ ဒီပကံ၊

သာမညံ ပါ ပုဏေယျမေဟ။ ။

အဇာတသတ္တုဿ ၊ မဖွားမီခင်၊ မြတ်ဖခင်၏၊ အသွင်ထူးခြား ရန်သူသားဟု၊ ပုဏ္ဏားဆရာ၊ ဟောဆိုပါ၍၊ အဇာတသတ်၊ ခေါ်ဆိုအပ်သည့် ပင်းပြတ်ထင်ရှား မင်းတရား၏။

အတ္တာယ၊ ပဋ္ဌာနန္တရိယကံ၊ ကျူးလွန်ပြန်လည်း၊ ပြင်းထန်အဝိစိ၊ ငရဲထိအောင်၊ ပကျရောင်လျက်၊ နောက်နောင်ကပ္ပါ၊ ပစ္စေကာဗုဒ္ဓ၊ ဖြစ်ရဟာစ်ပျိုး အကျိုးထူးရခြင်းငှာ။

လောကနာထေန၊ ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူသဒ္ဓါ၊ အားထားရာအစစ်၊ ဖြစ်ကြီးဖြစ်တော်မူသော သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည်။

ဒေသိတံ၊ မင်းအဇာတသတ်၊ မေးလျှောက်အပ်သဖြင့် ဆတ်ဆတ်မကေန်ရဟန်းဘဝ ကျိုးရဟန်ကို၊ ဝေဘန်ပိုင်းခြား၊ ဟောကြားတော်မူအပ်သော။

သာမညဖလ ဒီပကံ၊ ရဟန်းပြုရ ကျိုးဖလကို၊ ဥဘဂကပလွန်၊ နိဗ္ဗာန်ကိုင်အောင် ဆောင်နိုင်ပေကြား၊ အကျိုးထူးကို ထင်ရှားစေအောင် ပြတော်မူသော။

ပါ သာမညံ၊ ဖိုသာမညဖလ နာမည်တွင်ပတ်၊ သုတ်တော်မြတ်ကို။

ပေါ ၊ ပေသရာဇ္ဇန် ဖြတ်ခိုင်ပွန်းကို ပေနယ်ပိုကြား ဖိုသူပော်ပောင်း သူပြုပ်ပေပောင်းမများမို့။

ပယ်၊ ငါတို့သည်။ ပယ်၊ သာမညဖလာ၊ သုတ်ပဟာကို သဒ္ဓါရှေ့ပြေး မှတ်လိုရေးဖြင့် စည်းဝေး ရောက်လာ ငါးခန္ဓာကို သက္ကာယစွဲ၊ အထင်လွဲ၍ ငါပဲသမုတ်၊ အကျွန်ုပ်တို့သည်။

ဘဏာမ၊ မြတ်ဘုရားဂုဏ်၊ တရားဂုဏ်နှင့်၊ သံဃာ့ဂုဏ်ကို အာရုံပြုကာ၊ ကြည်သဒ္ဓါဖြင့်၊ ပြည်အမတာနိဗ္ဗာန်နန်းသို့၊ တက်လှမ်းကာ မချွတ်သွားရအောင်၊ ရွတ်ပွားသရဇ္ဈာယ်တော်မူကြပါကုန်စို့။

## ၆၀။ သာမညဖလသုတ္တ

၁၅၀။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ အဍ္ဎတေဠသေဟိ ဘိက္ခုသတေဟိ။ တေန ခေါ ပန သမယေန ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော တဒဟုပေါသထေ ပန္နရသေ ကောမုဒိယာ စာတုမာသိနိယာ ပုဏ္ဏာယ ပုဏ္ဏမာယ ရတ္တိယာ ရာဇာမစ္စပရိဝုတော ဥပရိပါသာဒဝရဂတော နိသိန္နော ဟောတိ။ အထခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော တဒဟုပေါသထေ ဥဒါနံ ဥဒါနေသိ "ရမဏီယာ ဝတ ဘော ဒေါသိနာ ရတ္တိ၊ အဘိရူပါ ဝတ ဘော ဒေါသိနာ ရတ္တိ၊ ဒဿနီယာ ဝတဘော ဒေါသိနာ ရတ္တိ၊ ပါသာဒိကာ ဝတ ဘော ဒေါသိနာ ရတ္တိ၊ လက္ခညာ ဝတ ဘော ဒေါသိနာ ရတ္တိ၊ ကံ နု ခွဇ္ဇ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ပယိရုပါသေယျာမ၊ ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျာ" တိ။

## ကောမာရဘစ္စဇီဝကကထာ

၁၅၇။ တေန ခေါ ပန သမယေန ဇီဝကော ကောမာရဘစ္စော ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အဝိဒူရေ တုဏှီဘူတော နိသိန္နော ဟောတိ။ အထ ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဇီဝကံ ကောမာရဘစ္စံ ဧတဒဝေါစ "တွံ ပန သမ္မ ဇီဝက ကိံ တုဏှီ" တိ။ အယံ ဒေဝ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အမှာကံ အမ္ဗဝနေ ဝိဟရတိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ အဍ္ဎတေဠသေဟိ ဘိက္ခုသတေဟိ တံ ခေါပန ဘဂဝန္တံ ' ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ" တိ။ တံ ဒေဝေါ ဘဂဝန္တံ ပယိရုပါသတု၊ အပ္ပေဝနာမ ဒေဝဿ ဘဂဝန္တံ ပယိရုပါသတော စိတ္တံ ပသီဒေယျာတိ။

## သာမညဖလပုစ္ဆာ

၁၅၈။ အထ ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ယာဝတိကာ နာဂဿ ဘူမိ နာဂေန ဂန္တွာ နာဂါ ပစ္စောရောဟိတွာ ပတ္တိကောဝ ' ယေန မဏ္ဍလမာဠဿဒွါရံ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဇီဝကံ ကောမာရဘစ္စံ ဧတဒဝေါစ "ကဟံ ပန သမ္မ ဇီဝက ဘဂဝါ"တိ။ ဧသော မဟာရာဇဘဂဝါ၊ ဧသော မဟာရာဇ ဘဂဝါ မဇ္ဈိမံ ထမ္ဘံ နိဿာယ ပုရတ္ထာဘိမုခေါ နိသိန္နော. ပုရက္ခတော ဘိက္ခုသံဃဿာတိ။

၁၅၉။ အထ ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တောယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဧကမန္တံ အဋ္ဌာသိ။ ဧကမန္တံ ဌိတော ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော တုဏှီဘူတံ ဘိက္ခုသံဃံ အနုဝိလောကေတွာ ရဟဒမိဝ ဝိပ္ပသန္နံ ဥဒါနံ ဥဒါနေသိ "ဣမိနာ မေ ဥပသမေန

ကန့်သတ်

ဥဒယဘဒ္ဒေါ[၁] ကုမာရော သမန္နာဂတော ဟောတု၊ ယေနေတရဟိ ဥပသမေန ဘိက္ခုသံဃော သမန္နာဂတော"တိ။ အဂမာ ခေါ တွံ မဟာရာဇ ယထာပေမန္တိ။ ပိယော မေ ဘန္တေ ဥဒယဘဒ္ဒေါ ကုမာရော၊ ဣမိနာ မေ ဘန္တေ ဥပသမေန ဥဒယဘဒ္ဒေါ ကုမာရော သမန္နာဂတော ဟောတု၊ ယေနေတရဟိ ဥပသမေန ဘိက္ခုသံဃော သမန္နာဂတောတိ။

၁၆၂။ အထ ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဘဂဝန္တံ အဘိဝါဒေတွာ ဘိက္ခုသံဃဿ အဉ္ဇလိံ ပဏာမေတွာ ဧကမန္တံ နိသီဒိ။ ဧကမန္တံ နိသိန္နော ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဘဂဝန္တံ ဧတဒဝေါစ "ပုစ္ဆေယျာမဟံ ဘန္တေ ဘဂဝန္တံ ကဉ္စိဒေဝ ဒေသံ သစေ မေ ဘဂဝါ ဩကာသံ ကရောတိ ပဉှဿ ဝေယျာကရဏာယာ" တိ။ ပုစ္ဆ မဟာရာဇ၊ ယဒါ ကင်္ခသီတိ။

၁၆၃။ ယထာ နု ခေါ ဣမာနိ ဘန္တေ ပုထုသိပ္ပာယတနာနိ၊ သေယျထိဒံ၊ ဟတ္ထာရောဟာ အဿာရောဟာ ရထိကာ ဓနုဂ္ဂဟာ စေလကာ စလကာ ပိဏ္ဍဒါယကာ ဥဂ္ဂါ ရာဇပုတ္တာ ပက္ခန္ဒိနော မဟာနာဂါ သူရာ စမ္မယောဓိနော ဒါသိကပုတ္တာ အာဠာရိကာ ကပ္ပကာ နှာပကာ[၂] သူဒါ မာလာကာရာ ရဇကာ ပေသကာရာ နဠကာရာ ကုမ္ဘကာရာ ဂဏကာ မုဒ္ဒိကာ၊ ယာနိ ဝါ ပနညာနိပိ ဧဝံဂတာနိ ပုထုသိပ္ပာယတနာနိ၊ တေ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သိပ္ပဖလံ ဥပဇီဝန္တိ၊ တေ တေန အတ္တာနံ သုခေန္တိ ပီဏေန္တိ[၃]၊ မာတာပိတရော သုခေန္တိ ပီဏေန္တိ၊ ပုတ္တဒါရံ သုခေန္တိ ပီဏေန္တိ၊ မိတ္တာမစ္စေ သုခေန္တိ ပီဏေန္တိ၊ သမဏဗြာဟ္မဏေသု[၄] ဥဒ္ဓဂ္ဂိကံ ဒက္ခိဏံ ပတိဋ္ဌပေန္တိ သောဝဂ္ဂိကံ သုခဝိပါကံ သဂ္ဂသံဝတ္တနိကံ။ သက္ကာ နု ခေါ ဘန္တေ ဧဝမေဝ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ ပညပေတုန္တိ။

## စူဠသီလ

၁၉၃။ ကထဉ္စ မဟာရာဇ ဘိက္ခု သီလသမ္ပန္နော ဟောတိ။ ဣဓ မဟာရာဇ ဘိက္ခု ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော၊ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ ဒိန္နာဒါယီ ဒိန္နပါဋိကင်္ခီ၊ အထေနေန သုစိဘူတေန အတ္တနာ ဝိဟရတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ ဟောတိ အာရာစာရီ ဝိရတော မေထုနာ ဂါမဓမ္မာ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော ဟောတိ သစ္စဝါဒီ သစ္စသန္ဓော ထေတော ပစ္စယိကော အဝိသံဝါဒကော လောကဿ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

ပိသုဏံ ဝါစံ ပဟာယ ပိသုဏာယ ဝါစာယ ပဋိဝိရတော ဟောတိ၊ ဣတော သုတွာ န အမုတြ အက္ခာတာ ဣမေသံ ဘေဒါယ၊ အမုတြ ဝါ သုတွာ န ဣမေသံ အက္ခာတာ အမူသံ ဘေဒါယ၊ ဣတိ ဘိန္နာနံ ဝါ သန္ဓာတာ၊ သဟိတာနံ ဝါ အနုပ္ပဒါတာ၊ သမဂ္ဂါရာမော သမဂ္ဂရတော သမဂ္ဂနန္ဒီ သမဂ္ဂကရဏိံ ဝါစံ ဘာသိတာ ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

ဖရုသံ ဝါစံ ပဟာယ ဖရုသာယ ဝါစာယ ပဋိဝိရတော ဟောတိ၊ ယာသာ ဝါစာ နေလာ ကဏ္ဏသုခါ ပေမနီယာ ဟဒယင်္ဂမာ ပေါရီ ဗဟုဇနကန္တာ ဗဟုဇန-မနာပါ၊ တထာရူပိံ ဝါစံ ဘာသိတာ ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

သမ္ဖပ္ပလာပံ ပဟာယ သမ္ဖပ္ပလာပါ ပဋိဝိရတော ဟောတိ ကာလဝါဒီ ဘူတဝါဒီ အတ္ထဝါဒီ ဓမ္မဝါဒီ ဝိနယဝါဒီ၊ နိဓာနဝတိံ ဝါစံ ဘာသိတာ ဟောတိ ကာလေန သာပဒေသံ ပရိယန္တဝတိံ အတ္ထသံဟိတံ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

ဗီဇဂါမဘူတဂါမသမာရမ္ဘာ ပဋိဝိရတော ဟောတိ။ပ။ ဧကဘတ္တိကော ဟောတိ ရတ္တူပရတော ဝိရတော ဝိကာလဘောဇနာ။ နစ္စဂီတဝါဒိတဝိသူက- ဒဿနာ၊ ပဋိဝိရတော ဟောတိ။ မာလာဂန္ဓဝိလေပနဓာရဏမဏ္ဍနဝိဘူသနဋ္ဌာနာ ပဋိဝိရတော ဟောတိ။ ဥစ္စာသယနမဟာသယနာ ပဋိဝိရတော ဟောတိ။ ဇာတရူပရဇတပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ။ အာမကဓညပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ။ အာမကမံသပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ။ ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ။ ဒါသိဒါသပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ။ အဇေဠကပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ။ ကုက္ကုဋသူကရ ပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ။ ဟတ္ထိဂဝဿဝဠဝ ပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ။ ခေတ္တဝတ္ထုပဋိ-ဂ္ဂဟဏာ ပဋိဝိရတော ဟောတိ။ ဒူတေယျ ပဟိဏဂမနာ နုယောဂါ ပဋိဝိရတော ဟောတိ။ ကယဝိက္ကယာ ပဋိဝိရတော ဟောတိ။ တုလာကူဋကံသကူဋ မာနကူဋာ ပဋိဝိရတော ဟောတိ။ ဥက္ကောဋန ဝဉ္စန နိကတိ သာ စိယောဂါ ပဋိဝိရတော ဟောတိ။ ဆေဒန ဝဓ ဗန္ဓန ဝိပရာမောသ အာလောပ သဟသာကာရာ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

စူဠသီလံ နိဋ္ဌိတံ။

## မဇ္ဈိမသီလ

၁၉၅။ ယထာ ဝါ ပ နေကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ ဗီဇဂါမဘူတဂါမသမာရမ္ဘံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ၊ မူလဗီဇံ ခန္ဓဗီဇံ ဖဠုဗီဇံ အဂ္ဂဗီဇံ ဗီဇဗီဇမေဝ ပဉ္စမံ၊ ဣတိ ဧဝရူပါ ဗီဇဂါမဘူတဂါမသမာရမ္ဘာ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၁၉၆။ ယထာ ဝါ ပ နေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ သန္နိဓိကာရပရိဘောဂံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ၊ အန္နသန္နိဓိံ ပါနသန္နိဓိံ ဝတ္ထသန္နိဓိံ ယာနသန္နိဓိံ ဂန္ဓသန္နိဓိံ အာမိသသန္နိဓိံ ဣတိ ဝါ၊ ဣတိဝေရူပါ သန္နိဓိကာရပရိဘောဂါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၁၉၇။ ယထာ ဝါ ပ နေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ ဝိသူကဒဿနံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ၊ နစ္စံ ဂီတံ ဝါဒိတံ ပေက္ခံ အက္ခာနံ ပါဏိဿရံ ဝေတာဠံ ကုမ္ဘထူဏံ သောဘနကံ စဏ္ဍာလံ ဝံသံ ဓောဝနံ ဟတ္ထိယုဒ္ဓံ အဿယုဒ္ဓံ မဟိံသယုဒ္ဓံ ဥသဘယုဒ္ဓံ မေဏ္ဍယုဒ္ဓံ ကုက္ကုဋယုဒ္ဓံ ဝဋ္ဋကယုဒ္ဓံ ဒဏ္ဍယုဒ္ဓံ မုဋ္ဌိယုဒ္ဓံ နိဗ္ဗုဒ္ဓံ ဥယျောဓိကံ ဗလဂ္ဂံ သေနာဗျူဟံ အနီကဒဿနံ ဣတိ ဝါ၊ ဣတိ ဝေရူပါ ဝိသူကဒဿနာ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၁၉၈။ ယထာ ဝါ ပ နေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ ဇူတပ္ပမာဒဋ္ဌာနာနုယောဂံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ၊ အဋ္ဌပဒံ ဒသပဒံ အာကာသံ ပရိဟာရပထံ သန္တိကံ ခလိကံ ဃဋိကံ သလာကဟတ္ထံ အက္ခံ ပင်္ဂစီရံ ဝင်္ကကံ မောက္ခစိကံ စိင်္ဂုလိကံ ပတ္တာဠှကံ ရထကံ ဓနုကံ အက္ခရိကံ မနေသိကံ ယထာဝဇ္ဇံ ဣတိ ဝါ၊ ဣတိ ဝေရူပါ ဇူတပ္ပမာဒဋ္ဌာနာနုယောဂါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၁၉၉။ ယထာ ဝါ ပ နေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါ ဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ ဥစ္စာသယနမဟာသယနံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ၊ အာသန္ဒိံ ပလ္လင်္ကံ ဂေါနကံ စိတ္တကံ ပဋိကံ ပဋလိကံ တူလိကံ ဝိကတိကံ ဥဒ္ဒလောမိံ ဧကန္တလောမိံ ကဋ္ဋိဿံ ကောသေယျံ ကုတ္တကံ ဟတ္ထတ္ထရံ အဿတ္ထရံ ရထတ္ထရံ အဇိနပ္ပဝေဏိံ ကာဒလိမိဂပဝရပစ္စတ္ထရဏံ သဥတ္တရစ္ဆဒံ ဥဘတောလောဟိတကူပဓာနံ ဣတိ ဝါ၊ ဣတိ ဝေရူပါ ဥစ္စာသယနမဟာသယနာ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၀၀။ ယထာ ဝါ ပ နေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါ ဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ မဏ္ဍနဝိဘူသနဋ္ဌာနာနုယောဂံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ၊ ဥစ္ဆာဒနံ ပရိမဒ္ဒနံ နှာပနံ သမ္ဗာဟနံ အာဒါသံ အဉ္ဇနံ မာလာဂန္ဓဝိလေပနံ မုခစုဏ္ဏံ မုခလေပနံ ဟတ္ထဗန္ဓံ ဒဏ္ဍံ နာဠိကံ အသိံ ဆတ္တံ စိတြုပါဟနံ ဥဏှီသံ မဏိံ ဝါလဗီဇနိံ ဩဒါတာနိ ဝတ္ထာနိ ဒီဃဒသာနိ ဣတိ ဝါ၊ ဣတိ ဝေရူပါ မဏ္ဍနဝိဘူသနဋ္ဌာနာနုယောဂါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၀၁။ ယထာ ဝါ ပ နေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါ ဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ တိရစ္ဆာနကထံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ၊ ရာဇကထံ စောရကထံ မဟာမတ္တကထံ သေနာကထံ ဘယကထံ ယုဒ္ဓကထံ အန္နကထံ ပါနကထံ ဝတ္ထကထံ သယနကထံ မာလာကထံ

ဂန္ဓကထံ ဉာတိကထံ ယာ ကထံ ဂါမကထံ နိဂမကထံ နဂရကထံ ဇနပဒကထံ ဣတ္ထိကထံ သူရကထံ ဝိသိခါကထံ ကုမ္ဘဋ္ဌာနကထံ ပုဗ္ဗပေတကထံ နာနတ္တကထံ လောကက္ခာယိကံ သမုဒ္ဒက္ခာယိကံ ဣတိဘဝါဘဝကထံ ဣတိဝါ၊ ဣတိ ဝေရူပါယ တိရစ္ဆာနကထာယ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိသီလသ္မိံ။

၂၀၂။ ယထာ ဝါ ပနေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ ဝိဂ္ဂါဟိကကထံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ၊ န တွံ ဣမံ ဓမ္မဝိနယံ အာဇာနာသိ၊ အဟံ ဣမံ ဓမ္မဝိနယံ အာဇာနာမိ၊ ကိံ တွံ ဣမံ ဓမ္မဝိနယံ အာဇာနိဿသိ မိစ္ဆာ ပဋိပန္နော တွမသိ၊ အဟမသ္မိ သမ္မာ ပဋိပန္နော၊ သဟိတံ မေ၊ အသဟိတံ တေ၊ ပုရေ ဝစနီယံ ပစ္ဆာ အဝစ၊ ပစ္ဆာ ဝစနီယံ ပုရေအဝစ၊ အဓိစိဏ္ဏံ တေ ဝိပရာဝတ္တံ၊ အာရောပိတော တေ ဝါ ဒေါ၊ နိဂ္ဂဟိတော တွ မသိ၊ စရ ဝါဒပ္ပမောက္ခာယ၊ နိဗ္ဗေဌေဟိ ဝါ သ စေ ပဟောသီတိ ဣတိဝါ၊ ဣတိ ဝေရူပါယ ဝိဂ္ဂါဟိကကထာယ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၀၃။ ယထာ ဝါ ပ နေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ ဒူတေယျပဟိဏဂမနာနုယောဂံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ၊ ရညံ ရာဇမဟာမတ္တာနံ၊ ခတ္တိယာနံ၊ ဗြာဟ္မဏာနံ၊ ဂဟပတိကာနံ ၊ ကုမာရာနံ "ဣဓ ဂစ္ဆ၊ အမုတြာ ဂစ္ဆ၊ ဣဒံ ဟရ၊ အမုတြ ဣဒံ အာဟရာ"တိ ဣတိဝါ၊ ဣတိ ဝေရူပါ ဒူတေယျပဟိဏဂမနာနုယောဂါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၀၄။ ယထာ ဝါ ပ နေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ကုဟကာ စ ဟောန္တိ လပကာ စ နေမိတ္တိကာ စ နိပ္ပေသိကာ စ လာဘေန လာဘံ နိဇိဂီသိတာရော စ၊ ဣတိ ဝေရူပါ ကုဟနလပနာ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

မဇ္ဈိမသီလံ နိဋ္ဌိတံ

## မဟာသီလံ

၂၀၅။ ယထာ ဝါ ပ နေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိကံ ကပ္ပေန္တိ။ သေယျထိဒံ၊ အင်္ဂံ နိမိတ္တံ ဥပ္ပါတံ သုပိနံ လက္ခဏံ မူသိကစ္ဆိန္နံ အဂ္ဂိဟောမံ ဒဗ္ဗိဟောမံ ထုသဟောမံ ကဏဟောမံ တဏ္ဍုလဟောမံ သပ္ပိဟောမံ တေလဟောမံ မုခဟောမံ လောဟိတဟောမံ အင်္ဂဝိဇ္ဇာ ဝတ္ထုဝိဇ္ဇာ ခေတ္တဝိဇ္ဇာ သိဝဝိဇ္ဇာ ဘူတဝိဇ္ဇာ ဘူရိဝိဇ္ဇာ အဟိဝိဇ္ဇာ ဝိသဝိဇ္ဇာ ဝိစ္ဆိဝိဇ္ဇာ မူသိကဝိဇ္ဇာ သကုဏဝိဇ္ဇာ ဝါယသဝိဇ္ဇာ ပက္ကဇ္ဈာနံ သရပရိတ္တာဏံ မိဂစက္ကံ ဣတိဝါ၊ ဣတိ ဝေရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၀၆။ ယထာ ဝါ ပနေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ။ သေယျထိဒံ၊ မဏိလက္ခဏံ ဝတ္ထလက္ခဏံ ဒဏ္ဍလက္ခဏံ သတ္ထလက္ခဏံ အသိလက္ခဏံ ဥသုလက္ခဏံ ဓနုလက္ခဏံ အာဝုဓလက္ခဏံ ဣတ္ထိလက္ခဏံ ပုရိသလက္ခဏံ ကုမာရလက္ခဏံ ကုမာရိလက္ခဏံ ဒါသလက္ခဏံ ဟတ္ထိလက္ခဏံ အဿလက္ခဏံ မဟိံသလက္ခဏံ ဥသဘလက္ခဏံ ဂေါလက္ခဏံ အဇလက္ခဏံ မေဏ္ဍလက္ခဏံ ကုက္ကုဋလက္ခဏံ ဝဋ္ဋကလက္ခဏံ ဂေါဓါလက္ခဏံ ကဏ္ဏိကလက္ခဏံ ကစ္ဆပလက္ခဏံ မိဂလက္ခဏံ ဣတိဝါ၊ ဣတိ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၀၇။ ယထာ ဝါ ပနေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိဘုဉ္ဇိတွာ တေ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ။ သေယျထိဒံ၊ ရညံ နိယျာနံ ဘဝိဿတိ၊ ရညံအနိယျာနံ ဘဝိဿတိ၊ အဗ္ဘန္တရာနံ ရညံ ဥပယာနံ ဘဝိဿတိ၊ ဗာဟိရာနံ ရညံ အပယာနံ ဘဝိဿတိ၊ ဗာဟိရာနံ ရညံ ပရာဇယော ဘဝိဿတိ၊ ဗာဟိရာနံ ရညံ ဇယော ဘဝိဿတိ၊ ဗာဟိရာနံ ရညံ ပရာဇယော ဘဝိဿတိ၊ ဣတိ ဣမဿ ဇယော ဘဝိဿတိ၊ ဣမဿ ပရာဇယော ဘဝိဿတိ၊ ဣတိဝါ၊ ဣတိဧဝရူပါယ တိရစ္ဆာန ဝိဇ္ဇာယ မိစ္ဆာဇီဝါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၀၈။ ယထာ ဝါ ပနေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ။ သေယျထိဒံ၊ စန္ဒဂ္ဂါဟော ဘဝိဿတိ၊ သူရိယဂ္ဂါဟော ဘဝိဿတိ၊ နက္ခတ္တဂ္ဂါဟော ဘဝိဿတိ၊ စန္ဒိမသူရိယာနံ ပထဂမနံ ဘဝိဿတိ၊ စန္ဒိမသူရိယာနံ ဥပ္ပထဂမနံ ဘဝိဿတိ၊ နက္ခတ္တာနံ ပထဂမနံ ဘဝိဿတိ၊ ဘူမိစာလော ဘဝိဿတိ၊ ဒေဝဒုန္ဒုဘိ ဘဝိဿတိ၊ စန္ဒိမသူရိယ နက္ခတ္တာနံ ဥဂ္ဂမနံ ဩဂမနံ သံကိလေသံ ဝေါဒါနံ ဘဝိဿတိ၊ ဧဝံဝိပါကော စန္ဒဂ္ဂါဟော ဘဝိဿတိ၊ ဧဝံဝိပါကော သူရိယဂ္ဂါဟော ဘဝိဿတိ၊ ဧဝံဝိပါကော နက္ခတ္တဂ္ဂါဟော ဘဝိဿတိ၊ ဧဝံဝိပါကံ စန္ဒိမသူရိယာနံ ပထဂမနံ ဘဝိဿတိ၊ ဧဝံဝိပါကံ စန္ဒိမသူရိယာနံ ဥပ္ပထဂမနံ ဘဝိဿတိ၊ ဧဝံဝိပါကံ နက္ခတ္တာနံ ပထဂမနံ ဘဝိဿတိ၊ ဧဝံဝိပါကော ဒိသာဍာဟော ဘဝိဿတိ၊ ဧဝံဝိပါကော ဘူမိစာလော ဘဝိဿတိ၊ ဧဝံဝိပါကော ဒေဝဒုန္ဒုဘိ ဘဝိဿတိ၊ ဧဝံဝိပါကံ စန္ဒိမသူရိယနက္ခတ္တာနံ ဥဂ္ဂမနံ ဩဂမနံ သံကိလေသံ ဝေါဒါနံ ဘဝိဿတိ ဣတိ ဝါ၊ ဣတိ ဧဝရူပါယ တိရစ္ဆာန ဝိဇ္ဇာယ မိစ္ဆာဇီဝါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၀၉။ ယထာ ဝါ ပနေ ကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ။ သေယျထိဒံ၊ သုဝုဋ္ဌိကာ ဘဝိဿတိ၊ ဒုဗ္ဗုဋ္ဌိကာ ဘဝိဿတိ၊ သုဘိက္ခံ ဘဝိဿတိ၊ ဒုဗ္ဘိက္ခံ ဘဝိဿတိ၊ ခေမံ ဘဝိဿတိ၊ ဘယံ ဘဝိဿတိ၊ ရောဂေါ ဘဝိဿတိ၊ အာရောဂျံ ဘဝိဿတိ၊ မုဒ္ဒါ၊ ဂဏနာ၊ သင်္ခါနံ၊ ကာဝေယျံ၊ လောကာယတံ ဣတိ ဝါ၊ ဣတိ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၁၀။ ယထာ ဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ။ သေယျထိဒံ၊ အာဝါဟနံ ဝိဝါဟနံ သံဝရဏံ ဝိဝရဏံ သံကိရဏံ ဝိကိရဏံ သုဘဂတရဏံ ဒုဗ္ဘဂကရဏံ ဝိရုဒ္ဓဂဗ္ဘကရဏံ ဇိဝှါနိဗန္ဓနံ ဟနုသံဟနနံ ဟတ္ထာဘိဇပ္ပနံ ဟနုဇပ္ပနံ ကဏ္ဏဇပ္ပနံ အာဒါသပဉှံ ကုမာရိကပဉှံ ဒေဝပဉှံ အာဒိစ္စုပဋ္ဌာနံ မဟတုပဋ္ဌာနံ အဗ္ဘုဇ္ဇလနံ သိရိဝှါယနံ ဣတိ ဝါ၊ ဣတိ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၁၁။ ယထာ ဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ။ သေယျထိဒံ၊ သန္တိကမ္မံ ပဏိဓိကမ္မံ ဘူရိကမ္မံ ဝဿကမ္မံ ဝေါဿကမ္မံ ဝတ္ထုကမ္မံ ဝတ္ထုပရိကမ္မံ အာစမနံ နှာပနံ ဇုဟနံ ဝမနံ ဝိရေစနံ ဥဒ္ဓံဝိရေစနံ အဓောဝိရေစနံ သီသဝိရေစနံ ကဏ္ဏတေလံ နေတ္တတပ္ပနံ နတ္ထုကမ္မံ အဉ္ဇနံ ပစ္စဉ္ဇနံ သာလာကိယံ သလ္လကတ္တိယံ ဒါရကတိကိစ္ဆာ၊ မူလဘေသဇ္ဇာနံ အနုပ္ပဒါနံ၊ ဩသဓီနံ ပဋိမောက္ခော ဣတိဝါ၊ ဣတိ ဧဝရူပါယ တိရစ္ဆာန ဝိဇ္ဇါယ မိစ္ဆာဇီဝါ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

၂၁၂။ သ ခေါ သော မဟာရာဇာ ဘိက္ခု ဧဝံ သီလသမ္ပန္နော နကုတောစိ ဘယံ သမနုပဿတိ၊ ယဒိဒံ သီလသံဝရတော။ သေယျထာပိ မဟာရာဇ ရာဇာ ခတ္တိယော မုဒ္ဓါဘိသိတ္တော နိဟတပစ္စာမိတ္တော န ကုတောစိ ဘယံ သမနုပဿတိ၊ ယဒိဒံ ပစ္စတ္ထိကတော။ ဧဝ မေဝ ခေါ မဟာရာဇ ဘိက္ခု ဧဝံ သီလသမ္ပန္နော နကုတောစိ ဘယံ သမနုပဿတိ၊ ယဒိဒံ သီလသံဝရတော၊ သော ဣမိနာ အရိယေန သီလက္ခန္ဓေန သမန္နာဂတော အဇ္ဈတ္တံ အနဝဇ္ဇသုခံ ပဋိသံဝေဒေတိ။ ဧဝံ ခေါ မဟာရာဇ ဘိက္ခု သီလသမ္ပန္နော ဟောတိ။

မဟာသီလံ နိဋ္ဌိတံ။

## အဇာတသတ္တု ဥပါသကတ္တပဋိဝေဒနာ

၂၅၀။ ဧဝံ ဝုတ္တေ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဘဂဝန္တံ ဧတဒဝေါစ "အဘိက္ကန္တံ ဘန္တေ အဘိက္ကန္တံ ဘန္တေ၊ သေယျထာပိ ဘန္တေ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ 'စက္ခုမန္တော ရူပါနိ ဒက္ခန္တီ'တိ၊ ဧဝမေဝံ ဘန္တေ ဘဂဝတာ အနေကပရိယာယေန ဓမ္မော ပကာသိတော။ ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ၊ အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ၊ ယောဟံ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဣဿရိယကာရဏာ ဇီဝိတာ ဝေါရောပေသိံ၊ တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယာ"တိ။

၂၅၁။ တဂ္ဃ တွံ မဟာရာဇ အစ္စယော အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာ အကုသလံ၊ ယံ တွံ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ ဝေါရောပေသိ၊ ယတော စ ခေါ တွံ မဟာရာဇ အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောသိ၊ တံ တေ မယံ ပဋိဂ္ဂဏှာမ၊ ဝုဒ္ဓိဟေသာ မဟာရာဇ အရိယဿ ဝိနယေ၊ ယော အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောတိ၊ အာယတိံ သံဝရံ အာပဇ္ဇတီတိ။

၂၅၂။ ဧဝံ ဝုတ္တေ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဘဂဝန္တံ ဧတဒဝေါစ "ဟန္ဒ စ ဒါနိ မယံ ဘန္တေ ဂစ္ဆာမ ဗဟုကိစ္စာ မယံ ဗဟုကရဏီယာ" တိ။ ယဿဒါနိ တွံ မဟာရာဇ ကာလံ မညသီတိ။ အထ ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဘဂဝတော ဘာသိတံ အဘိနန္ဒိ-တွာ အနုမောဒိတွာ ဥဋ္ဌာယာသနာ ဘဂဝန္တံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ ပက္ကာမိ။

၂၅၃။ အထ ခေါ ဘဂဝါ အစိရပက္ကန္တဿ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ ဘိက္ခူ အာမန္တေသိ "ခတာယံ ဘိက္ခဝေ ရာဇာ၊ ဥပဟတာယံ ဘိက္ခဝေ ရာဇာ၊ သစာယံ ဘိက္ခဝေ ရာဇာ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ န ဝေါရောပေဿထ၊ ဣမသ္မိံယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇိဿထာ" တိ။ ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

သာမညဖလသုတ္တံ နိဋ္ဌိတံ

## ၆၁။ ၁၃၆၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း (----) ရက် (----------) "မသိုးသင်္ကန်းလှူဒါန်းပူဇော်ပွဲတွင် ပြောကြားအပ်သော မိန့်ခွန်းလွှာ"

ကြွရောက်တော်မူလာကြတဲ့ "သံရိမင်္ဂလာ- ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ဝင် လူကြီးမင်းများ ခင်ဗျား၊ အလှူရှင်များ၊ ဘာသာရေး သာသနာရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားအပ်သော ဂုဏ်သရေရှိ လူကြီးမင်းများ သာသနာ့မာမက ကလျာဏနွယ်ဝင်သူတော်စင် ဓမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား -

ယနေ့မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပူဇော်ပွဲမှာ ယခုလို စကားပြောခွင့်ရတဲ့အတွက် အလွန်ဘဲ ဝမ်းမြောက်ဝမ်းသာကြည်နူးမှုအဖြာဖြာကို ရရှိပါတယ်။ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ပွဲဖြစ်တဲ့အတွက် ယင်းနဲ့ ပတ်သက်တဲ့အကြောင်းအရာများကို မိမိဉာဏ်မှီသိရှိသမျှ တင်ပြသွားလိုပါတယ်။ ဒီလိုတင်ပြတဲ့ အခါမှာ "မသိုးသင်္ကန်း" ရဲ့ [(၁) အစီပွါယ်၊ (၂) ဘယ်လိုပေါ်ပေါက်လာတယ်၊ (၃) ဘယ်အချိန်မှာ စတင် ပေါ်ပေါက်လာတယ်၊ (၄) ဘုရားရှင်လက်ထက်က ဘယ်လိုဆောင်ရွက်ခဲ့တယ်၊ (၅) ဘုရင်ခေတ်အဆက်ဆက် ဘယ်လိုဆောင်ရွက်ခဲ့ကြ တယ်၊ (၆) ယခုခေတ် ဘယ်လိုဆောင်ရွက်ကြတယ်၊ ဒီလိုသင်္ကန်းရက်လုပ်တဲ့အတွက် ဘယ်လိုအကျိုးတူးတွေရရှိ နိုင်မှာဖြစ်တယ် စသဖြင့် တင်ပြသွားမှာ ဖြစ်ပါတယ်] မသိုးသင်္ကန်းနဲ့ ပတ်သက်တဲ့ အကြောင်းချင်းရာတွေကို မကျဉ်းမကျယ် တင်ပြသွားမှာဖြစ်ပါတယ်။

"မသိုးသင်္ကန်း" ဆိုတာ ပုပ်မသိုးတဲ့သင်္ကန်း တနည်းအားဖြင့် လတ်ဆတ်တဲ့ သင်္ကန်းကို ဆိုလိုခြင်း ဘဲဖြစ်ပါတယ် "သိုးတယ်" ဆိုတာကတော့ ချက်ပြုတ်ထားတဲ့အစားအစာတွေဟာ အချိန်ကြာမြင့်သွားတဲ့အခါ ပင်ကို ဓာတ်ပျက်သွားတဲ့အတွက် မကောင်းသောအနံ့အသက်တစ်မျိုး ထွက်နေခြင်းဘဲ ဖြစ်ပါတယ်။ ဒီလိုအနံ့ ဆိုး အနံ့သိုးတွေ ထွက်လာတယ်ဆိုတာ "အစားအစာ" များကို "ည" သိပ်ထားတဲ့အခါ ဖြစ်လေ့ပေါ်လာတတ်တဲ့ မကောင်း တဲ့အခြေအနေဘဲဖြစ်ပါတယ်။ ဒါ့ကြောင့် "မသိုးသင်္ကန်း" ဆိုတာ အနံ့ဆိုး၊ အနံ့သိုးတွေ ပေါ်ထွက်မလာစေရန် ဆောင်ရွက်ထားတဲ့ တနည်းအားဖြင့် "ညသိပ်" မထားဘဲ နောက်တစ်နေ့သို့ မကူးမှီ အရုဏ်မတက်မီ သန့်ရှင်းလတ်ဆတ်တဲ့ သင်္ကန်းရရှိစေရန်၊ ရက်လုပ်ချုပ်စပ်တဲ့သင်္ကန်းကို "မသိုးသင်္ကန်း" လို့ ခေါ်ခြင်းဖြစ်ပါတယ်။

မသိုးသင်္ကန်းရဲ့ အစီပွါယ်ကို ဝိနယ ပိဋကမဟာဝဂ္ဂပါဠိတော် ကထိနက္ခန္ဓက မြန်မာပြန်မှာ "ညဥ့်မလွန်သော ပုဆိုးဖြင့်ခင်းသော် ကထိန်ခင်းသည်မည်၏လို့ ဖော်ပြထားပါတယ်။"

ဘုရားရှင်လက်ထက်က ရဟန်းသံဃာများဟာ ကထိန်ခင်းရန်အတွက် လှူဒါန်းတဲ့ သင်္ကန်းလျာများကို ညသိပ်သိမ်းဆည်းမထားရဘဲ လှူဒါန်းတဲ့နေ့ အရုဏ်မတက်မီအတွင်း သင်္ကန်းလျာဖြတ်နင်းမှု၊ ချုပ်စပ်မှု၊ ဆေးဆိုး မှုစတဲ့အမှုကိစ္စတွေကို ပြီးစီးအောင် ဆောင်ရွက်ကြရပါတယ်။ ဒီလို လိုအပ်တဲ့ကိစ္စအားလုံးကို နေ့ချင်းပြီးအောင် လုပ်ဆောင်နိုင်သော သင်္ကန်းမျိုးကို မသိုးသင်္ကန်းလို့ ခေါ်ဆိုကြတာဖြစ်ပါတယ်။

မသုံးသင်္ကန်းပေါ်ပေါက်လာပုံကတော့ "ကထိန်သင်္ကန်းပေါ်ပေါက်လာမှုနဲ့ တပြိုင်နက်ပင်ဖြစ်တယ်လို့ ဆိုရပါ့မယ်။ ဘာပြုလို့လဲဆိုတော့ ကထိန်သင်္ကန်းဖြစ်မြောက်ရေးမှာ မသုံးသင်္ကန်းဖြစ်ရဟာမို့ ဖြစ်ပါတယ်။ " "ညဉ့် လွန်သဖြင့် ကထိန်ခင်းသည်မမည် ညဉ့်မလွန်သော ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည်မည်၏ဟု ပါရှိသဖြင့် "ညဉ့်လွန်သဖြင့်" ဆိုတာ သုံးသည် ပုတ်သည်ကိုဆိုခြင်းဖြစ်၍ "ညဉ့်မလွန်သော" လို့ဆိုတာဟာ သုံးခြင်း၊ ပုတ်ခြင်းရဲ့ ဆန့်ကျင်ဘက်လတ်ဆတ်ခြင်း၊ မပုတ်ခြင်း၊ မသုံးခြင်းကို ဆိုလိုခြင်းဘဲ ဖြစ်ပါတယ်။

"မသုံးသင်္ကန်းစတင်ပေါ်ပေါက်ချိန်" အကောက်က ကျွန်တော်ရှင်းပြခဲ့သလို "မသုံးသင်္ကန်းနဲ့ ကထိန်ပွဲ နှီးနွယ်နေတာကို သိရှိပြီဖြစ်ကြတဲ့အတိုင်း "ကထိန်ခင်း" ရင် မသုံးသင်္ကန်းမပါလို့ မဖြစ်တော့ပါဘူး ပါကို ပါရပါ တယ်။ ကျွန်တော်ရှင်းပြလိုတာက "ကထိန်ခင်းခြင်း" ပေါ်ပေါက်လာတဲ့အချိန်နဲ့ တပြိုင်နက် "မသုံးသင်္ကန်း" ရက်လုပ်ပူဇော်ခြင်းအချိန် တစ်ပြိုင်နက်ဖြစ်ပေါ်လာတာကို ဆိုလိုပါတယ်။

မြတ်စွာဘုရားသခင်ဟာ ကထိန်ခင်းခွင့်ကို သာဝတ္ထိပြည် အနာထပိဏ်သူဌေး လှူဒါန်းတဲ့ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးနေစဉ်က ခွင့်ပြုတော်မူခဲ့ပါတယ်။ ခွင့်ပြုတော်မူရာမှာ ရှေးဦးစွာ ပြုလုပ်ရမဲ့ ပုဗ္ဗကရဏ အဖြစ် "ဖွတ် စိရင်ဖြတ်ချုပ် -ဘုံး- ကပ္ပဝိန္ဒုဆိုးဘိုတဲ့ စာစဉ်နဲ့အညီ သင်္ကန်းလျာပိတ်စကို ဖွတ်လျှော်ခြင်းဖြင့် ဖောက်ခြင်း- ချုပ်စပ်ခြင်းစသဖြင့် စိရင်ခြင်း- အခန်းစပ်ရန်အတွက် ဖြတ်တောက်ရခြင်း ချုပ်စပ်ရခြင်း၊ ဆေးဆိုးရခြင်း၊ ကပ္ပဝိန္ဒုထိုးခြင်းတို့ကို ခွင့်ပြုခဲ့ပါတယ်။ အားလုံးသိရှိကြတဲ့အတိုင်း ဘုရားရှင် လက်ထက်တော်အခါက စက်မှုသိပ္ပံမထွန်းကားသေးတဲ့အတွက် အဝတ်အထည်တွေကို လက်ဖြင့်သာချုပ်ဝတ် ကြရပါတယ်။ ကထိန်သင်္ကန်း လှူဒါန်းလိုတဲ့လူတွေဟာ သင်္ကန်းအဖြစ် မချုပ်- မဆိုးရသေးတဲ့ "အဝတ်အပိုင်း" များကိုသာ လှူဒါန်းလေ့ရှိကြပါတယ်။ "ဒီကထိန်လျာအဝတ်ပိုင်းကို သံဃာအားလှူဒါန်းပါကုန်၏၊ လို့ ပြောဆို လှူဒါန်းရပါတယ်။ ဒီလိုလှူဒါန်းမှသာ "ကထိန်အလှူ" မြောက်ပါတယ်။

ဒီလိုရရှိ လှူဒါန်းရရှိလာတဲ့ ကထိန်လျာအဝတ်အပိုင်းတွေကို "မသုံးသင်္ကန်း" ဖြစ်အောင် ဆောင်ရွက် ကြရ ပါတယ် ဒီလိုဆောင်ရွက်တဲ့အခါ အဆင့်(၂)ဆင့်ပါဝင်ပါတယ်။ ပထမအဆင့် သံဃာဟာ "သင်္ကန်းလျာ အဝတ်ပိုင်း" ကို လှူဒါန်းတဲ့နေ့မှာဘဲ "ကထိန်ခံထိုက်တဲ့ ရဟန်းကို ဉတ်တစ်ကြိမ် ကမ္မဝါတစ်ကြိမ်ပါတဲ့" ကမ္မဝါစာ နဲ့ အပ်နှင်းရပါတယ်။

ဒုတိယအဆင့်အနေနဲ့တော့ ကထိန်ခံမဲ့ရဟန်းက အဲဒီကထိန်လျာသင်္ကန်းကို ရတဲ့နေ့အရုဏ်မတက်မှီ ပြီးစီးအောင် ချုပ်ရဆိုးရမည်။ အချိန်မှီ ပြီးစီးစေဖို့ အခြားရဟန်းတွေက ကူညီဆောင်ရွက်ပေးရပါတယ်။ ဒါကတော့ မြတ်စွာဘုရားသခင်လက်ထက်တော်က ဆောင်ရွက်ခဲ့ကြပုံဖြစ်ပါတယ်။

ဘုရားရှင်လက်ထက်တော်အခါက ကြီးကျယ်ထင်ရှားတဲ့ သင်္ကန်းရက်လုပ်လှူဒါန်းပွဲကြီးတစ်ခုကို ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့် အဋ္ဌကထာမှာတွေ့ရှိရပါတယ်။ သဗ္ဗညုမြတ်စွာဘုရား ရှင်ရဲ့လက်ထက် သင်္ကန်းရက်လုပ်လှူဒါန်းသူကတော့ ဘုရားရှင်ရဲ့ မိထွေးတော် မဟာပဇာပတိ ဂေါတမီဘဲ ဖြစ်ပါတယ်။ အချိန်ကတော့ မြတ်စွာဘုရားသခင် ကပိလဝတ်ပြည်သို့ ဒုတိယအကြိမ်ကြွပြန်းတော်မူစဉ်က

ဖြစ်ပါတယ်။ မိထွေးတော်ဂေါတမီက မြတ်စွာဘုရားရှင်ရဲ့ ဝင်းဝါထွန်းတောက်တော်မူလှတဲ့ (၃၂) ပါးသော လက္ခဏာတော်ကြီး (၈၀) သော လက္ခဏာတော်ငယ်များနဲ့ တန်ဆာဆင်ထားတဲ့ နတ်၊ ဗြဟ္မာများပင် မတုပနိုင်အောင် အင်္ဂါကြီးငယ် တင်တယ်ပြည့်ဖြိုး အချိုးကျနဲ့ ဝင်းပသပ္ပာယ်တော်မူလှတဲ့ ရုပ်ကာယတော်ကို ဖူးမြော်လို့မဝ ဖြစ်လာတဲ့အတွက် ကိုယ်တိုင် သက်န်းရက်လုပ် ဆက်ကပ်လှူဒါန်းပူဇော်လိုတဲ့ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်လာပါတယ်။ ဒီဆန္ဒနဲ့အညီ ကိုယ်တိုင်ဈေးသွား ဝါဝယ်၊ ဝါဖတ်၊ ဗိုင်းငင် စသဖြင့် ချည်ချောများရအောင် ပြုလုပ်ပါတယ်။ အဲဒီလိုအဆင့်ဆင့် ဆောင်ရွက်ပြီးတဲ့နောက် နန်းတော်တွင်းမှာဘဲ ရက်ကန်းရုံဆောက် ရက်ကန်းရက်မယ့်သူတွေ စိတ်ကြိုက်ရွေးပြီးတော့ စိတ်တိုင်းကြရက်လုပ်စေပါတယ်။ မိမိကိုယ်တိုင်လဲဘဲ အခါအခွင့်ရတိုင်း အထိန်းတော်များခြံရံပြီး၊ ရက်ကန်း ရုံသွားပြီး၊ ကိုယ်တိုင်ပါဝင် ရက်လုပ်ပါတယ်။ ရက်လုပ်ရာမှာ ပါဝင်တဲ့ ပုဂ္ဂိုလ်တွေကိုလဲပဲ စားဘွယ်ခဲဘွယ် ဘောဇဉ်ကောင်းတွေကို ကျွေးမွေးပြုစုပါတယ်။ ပြီးတော့လဲ "လက္ခ ကံကျွေး- ဆုလာဘ်များကို ပေးသနားတော်မူပါတယ်။ ရက်ကန်းပညာကျော်တွေကိုလည်းပဲ ကြီးစွာသော ဆုလာဘ်များနဲ့ ပူဇော်သက္ကာရပြုပါတယ်။ ရက်ပြီးတဲ့ သင်္ကန်း အလျှာပိတ်ချောအစုံကို နံ့သာကြုတ်၌ထည့်ပြီး အမွှေးအကြိုင် အဃုံအခိုးမွှေ့နဲ့ မွှန်းပြီး မြတ်စွာဘုရားယံ လှူဒါန်း ပူဇော်ဆက်ကပ်နိုင်ဘို့ သုဌ္ဌေါဒနပင်းကြီးထံ ခွင့်ပန်ပါတယ်။

မင်းကြီးကလည်း ခွင့်ပြုပြီး ရွှေနန်းတော်တံခါးဝက နိဂြောဓာရုံကျောင်းတော်အရောက် လမ်းတစ်လျှောက်လုံး သုတ်သင်ရှင်းလင်းပြီး ပန်းမွှေရာများခင်းကာ တံခွန် ကုက္ကား၊ မုလေဗွားများနဲ့ တန်ဆာဆင်ထားစေပါတယ်။ မိထွေးတော် ဂေါတမီလည်း မိမိရဲ့ အထိန်းတော်များ ခြံရံပြီး ဘုရားရှင်ထံသို့ သွားရောက်ကာ သင်္ကန်းတော်အလျှာ ပိတ်ချောအစုံကို တခမ်းတနား ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ကျင်းပပါတယ်။

ရှေးမြန်မာဘုရင်များလက်ထက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲ

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်လာတဲ့အခါမှသာ သာသနာတော်ကို အလွန်ကြည်ညိုလေးစားတဲ့ မြန်မာဘုရင်များက သင်္ကန်းကပ်လှူပူဇော်ပွဲကို "မြတ်စွာဘုရားသခင်လက်ထက် ကထိန်သင်္ကန်းကပ်လှူပွဲနဲ့ မိထွေး တော်ဂေါတမီရဲ့ သင်္ကန်းရက်လုပ်ပူဇော်လှူဒါန်းပွဲကို ပေါင်းစပ်ပြီး မြန်မာ့ယဉ်ကျေးမှုတစ်ရပ်အနေနဲ့ "မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပွဲကို တီထွင်ဖန်တီးလိုက်ပါတယ်။ အကြောင်းကတော့ မိထွေးတော်ရဲ့ သင်္ကန်းရက်လုပ်ပူဇော် လှူဒါန်းပွဲနဲ့ မြန်မာဘုရင်တွေရဲ့ လှူဒါန်းပူဇော်ပွဲ ကျင်းပကြပုံဟာ တပြေးညီ ထပ်တူထပ်မျှ တူညီနေတာကို တွေ့ရပါတယ်။

ရှေးခေတ်စာဆိုတော်တစ်ဦးက တန်ဆောင်မုန်းလဘွဲ့မှာ "ကြတ္တိကာ ဇွဲခွင်က မြန်းမြန်တော့ - ကတိုးရေ စင်ဖျန်းလို့ စန်းပေါ်ထွက်ကထဲက မသိုးရွှေသင်္ကန်းနန်းတော်က ရက်သည့်ပြင်" လို့ မြန်မာဘုရင်တို့ လက်ထက်မှာ စာဆိုတော်များ ဖွဲ့ဆိုထားတာကို တွေ့ရပါတယ်။

ကုန်းဘောင်ခေတ်မဟာရာဇဝင်တော်ကြီး တတိယတွဲမှာလည်း "ယင်းသည် လဆန်းတစ်ဆယ့်ငါးရက်နေ့ (လ) ညနေဆည်းဆာအချိန် နံနက် (၄) ချက်တီး အချိန်က ရက်လုပ်ပြီး ပြေရှိသည့်မသိုးသင်္ကန်းတော်စုံရေ (၃၉). နှင့်တကွ ပူဇော်ပွဲစသော အလှူတော်အဘွယ်အရာများကို အခမ်းနားစီစဉ်ခင်းကျင်းပြီးလျှင် တောင်စမုတ်တော်သို့ သွင်းပြရာ အရှင်နှစ်ပါးယွက်တော်မူ၍ မရေတွက်နိုင်မပော်မူသည်" ဟု ဆိုမပါမင်း လက်ထက် မသိုးသင်္ကန်းရက်လှူပွဲကို မှတ်တမ်းတင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

"ကုန်းဘောင်ဆုန်းလဆန်း (၁၄) ရက်နေ့ ဝပ္ပါသရ ဂဏ္ဍာဂါဖြစ်တော်မူသော ဘုံးလှူဒါနင်း ရှင်ဘောင်း၏ မွေးတော်မြဲပင် တက်တော်မြတ်ကိန်းဝင်တော်မူရာ တန်ဆောင်ရပ်ရာနေရာများ မဟာမုနိဘုရား (၁) လောကသဿရဖူးဘုရား စုစုဘုရားပူဇေ (၃၉) ဆူ ရေပူဇော်တော်မြဲပတ်ပုံတွေ နှစ်စဉ်လှူဒါန်းပြီ မသိုးသင်္ကန်း ရက်လုပ် လှူဒါန်းတော်မူရန်ရှိသည်ကို အနောက်စမုတ်ဆောင်တော် ရှေ့ဝဲယာတစ်လျှောက် ဆောက်လုပ်ရှိစေသည့် ရက်ကန်းတဲများတွင် ပွဲတက်နေရာတော်နေ ကတော်မယားတို့ကို သင်္ကန်းရက်လုပ်ရန် ဝါကြိတ်ရစ်မှုစ၍ ရက်ကန်းစင်ကြိယာစုံရက်လုပ်မည့်သူ မိန်းမလက်ကောင်း- လက်လတ်တို့နှင့်တကွ အရှင်နန်းမတော်ဘုရားဝန်စာရေးကြီးတို့နှင့် အနောက်ဝန်စာရေး ကတော်စာရေးတို့က အသီးသီးနေရာချထား အသင့်ရှိစေပြီ အနောက်မစုတ်တော်ဦး ပွဲကြည့်စံနန်းတော်သို့ အသျှင်နှစ်ပါး ထွက်စံတော်မူ၍ စာကောက်ရန် ညဉ့်နှစ်ချက်တီ၊ အချိန်မတိုင်မီ အတွင်းပွဲ သဘင်စုံများကို ကျင်းပစေပြီးလျှင် ညဉ့်နှစ်ချက်တီး ဗဟိုရ်စည်တော်သံကြားသည်နှင့် တပြိုင်နက် မျိုးစေ့ကြဲပြောက် ပင် ရောက်ပွင့်သီး လုံးကြီးဝါပေါက် ကောက်ယူမဆိတ် အကြိမ်အဖန်ပြန်လှန်တဲ့ပယ် ရှယ်ခြင်း၊ ရက်ခြင်း၊ ဆိုးခြင်း စုံလင်အစီအရင်တို့ကို အသာကူးပြောင်း၊ ဟောင်းခြင်း၊ သိုးခြင်း မရှိစေရ ကတော်မယားတို့ တစ်ဦးထက် တစ်ဦးသာအောင် ကြိုးပမ်းအားထုတ် ပြိုင်ဆိုင်ရက်လုပ်ကြတယ်"လို့ မှတ်သားရပါတယ်။

မသိုးသင်္ကန်းတော်ကြီးကြပ်ရက်လုပ်သည့် ကတော်မယားတို့ကိုလည်း ပုဝါအုပ်၊ ပိုက်အုပ်၊ သက္ကလပ် ခြုံထည်များ ပေးသနားတော်မူ၍ ဦးစွာပြီးသူကို ရွှေဖလားသနားတော်မူပါတယ်။

ယခုခေတ်ဆောင်ရွက်ပုံတော့ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ၊ တွံတေးရွှေဆံတော်ဘုရား၊ မုဒုံမသိုးသင်္ကန်း၊ ရက်ပြိုင်ပွဲစသဖြင့် နှစ်စဉ်နှစ်စဉ် တန်ခိုးကြီးဘုရားတွေမှာ ကျင်းပကြပါတယ်။

မြတ်စွာဘုရားသခင်လက်ထက် ရှေးဘုရင်များအဆက်ဆက် ပူဇော်ရက်လုပ်လှူဒါန်းပွဲများ ကျင်းပသကဲ့သို့ ကျွန်တော်များ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကလဲ ရှေးထုံးစဉ်လာမပျက် ကျင်းပတာဖြစ်ပါတယ် ကမ္ဘာအေးဂေါပက အဖွဲ့က ကြီးမှူးကျင်းပတဲ့ "မသိုးရွှေကြာသင်္ကန်း" ရက်လုပ်လှူဒါန်းပွဲကတော့ "ရှေးထုံးကိုလဲ မပယ်နဲ့ဆိုတဲ့ စာဆိုနဲ့အညီ ပြက်စွာဘုရားရှင်လက်ထက်ကော်က ကျင်းပတဲ့ပုံ ရှေးဘုရင်အဆက်ဆင် ကျင်းပခဲ့တဲ့ အစဉ်အလာတွေလဲ မပျက်ရလေအောင် ဆောင်ရွက်ထားရှိပါတယ်။ ယခုအကြိမ် မသိုး[illegible] ရွှေကြာသင်္ကန်းရက်လုပ်လှူဒါန်းမှုနဲ့ ပတ်သက်ပြီးတော့ ကျင်းပရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်က အသေးစိပ်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ယခုမသိုးသင်္ကန်းလှူဒါန်းရခြင်းရဲ့ အကျိုးတရားတွေကို ဆက်လက်တင်ပြလိုပါတယ်။ မန်လည်ဆရာတော်ဘုရားကြီးက သူ့ရဲ့မဟာသုတကာရီ မဃဒေဝလင်္ကာသစ် နိပ်ရာဇပရိယာယကျမ်းမှာ သင်္ကန်းလှူဒါန်းရခြင်းရဲ့ အကျိုးတရားတွေကို "တဘော်ဆင်မြန်း ဝတ်သက်န်းကို လှူဒါန်းသည့်သူ -အဆင်းလှူတည့်နတ်လူတို့ဘောင်ဖြစ်ဆိုင်း နောင်ဝယ် အခေါင်ဦးစွန်း ကိုယ်ရောင်ထွန်း၍ တုကျွန်းလွှတ်ကွာ မယ်ဉစ္စာနှင့် ပဘာဝတီနတ်တပြိုသို့ အညီနိုင်းရှိ လှခေါင်ထလိမ့်" လို့ စပ်ဆိုဖော်ညွှန်းခဲ့ပါတယ်။ တနည်းအားဖြင့် ရက်ကန်းရက်လုပ်မှု ကိစ္စအဝဝတွေကို ဆောင်ရွက်တဲ့ အမျိုးသမီးတွေအတွက် ဖော်ညွှန်း စပ်ဆိုခဲ့ဟန်ရှိပါတယ်။ အမျိုးသမီးများအနေနဲ့ မဟာလွှတာတန်းဘာကို ဆင်မြန်းနိုင်သော သက္ကိထူးတွေရရှိနိုင်ခါ မင်္ဂဖိုလ်နိဗ္ဗာန်ဝင်ခံနိုင်ကြပါတယ်။ မဟာလွှတ်တန်ဆာကို ဆင်ပြောင်ငါးစီး အားမာန်ကို ဆောင်နိုင်စွမ်းရှိတဲ့ အမျိုးသမီးများသာ ဆင်မြန်းနိုင်ကြပါတယ်။ ဗုဒ္ဓရှင်တော်လက်ထက်က မဟာလတ်တန်ဆာကို ဆင်မြန်းနိုင်တဲ့ အမျိုးသမီးအာဇာနည်တွေကတော့ (၁) ဝိသာခါ သူဌေးသမီး၊ (၂) ဗန္ဓုလစစ်ဗိုလ်ချုပ်ကြီးကတော် မလ္လိကာဒေဝီနဲ့ (၃) တာရာဏသီပြည်သူဌေးသမီး - ဒ်(၃)ဦးသာရှိကြောင်း သိရှိရပါတယ်။ အမျိုးသားများအနေနဲ့လည်း ဖေဟိဘိက္ခုရဟန်းအဖြစ်ဖြင့် သင်္ကန်းပရိက္ခရာ ပျောရဘဲ အလွယ်တကူ ရဟန်းအသွင်ကို ရရှိကာ မင်္ဂဖိုလ်နိဗ္ဗာန်ဝင်စံနိုင်ကြပါတယ်။

ယခု ကျွန်တော်တို့ ကမ္ဘာအေးဂေါပကအဖွဲ့က ကြီးမှူးကျင်းပတဲ့ ဒ်မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲမှာ ပါဝင်ကြတဲ့ ရက်ကန်းစင်အလှူရှင်များ ဗဟိုအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များ နောက်ဆုံး ဝေယျာဝစ္စ ကုသိုလ်ပါဝင်လှူဒါန်းကြတဲ့ ပုဂ္ဂိုလ်များဟာဖြင့် ဒ်ကနေ့ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲရဲ့ အလှူရှင်များဖြစ်ကြတာနဲ့အညီ မသိုးသင်္ကန်းလှူဒါန်းပူဇော်ရတဲ့အတွက်ဖြစ်ကြတဲ့ ရွှေအဆင်းကဲ့သို့ လှပခြင်း၊ အညစ်အကြေးများကင်းစင်ခြင်း၊ ပြိုးပြိုးပျက်ပျက် အရောင်အဝါထွက်ခြင်း၊ တန်ခိုးအာနုဘော်ကြီးခြင်း၊ ကိုယ်လက်အင်္ဂါပြေပြစ်ချောမောလှပခြင်း၊ အဆင်းအရောင်အလှပဆုံးဖြစ်တဲ့ အဝတ်အထည်များကိုသာ ဆင်းမြန်းရခြင်း၊ အကောင်းဆုံးပိုးဖဲကတ္တီပါ အဝတ် အထည်တွေကိုသာ ဆင်မြန်းရခြင်း၊ တိုင်းကြီးပြည်ကြီးတို့က ဖြစ်တဲ့ မွန်မြတ်နူးညံ့တဲ့ အထည်အဝတ်တွေကို ဆင်ယင်သုံးစွဲနိုင်ခြင်းဆိုတဲ့ အကျိုးအာနိသင်တွေကို ခံစားစံစားနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့် ယခုလို အကျိုးကျေးဇူးတရားများပြားလှတဲ့ မသိုးရွှေကြာသင်္ကန်းရက်လုပ်လှူဒါန်းပွဲကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးကြတဲ့ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်းနဲ့ နောင်နှစ် နောင်နှစ်များမှာလည်း ဒ်လိုပွဲလှူဒါန်းပွဲမျိုး ဆက်ခါဆက်ခါ ဆောင်ရွက်နိုင်ကြပါစေ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးတရားများ ရကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## ၆၂။ ၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄) ရက်၊ ၂-၁၁-၉၈ တနင်္လာနေ့တွင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးသော ကမ္ဘာအေးစေတီတော် ဗဟိုဝတ်အဖွဲ့ဝင်မိသားစုများနှင့် စေတနာရှင်ပြည်သူများ စုပေါင်းကာဆက်ကပ်လှူဒါန်းသော မသိုးရွှေကြာသင်္ကန်းရက်လုပ်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ရွတ်ဖတ်ပူဇော်အပ်သော "ပွဲဖွင့်မင်္ဂလာရတုပိုဒ်စုံ"ပါဘုရား

၁။ လတန်ဆောင်တွင်။ ပွဲစုံလင်သား၊ ရှုပြင်ပုံရိပ်၊ ကြယ်စုံစိပ်နှင့်၊ တောင်ထိပ်သဘင်၊ ဖျေးယုံးပင်တည့်၊ မျက်မြင်ခုထုံ၊ မိုးရောင်စုံဖြင့်၊ စုပြုံထွန်း၍၊ ပူဇော်လေနှင့် ချမ်းမြေ့ကထိန်၊ လှူပွဲချိန်ဝယ်၊ လင်းထိန်အာကာ၊ ကြတ္တိကာနှင့်၊ တာရာကာက၊ ဂြိုလ်သူရတို့၊ ညီမျှတူစွာ၊ ဝိသာခါလျှင်၊ ယှဉ်ကာလှည့်ဆန်း၊ ခဝဲပန်းတို့၊ ပွင့်လန်းခါချိန်၊ မြတ်မုနိန်၏၊ ထွန်းချိန်သာသနာ၊ ကြုံရခါမို့၊ မဟာဒါန၊ ကထိနသာ၊ ထွန်းပပါခဲ့၊ ထိုဒါနပွဲ၊ အတူတွဲ၍၊ ပြုမြဲဆင့်တိုး၊ ဒါနမျိုးသည်။ ------- ---- ပသိုး စီဝရလှူပွဲသော်ဝ်။

၂။ ပြဖန်ရောင်လျှင်။ စုံအလင်တည့်၊ ကြည်ရွှင်ထွန်းပ၊ တန်ဆောင်လဝယ်၊ နာပပျံ့မွှေး၊ ကပ္ပအေး၌၊ စုဝေးလှူရှင်၊ ပြုသဘင်တည့်၊ ဒိပက်ရာ၊ အစဖြာလျှက်၊ ဘဒ္ဒါကပ္ပ၊ ပွင့်လေးပနှင့်၊ ဉဒ္ဒိဿမြတ်မွှာ၊ ဗောဓိသာခွါဟု၊ မဟာဇိနိန္ဒ၊ မြတ်ဗုဒ္ဓလျှင်၊ အဋ္ဌပဋိမာ၊ ကိုးကွယ်ရာအား၊ ရွှေကြာသင်္ကန်း၊ ဝါရွှေဆန်းကို၊ လှူဒါန်းကော်ရော်၊ ပြုပူဇော်ကြ၊ ခုသော်တင်ယက်၊ ခုချုပ်လျှက်လျှင်၊ ထက်မြက်ပညာ၊ ပြိုင်ယှဉ်ကာဖြင့်၊ သညာမသို၊ သင်္ကန်းမျိုးကို၊ အကျိုးမြော်ရည်၊ လှူဒါန်းမည်ကြောင့်၊ ရွှင်ကြည်သာမျိုး၊ သဒ္ဓါဖြိုးသည်။ ---- အကျိုးမှီစရာ ယူမြဲသော်ဝ်။

၃။ လှမှန်ပြောင်လွင် ။ စေတီရှင်၏ ထံခွင်တန်ဆောင်း၊ ကျယ်ပြန့်တောင်းဝယ်၊ စင်ပေါင်းများစွာ၊ ပြင်ဆင်ကာလျှင်၊ မဟာပဇာပတီ၊ ဂေါတမီနှင့် ကလျာဏဇနပဒ၊ နန္ဒမာတာ၊ ဉတ္တရာဝယ်၊ ဝိသာခါတဝ၊ ဘဒ္ဒကဋ္ဌနာ၊ သုပ္ပဝါသာတည့်၊ သုဇာတာတစ်လီ၊ သာမာဝတီဟု၊ သူညီထွန်းလစ်၊ စင်တော်ရှစ်လျှင်၊ အပြစ်ကင်းကွာ၊ ပြိုင်ယှဉ်ပါ၍၊ သဒ္ဓါလျှမ်းလက်၊ ကြိုးအားတက်ခဲ့၊ ထက်မြက်စေတနာ၊ ဖြူစင်ကာလျှင်၊ ရှစ်ဖြာစင်ပေါင်း၊ တစ်စင်ကောင်း၌၊ လေးသောင်းကုန်ခံ၊ လှူစိတ်ကြွလျှက်၊ အမတံရည်မှန်း၊ စိတ်ပြတန်း၍၊ သင်္ကန်းမသိုး၊ လှူရန်ကြိုးသည်။ ------- အပျိုးညီအပျှတူနွှဲသော်ဝ် ။ ။

ရဝေထွန်း

## ၆၄။ (၉) သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့

## ရန်ကုန်မြို့

------- ခုနှစ်၊ တပို့တွဲလပြည့် နေ့၊ မွန်းလွဲ ( )နာရီ အချိန်၊

တာရှုံခံတန်ဆောင်းမှပေါ်ထပ်၌ ကျင်းပသော ဩဝါဒပါတိမောက်တခါတော်နေ့

ဝမ္ပူဇာမင်္ဂလာအခမ်းအနား

"အစီအစဉ်"

| စဉ် | အကြောင်းအရာ | တာဝန်ကျဝတ်အသင်း |
| --- | --- | --- |
| ၁။ | "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ရန်။ | |
| ၂။ | နတ်ပြဟ္မာများကို ပင့်ဖိတ်ရန်။ | |
| ၃။ | သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထားပြတ်စွာဘုရားကို ပင့်လျှောက်ရန်။ | |
| ၄။ | အဂ္ဂသာဝကနှစ်ဆူဖြစ်တော်မူကုန်သော လက်ျာတော်ရံ ပညာအရာ တေဒဂ်ရ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ တန်ခိုးတော်အရာ ဧတဒဂ်ရအရှင်မဟာမောဂ္ဂလာန် ရဟန္တာအရှင်မြတ်နှစ်ပါးကို ပင့်လျှောက်ရန်။ | |
| ၅။ | ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ရန်။ | |
| ၆။ | သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိက ဩဝါဒပါတိမောက် အခါတော်နေ့ကျင်းပရခြင်းအကြောင်း ဝမ္ပူဇာမင်္ဂလာထောပနာစကား ပြောကြားရန်။ | |
| ၇။ | ဩဝါဒပါတိမောက်ဒေသနာ (၈) လုံး ဖွဲ့ကဗျာများကို ရွတ်ဆိုပူဇော်ရန်။ | |
| ၈။ | ဩဝါဒပါတိမောက်ပါဠိတော်အဖွင့်ကို ရွတ်ဆိုပူဇော်ရန်။ | |
| ၉။ | ဩဝါဒပါတိမောက် ပါဠိတော်ကို ရွတ်ဆိုပူဇော်ရန်။ | |
| ၁၀။ | မေတ္တာပို့အမျှဝေရန်။ | |
| ၁၁။ | ဆုတောင်းကာ နတ်ပြဟ္မာများကို ပြန်ပို့ရန်။ | |
| ၁၂။ | ဆုတောင်းပတ္ထနာ မေတ္တာပို့ကဗျာများကို ရွတ်ဆိုကာ မေတ္တာပို့ဆုတောင်းကြရန်။ | |
| ၁၃။ | "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ဩဝါဒပါတိမောက်အခါတော်နေ့အခမ်းအနားကို ရုပ်သိမ်းရန်။ | |

## ၆၅။ ----- ခုနှစ်၊ တပို့တွဲလပြည့် (---------)၊ ------ တွင် အာရုံခံ တန်ဆောင်းအပေါ်ထပ်၌ ကျင်းပသော ဩဝါဒပါတိမောက်အခါတော်နေ့တွင် အလှူ့ကျသဘာပတိ --------------- မြွက်ကြားသော ဩဝါဒပါတိမောက် အခါတော်နေ့ ကျင်းပရခြင်းအကြောင်း ဝမ္ပပ္ပဓာမင်္ဂလာထောမနာ မြွက်ကြားလွှာ

ကြွရောက်တော်မူလာကြကုန်သော၊ သံဃိမဟာနာယကအဖွဲ့ဝင်လွှတ်ကြီးမင်း များ၊ ဘာသာရေး၊ သာသနာရေးဖအသင်းအဖွဲ့များမှ ကိုယ်စားပြု ကြွရောက်တော်မူလာကြကုန်သော သာသန မာမက ကလျာဏ အန္တယ်ပင် သူတော်စင် ဖမ္မပိပ်ဘွေ အသင်းသူ အသင်းသားအပေါင်းတို့ ခင်ဗျား -

ယနေ့ဟာ သာသနာတော်နှစ် -------- ခုနှစ်၊ ကောဇာသက္ကရာဇ် ----- ခုနှစ်၊ တပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့ဖြစ်ပါတယ်။

ဒါကြောင့် ဒီဩဝါဒပါတိမောက်အခါတော်နေ့ ပတ်သက်ပြီး ဩဝါဒပါတိမောက်အခါတော်နေ့ အကြောင်း မင်္ဂလာထောမနာစကား အနည်းငယ်ပြောကြားလိုပါတယ်။

### တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက် အခါတော်နေ့အဖြစ် သတ်မှတ်ရခြင်း

ဒီတပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက် အခါတော်နေ့အဖြစ် သတ်မှတ်ကာ ဩဝါဒပါတိမောက် အခါတော်နေ့ ကျင်းပရခြင်းမှာ -

ကျွန်တော်တို့ရဲ့ ကိုးကွယ်အားထားရာ အစစ်ဖြစ်တော်မူသော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာ ဘုရားရှင်ဟာ မဟာသက္ကရာဇ် - ၁၀၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့မှာ ဩဝါဒပါတိမောက် ဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါတယ်။ ဒီဒေသနာတော်မှာ ပါဠိဂါထာသုံးဂါထာ ပါဝင်ပါတယ်။ ဒီဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ ဟောကြားတော်မူခဲ့ပါတယ်။

တရားနာပရိသတ်များကတော့ ဆဠာဘိညပဋိသမ္ဘိဒါပတ္တ = အဘိညာဉ်ခြောက်ပါးနဲ့ ပဋိသမ္ဘိဒါ လေးပါး ပြည့်စုံနေကြတဲ့ ရဟန္တာများဖြစ်ကြပါတယ်။ အရေအတွက်အားဖြင့် (၁၂၅၂) တစ်ထောင့်နှစ်ရာ ငါးဆယ့်နှစ်ပါး ဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်များကတော့ ကဿပညီနောင် ရှင်တစ်ထောင်၊ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်နဲ့ တပည့်နှစ်ရာ ငါးဆယ်တို့ဖြစ်ကြပါတယ်။

ဒီဩဝါဒပါတိမောက် ဒေသနာတော်ကို ဝိပဿီသိခီအစရှိတဲ့ ရှေးရှေးသော ဘုရားရှင်တိုင်းဟာလဲ ဒီတပို့တွဲလပြည့်နေ့မှာပဲ ဟောကြားတော်မူခဲ့ကြပါတယ်။ ဝိပဿီဘုရားရှင်ဟာ ၇-နှစ်လျှင် တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူပါတယ်။ ၁-ကြိမ်ပြရုံဖြင့် ဩဝါဒဟာ ၇-နှစ်ကြာ တည်တံ့ပါတယ်။

သိခိနှင့် ဝေဿဘူဘုရားရှင်တို့ဟာ ၆-နှစ်လျှင် တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူပါတယ်။ တစ်ကြိမ်ပြရုံဖြင့် ဩဝါဒဟာ ၆-နှစ်ကြာတည်တံ့ပါတယ်။

ကကုသန်နှင့် ကောဏာဂုဏ်ဘုရားရှင်တို့ဟာ တစ်နှစ်လျှင် တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူကြပါတယ်။ တစ်ကြိမ်ပြရုံဖြင့် ဩဝါဒဟာတစ်နှစ် တည်တံ့ပါတယ်။

ကဿပမြတ်စွာဘုရားဟာ ၆-လလျှင်တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူပါတယ်။ တစ်ကြိမ်ပြရုံဖြင့် ဩဝါဒဟာ (၆) လတည်တံ့ပါတယ်။

အထက်မှာ ပြောခဲ့တဲ့ ဘုရားရှင်များဟာလည်း ဒီတပို့တွဲလပြည့်နေ့မှာပဲ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ကြပါတယ်။ ဒါ့ကြောင့် ဒီတပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့အဖြစ် သတ်မှတ်ကာ ကျင်းပလာခဲ့ကြခြင်းဖြစ်ပါတယ်။

## တပို့တွဲလ၏ဂုဏ်ရည်

ယခုလိုဩဝါဒပါတိမောက်အခါတော်နေ့အဖြစ် သတ်မှတ်ထားတဲ့ တပို့တွဲလပြည့်နေ့ဟာ မိဂသိ နက္ခတ်နဲ့ စန်းယှဉ်ပြီး ပေါက်ပန်း၊ ယပ်ပံပန်းများ ယင်းမာန်းဝေဆာဖူးပွင့်တော့ သာယာလှပနေတဲ့ လပြတ် တစ်ပါးဖြစ်ပါ တယ်။

ဒါ့ပြင် ဥတုရာသီသဘောဝအလျောက်နှင်းပေါက်ပုလဲများ ကွဲရရွဲကျကာ အေးမြတဲ့ရာသီလည်းဖြစ်ပါ တယ်။

ကောက်ပဲသီးနှံလှိုင်တုန်းပေါ်တုန်းမို့ ကဿက ဂုဏ်ထူးနဲ့ ချီးကျူးရတဲ့ တောင်သူလယ်သမားများရဲ့ ကောက်ဦး၊ ပဲဦး အလှူထူးကို ဆည်းပူးကြရာ လမဟာလည်းဖြစ်ပါတယ်။

ဒါ့ပြင် သူထက်ငါ အပြိုင်ကြပြီး နှမ်းပနဲပွဲကြီးတွေ ဖြိုမ့်ဖြိုမ့်သဲအောင် ဆင်နွှဲကြတဲ့ လတစ်လလဲ ဖြစ်ပါတယ်။

## တပို့တွဲလ၏ ထူးခြားချက်လေးပါး

ဒါ့ပြင် ဒီလိုဂုဏ်ထူးနဲ့ ချီးကျူးအပ်တဲ့ တပို့တွဲလဟာ ထူးခြားချက်လေးပါးလည်း ရှိပါသေးတယ်။ အဲဒီလေးပါးကတော့ -

၁။ ဒီနေ့ဟာ အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်တဲ့နေ့ဖြစ်ခြင်း။

၂။ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလန်တို့ အဂ္ဂသာဝက ဧတဒဂ်ဘွဲ့ထူး ဆွတ်ခူးရတဲ့နေ့ ဖြစ်ခြင်း။

၃။ အင်္ဂါလေးရပ်နဲ့ ပြည့်စုံတဲ့ ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိတဲ့နေ့ဖြစ်ခြင်း။

၄။ ဘုရားရှင်တိုင်း ဩဝါဒပါတိမောက် ပြတဲ့နေ့ဖြစ်ခြင်းတို့ဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း ဒီတပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက် အခါတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါတယ်။

ပရိသတ်ဟင်္ဂါလေးရပ်

ဟပို့တွဲလရဲ့ထူးခြားချက် (၄) ရပ်မှာပါတဲ့ အမှတ် (၃) ဖြစ်တဲ့ အင်္ဂါလေးရပ်နဲ့ ပြည့်စုံတဲ့ ရဟန်း ပရိသတ်ဆိုရာ၌ အင်္ဂါလေးရပ်မှာ

၁။ ပရိသတ်ပေါင်းအားဖြင့်ရေတွက်များပြားခြင်း။

၂။ ဧဟိဘိက္ခုရဟန်းချည်းသာဖြစ်ခြင်း။

၃။ ဆဠာဘိညပဋိသမ္ဘိဒါပတ္တ ရဟန္တာချည်းဖြစ်ခြင်း။

၄။ မည်သူမျှမပင့်မဖိတ်ပဲ အလိုအလျောက် စုဝေးမိသော ပရိသတ်ဖြစ်ခြင်းတို့ဖြစ်ပါတယ်။

ပါတိမောက်။ တပို့တွဲလရဲ့ ထူးခြားချက်များကို ပြောကြားပြီးနောက် ဩဝါဒပါတိမောက်အကြောင်းကို ဆက်ပြောပါမယ်။

ဩဝါဒပါတိမောက်ဆိုတဲ့ စကားမှာ ပါတိမောက်ဆိုတဲ့ စကားဟာ ပါတိမောက္ခဆိုတဲ့ ပါဠိမှဆင်းသက်ကာ မြန်မာမှုပြုထားတဲ့ ပါဠိသက်ဝေါဟာရဖြစ်ပါတယ်။

အဓိပ္ပါယ်ကတော့ ပါတိမောက်ပါဠိတော်မှာ ပါတဲ့ သိက္ခာပုဒ်တော်များကို ပါတိမောက် ပါဠိတော်မှာ ပါတဲ့အတိုင်း လိုက်နာကျင့်သုံးနေသူတို့အား အပါယ်အစရှိသော ဘေးဒုက္ခမျိုးစုံမှ လွတ်မြောက်သွားစေတတ်သော တရားတော်၊ ဝါ၊ လွတ်မြောက်သွားအောင် စွမ်းဆောင်နိုင်သော တရားလို့ အဓိပ္ပါယ်ရပါတယ်။

ဒီပါတိမောက်ဟာလဲ ၁။ ဩဝါဒပါတိမောက်နဲ့၊ ၂။ အာဏာပါတိမောက်ဆိုပြီး နှစ်မျိုးရှိပါတယ်။

ဩဝါဒပါတိမောက်

ဩဝါဒပါတိမောက်မှာ ဩဝါဒဆိုတာက သာမာန်အားဖြင့်တော့ အဆုံးအမလို့ အဓိပ္ပါယ်ရပါတယ်။ ဒီနေရာမှာတော့ အပါယ်လေးပါးမှ ကင်းဝေးသွားစေနိုင်တဲ့ အဆုံးအမကို ဩဝါဒလို့ ခေါ်ပါတယ်။

ဒီဩဝါဒပါတိမောက်ကို မြတ်စွာဘုရားရှင်တို့သည်သာ ပြတော်မူကြပါတယ်။ တပည့်သာဝကတို့ ပြခွင့် မရှိကြပါ။

ဩဝါဒပါတိမောက်ပြခြင်း အင်္ဂါလေးရပ်

မြတ်စွာဘုရားရှင်တို့က ဩဝါဒပါတိမောက်ကို ပြတော်မူကြတဲ့နေရာမှာလဲ-

၁။ တပို့တွဲလပြည့်နေ့နဲ့ ကြုံကြိုက်ခြင်း။

၂။ ဧဟိဘိက္ခုရဟန်းချည်းသာဖြစ်ခြင်း။

၃။ ဆဠာဘိညပဋိသမ္ဘိဒါပတ္တရဟန္တာချည်းသာဖြစ်ခြင်း။

၄။ မည်သူမျှ မပင့်မဖိတ်ဘဲ စုဝေးမိခြင်း။ ဆိုတဲ့ အင်္ဂါလေးရပ်နဲ့ ပြည့်စုံမှသာ ပြတော်မူကြစမြဲ ဖြစ်ပါတယ်။

ဒီလိုပြတော်မူကြတဲ့ အခါမှာလဲ သက်တော်ရှည်ဘုရားရှင်တို့ဟာ ဩဝါဒပါတိမောက်ကို အသက်ထက်ဆုံး ပြတော်မူကြသော်လဲ သက်တမ်းတိုတဲ့ဘုရားရှင်များကျတော့ ဩဝါဒပါတိမောက်ကို ဝါတော် (၂၀) နှစ်ဆယ်အတွင်းမှာသာ ပြတော်မူကြပါတယ်။

လောဘဒေါသစတဲ့ အကုသိုလ်စရိုက်များ ထူပြောများပြားနေတဲ့အချိန်မှာ ဩဝါဒတည်မြဲရန် ခဲယဉ်းလှပါတယ်။ ဒါ့ကြောင့် ဝါတော် (၂၀) ကျော်လွန်လျှင် ကိုယ်တော်တိုင် ဩဝါဒပါတိမောက်ကို ပြတော်မူကြတော့ပါ။ တပည့်သားတော်တို့အား အာဏာပါတိမောက်ကို ပြဋ္ဌာန်းတော်မူကြပါတယ်။

အာဏာပါတိမောက်

အာဏာပါတိမောက်ဆိုတာ လိုက်နာကျင့်သုံးသူတွေကို အပါယ်လေးပါး တံခါးမပေးစေနိုင်တဲ့ အာဏာ ဒေသနာတော်ဖြစ်ပါတယ်။

အမျိုးသားရဟန်းတော်များနဲ့ အမျိုးသမီးရဟန်းတော်များလိုက်နာကျင့်သုံးကြရန် ပညတ်တော်မူထားတဲ့ ဝိနည်းသိက္ခာပုဒ်ပါဠိတော်များ ဖြစ်ကြပါတယ်။

ဒီနေရာမှာတော့ ဩဝါဒပါတိမောက်အခါတော်နေ့ဖြစ်တဲ့အတွက် အာဏာပါတိမောက်အကြောင်းကို အကျယ်တဝင့် မပြောကြားတော့ပါ။

ယနေ့ရွတ်ဆိုကြမယ့် ဩဝါဒပါတိမောက် ပါဠိတော်သုံးဂါထာဟာ သဟာဝိပညာ သိက္ခာသုံးရပ်သာသနာတော်ပြတ်သုံးပါးကို ဟောထားလို့ ပိဋကသုံးပုံရဲ့ အနှစ်ချုပ်တရားလို့ ခေါ်ပါတယ်။

ဒီဩဝါဒပါတ်မောက်မှာ လာတဲ့အတိုင်း လိုက်နာကျင့်သုံးကြပါလျှင် ကိုယ်နှုတ်နှစ်လုံး သုံးပါးလုံးယဉ်ကျေးလိမ္မာသွားမှာဖြစ်ပါတယ်။ ယခုဘဝမှာပင် ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစေနိုင်ပါတယ်။ စီးပွားဥစ္စာရတနာတို့ တိုးပွားရာတိုးပွားကြောင်း တရားကောင်းအစစ်ဖြစ်ပါတယ်။ ဗိုနာသေဘား ကင်းမဝးလွတ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကိုလည်း သေချာမုချ ရနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီလို အကျိုးတရားများ တိုးပွားရရှိစေနိုင်တဲ့ ဩဝါဒပါတိမောက်ဒေသနာတော်ကို မပျောက်မပျက် ဆက်လက် တည်တံ့ပြန့်ပွားနေအောင် ထိန်းသိမ်းစောင့်ရှောက်သောနေ့အဖြစ် ယခုလို ဩဝါဒပါတိမောက်အခါတော်နေ့များကို ကျင်းပပြီး ဩဝါဒပါတိမောက် ဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြရခြင်းဖြစ်ပါသည်။

သူတော်စင် ဓမ္မမိတ်ဆွေအသင်းသူ အသင်းသားများ ခင်ဗျား -

အထက်၌ ကျွန်တော်ပြောခဲ့တဲ့အတိုင်း အလွန်တရား ကျေးဇူးများလှတဲ့ ဩဝါဒပါတိမောက် ဒေသနာတော်များကို ရွတ်ဖတ်ပူဇော်နေရုံဖြင့် ကျေနပ်မနေကြပါနဲ့။

ဩဝါဒပါတိမောက် ဒေသနာတော်မှာပါတဲ့ တရားတော်အကုန်လုံးကို မကျင့်မသုံးနိုင်ရင်တောင် သဗ္ဗပါပဿ အကရဏံ- မကောင်းမှုကို ရှောင်၊ ကုသလဿ ဥပသမ္ပဒါ- ကောင်းမှုကိုဆောင်။ သစိတ္တပရိယောဒပနံ- ဖြူအောင်စိတ်ကိုထား။ ဆိုတဲ့တရားတော်သုံးပါးလောက်ကို ပွားများ ကျင့်သုံးနေလျှင်ပင်- အပါယ်

ဘေးမှ ကင်းဝေးနိုင်ပါတယ်။ လူချမ်းသာနတ်ချမ်းသာများကို ရရှိခံစားနိုင်သည့်အပြင် အမြတ်ဆုံးချမ်းသာဖြစ်တဲ့ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာများကိုပင် ရရှိခံစားတော်မူနိုင်ကြပါတယ်။

ဒါကြောင့် ကျွန်ုပ်တို့တတွေ ဩဝါဒပါတိမောက် အခါတော်နေ့မှစပြီး ဩဝါဒပါတိမောက် ဒေသနာတော်လာအတိုင်း တတ်စွမ်းသမျှ လိုက်နာကျင့်သုံးသွားကြပါစို့လို့ အနုမြူတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား ။ ။

## ၆၆။ "ဩဝါဒပါတိမောက်လင်္ကာနှင့် (၈)လုံးဘွဲ့ကဗျာ"

တစ်ဦးချင်းဆို

၁။ ဂဂ်ီသဲတူပွင့်တော်မူသည့်
ဆူဆူထွတ်ထား မြတ်ဘုရားတို့
ဟောကြားဆုံးမ ဩဝါဒဒေသနာ
ကျမ်းရွှေစာကိုလင်္ကာဆိုမည် နားဝယ်ကြည်လော့။

တည်ကြည်စွာဘိ မိမိကသာအရာရာ ဝယ်အသာမစံ အနာခံလျက်၊ တောင်တောင်ဤဤ မကြံစည်ပဲ၊ ခန္တီတရားကိုယ်မှာထားခြင်းသည် အကျင့်တရားများအပြားဝယ်၊ ထူးခြားလွန်တင့် အကျင့်မြတ်ပင် စင်စစ်မသွေဖြစ်ပါပေ၏။

ဂဂ်ီသဲတူပွင့်တော်မူသည့် ဆူဆူထွတ်ထားမြတ်ဘုရားတို့ ဟောကြားဆုံးမယုံးအရဖြင့် ဒုက္ခခပ်သိမ်း အေးငြိမ်းရာပုန်၊ အေးနိဗ္ဗာန်ကို၊ ပင်္ဂာဂျ၊ ဖိုလ်ဉာဏ် ဝပ္ပကွန်ယက် ကဲလျှံလွှမ်းဖုံး အပြတ်ဆုံးဟု ထွတ်ဘုန်းပရပ ရတနာ့သုတ်လာ ပြက်သဖ္ဖာပယ်၊ သေချာမိန့်ဟ၊ ဟောဖော်ပြ၏။

ထိုမှတပူ ရှင်လူအများ ကိုယ်နှုတ်အားဖြင့် ထိပါးပုတ်ခတ် ညှဉ်းဆဲတတ်ပူ ထိုသည့် သူသည် ဒေါသမူဖြုတ် မနှင်ထုတ်သဖြင့် အဟုတ်အစစ် ပဗ္ဗဇိတ မဖြစ်ရပါ။

ထိုမှတပါး ရှင်လူများတွင် သနားဖွယ်ရာ အဖြာဖြာကို ကရုဏာကင်း မေတ္တာရှင်း၍ နှိမ်နင်းပုတ်သတ် ညှဉ်းဆဲတတ်မူ တိုသည့် သူလည်း အပူကိလေ ငြိမ်းအေးပေမှ ခေါ်ဆိုရသည့် သမဏအစစ် မဖြစ်တော့ပါ။

အများဆို

၁။ သည်းခံကျင့်သုံး အမြတ်ဆုံးပေ၊
နိဗ္ဗာန်မြတ်လှ ဗုဒ္ဓမိန့်ပေ။
ရဟန်းမှန်လျှင်း မညှဉ်းတတ်ပေ၊
ညှဉ်းဆဲက သမဏ မဟုတ်ချေ။

တစ်ဦးတည်းဆို

၂။ ယုတ်မာသော့သွပ်း ဟော့ရမ်းသပူ အကုသိုလ်အဝဝ၊ ရှိသပျှက်ို လုံးဝပြောင်စင် ရှောင်ကြည်သမှု မပြုလုပ်ကာ -
ကာမ မဟဂ္ဂုတ်၊ လောကုတ်အယိ၊ ရှိရှိသမျှ ကုသလကို ဥပသမ္ပဒါ တစ်ဆင့်ယက်တစ်ဆင့်၊ ရင့်သည်ထက်ရင့်အောင် မလင့်ပုံသေ ပြည့်စုံစေလျှက်

စိတ်နေစိတ်ရင်း ပွတ်သစ်ဝင်းသည့် ခရုသင်းအနေ ဖြူဝင်းစေရာ ဤသုံးဖြာသည်၊ ဂဂ်ီသဲတူ၊ ပွင့်တော်မူသည့် ဆူဆူထွတ်ထား မြတ်ဘုရားတို့ ဟောကြားမိန့်ဟ ထုံးအရဖြင့် သုံးကြပါစေ၊ ဆုံးမလေသည် လေးထွေမဂ်ဉာဏ်ရရန်တည်း။

အများဆို

၂။ မကောင်းမှုများ ရှောင်ရှားပယ်လေ၊

ကုသိုလ်တရား ဖြစ်ပွားစုံစေ။

မိမိစိတ်ဓာတ်ဆွတ်ဆွတ်ဖြူစေ၊

ဤသုံးပါး ဘုရားဆုံးမပေ။

တစ်ဦးတည်းဆို

၃။ တစ်တွေတို့ထူ သူတစ်ပါး၌ ဖြစ်ပွားတတ်လင့်၊ ပြုအကျင့်ကို နှုတ်ဖြင့် မဲ့ရွဲ့ မကဲ့ရဲ့ခြင်း၊

မယွင်းထိုလူ ရှင်လူအများ၊ ကိုယ်စိတ်အားဖြင့် ထိပါး သတ်ညှဉ်း ဖျက်ဆီးကင်းရာ-

တစ်ဖြာမှတ် ဘိ ဝိနည်း ပိဋကတ် အရပ်ရပ် ဝယ် ပညတ်ထုတ်ဖော် (ပါတိမောက်) သီလတော်၌ သင်္ဂါတရားသတိထားလျက်၊ ကြံ့ဟားလွှန့်ပင်း စောင့်စည်းခြင်းနှင့် -

မယွင်းတစ်ဝ မစားကြလျှင် သက်မရှင်၍ နေ့စဉ်စားရ၊ အာဟာရ၌ ဒါယကာ့ထံ ခံယူသောအခါ စားသုံးရာဝယ် ကိုယ့်မှာလိုသမျှ ပမာဏကို တိုင်းဆသိပါ-

တစ်ဖြာထို့တူ ရှင်လူသီးသ်း အရောက်နည်းသည့် တောကြီးစွန်ဖျား တောကျောင်းများဝယ် တစ်ပါး တည်းပျော်၊ လွှန်မွေ့လျော်ပါ -

ကောင်းစွာမှတ်ဘိ ဝိပဿနာ အခြေခံ သမာပတ်စျာန်နှင့် ရှစ်တန်ဖိုလ်မဂ်အလွန်ထက်သော ရမက်ကင်းလတ် စိတ်ဓာတ်မြတ်၌ ဆက်ဆက်မရွေ့ယနေ့ နက်ဖြန်၊ ရမည့်ဟန်ဖြင့် မှန်မှန်ကြိုးကုတ်လွှန်အား ထုတ်ပါ-

ဤငါးဖြာသည် ဂင်္ဂါသဲပမာပွင့်တော်မူသည့် ဆူဆူယွတ်ယား၊ မြတ်ဘုရားဟို့ မိန့်ကြား ရှင်းရှင်း၊ လိုရင်းနှုန်းပြထုံးအရဖြင့် သုံးကြပါစေ၊ ဆုံးမလေသည်-

လေးတွေပက်ဉာဏ်ရရန်တည်း ။ ။

အများဆို

၃။ သူ့ကိုစွပ်စွဲ၊ ညှဉ်းဆဲကင်းစေ၊

ကိုယ်ကျင့်သီလ၊ လုံးဝလုံစေ။

အစာ၌လဲ၊ သိမြဲတိုင်းရှေ၊

လူသူဆိတ်တောင်း၊ တောကျောင်းမှာနေ။

စိတ်မြတ်လုပ်ငန်း၊ ကြိုးပမ်းပါလေ၊

ဤငါးပါး၊ ဘုရားဆုံးမပေ။

## ၆၇။ "ဩဝါဒပါတိမောက်အပွန်း"

သာသနဿ အာယုဘူတံ၊

သစ္စဗုဒ္ဓေဟိ ဒေသိတံ။

သီလာဒိ ဝဂ္ဂ ဒီပကံ၊

ဩဝါဒံ တံ ဘဏာမ ဟေ။ ။

သာသနဿ၊ ပရိယတ် ပဋိပတ် ပဋိဝေဓ သုံးပါးသော ဘုရားရှင်၏ အသုံးအဖြစ်သော သာသနာ တော်ကြီးပင်၏။

အာယုဘူတံ၊ အသက်ပမာ အသက်အာယုနှင့် တူသောကြောင့် အသက်ပမာဖြစ်ရပါ သော။

သစ္စဗုဒ္ဓေဟိ၊ ကိုယ်တိုင်ဉီးစွာ သစ္စာသိမြင် လူရှင်အများ သိမြင်သွားအောင် ဟောကြားပေကတ် အလုံးစုံသော ဘုရားမြတ်တို့သည်။

ဒေသိတော၊ မဟာကရုဏာ၊ ပြဋ္ဌာန်းကာဖြင့်၊ ကောင်းစွာမသွေ၊ ဟောကြားတော်မူအပ်ပေသော။

သီလာဒိ ဓမ္မဒီပကော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သုံးဖြာရှိငြား၊ မြတ်တရားကို ထင်ရှား ပြတော်မူတက်သော။

ယော ဩဝါဒေါ၊ အကြင်ဩဝါဒပါတိမောက် ဝိနည်းဒေသနာတော်သည် ။

အတ္ထိ၊ နေ့လဒအသွင် လူရှင်အများ ကျင့်သုံးသွားဖို့ ထင်ရှားပသေ့ရှိတော်မူခဲ့ပါပေ၏။

သာသနဿ၊ သာသနာတော်မြတ်၏။ အာယုဘူတံ၊ အသက်ပမာဖြစ်ရပါသော။ သစ္စဗုဒ္ဓေဟိ၊ ခပ်သိမ်းသော ဘုရားရှင်တို့သည်။ ဒေသိတံ၊ ဟောကြားတော်မူအပ်သော။ သီလာဒိဝဂ္ဂဒီပကံ၊ အဓိသီလ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးရပ်အကျင့်မြတ်ကို ပြတတ်သော။

တံ ဩဝါဒံ၊ ထို ဩဝါဒပါတိမောက် ဝိနည်းဒေသနာတော်ကို။

ဟေ၊ အို သူတော်ကောင်းတို့။

မယံ ၊ ဩဝါဒပါတိမောက်လာ၊ သုံးဖြာသီလ၊ ကျင့်ဓမ္မကို၊ တည်ကြလိုရေး၊ စည်းဝေးရောက်လာ၊ သဒ္ဓါမယုတ်၊ အကျွန်ုပ်တို့သည်။

ဘဏာမ၊ မြတ်ဘုရားဂုဏ် တရားဂုဏ်ကို အာရုံပြုကာ၊ မြတ်သာသနာ၊ မပြတ်ကာသာ တည်စိမ့် ငှာဟု၊ ကြည်သဒ္ဓါစိတ်မှာ ပွားပြီး ပြည်အပတာ နိဗ္ဗာန်သွားရအောင် ရွတ်ပွားသရဇ္ဈာယ်တော်မူကြပါကုန်စို့။

## ၆၈။ ဩဝါဒပါတိမောက်ပါဠိတော်

"ခန္တီ ပရမံ တပေါ တီတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော[၁] ဟောတိ ပရံ ဝိဟေဌယန္တော။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

အနူပဝါဒေါ အနူပဃာတော'၊ ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါနသာသန" န္တိ။

ဒီ ၂- ၄၂၊ မဟာပဒါနသုတ်။

## ၆၉။ သီရိမင်္ဂလာကမ္ဘာအေးစေတီဗုဒ္ဓပူဇနိယပွဲတော်အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား အစီအစဉ်

(--------) ကြိမ်မြောက် (-------------)

အစီအစဉ် (၁) - "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ရန်။

(၂) - ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌက အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရခြင်းအကြောင်း၊ မင်္ဂလာထောမနာစကားလျှောက်ကြားရန်။

(၃) - သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြရန်နှင့် ဩဝါဒကထာဝဏ္ဏဒေသနာကို နာကြားကြရန်။

(၄) - သံဃာတော်အရှင်မြတ်တို့က မေတ္တာသုတ်နှင့် ပစ္စယုဒ္ဒေသပါဠိတော်တို့ကို ချီးမြှင့်တော်မူကြရန်။

(၅) - "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ကို ဆုတောင်း၍ ကြေးစည်ကြေးမောင်း (၂၄) ချက်ထိုးနှက်ကာ အခမ်းအနားကို ရုပ်သိမ်းရန်။

(၆) - ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရန် အလှည့်ကျကျောင်းတိုက်သံဃာတော်က ပဋ္ဌာန်းပါဠိတော်ကို ဆက်လက်ရွတ်ဖတ်ပူဇော်သွားရန်။

## ၇၀။ သီရိမင်္ဂလာကမ္ဘာ့အေးစေတီ ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်လှစ်ရာတွင် ဇဟိုကော်မတီဥက္ကဋ္ဌ ဦး--------------- မိန့်ကြားအပ်သော ဓမ္မပူဇာမင်္ဂလာ ထောမနာမြွက်ကြားလွှာ။

ကြွရောက်တော်မူလာကြကုန်သော ဆရာတော်သံဃာတော်အရှင်မြတ်များ၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင်လူကြီးမင်းများနှင့် ဘာသာရေးအသင်းဖွဲ့များမှ အသင်းသူအသင်းသားများ ဖြစ်ကြကုန်သော သာသနာမာမက ကလျာဏနွယ်ဝင် သူတော်စင် ဓမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား -

ယနေ့ ကျင်းပတဲ့အခမ်းအနားဟာ အသံမစဲမဟာဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖွင့်လှစ်ပေးတဲ့အခမ်းအနားပဲ ဖြစ်ပါတယ်ခင်ဗျား။

ဒီအခမ်းအနားမှာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပရခြင်းအကြောင်းနှင့် ရရှိနိုင်တဲ့ အကျိုးတရားကို အနည်းငယ် ပြောကြားလိုပါတယ်။

အခြေခံကစပြောရပါလျှင် ဗုဒ္ဓမြတ်စွာ၏ သာသနာသုံးရပ်က စပြောရမှာ ဖြစ်ပါတယ်။ သာသနာသုံးရပ်မှာ-

၁။ ပရိယတ္တိသာသနာ

၂။ ပဋိဝေဓသာသနာ

၃။ ပဋိပတ္တိသာသနာလို့ သုံးမျိုးရှိပါတယ်။

ပရိယတ္တိသာသနာဆိုတာကတော့ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးတန်၊ ဓမ္မက္ခန်အားဖြင့် ရှစ်သောင်းလေးထောင်များမြောက်လှသော ရှင်တော်မြတ်ဘုရား ဟောကြားထားခဲ့တဲ့ ပါဠိတော်များကိုလည်းကောင်း၊ ထိုပါဠိတော်များကို သင်ယူမှတ်သားခြင်းကိုလည်းကောင်း ခေါ်ဆိုရမည်ဖြစ်ပါတယ်။

ပဋိဝေဓသာသနာဆိုတာကတော့ မဂ်လေးတန်၊ ဖိုလ်လေးပါး နိဗ္ဗာန်တရားတော်များပင် ဖြစ်ပါတယ်။

ပဋိပတ္တိသာသနာဆိုတာကတော့ အထက်ဖော်ပြပါ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတို့ကို ရရှိနိုင်အောင် ကျင့်ဆောင်နေခြင်းပင် ဖြစ်ပါတယ်။ ကျင့်စဉ်များကတော့ သတိပဋ္ဌာန်၊ သမ္မပဋ္ဌာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ဆိုတဲ့ ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးတို့ပင် ဖြစ်ပါတယ်။

အဲသည်သုံးရပ်သော သာသနာတော်မြတ်များ ကွယ်ပျောက်သွားချိန်ရောက်တဲ့အခါ ပထမအရင်ဆုံး ပရိယတ္တိသာသနာတော်က ကွယ်ပသွားမှာဖြစ်ပါတယ်။

ပရိယတ္တိသာသနာတော်ကွယ်ပသွားကဲ့ နေရာမှာလဲ ဝိနယပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋက ဆိုပြီး သုံးမျိုးရှိရာမှာ အဘိဓမ္မာပိဋကက အရင်ဆုံးကွယ်ပမှာဖြစ်ပါတယ်။

အဘိဓမ္မာပိဋကမှာလဲ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဆိုပြီး ခုနစ်ကျမ်းရှိရာမှာ ပဋ္ဌာန်းကျမ်းကြီးက အဦးဆုံး ကွယ်ပမှာဖြစ်ပါတယ်။

ဒါ့ပြင် "ပရိယတ္တိသာသနာတည်သည်ရှိသော် သာသနာတော်တည်သည် မည်ပါ၏။" ဟု မိန့်ဆိုထားသည့်အတွက်လဲ ပရိယတ္တိသာသနာတော်တွင် ပါဝင်နေတဲ့ အဦးဆုံး အစောဆုံးကွယ်ပသွားနိုင်ကဲ့ ပဋ္ဌာန်းကျမ်းတော်ကြီး မကွယ်မပျောက် ထွန်းတောက်တည်ရှိနေစေရန် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ယခုလို ကျင်းပရခြင်းရဲ့ အကြောင်းရင်းဖြစ်ပါတယ်။

ဒါကြောင့် သာသနာတော်မြတ်သန့်ရှင်းတည်တံ့ ပြန့်ပွားမှုကို အလိုရှိကြတဲ့ ဓမ္မမိတ်ဆွေ သူတော်စင် အပေါင်းနှင့် အရှင်ကောင်း အရှင်မြတ်များ တပည့်တော်များဟာ ရှင်တော်မြတ်ဘုရား လေးဆယ့်ငါးဝါပတ်လုံး နေ့မအား ညမအား ဟောကြားတော်မူထားတဲ့ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးကန်၊ ဓမ္မက္ခန်ပေါင်း ရှစ်သောင်းလေးထောင်တည်းဟူသော ပရိယတ္တိသာသနာတော်မြတ် အဆက်မပြတ် ဆက်စပ်တည်တံ့နိုင်ပါစေရန် မွန်မြတ်သော စေတနာ၊ ထက်သန်သော သဒ္ဓါတို့ဖြင့် အပတ်တကုတ်အားထုတ်ရွတ်ဖတ် သင်အံကျင့်ကြံ ဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။

ဤကဲ့သို့ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ရွတ်ဖတ်သူများမှာလဲ အကျိုးရှိ၊ နာကြားရသူများမှာလဲ အကျိုးရှိနိုင်ကြမှာ ဖြစ်ပါတယ်။

ပဋ္ဌာန်းပါဠိတော်များကို ရွတ်ဖတ်ပူဇော်နေကြသော အရှင်မြတ်များဟာ မိမိတို့စိတ်ထဲ၌ ပဋ္ဌာန်းတရားကို နာကြားနေသူ နတ်လူပြဟ္မာများအား၊ ဟောကြားနေသည်ဟု သဘောထားကာ ရွတ်ဖတ်ပူဇော်နေပါက တရားဟောနေသည်ဟုပင် ဆိုနိုင်ပါတယ်။

ဒါကြောင့် တရားဟောသူများ ရရှိမယ့် အကျိုးတရားများကို ရရှိနိုင်ကြပါတယ်။ တရားဟောသူများမှာ "နာကိုး၊ တောင်းရှစ်၊ သာခုတစ်၊ ဟောလစ်အသချေ်" ဆိုတဲ့အတိုင်း ကမ္ဘာအသင်္ချေအပါယ်မလားနိုင်တဲ့ အကျိုးတရားများကို ရရှိနိုင်ကြပါတယ်။

ဒါ့အပြင် မိမိဟောကြားရွတ်ဆိုနေတဲ့ ပဋ္ဌာန်းဒေသနာတော်မှာ ပါဝင်နေပြီး မိမိခန္ဓာမှာဖြစ်နေတဲ့ ရုပ် တရား၊ နာမ်တရားများဟာ မမြဲသော အနိစ္စတရား ဖြစ်ပြီးလျှင်ပျက်သွားတတ်တဲ့ 'ဥပ္ပါဒဝယ' တရားများ ဖြစ်ကြပါကလားလို့ ဆင်ခြင်မိလျှင် သောတာပန်အဆင့်သို့ပင် ရောက်နိုင်ကြပါတယ်။

သာဓကတင်ပြလျှင် အရှင်နာဂသိန်မထေရ်မြတ်ဟာ မိမိဟောကြားခဲ့သော တရားတော်ကို ပြန်လည် ဆင်ခြင်သုံးသပ်ခြင်းဖြင့် သောတာပန်ဖြစ်သွားတာကို ဖော်ပြလိုတယ်။

ဆရာဖြစ်သူ အရှင်ဓမ္မရက္ခိတက "နာဂသေန န္တားကျောင်းသားဟာ နွားတွေကိုသာ ထိန်းကျောင်းရပြီး၊ အခြားသူတွေက နွားနို့မှ ဖြစ်သောအရသာကို သုံးဆောင်ကြရကုန်သကဲ့သို့ ထိုအတူပင် သင်သည် ပိဋကတ် သုံးပုံတည်းဟူသော ဘုရားစကားတော်တို့ကို ဆောင်ထားသော်လည်း မဂ်ဖိုလ်ကိုမရခဲ့" ဟူသော ဆုံးမပြော ကြားသည်ကို ကြားရ၍ အရှင်နာဂသေနက "အရှင်ဘုရား -

ရှိပါစေ၊ ဤမျှလောက်သော ဩဝါဒစကားဖြင့် လုံလောက်ပါပြီ" ဟု လျှောက်တင်ကာ မိမိဆောင်ထား သော အဘိဓမ္မာတရားတော်တို့ကို အခြေခံ၍ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောစသည်တို့ကို ဆင်ခြေ ရာ ထိုနေ့၊ ထိုညဉ့်အဖို့ပင်လျှင် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ရဟန္တာအဖြစ်သို့ ရောက်သွား၏" ဟု မိလိန္ဒပဉှာပါဠိတော်၌ လေ့လာမှတ်သားရဘူးပါသည်ဘုရား။

ပဋ္ဌာန်းတရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ရခြင်း၏ အကျိုးတရားများကို ပြောရပါလျှင် မိုးကြိုယ် တစ်မျှ များပြားလှ၍ ဆုံးကြမှာမဟုတ်တော့သဖြင့် နာယူကြသူများ အကျိုးကိုဆက်ပြီး ပြောပါ့မယ်။

ပဋ္ဌာန်းတရားတော်ကို နာကြားရသဖြင့် တာဝတိံသာနတ်ပြည်၌ ပဋ္ဌာန်းအပါအဝင် အဘိဓမ္မာတရား တော်ကို ဟောကြားသောအခါ ကုဋေတစ်သောင်းသော နတ်ပြဟ္မာများ ကျွတ်တမ်းဝင်ကြရပါတယ်လို့ စာပေမှာ ပါရှိပါတယ်။

ဒါ့ပြင် ရှင်နာဂသိန်မထေရ်မြတ်ရဲ့ ပဋ္ဌာန်းအပါအဝင် အဘိဓမ္မာတရားတော်ကို နာကြားရတဲ့ ပါဋလိပုတ် သူဌေးဟာ သောတာပတ္တိမဂ်ဉာဏ်ရရှိပြီး သောတာပန်ဖြစ်သွားကြောင်း မိလိန္ဒပဉှာပါဠိတော်မှာ ဟောကြားထားသည်ကို လေ့လာသိရှိရပါတယ်။

အရှင်သာရိပုတ္တရာရဲ့ တပည့်ရဟန်းငါးရာဟာလဲ လင်းနို့သားများဘဝက ပဋ္ဌာန်းပါဠိတော်အပါအဝင် အဘိဓမ္မာပါဠိတော်တို့ကို နာကြားရ၍ နတ်ပြည်သို့ ရောက်ခဲ့ကြရပါတယ်။

နတ်ပြည်မှစုတေကာ လူ့ပြည်သို့ ပြန်ရောက်တဲ့အခါ အရှင်သာရိပုတ္တရာရဲ့ တပည့်များဖြစ်လာကြ ပါတယ်။ အရှင်မြတ်များဟာ အဘိဓမ္မာတရားကိုပင် နာကြားကြရ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ တရားထူးများကို မျက်မှောက်ပြုနိုင်ခဲ့ကြပါတယ်။

ဒါတင်မကသေးပါဘူး၊ ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်နာကြားသူများဟာ ယခုဘဝမှာလဲ အကျိုးရနိုင်ကြပါတယ်။ ရရှိပုံမှာ ရွတ်ဖတ်သူ၊ နာကြားသူတို့ သဏ္ဌာန်ဝယ် ရောဂါဘေးဒဏ် ရန်မာန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာကြမှာဖြစ်ပါတယ်။ ရွတ်ဖတ်သူ၊ နာကြားသူများရဲ့ ကာယစွမ်းအား၊ ဉာဏစွမ်းအားဆိုတဲ့ အစွမ်းသတ္တိ တွေဟာလည်း တိုးတက်ရရှိလာမှာဖြစ်ပါတယ်။

ဒီလိုအစွမ်းသတ္တိတွေနဲ့ အစစအရာရာ အကြံအစည်၊ အလုပ်အကိုင်၊ အရောင်းအဝယ် အသွယ်သွယ် သော ကိစ္စများကို ဆောင်ရွက်တဲ့အခါ လွယ်ကူစွာ အောင်မြင်သွားနိုင်ကြပါတယ်။ ဒီလိုအောင်မြင်သွားခြင်း ဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအစရှိတဲ့ လူမှုရေးရာကိစ္စအဖြာဖြာတို့ဟာလဲ ကုံလုံပြည့်ဝပြီးပြောက် ကြပြီး ချမ်းသာလာနိုင်ကြပါတယ်။ ကန့်သတ်

ပဋ္ဌာန်းတရားတော်ကို နာကြားမှတ်သားလေ့လာထားခြင်းဖြင့် အရာရာတိုင်းဟာ ပဋ္ဌာန်းသဘောမှ မလွတ်နိုင်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်ဗြဟ္မာဆိုတာလဲ ရုပ်တရား၊ နာမ်တရားတို့၏ နှစ်ဆယ့်လေးပါးသော ပစ္စယသတ္တိတို့ဖြင့် တစ်နည်းမဟုတ် တစ်နည်း အချင်းချင်းကျေးဇူးပြုထားသောကြောင့် ဖြစ်ပေါ်နေကြခြင်း မျှသာ ဖြစ်ပာယ်။

"ရုပ်တရား၊ နာမ်တရားမျှသာ ဖြစ်ပါတကား၊ ဤရုပ်တရား၊ နာမ်တရားပျားဟာလည်း ဖြစ်ပျက်ခြင်း သဘောမျှပါတကား" လို့ သဘောပေါက်သွားနိုင်ကြပါတယ်။

ဒီလိုသဘောပေါက်သွားခြင်းဖြင့် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်များကိုပင် ရရှိနိုင်ကြပါ တယ်။ ထိုဉာဏ်များမှတဆင့် တက်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့တိုင်အောင်ပင် ရရှိနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့် ပစ္စုပ္ပန်မှာလဲ အကျိုးရှိနောင်တမလွန်မှာလဲ ချမ်းသာရ အလွန့်အလွန် အဖိုးတန်လှတဲ့ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်ရတဲ့ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးကို ယခုလို ကျင်းပပေးရခြင်းဖြစ်ပါတယ်။ ဒီလိုအကျိုးတရားများ တိုးပွားဖြစ်ထွန်းစေနိုင်တဲ့ အသံမစဲမဟာပဋ္ဌာန်း ပူဇော်ပွဲမျိုးကို နောင်နှစ်နောင်နှစ်များမှာလဲ ဆက်လက်ကျင်းပသွားကြပါစို့လို့ ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။

## ၇၁ ။ အောင်သာစုအမျှဝေစာတမ်း

သောင်းစကြဝဠာ နတ်ပြဟ္မာနှင့် ကမ္ဘာ့အေးကုန်းမြေ စောင့်ပေကုန်ထ ဘုမ္မရုက္ခာ စေတီယာဟု အာကာသဋ္ဌ ဒေဝဒေဝါနတ်များစွာနှင့် သတ္တဝါရှိသမျှ ကြားစေရဟု စိတ်ကရည်ရော် ဟစ်ကြွေးကြော်သည့် ရှင်တော်ဗုဒ္ဓရွှေနှုတ်ဟလျှက် ဟောပြခဲ့ကြား ပဋ္ဌာန်းတရားကို ထပ်ပွားအာရုံ စိတ်မှာထုံအပ် ရွတ်ဖတ် သရဇ္ဈာယ် ဝန်းကျင်သွယ်လျက် ကြီးကျယ်များလှ ဗုဒ္ဓပူဇနိယာ ပဂ်လာဒါန သီလဘာဝနာ ဤကောင်းမှု ကုသိုလ်အဖြာဖြာကို ကြွလာပရိုးသတ် ဖရပ်ရပ်နှင့် နတ် နတ်ပြဟ္မာ နှစ်ဖြာပိဘ ဘိုးဘွားစသား နရရာဇာ ပြည်ရွာစောင့်ကြပ် လှူပင်းဂြုပ်လည်း ပလပ်တေ့ ပျိုးဘျှ ကြုံးကြုံ အလုံးစုံသော သတ္တဝါအပေါင်းကိုလည်း မခြားထပ်တူ ရမစေဟူဖြင့် ကြုံသွဲ့ဖြူလှပေ ပျော့ပျောင်းသည့် စိတ်မေတ္တာ ပင်းပြော့တ်ပွားလျှင် မေတ္တာဖိုးထံ ဘဝဂ်လျှံအောင် နဘ်ယစ်ကြိုး ပွားသည့်ပိုးသံပုံးစံဖြိုးပျားယူ အောင်သာပုဂ္ဂိုလ် ယမုပေါ်ကြွ ပေးပေပုသည့် များထွေသာစု ခွန်းချွေသာစု ခေါ်စေသောဝ်။

အားလုံးကြားကြားသမျှ ကုသိုလ်အမျှ ယူတော်မူကြပါကုန်လော့။

သာစု. . . သာစု. . . သာစု

## ၇၂။ လယ်တီဆရာတော်
## သတ္တဌာနဘုရား ရှိခိုး

၁။ ဘုန်းရောင်ထွန်းထိန်၊ စောမုနိန်၊ ပညိဂြေ၊ ဩရာဟုန်ဘိ၊ ဗောဓိကြံငှန်း၊ ရွှေညောင်နန်းဝယ်၊ ကူးဘန်း အံ့လောက်၊ မြေမှာပေါက်သား၊ ရောင်တောက်မာရ်နှင်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊ သတ္တာ ဟရက်၊ ဘွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်ဟယ်၊ သုံးစမ္ပာယ်သည်။ ။ ဘုန်းကြွယ်လက်ဦးပွဲပေကို။

၂။ နှစ်ကြိပ်ပြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လုန်၊ ပလ္လင်ပုံမှ၊ ဖသန်တူရှု၊ ရပ်တော်ပူလျက်၊ ကြည်ဖြူ ငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိပ်းစိပ်းရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရှင်သည်၊ ကြည်လင်ညွှတ် နူးသွယ်ပေကို။

၃။ သုံးကြိပ်ပြောက်ထ၊ သတ္တာဟဝယ်၊ ဗောဓိပင်မှ၊ ပြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတုံ့ပါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည်။ ။ တရားယင်ခြင်လျက်ပေကို။

၄။ လေးကြိမ်ပြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ငယ်၊ အံ့လောက်ဘွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ အဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ပြင်သည်၊ ရောင်ရှင်ပြောက်ဖြာ ညွှန်းလို့ကို။

၅။ ငါးကြိမ်ပြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြဋ္ဌာ၊ ရပ်ဒိသာဝယ်၊ ကြီးစွာပြင့်ဝေါင်၊ ဆိတ်ကျောင်းညောင်၌၊ ဘုန်းခေါင်ပရမေ၊ စမ္ပါယ်နေသည် ။ ။ ရှိသေမြတ်နိုးဘွယ်ပေကို။

၆။ ခြောက်ကြိပ်ပြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ မရည်ြ ပြည့်လျှမ်း၊ ကြာပန်းညွှတ်ရုံ ပန်းမျိုးစုံသည့်၊ မုစ္စလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလူ့ဆွေ စမ္ပာယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေပင်းရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ခြုံးအုံ့တန်ဒိုး၊ ဆောင်းကာမိုးသည်။ ။ ရှေးကျိုးသမ္ဘာတော်ကြောင့်ကို။

၇။ ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင်ပြင်လကျ်ာ၊ မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရ ခေါ်တွင်၊ လင်းလွန်းပင်၌၊ သဗ္ဗညုဖျား၊ ပျော်စံစားသည်။ ။ ကြီးမားဉာဏ်တော်သွင်းလို့ကို။

ထိုခုနစ်ပါး၊ အရပ်များကို၊ ရှေ့သွားသဒ္ဓါ၊ ကြည်ညိုစွာလျှင်၊ ဝန္ဒာမာန၊ ဂါရဝဖြင့်၊ ဦးချညွှတ်ကျိုး၊ ကျွန်ရှိခိုးသည်။ ။ ကောင်းကျိုးခပ်သိမ်းပြည့်စေသော်ဝ် ။ ။

၂၅-၇-၉၉

# ကျမ်းပြီးနိဂုံးဓကပိုဒ်ရတု

သီရိမင်္ဂလာ၊ ဘုရားဖူးမွေး၊ တမွှေးမွှေးဝေ၍၊ ကောက်ကောက်လွှတ်၊ ကြုံကိုက်ချိန်၊ နေ့မြို့ဝေဆာ၊ ရှိုးရှိုး ပေါင်းစု၊ လုံးသိုလ်ပြုလျှက်၊ ပျော်ဘွယ်ကျော်ဝင်း၊ ဝတ်ဆောင်းလှ၊ ဆောင်းသား၊ ဂုဏ်ပုဒ်များမှ၊ ပဓါနကျေးဇူး ကုသိုလ်ယူမည့်၊ ကြည်ဖြူသဒ္ဓါ၊ စေတနာရှင်၊ သူတော်စင်တို့၊ ယှင်ငင်လေ့လာ၊ မဟာကုသလ၊ ပြုနိုင်ကြလျက်၊ လှူဘုရား၊ တည်ထောင်ထားသည့် သုံးပါးသာသနာ၊ ငါးထောင်သာအောင်၊ ရှည်ပါစေရေး၊ ရည်မျှော်တွေး၍၊ သီရိမင်္ဂလာကမ္ဘာအေးခေါ် အခါတော်နေ့များ လက်စွဲ၊ ဝဲ့ခြီးသတ်မှတ်၊ ဤကျမ်းမြတ်ကို၊ အပတ်တကုတ် ၊ အားထုတ်ပြီးလစ်၊ သက္ကရာဇ်ကား၊ ခြောက်ဆယ့်တစ်ကျော်၊ သုံးရာပေါ်လစ်၊ တစ်ထောင်နှစ်တွင်၊ သဠီနက္ခတ် စွန်းမြတ်ယှဉ်ထ၊ ဝါဆိုလ၏၊ တေရသကြုံ၊ ဂဠုန်ဒိန၊ မှတ်ကုန်ကြလော့။ လောကထွတ်ထား၊ မြတ်ဘုရား၏ ဟောကြားဒေသနာ၊ များစွာပါလတ်၊ ဤကျမ်း မြတ်ကို၊ ထပ်ထပ်လေ့လာ၊ ကောင်း စွာနာယူ၊ ကျင့်ကြံသူကို၊ ဆာပူကင်းဝေး၊ ပွေးသေဘေးပု၊ ငြိမ်းအေးရာပုန်၊ ပြတ်နိဗ္ဗာန်ကို၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ဉာဏ်ရှစ်တန်ဖြင့်၊ လျှင်ပြန် ကုတ်ချေလျှက် ပျက်ယွင်းတော်၊ ကြူနိုင်ကြပါစေ သော် ။ ။

ပါဠိပါဠီရက္ခဦးအေးမောင် (ဂိုဏ်း)

ဂေါပကလက်ရွေး

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်

ဂေါပကအဖွဲ့

ကမ္ဘာအေး

၁၃၆၁ ခု၊ ဒုတိယဝါဆိုလဆန်း (၁၃) ရက်၊

(၂၅-၇-၉၉) တနင်္ဂနွေနေ့။

# အိပ်ရာဝင်အိပ်ရာထ၊ အလုပ်သွား အလုပ်ပြန် နေ့စဉ်မှန်မှန် ရွတ်ဖတ်ပူဇော်ရန် ဂါထာများ

## ဘုရားရှင်၏ဂုဏ်တော် (၉) ပါး

ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။ (၃) ကြိမ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (၃) ကြိမ်

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ သမာဒိယာမိ။ (၃) ကြိမ်

### ပါဠိတော်လာ ဘုရားရှိခိုးဂါထာများ

ယော ဗြာဟ္မဏော ဝေဒဂူ သဗ္ဗဓမ္မေ တေ ပေ နမော တေ စ ပံ ပါလယန္တု
နပတ္ထု ဗုဒ္ဓါနံ၊ နမတ္ထု ဗောဓိယာ။
နမော ဝိမုတ္တာနံ၊ နမော ဝိမုတ္တိယာ။
သော ဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။
နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
နမော တေ တိဏ္ဏသံသာရ၊ နမော တေ အမတံဒဒ။
နမော တေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသိ၊ တဿမေ သရဏံဘဝ။
ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံယဿနကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ အဟံဝန္ဒာမိတံသဒါ။
နာညတြ ဗောဇ္ဈတပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံဖဿာမိပါဏိနံ။
ဣမဉ္စ ဂါထံ ဒေသကံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

### သဗ္ဗဇယမင်္ဂလာဂါထာ

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီတပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါတပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နပက္ကာရာ နုဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။

လိုရာခရီးအပြီးရောက်နိုင်သော ဂါထာများ

ဘဝသောတံ ဟဝေ ဗုဒ္ဓေါ တိဏ္ဏော လောကန္တဂူ ဝိဒူ။

ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

ယဒိ သန္တိဂမော မဂ္ဂေါ မောက္ခော စစ္စန္တိကံ သုခံ။

ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

သံဃော ဝေ တိဏ္ဏကန္တာရော၊ ပုညက္ခေတ္တော အနုတ္တရော။

ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

အရှင်ဥပဂုတ္တထေရ်ဂါထာ

ဗုဒ္ဓါနံ ဗျာကတော လောကေ၊ ဥပဂုတ္တော မဟိဒ္ဓိကော။

ယံ ယံ ဥပဒ္ဒဝံ ဇာတံ၊ ဝိနာသေတု မဟောသဓော။

ကပဓဝ ဆုတောင်းဂါထာ

ကရာကရော တမံ မောဟံ၊ ပဘောဓေသိ ဇနမ္ဗုဇံ။

ဓမေတွာ ဓမ္မရံသီဟိ၊ ဝရံသော ဒေတုမေဖလံ။

ယဂဗဝ ဆုတောင်းဂါထာ

ယမိတဗ္ဗယမော ဒန္တော၊ ဂမိတဗ္ဗကမာဝိကော။

ဗလံ မာရဿ ယောဇိနော၊ ဝရံသော ဒေတုမေ ဗလံ၊

ငှသဉ္စခ ဆုတောင်းဂါထာ

ငှရိဟာဗ္ဗ ငှမော နာထော၊ သဗ္ဗေတိ သရဏံ ဂတော၊

ဥဥ ယျပဗ္ဗေသုပ္ပဟိတော၊ ဒေဝေသော ဒေတု မေ ဇယံ။

စဓဗဝဂါထာ

စက္ခုမာစာရမာဝိဏ္ဏော၊ ဓမ္မညူ ဓမ္မသာမိကော။

ဗလူပေတော ဗလဒဇ္ဇော၊ ဝရဒေါ ဒေတု မေ ဝရံ။

ဇ-ရှစ်လုံးဆုတောင်းဂါထာ

ဇယစက္ကော ဇယန္တော ယော၊ ဇယိတဗ္ဗေ ဇယာသနေ။

ဇယာပေသိ ဇယေသိနံ၊ ဇယံဒေတု ဇယုတ္တရော။

အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော၊ အဂ္ဂေါ သံဃော အနုတ္တရော။
အဂ္ဂေါစ ဝိပါကော ဟောတိ၊ ယံ ယံကိစ္စာ သမိဇ္ဈတု။

သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဗ္ဗဓမ္မာနုဘာဝေန၊
သဗ္ဗသံဃာနုဘာဝေန၊ အဟံဝန္ဒာမိသဗ္ဗဒါ။
သဗ္ဗအန္တရာယာ ဝိနဿန္တု၊ သဗ္ဗသိဒ္ဓိသုခါပဟာ။
နိဗ္ဗာနံ အာဝဟံ ဟောတု၊ သဗ္ဗသတ္တာ အဝေရာ ဟောန္တု သဗ္ဗဒါ။

(၂၈) ဆူဘုရားရှိခိုးနှင့် ဆုတောင်းဂါထာများ

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာ မဟံ။
အပ္ပကာ ဝါလုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ
နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

တံ ဓေ သ ဗ္ဗ ဂေ ဓံ သု ရေ၊ ယော အ ပ နာ ပ သု သု ပိ
အ ဝပ် သိ တံ ဖု ဝိ သိ ငေ၊ က ကော က ငါ နမာမဟံ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊ သဗ္ဗရောဂါ သုသ်ကလာ။
သဗ္ဗေပူရေန္တု သင်္ကပ္ပါ၊ ဓနေန ပန္နမေသာ ယထာ။

အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊ ကုဒ္ဒိမန္တော ဇုတိန္ဓရာ။
ကုဒ္ဒိယာ ဇုတိယာတေသံ၊ အန္တရာယာ သမေန္တု မေ။
သဗ္ဗေ ဒူရေပလာယန္တု၊ ပိသာစာ ယက္ခရက္ခသာ။
သမ္ပာ ဒေဝါ ပဝဿန္တု၊ ဟောန္တု သုခိတာ ပဇာ။

အနန္တရာယိကဂုဏ်တော် (၄) ပါး ဘုရားရှိခိုး

(၁) ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာ ယော ကာတုံ။
(၂) ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ ကေနစိ အန္တရာယာ ကာတုံ။
(၃) ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
(၄) ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
ကြမေယံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ တထာ မေဟောတု၊ တထာနော ဟောတု။

**အာဝေဏိကဂုဏ်တော် (၁၈) ပါး ဘုရားရှိခိုး**

(၁) အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။

(၂) အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။

(၃) ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။

ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

(၄) သဗ္ဗံကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

(၅) သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

(၆) သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

(၇) နတ္ထိ ဆန္ဒဿ ဟာနိ၊

(၈) နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊

(၉) နတ္ထိ ဝီရိယဿ ဟာနိ၊

(၁၀) နတ္ထိ သမာဓိဿ ဟာနိ၊

(၁၁) နတ္ထိ ဝိပဿနာယ ဟာနိ၊

(၁၂) နိတ္ထိ ဝိမုတ္တိယာ ဟာနိ

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော -

(၁၃-၁၅)နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အပ္ဖုဋံ၊

(၁၆-၁၇)နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော

(၁၈) နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာ ဂတဿ၊ ဗုဒ္ဓဿ ဘဂဝတော န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ တယော ဝေ ဟောတု၊ တယော နော ဟောတု။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တာန္နံ သမ္မာသမ္ဗုဒ္ဓါန် သသဒ္ဓမ္မာဏာတ္တမော သမ္မာသမ္ဗုဒ္ဓေါ် သပရိဝါရံ သဉာတိဂဏံ ရက္ခတု မံ စိရံ သဒါ။ သဗ္ဗကာမ ဒဒေါ ဟောတု မယှမေဝ စိရံ သဒါ။

ဗုဒ္ဓါနုဿတိဘာဝနာပွားရန် ဘုရားဂုဏ်တော် (၉) ပါး

သောဘဂဝါ ဣတိပိ အရဟံ၊

သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊

သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊

သောဘဂဝါ ဣတိပိ သုဂတော၊

သောဘဂဝါ ဣတိပိ လောကဝိဒူ၊

သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ၊

သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊

သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊

သောဘဂဝါ ဣတိပိ ဘဂဝါ။

ဓမ္မာနုဿတိဘာဝနာပွားရန် တရားဂုဏ်တော် (၆) ပါး

ဘဂဝတော ဓမ္မော သွာက္ခာတော၊
ဘဂဝတော ဓမ္မော သန္ဒိဋ္ဌိကော၊
ဘဂဝတော ဓမ္မော အကာလိကော၊
ဘဂဝတော ဓမ္မော ဧဟိပဿိကော၊
ဘဂဝတော ဓမ္မော ဩပနေယျိကော၊
ဘဂဝတော ဓမ္မော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

သံဃာနုဿတိဘာဝနာပွားရန် သံဃာ့ဂုဏ်တော် (၉) ပါး

ဘဂဝတော သာဝကသံဃော သုပ္ပဋိပန္နော၊
ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော၊
ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော၊
ဘဂဝတော သာဝကသံဃော သာမီစိပ္ပဋိပန္နော၊
ဘဂဝတော သာဝကသံဃော အာဟုနေယျော၊
ဘဂဝတော သာဝကသံဃော ပါဟုနေယျော၊
ဘဂဝတော သာဝကသံဃော ဒက္ခိဏေယျော၊
ဘဂဝတော သာဝကသံဃော အဉ္ဇလိကရဏီယော
ဘဂဝတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။
ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု၊
ဣဒံ မေ ပုညံ အရဟတ္တဖလနိဗ္ဗာနဿ ပစ္စယော ဟောတု။
ဣဒံ မေ ပုညံ သဗ္ဗသတ္တာနံ သမ္မာ ဘာဇေမ။
ဣဒံ မေ ပုညံ သဗ္ဗဒေဝတာနံ သမ္မာ ဘာဇေမ။

ပါဠိပါရဂူ ဦးအေးမောင် (ဗ်အေ) စီကုံးရေးသား၍ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့၊ ဇဟိုဝတ်အဖွဲ့ဝင်အသင်းသူများ ပါဝင်းကောလဖမ္ဘသဘင်၌ လျှောက်ထားတောင်းပန်သော

"တရားတောင်းဂါထာများ"

၁။ အာယာစာမ ဘန္တေ မဂ္ဂံ၊
ဒေသေတုံ၊ သုခ သမ္ဘဝံ။
ဝဋ္ဋဒုက္ခေဟိ တိဏ္ဏတ္ထံ၊
ဖလံ စရာမ သာဝကံ။

ဘန္တေ၊ ဇာတ်ပါရမီ ဆုံးခန်းပေါ် ဘုရားရှင်တို့၏ ဝင်ရောက်ရာ လမ်းကြောင်းကို မြင်သိကြပါပြီ ဘုရား။

မဂ္ဂံ၊ သံသရာဝဋ်ဘေး ကျွတ်ကြောင်း၍ လွတ်မြောက်ကြောင်း သုခ ချမ်းသာ လမ်းကြောင်းကို ဟုတ်။

ဝဋ္ဋဒုက္ခေဟိ၊ သံသရာဘေးဝယ်၊ မြစ်ချင်းပြည်၍ နွံ့ထဲတွင် မျောနစ်လျက်၊ နှိပ်စက်ချက်ပေါ်ရှည်၊ ခံရသမျှဒုက္ခ ဆင်းရဲခြင်းဟို့မှ။

တိဏ္ဏတ္ထံ၊ အဝိဇ္ဇာဟု၊ ပြုပ်မယှပ်ဖြင့်၊ ကူးတက်ပါရခြင်းအကျိုးငှာ။

သုခသမ္ဘဝံ၊ ပင်ဖိုလ်နိဗ္ဗာန်၊ ချမ်းသာပုံနံကို၊ မကန့်ရမကြောင်း၊ ပြည့်စုံကြောင်းဖြစ်စေသော။

မဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း၊ လမ်းကောင်းအစစ်၊ အပြစ်ကင်းလတ်၊ မဂ္ဂင်မှစ်ပါးပါသည့်မူသော အကျင့်မြတ်တရားတော်ကို။

ဒေသေတုံ၊ ဤသတ္တဝါ၊ ဝေနေယျာတို့၊ ရန်ဘယာကူပြော၊ ပင်လယ်ကြော၌၊ မပျော့ရေရ မိုကမ မမည်၊ စိတ်ကရည်၍ မောသည်ပန်းသည်၊ ပကြဲစည်ပဲ၊ ရွှေပြည်အမတ၊ လျင်စွာရဘို့ ဟောပြတော်မူခြင်းငှာ။

အာယာစာမ၊ သံသရာလွတ်ကြောင်း၊ တရားကောင်းကို၊ ပဟောင်းရမည်သောင်၊ ဝမ်းဟန်ပေး ကံ မြှုံ ညာလက်ရောင်ထွန်းပ၊ ဟောညွှန်ပြပါ၊ ဦးချလျက်သော၊ တောင်းပန်ပါကုန်၏ အရှင်ဘုရား။

မယံ၊ သံသရာဝဋ်၊ ပေကုပ္ပါတ်၊ လွတ်ကွက်ရကြောင်း၊ နည်းလမ်းပေါင်းတို့၊ ပေါင်းပေါင်း ပေါ၊ လိုချင်ကြသည့်၊ ပမာဟ ပပယ်ပြော၊ ပုရားပေပည့်တော်ကို ညာညဲ။

ပံ၊ အရှင်ဘုရား၊ ပစ္စဲသနားသဖြင့်၊ ယင်များပေးခေါင်ပေးပြုသည့်၊ ယိုနိဗ္ဗာန်ရကြောင်း တရား ကောင်းကို။

သာဝကံ၊ ပပျင်းသက်၊ ပညာရှိလျက်၊ ပိဋကတ်ရကြောင်း၊ ဟောင်းမွန်ဖွာသာယျှင်။

စရာမ။ ကျင့်ကြံကြိုးကုတ်၊ အားထုတ်ကြပါကုန်မည် အရှင်ဘုရား။

ဝါ၊ စရာမ၊ ငါးအာရုံဘင်အစ၌၊ ခင်မှုနှင့် မနေ့ပကုန်ကြတော့ပဲ ယနေ့တွေ့ကြုံ၊ အရှင်ဘုရားတော ပျှ ကိုဖြင့်၊ အလျင်မကြာ သဘောကျတော၊ နိဗ္ဗာန်ပြင်ကြရအောင်၊ ကပည့်တော်တို့မှာ အစဉ်ပူ ပေါ် ဝင်ကျင့်ကြပါတော့မည်ဘုရား။

× × × × ×

၂။ အာယာစာမ ဘန္တေ ဧဝံ့၊
တိစာသမ္ပတ္တိ ဒါယက်။
အနုကပ္ပံ ဥပါဒါယ၊
ဒေသေတု ဗုဒ္ဓပူဇိတံ။

ဘန္တေ၊ ဝုရန္ဓမ်ဖြာ၊ ကျင့်သိက္ခာနှင့် ထောင်းရှာ ပြည့်စုံ၊ လဖို့အောင်လော၊ စကြဝဠာ၊ လူနတ်ဗြဟ္မာများ၊ သာသနာအကျိုး၊ တိုးတက်ကိုးအောင်၊ ထွန်းတောက်နေပြား၊ အရှင်မြတ်ဘုရား။

မယံ၊ သတ္တာလေးဝ၊ ဝသိကြဲ့ရှုံ၊ လေးပါးမက်၊ လူဝက်နက်ရပ်၊ ဂုဏ္ဍကတ်ကောင်၊ လှည့်ပါပါ၏။ ကျင်လည်လျက်နေရပါသော၊ သံသရာဝဲ့သွား၊ ဘုရားဟပည့်တော်များသည်။

တံ၊ အရှင်မြတ်ဘုရားကို။

အာယာစာမ၊ သတ္တာသိကြောင်း၊ တရားကောင်းကို၊ မဟောင်းရအောင်၊ ပါးကန်ဆောင်သို့၊ ဂုဏ်ရောင်ထွန်းပ၊ ဟောညွှန်ပြဘို့၊ ဦးချလျက်သာ၊ တောင်းပန်ပါကုန်၏၊ အရှင်ဘုရား။

အာယသ္မာ၊ အနာဂရာဝါ၊ ကင်းရှင်းထွက်လျက်၊ တစ်ရာသက်ရှည်၊ တည်တံ့ပါစေသား၊ အရှင်ဘုရားကို။

အဝေ၊ သတ္တာလေးဖြာ၊ ဝသိပါး၍ မိုနာပေးမေး၊ ပုထုဇေးဟို၊ ရောမယွင်းနိုင်တော်၊ မိရချက်ဖြင့် နေရာ ရှည်ကြာ၊ နေရပါသော သံသရာအကျဉ်းသား၊ ဘုရားဟပည့်တော်များကို။

အနုကပ္ပံ၊ သင်းရဲမြင်ငြား၊ အစဉ်သနားခြင်းကို၊

ဥပါဒါယ၊ ဟရှေ့ထားရွေး၍ အပေါက်ငါးဖြုံ၍။

တိစာသမ္ပတ္တိ ဒါယကံ၊ လူ နတ်၊ နိဗ္ဗာန်၊ သုံးတန်ကိုရ၊ ဖြစ်ချွန်းကျော်၊ ပေးတော်မူ၍ ... ပေးသော။

ဗုဒ္ဓပူဇိတံ၊ သတ္တာသိဖြား၊ ဟောတော်မူသည့် ဘုရားမြတ်စွာ၊ စိတ္တပျော်ပူ၊ ပေါင်းဆွတ်ကောရော၊ ပူဇော်အပ်ပေသော။

ဓမ္မံ၊ သစ္စာသိရေး၊ အပါယ်ဘေးမှ၊ ကင်းဝေးစေကာ၊ ပြည်ခေမာသို့၊ လျင်စွာရောက်ကြောင်း၊ တရားကောင်းကို။

ဒေသေတု၊ ကရုဏာပညာပြဓာန်းကာဖြင့်၊ သစ္စာသိရေး၊ တရားအေးကို၊ ကိုက်ထွေးဟောကြားတော်မူပါ၊ ကရုဏာပညာသခင်၊ အရှင်သူမြတ်ဘုရား။

× × × × ×

၃။ သံသာရဇာရတော အမေ့၊
နိတ္တံ ဒုက္ခေန ပီဠိတေ။
နိဗ္ဗာနပူရံ ပါပေတ၊
ဓမ္မနာဝါ ဒယာယ ဝေါ။

ဘန္တေ၊ နိဗ္ဗာန်ပြည်နန်း၊ ဝင်စံမြန်းဘို့၊ ကြိုးပမ်းလျက်သာ၊ မြတ်ဝမ္မာကို၊ ထောင်းစွာထောက်ပြုထား ရှင် မြတ်ဘုရား။

ဝေါ၊ နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်းကို၊ ကောင်းစွာသိမြင်၊ လူရှင်အများ၊ သိမြင်သွားစေတော်၊ ဟောကြားပေတတ်၊ အရှင်မြတ်တို့သည်။

သံသာရစာရကေ၊ ခန္ဓာအာယတန၊ ဓာတ်ဝဋ်တို့၊ နေ့ညမပျက်၊ ဆက်ကာဆက်ကာ၊ ဖြစ်ပေတတ်ပါရဲ့၊ သံသရာခေါ်ငြား၊ ဝဋ်ဟာရေး၌၊ ပြေးသွားကျင်လည်၍ နေရပါကုန်သော။

နိစ္စံ စက္ကန့်နာရ်၊ ရာသီပလက်၊ မပြတ်ပစဲ၊ မမြဲတိုင်းသောလျှင်။

ဒုက္ခေန၊ ပဋိသန္ဓေ၊ ပုံနာဝေရေး၊ ဒုက္ခဘေးနှင့်၊ ကင်းဝေးချမ်းသာ [illegible] များစွာရှိတောင်း၊ ဆင်းရဲပေါင်းဖြင့်။

ပိဋ္ဋိတော၊ နေ့ညာဉ့်မပျက်၊ အခံခက်ကောင်း၊ နှိပ်စက်အပ်ကုန်သော။

အပေ့၊ ဆင်းရဲဝဋ်ဘေး၊ လွှတ်လိုမေးတို့၊ ကြံပေါ့သွားလျက်သာ၊ ပြက်ပေ့ဟာကို၊ ကြားနာကြရမှ၊ အမျိုးတို့ ကျိုးနွံခညောင်း၊ တပည့်အပေါင်းတို့ကို။

ဒယာယ၊ အိုနာသေရေး၊ ရောဂါဘေးနှင့်၊ ရောတွေးလျက်သာ၊ ပံနေရှာသည့်၊ သတ္တဝါများ၊ မြင်ရငြား၍၊ ကိုယ်နှင့်အလား၊ ပခြားထပ်တူ၊ သနားတော်မူသဖြင့်။

ဓမ္မနာဝါ၊ အမှန်မြင်သိ၊ မှန်သတိတို့၊ စသည်အပြား၊ အင်ရှစ်ပါးနှင့်၊ ထင်ရှားစုံလင်၊ မြတ်မဂ္ဂင်တည်း ဟူသော၊ သင်္ဘောလှေယာဉ်ဖြင့်၊ နိဗ္ဗာနပုရ်၊ ဘေးရန်ခပ်သိမ်း၊ ကင်းပြတ်ငြိမ်း၍၊ ဇာတ်သိမ်းရာမည်၊ နိဗ္ဗာန်တည်းဟူသော၊ ဘေးမဲ့ပြည်သို့။

ပါပေထ၊ တရားစည်ကြီး၊ ရိုက်ကာတီးလျက်၊ အပြီးရောက်အောင်၊ ပို့ဆောင်ပေးသနားတော်မူပါ၊ ဆရာတော်သခင်၊ အရှင်ပူပြတ်ဘုရား။

× × × × ×

၄။ ယာစိတော မဟာဗြဟ္မုနာ၊
သမ္ဗုဒ္ဓေါ ဒေသိတော သသော။
ဝေနေယျေ သံသရုဒ္ဓရံ၊
မဂ္ဂံ ဒေသေဟု သုန္ဒရံ။ ။

ဘန္တေ၊ သီလ သမာဓိ ပညာကြောင့်၊ ပြည်ရွာအတွင်း၊ တေဇာလင်း၍ သတင်းကျော်ကြား၊ အရှင်မြတ်ဘုရား။

သမ္ဗုဒ္ဓကာလေ၊ ဘုရားမြတ်စွာ၊ စိန္တေယျာသည်၊ ကောင်းစွာထင်ရှား ပွင့်ပေါ်စဉ်ကာလများ၌။

မဟာဗြဟ္မုနာ၊ ရောင်ဝါလျှံဝင်း၊ သုဒ္ဓါဝါသ၊ ဗြဟ္မာပင်းကြီးသည်။

သမ္ဗုဒ္ဓေါ၊ ရာဂဒေါသ၊ မောဟဖိစီး၊ လောင်မီးစက်ကွင်း၊ မလွတ်ကင်း၍၊ ဝဋ်ဆင်းရဲကြာ၊ သတ္တဝါတို့၊ ကောင်းစွာဟောကြား၊ ဓမ္မတရားကို၊ နားလည်ဖုယ် ပထင်ဟု၊ စိတ်ဟွင်ဖြစ်ပွား၊ မြတ်ဘုရားတို့။

ယာစိတော၊ ဝပ္ပံ ဒေသေတု သာဓု။ ဝပ္ပံ ဒေသေတု သုဂတော၊ ရှုပေသာ စကား ... မျိုး

များသတ္တဝါ၊ ဝေနေယျာကို၊ နတ်ရွာနိဗ္ဗာန် ရောက်ရန်အကြောင်း၊ သွင်ပုံတောင်းမပ်ယူပါမည်ဖြစ်ပါ၏။

ဒေသိတော ယယာ၊ ဗြဟ္မာမင်းမကြောင်းမှ၍ တောင်းပန်တာ၊ အစကားလျက်၊ ဟောကြားတော်မူ

သကဲ့သို့။

ဝဋ္ဋာဇေယ၊ ကြေး၍ဖလ္လက်၊ ဘုံဝဋ်အကျယ်၊ ပင်လယ်လှိုင်းထွက်၊ ... ။

သံသရာနှောန်၊ မြစ်လှိုင်ကြိုမဝါလိုဝေါ၊ ... ပျော်ရွှင်

တော်၊ ဟောညွှန်ပြောပါတော့။

သုနှမဲ့ သံသရာဝဋ်၊ ဟေတုသညတ်တ၊ ယွယ်တင်းရာမှာနံ၊ ဖြတ်နိဗ္ဗာန်ကို၊ ... ရောက်

စေတတ်သဖြင့်၊ အလွန်ပင်ကောင်းမြတ်ပေတော့သော။

ဝပ္ပံ၊ သုတ္တန်ပိဋကယာ၊ ဘိဝပ္ပာပဲ၊ ဒေသနာခန်းခန်း၊ ကရားလင်းကို။

ဒေသေတု၊ ... ပြေးပုံးဝေတော်မူပါ၊ ... မျိုး

မြတ်ကြီးဘုရား။

. . . . .

၇။ ဟိတ္ထာယ နရဒေဝါနံ၊

သဋ္ဌာ ဝပ္ပံ အဒေသယိ။

ဧဝံ နော ဝပ္ပံ ဒေသေတု၊

ယာစာမ သဿမံ မယံ။

ဘန္တေ၊ ဒက္ခိဏာတပ်းခွန်၊ ဂုဏ်ပွန်ပေါ်များ၊ အရှင်မြတ်ဘုရား။

ဘန္တေ၊ များသတ္တဝါ၊ ဝေနေယျာကို၊ သံသရာကြော၊ မမျောရအောင်၊ ကယ်ဆောင်မမည်၊ စိတ်ပါရည်

၍၊ လေးလီသစ္စာ၊ မြတ်ဓမ္မာကို၊ သိပါစေခြား၊ ဟောဖော်ကြားမည့်၊ တရားစည်သခင်၊ အရှင်မြတ်ဘုရား။

သတ္ထာ- လူနတ်ဗြဟ္မာ၊ ရှိင်းပြရာကို လိမ္မာစေရေး၊ နည်းပေးလမ်းပြ၊ ဆုံးမတတ်ခြား၊ ရှင်တော်မြတ်

ဘုရားသည်။

နရဒေဝါနံ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏။ ဟိတာယ၊ လောကီလောကုတ်၊ ပယုတ်ကိုးပွား၊

အကျိုးများစေခြင်းငှာ။

ဝပ္ပံ၊ မဂ်ညဏ်ဖိုလ်ညဏ်၊ နိဗ္ဗာန်ရောက်ကြောင်း၊ အကောင်းဆုံးဖြစ်သော၊ တရားတော်ကို၊ အဒေ

သယိ၊ ကရုဏာပညာ၊ ပြဋ္ဌာန်းကာဖြင့်၊ ကောင်းစွာမသွေ၊ ဟောကြားတော်မူခဲ့ပေပြီ။

ဧဝံ၊ ပမာထားယူ၊ အလားတူသာလျှင်။ အာယသ္မာ၊ ပရိယတ်၊ ပဋိပတ်၊ နှစ်ပ်ထင်ရှား၊ အရှင်မြတ်

ဘုရားသည်၊ ဝါ၊ အာယသ္မာ၊ သီလသမာဓိ၊ ပညာဟု၊ သိက္ခာသုံးရပ်၊ အကျင့်မြတ်ကို၊ ဖလာ်ရအောင်၊ ကျင့်

ဆောင်လျက်၊ ဘုန်းခေါင်ဘုရား၊ မြတ်တရားကို၊ ယွန်းကားရအောင်၊ ရည်မဆောင်ဟောကြား၊ အရှင်မြတ်

ဘုရားသည်။

နော၊ အလုပ်၊ ဘာသာရေးဝင့်ကား ဝတ္တုပ်ကားရဲ့ လွှတ်ရေးယုံကြည်၊ ညီညွတ်ရေး ... မတို့၏ ဟိတဘာ၊ ဝေဘတ်ဝေဘာ ... မှုပ်ကျိုးရှား အကျိုးထူးစေခြင်းငှာ။

ဝမ္ပံ၊ မဂ်ဉာဏ် ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်ပြောင်း ယောကောင်းသုံးဖြာသော ပဒုမအောင်ပုံ။ ဒေသေတု၊ ဝေနေယျဗ္ဗကရဟာ၊ မရွှေးမြွေဘဖြင့် ဟိသာရေလက်ရေး နည်းပေးလမ်းပြ ဆုံးမ... တော်မူပါဘုရား။

ဖော်၊ ... ကုန်သော၊ ဘုရားဟောပုံတော်၊ ...

တံ၊ အရှင်မြတ်ဘုရားကို။ ဒေသေတို၊ ဝေနေယျကရဟာ၊ ရွေးမြွေဘဖြင့်၊ ဟိသာရေလွှပ်ရေး နည်းပေးလမ်းပြ ဆုံးမသောအား၊ ဟောကြားဟော်မူခြင်းငှာ။ သာဒ၏ မြတ်ဘုရားဂုဏ်၊ တရားဂုဏ်ကို အာရုံပြုကာ၊ ကြည်သဒ္ဓါဖြင့်၊ ပြည့်အဝကာ၊ နိဗ္ဗာန်ဝိုရအောင်၊ ရှိဂိုသေသေသာလျှင်၊ ယာဇာ၊ ဟိသာရေပြော၊ မမျောရအောင်၊ ဖောင်မဝင်ပြီး၊ ပျော်ပျော်မွေ့လျက်၊ မဂ်ဉာဏ်ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်အောင်၊ ကောင်းစွာဖန်ဖန်၊ တောင်းပန်ကြပါကုန်၏။ အရှင်မြတ်ဘုရား။ ။

× × × × ·

၆။ ဒဏ္ဍော ယံ ဘဂဝါ ဓမ္မံ၊
ဒမထာယ သုဒေသိတော။
တံ သောဟံ ဒယာယ ဟဏ္ဍေ၊
အဟံ ဒေသေတ သာဓုကိ။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး ဂုဏ်တော်ပေါင်း ရှင်တော်မြတ်ဘုရားသည်။

ဒဏ္ဍော၊ အာရုံလိဒ္ဓိကံ သဘာဝလိုက်၍ ရှိုင်းပုံကိုသယ်ဖြေ ... ကိုယ်တော်ကိုယ်ပိုင် ယဉ်ကျေး ပိဘတ္တုပြီးသူဖြစ်ရာ။

ဒမထာယ၊ ကာယဂုဏ်ဝလေ၊ အာရုံငွေ့ဖြင့်၊ ပေ့မေ့ပျော့ပျော့၊ ပေါ်ပေါ်ယာယာ၊ နေထိုင်ကြပါဖြင့်၊ ဒုက္ခဝေ့ပြား၊ ပူပန်ပွားသည့် သနားစရာ၊ အများသတ္တဝါတို့ကိုလည်း၊ တရားဘာဝနာ၊ ထိုအငွေ့ဖြင့် သိမ်မွေ့လိမ်မာ၊ ယဉ်ကျေး၍လာကြစေခြင်း အကျိုးငှာ။

ယံ ဓမ္မံ၊ ကိုယ်နှုတ်နှလုံး သုံးပါးစေ့ညို ယဉ်ကျေးစေပြောင်း မြတ်ကောင်းတရားတော်ကို

သုဒေသိတော၊ ရှင်ပယ်မှတ်ဖွယ် ရှင်ပယ်ဘားသို့ မခြားနိုင်းပြ သနားမှုဖြင့်၊ ကရုဏာထိုးဝေ၍ ဖြန့်းလိုက်လျက်၊ ဒေသနာရေအေး အမြိုက်ဆေးကို၊ တိုက်ကျွေးသုံးမ၍ ဟောပြတော်မူပါပေ၏။

တံ ဓမ္မံ၊ ကိုယ်ဖြင့်အလုပ်၊ နှုတ်ဖြင့်အပြော၊ ဂနောဖြင့်အကြံ၊ သုံးကာန်ကိုငွေး ယဉ်ကျေးစေပြောင်း ထိုတရားကောင်းကို။

'သောဟံ၊ ဂွမ်းမှုံ့အိမ်၊ ... ။

သမ္ပတ်၊ တရားနာချင်၊ မဇာသပင်ဖြင့်၊ လိုအင်ညီမျှ တူအန္တရာယ် လာကြကုန်သော ... တို့၊ အကြောင်းညီညာ၊ ... သည်း ... ------

ဘန္တေ၊ ကျမ်းဂန်စုံလင်၊ တတ်ကျွမ်းကျင်၍ စွမ်းအင်လည်းသာ၊ ကျင့်သီလာလည်း၊ သုံးဖြာစုံညီ၊ ထုံဝသီဖြင့်၊ ဂုဏ်ရည်ပြင့်မား၊ အရှင်မြတ်ဘုရား။

ဒယာယ၊ ယခုဘဝမှာလည်းကောင်း၊ ဟို--- သံသရာဘဝအကြောင်းကျတော့လည်း၊ အကောင်းတကာ့ထိပ်တင်၊ အကောင်းဘုရင်တွင်ပုန်း၊ ဌာနစံလမ်းတည်းဟူသော၊ အကျိုးငှာ၊ တာနာ[illegible]

သွားဖြင့်။

မယ်ပုံ၊ တရားနာပေး၊ ရှုပ်ဖြေ[illegible] စုဝေးရောက်လာ၊ [illegible] [illegible]

တပည့်တော်တို့မှာ။

ဒေဝေသယ၊ ကြားသူဟုတ်ဖွယ်၊ ပိပ္ပါယ်ပေါ်ပေါ်၊ အသံတော်ဖြင့်၊ [illegible]

ဆုံးမညွှန်ကြားတော်မူပါ၊ အရှင်ပြက်ဘုရား။ ။

* * * * *

၇။ [illegible]

[illegible]

ဟုပ် ဖနာန် ဟိပာယ

[illegible] ဂမ္ဘီ။

ဘန္တေ၊ ဟဆူဆူကျမ်းဂန်၊ ဝမ္မဒန်ကို၊ မဖန်ဖန်ကြိုးကုပ်၊ လွန်အားထုတ်လျက်၊ မယုတ်ဝမ္မာ၊ [illegible] ဟာဖြင့်၊ ဗုဒ္ဓါနွယ်ဖွား၊ အရှင်ပြတ်ဘုရား။

မယ်၊ အဝိဇ္ဇာမှောင်၊ ပိပ်တာပျောင်၍၊ တမ်းသောင်ပြင်၊ [illegible]

တစမ်းစမ်းနှင့်၊ ညှိုးနွမ်းရိပေါ်၊ တပည့်တော်၊ တပည့်တော်တို့သည်။

[illegible] အရှုပ်[illegible] [illegible]

တပည့်အပေါင်းတို့သည်၊ ညွှတ်ပျောင်းခယ၊ တောင်းပန်ကြပါကုန်၏၊ အရှင်ဘုရား။

ပရိသာ၊ ဝေနိုးမြို့ရွာ၊ ရပ်တကာမှ၊ ဝမ္မာပြော်ချင့်၊ အာရုံလင့်၍ အရှင့်ထံပျောက်၊ ခြေတော်[illegible]

သို့၊ ဝင်ရောက်ခိုကပ်၊ ပရိသတ်တို့သည်။

တုယ့်၊ ရသာဆိမ့်ပွေး၊ မြိုက်ရေအေးကို၊ လေးလေးနက်နက်၊ ဝမ္မအက်ကို၊ [illegible]

များလူရှင်အား၊ သွန်သင်ဟောကြား၊ အရှင်ဘုရား၏။

ယံဓမ္မံ၊ တရားရေပေါက်၊ တစ်ကျိုက်သောက်က လွင့်ပျောက်ပေးဘျပ်း၊ [illegible]

အောင်၊ နိဗ္ဗာန်သောင်သို့၊ ယူဆောင်ပို့ပြား၊ [illegible]

ပဏ္ဍိတ်သု၊ ဟောလိုပ့်ပြောလိုမ့်၊ သဘောပြုမ့်လျက်၊ ကျောစိမ့်ခမန်း၊ ကြက်သီးဖျန်းမအောင်၊ [illegible]

မျှော်ရောင်တမ်း၍ ဝပ်းပန်းလှိုက်ဖို၊ တောင့်တကြပါကုန်၏၊ အရှင်ဘုရား။

တံဓမ္မံ၊ အပါယ်လေးတွေ၊ ရှောင်ကွင်းသွေ၍ အသေကင်းပြက်၊ နိဗ္ဗာန်တက်ဘို့၊ [illegible]

ပို့တော်မူသည့် ဆယ်ဆူထင်ရှား၊ ထိုတရားတော်ကို။

တိုင်၊ ပစ္စည်းသည်သူ၊ ကျိုးနစ်ဖြာကို၊ ကျေးကာပျော်ရှု အလေးပြုလျက်၊ ဖေးမ [illegible]
အေးဖွားလိုလှာ [illegible] ရှင်ကြွကာ [illegible]ပါသည်။

ဗနာနီ၊ ဇာဝိဋ္ဌာမ်း ပိဋကာဘ်းရှဲ၊ ခရီးဝတွင် လမ်းပြောင်ပဲ၊ ကျုံလည်နေပြွား၊ လူ့ဇရပ်ကျေးတို့ငါ။

ဝါ၊ တရားနာချင်၊ စိတ်အစဉ်ဖြင့်၊ ကြည်လင်ဝမ်းမြောက်၊ [illegible]
ကြကုန်သော၊ လူအပေါင်းတို့ငါ။

ဟိတာယ၊ လောကုတ်ယောတ်၊ ကျိုးနစ်လ်ကို၊ စုည်ပြည့်၊ လာက်ကိုင်ရှဲ [illegible]
သို့၊ ဦးလှဲကိုးစား၊ [illegible]။

[illegible]
ချင်လျက်၊ [illegible]

ဒေသေဟ် ချိုချိုပ်နှံကျား၊ ပြဲကိတရားတော်ကို ဂုတ်သားသို့မြော်၊ [illegible]
တော်မူပါ ဆရာတော်သခင်းမျှင်းသူပြဟ်ပုရား။

ပါဠိပါရဂူဦးအေးမောင် (ဘီအေ)
ဂေါပကလက်ထောက်
သိရိပဒ်ဂကာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့
ကမ္ဘာအေး ရန်ကုန်မြို့။